www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁) လျှို့ဝှက်ပဟေဠိပုစ္ဆာများ
အခန်း (၁၂) နတ်ရုပ်တစ်ထောင်ကျောင်းတော်
အခန်း (၁၃) နဂါးခံတွင်းမှ အစောင့်တော်
အခန်း (၁၄) မရဏခံတွင်း နဂါးခံတွင်း
အခန်း (၁၅) မြွေနဂါးနီကြီး၏နိဂုံး
အခန်း (၁၆) လျှို့ဝှက်သောနဂါးခံတွင်း
အခန်း (၁၇) လျှို့ဝှက်ဥမင်လမ်းကြောင်းမှတဆင့်
အခန်း (၁၈) နတ်ရုပ်တစ်ထောင်မယ်တော်အားခိုးယူခြင်း
အခန်း (၁၉) တရားခံဖြစ်သွားသောဂျမ်ဒါတစ်ယောက်
အခန်း (၂၀) ကျိန်စာသင့်ခဲ့ရသည့် လှည်ယ်ရှိုအန်
အခန်း (၂၁) ရက်(၆၀)အဆိပ်နှင့် သူ၏အိပ်မက်ဆိုးများ
အခန်း (၂၂) မျက်လုံးတစ်ဖက်ကန်း၍ လက်တစ်ဖက်
ကျိုးသွားသော
အခန်း (၂၃) ပြေးသူတစ်ယောက် လိုက်သူတစ်ယောက်
အခန်း (၂၄) ကျိန်စာသင့်သောလူတစ်ယောက် သို့မဟုတ်
အခန်း (၂၅) ပြိုပျက်ဆိုးမွှေတဲ့ နတ်ရုပ်တစ်ထောင်ကျိန်စာ
အခန်း (၂၆) ရက်(၆၀)အဆိပ်နှင့်ယှဉ်ပြိုင်ခြင်း
အခန်း (၂၇) ကျိန်စာသင့်သူ၏နောက်ဆုံးနေ့များ
အခန်း (၂၈) နတ်ရုပ်တစ်ထောင်နယ်မြေသို့အပြန် သို့မဟုတ်
အခန်း (၂၉) နတ်ရုပ်တစ်ထောင်ကျိန်စာ



## အခန်း(၁)

## နတ်ရုပ်တစ်ထောင်ကျိန်စာ

အမျိုဝ်ခုနစ်ဆက် ညက်ညက်ပြုန်တီ ပျက်စီးစေသော။ ...စီအထဲ ငရဲကျက်ရှယ် အကမ္ဘာဘာဖုရာတိုင် လာရှယ် ...လည် မကျွတ်တတ်သည် ငရဲသစ်ငုတ်လျှင်ဖြစ်စေ ...ည်း . . . ။

'နတ်ရုပ်တစ်ထောင်မယ်တော်'

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

## နှုတ်ရုပ်တစ်ထောင်ကျိန်စာ နိဒါန်း

ခပေါင်းသောင်းကျော်မြင့်သည့် တောင်ထိပ်ဖျားဆီ
ပြုတ်ကျလာလေသည်လား၊ ကျယ်ပြောလှသော စကြဝ
တစ်နံတစ်လျားအတွင်းဝယ် စီးမျောလွင့်ပါနေလေသည်လ
သို့တည်းမဟုတ် . . . ။

အဆုံးအစမရှိသော အနှိုင်းမဲ့ဟင်းလင်းပြင်ကြီးထဲဝ
မှိုတွယ်ရာမဲ့ငွေ့ဝဲလွင့်မျောနေလေသည်လား ကပ္ပတိန်ဝီလ်ဆ





ရင်ထဲမှာတော့ သိမ့်ခနဲ၊ အေးခနဲ၊ လှိုက်ခနဲ၊ ဖိုခနဲ၊ နိမ့်လိုက်၊ မြင့်လိုက်၊ ဦးစောက်ဇွမ်းပြန်ဖြစ်သွားလိုက်နှင့် မိုးငွေ့မြူငွေ့များ ဆိုင်းနေသည့် ကောင်းကင်ထက်ဝယ် လေဟုန်စီးနေရသကဲ့သို့ ခံစားနေရပါ၏။

အသိစိတ်အာရုံတွင်လည်း ဝေးရာသို့ လွင့်မျော သွားလိုက်၊ ပြန်လည်သက်ဝင်ရွေ့လျားလာလိုက်နှင့် မှုံမှုံမွှားမွှား၊ ဝေဝေဝါးဝါးမျှသာ၊ သိမှု၊ မသိမှု အာရုံနှစ်ခုက ကပ္ပတိန်ဝီလ်ဆင်၏ ခန္ဓာကိုယ်မှ ပူးချည် ခွာချည်နှင့် . . . ။

ထိုအခိုက် . . .

ခပ်ဝေးဝေးတစ်နေရာဆီမှ တော်လဲသံကြီးလိုလို၊ ကမ္ဘာမြေ ပြိုအက်ကွဲကြေသွားသလိုလို၊ အသံဟိန်းကြီးတစ်ခုကို ကြားလိုက်ရပါသည်။ အဝေးဆုံး ဟင်းလင်းပြင်ကြီး တစ်နေရာဆီမှလည်း စူးရှထိန်လင်းသော အလင်းတန်းတစ်ခုသည် ကပ္ပတိန်ဝီလ်ဆင်ရှိရာသို့ ဥက္ကာကြယ်ပျံကြီးတစ်ခုလို တရွေ့ရွေ့ဖြင့် ချဉ်းကပ်တိုးဝင်လာသည်ကို တွေ့မြင်နေရပါ၏။

ထိုအလင်းတန်းကြီးသည် တဖြည်းဖြည်း ကပ္ပတိန်ဝီလ်ဆင်ရှေ့သို့ တည့်တည့်မတ်မတ်ကြီး ရောက်ရှိလာသည်နှင့် မီးခိုးငွေ့များကဲ့သို့ ဝေ့ဝဲပြောင်းလဲသွားကာ တစ်စတစ်စ မီးခိုးငွေ့များ လွင့်ပါးကောင်းစင်သွားသည်နှင့် အသက်(၇၀)ကျော်ခန့်ရှိ အိန္ဒိယဆာဒူးအဘိုးကြီးအသွင်သို့ ကူးပြောင်းရောက်ရှိသွားခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မမျှော်လင့်ဘဲ ရုတ်တရက် မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ကပ္ပတိန်ဝီလ်ဆင်ခမျာ လန့်ဖျပ်ကာ ဟစ်အော်လိုက်မိပါသည်။ သို့သော် ထူးဆန်းစွာပင် ကပ္ပတိန်ဝီလ်ဆင်၏ အော်သံမှာ လည်ချောင်းဝမှာပင် ပျောက်ရှသွားပြီး ခန္ဓာကိုယ်ကြီးတစ်ခုလုံးမှာလည်း မည်သို့မျှ လှုပ်ရှားမရဘဲ ဖြစ်သွားပါလေ၏။

ထိုစဉ်မှာပင် အိန္ဒိယတိုင်းရင်းသား ဆာဒူးအဘိုးကြီးက သူ့ထက် ဦးခေါင်းတစ်လုံးစာမျှ ရှည်သော တောင်ဝှေး ကောက်ကောက်ကြီးကို ထောက်ကာ ကပ္ပတိန်ဝီလ်ဆင်ရှေ့သို့ တိုးဝင်လျှောက်လှမ်းလာပြီး ဩဇာသံအပြည့်နှင့် ပြောဆိုလိုက်သည်။

"ကိုင်း ဘယ်လိုလဲ မျက်နှာဖြူကောင်လေး . . . မင်းဟာ ကတိသစ္စာတစ်လုံးကိုတောင် လုံခြုံအောင် မထိန်းသိမ်းနိုင်ပဲကိုး၊ အဲဒီအတွက် မင်းဟာ ကြီးမားလှတဲ့ တန်ဖိုးတစ်ခုခုကို မလွဲမသွေ ပြန်လည်ပေးဆပ်ရတော့မယ်လေ . . . ဒါဟာ ဘယ်လိုမှ ရှောင်လွှဲလို့မရနိုင်တော့တဲ့ မင်းရဲ့ကံကြမ္မာပဲ"

"အခုဆိုရင် မင်းကျူးလွန်ခဲ့တဲ့ ပြစ်မှုကြောင့် လွယ်နှိုထန်ဟာ အပြစ်ဒဏ်ကျခံနေရပြီ . . . သူတို့ အထွတ်အမြတ်ထားတဲ့ နတ်ရုပ်တစ်ထောင်ကျောင်းတော်က မေတ္တာရှင်မယ်တော်ရုပ်တုလေးကို အမြန်ဆုံး ပြန်ပို့ပေးလိုက်ပါ





ကောင်လေး"

အိန္ဒိယဆာဒူးအဘိုးကြီး၏ စီးစီးပိုင်ပိုင်နှင့် ဩဇာကြီးမားလှသော အသံလှိုင်းက ကပ္ပတိန်ဝီလ်ဆင်၏ ခန္ဓာကိုယ်ကြီး တစ်ခုလုံးအား ခိုင်ခန့်သော ကြိုးအထပ်ထပ်ဖြင့် တုပ်နှောင် ထားသည်သို့ . . .။

"ဘယ်အရာမဆို သူ့နေရာမှာ သူရှိနေတာဟာ အမှန်ကန်ဆုံးနဲ့ သဘာဝယုတ္တိအရှိဆုံးပဲကွဲ့ . . . အဲဒါကို လူသားတွေ ဘယ်လိုပဲ ပြုပြင်ပြုပြင် ကံကြမ္မာကိုတော့ ပြုပြင်လို့မရဘူး ကောင်လေးရေ . . . မကြာခင်မှာ ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ ဘေးအန္တရာယ်ဆိုးတွေ၊ နတ်ရုပ်တစ်ထောင်ရဲ့ ကျိန်စာဆိုးတွေဟာ မင်းဘဝအတွက် ပါရမီဖြည့်ဘက်တွေ အဖြစ်နဲ့ ရောက်လာကြတော့မယ်ကွဲ့ . . . အဲဒါတွေကိုရောပင်းသိရဲ့လား အမိုက်ကောင်လေးရဲ့"

"အား မ သိ ဘူး . . မသိဘူး . . . ကျုပ် ကျုပ်ဘာမှမသိဘူး . . သွား . . သွား . . အဘိုးကြီး ခင်ဗျား ထွက် . . ထွက်သွား . . . ခုချက်ချင်းထွက်သွား"

ကပ္ပတိန်ဝီလ်ဆင် ကြောက်လန့်တကြားနှင့် ဒေါသတကြီး ဟစ်အော်လိုက်သည့်တိုင် မည်သည့်စကားသံမျှ နှုတ်ဖျားမှ ထွက်ကျမလာခဲ့ပါ။ ထို့အပြင် သူ၏ ခန္ဓာကိုယ်ကြီးတစ်ခုလုံး မှာလည်း နတ်ကျသကဲ့သို့ တဟီးဟီး



www.burmeseclassic.com

www.burmeseclassic.com



တုန်တုန်ယင်ယင် ဖြစ်နေပါချေ၏။

မကြာမီ လှုပ်ရှား၍ရလာသည့် ကပ္ပတိန်ဝီလ်ဆင်မှာ ဆာဒူး အဘိုးကြီးကို လက်ညှိုးငေါက်ငေါက်ထိုးရင်း ဒေါသတကြီးဖြင့် ဟစ်အော်မောင်းထုတ်လိုက်သည်။

"ထွက်သွားလေ .. ထွက်သွားတော့ ... ခင်ဗျား စကားတွေကို ကျုပ် လုံးဝ အယုံအကြည်မရှိဘူး ... ဘာနတ်ရုပ်တစ်ထောင်မှလဲ ကျုပ် ဂရုမစိုက်ဘူး ... အို ရှုပ်တယ်ဗျာ ... ဘာကျိန်စာမှလည်း ကျုပ်မကြောက်ဘူးဗျာ"

"ဟဲ့ လူမိုက်တောင် ... နင်ဟာ ပြောလေကဲလေ ပါလား ... ဒီလောက်တောင် ပြောဆိုဆုံးမလို့မရတာ တဲ့ နင့်အပြစ် နင်ပဲခံပေတော့"

ဆာဒူးကြီးက ပြောပြောဆိုဆိုနှင့် ကပ္ပတိန်ဝီလ်ဆင်၏ ရင်ဝအား သူ၏လက်ထဲမှ တောင်ဝှေးတောက်ကောက်ကြီးနှင့် ဆောင့်၍ ထိုးလိုက်ပါတော့သည်။

"ဟာ ... အ ... အား"

ရုတ်တရက် မထင်မှတ်ဘဲ ဆာဒူးကြီး၏ ဆောင့်ထိုးလိုက်သည့် တောင်ဝှေးဒဏ်ကြောင့် ကပ္ပတိန်ဝီလ်ဆင် တစ်ယောက် လေဟာနယ်ထဲသို့ ဦးစောက်ပြောင်းပြန်ထိုး၍ ကျသွားပါချေ ပြီတည်း။

သွေးပျက်ချောက်ချားစွာ ဟစ်အော်လိုက်သည့်





ကပ္ပတိန်ဝီလ်ဆင်၏ အော်ဟစ်သံကြီးက စကြဝဠာ တစ်နံတစ်လျား အထိတိုင် ပဲ့တင်ရိုက်ခတ်သွားလေသည်လား။ အသိစိတ်ဟူသမျှ အားလုံးကိုလည်း မည်းမှောင်နေသော အနက်ရောင်မြုလွှာ ကြီးက ဖုံးအုပ်ရစ်သိုင်းသွားလေပြီလား သည်။

နောက်ဆုံးတော့ ကပ္ပတိန်ဝီလ်ဆင်တစ်ယောက် အဆုံးအစမဲ့ စကြဝဠာ လေဟာနယ်အမှောင်တိုက်ကြီး အတွင်းဝယ် အသိ မဲ့စွာ လွင့်မျောသွားပါချေတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အစခန်း(၃)

## မိုးကောင်းကင်မှ ဆင်းလာကြသူများ

၁၉၄၃ ခုနှစ် . . . ။

ဒုတိယကမ္ဘာစစ်ကြီး၏ စစ်မီးလျှံကြီးသည် တစ်ကမ္ဘာလုံးအား အရှိန်အဟုန်ကြီးစွာနှင့် လောင်မြိုက်ဝါးမျိုလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝှမ်းလုံးနှင့် ကမ္ဘာ့အရှေ့ဖျားဒေသဖြစ်သည့် မြန်မာနိုင်ငံသည်လည်း ကျူးကျော်သူနယ်ချဲ့တို့၏ စစ်အင်အားချင်း ပြိုင်ဆိုင်ရာ၊ နယ်မြေလုရာ စစ်တလင်းကြီးတစ်ခု





ဖြစ်ခဲ့ရပါသည်။

၁၉၄၀-ခုနှစ် နှောင်းပိုင်းကာလမှ စတင်၍ မြန်မာနိုင်ငံအတွင်းသို့ စစ်ဖိနပ်ခွာသံပြင်းပြင်း၊ စစ်အင်အားကောင်းကောင်းနှင့် တရကြမ်း ဝင်ရောက်လာခဲ့ကြသော ဖက်ဆစ်ဂျပန်တို့သည် မြန်မာနိုင်ငံအား ချုပ်ကိုင်စိုးမိုးထားသည့် အင်္ဂလိပ်နယ်ချဲ့တို့အား အထိနာစေသည်အထိ တိုက်ခိုက်ထိုးဖောက် ဝင်ရောက်နိုင်ခဲ့ကြသည်။

၁၉၄၁-ခုနှစ်၊ ဒီဇင်ဘာ(၂၃)ရက်၊ နံနက်(၁၀)နာရီအချိန်တွင် ဂျပန်ဗုံးကြဲလေယာဉ်(၆၀)နှင့် ဂျပန်တိုက်လေယာဉ်(၃၀)ပါသော လေတပ်တပ်ဖွဲ့သည် ရန်ကုန်မြို့ကို စတင်၍ ဗုံးကြဲတိုက်ခိုက်ခဲ့ရာမှ အာရှတစ်ခွင်၌ စစ်ရေးမလှခဲ့သည့် အင်္ဂလိပ်တို့သည် ဖြစ်ပေါ်လာမည့် စစ်ရေးအခြေအနေကို သုံးသပ်ကာ မြန်မာ့မြေမှ အိန္ဒိယနိုင်ငံ အင်ဖာမြို့သို့ ဦးတည်၍ ဆုတ်ခွာပေးခဲ့ရသည်။

ထိုအချိန်၌ တစ်ဘက်တွင်လည်း ဂျပန်ဗိုလ်ချုပ်ကြီးဆူဇူကီးဦးဆောင်သော ဂျပန်ဘုရင့်တပ်မဟာ (၃၃)နှင့် ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း)ဦးဆောင်သော ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည်လည်း မျိုးချစ်တော်လှန်ရေးသမား အလုံးအရင်းဖြင့် မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်နယ်ချဲ့လက်အောက်မှ ပြန်လည်သိမ်းပိုက်ရယူနိုင်ရန်

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



အပြင်းချီတက်လာချိန်ဖြစ်သည်။

ထိုကဲ့သို့သော အချိန်တွင် ရန်ကုန်မြို့တော်အား ခုခံကာကွယ်ရန်အတွက် အင်္ဂလိပ်တို့က တာဝန်ပေးထားသော (British - Indian 17 DIV) ဗြိတိသျှ-အိန္ဒိယ အမှတ်(၁၇) တပ်မကြီးသည်ပင် ဖြစ်ပေါ်နေသော စစ်ရေးအခြေအနေဆိုးကြောင့် ရန်ကုန်မြို့မှ ဆုတ်ခွာပေးခဲ့ရပါတော့သည်။ ပေါက်ကွဲသံများ၊ စက်သေနတ်ပစ်ခတ်သံများနှင့် ရန်ကုန်တစ်မြို့လုံး ခြောက်ခြားမတတ် သောသောညံလျက် ရှိပါချေပြီကော။

တစ်ချိန်သောအခါကာလက 'နေမဝင်အင်ပါယာကြီးများ၏ အရှင်သခင်များ'ဟု ကမ္ဘာ့အလယ်တွင် ထည်ဝါစွာ ဝင့်ကြွားခဲ့သော ဗြိတိသျှအင်္ဂလိပ်တို့သည် ရေစီးတစ်ခါ ရေသာ တစ်လှည့်ဟူသော မလွန်ဆန်နိုင်သည့် သံသရာသဘောအတိုင်း ခွာစစ်ကိုပင် စနစ်တကျ မဆုတ်နိုင်တော့ဘဲ သူတို့ရည်မှန်းရာ အင်ဖာမြို့အထိ ကစဥ့်ကလျား ဆုတ်ခွာလာခဲ့ကြရပါတော့သည်။

ဤသို့ဖြင့် ၁၉၄၂-ခုနှစ်၊ မေလကုန်ပိုင်းအရောက်မှာတော့ ဖက်ဆစ်ဂျပန်တို့သည် စစ်ဦးဘီလူးပီသစွာဖြင့် မြန်မာတစ်ပြည်လုံးအား လျင်မြန်စွာ ဝါးမျိုသိမ်းပိုက်လာခဲ့ရင်းမှ မြန်မာပြည်အထက်ချင်းတွင်းမြစ်ဖျားထိတိုင် တိုက်ခိုက်သိမ်းပိုက်ယူနိုင်ခဲ့သည်။ နောက်ဆုံး ချင်းတွင်းမြစ်ဖျား၏ အရှေ့





...က်ခြမ်းကို သိမ်းပိုက်ပြီးချိန်မှာတော့ အရှိန်အဟုန်ပြင်းစွာ ...ိုက်ခိုက်နေသည့် ဝါးလုံးထိုးစစ်ဆင်ရေးကြီးကို ရပ်နားလိုက်ပါ ...တော့သည်။

ထိုကဲ့သို့ စစ်ဆင်ရေးကြီးတစ်ခုလုံးကို ဂျပန်တို့က ...ပ်နားလိုက်သဖြင့် အထက်ချင်းတွင်းမြစ်ဖျား တစ်ခြမ်းလုံးသည် ...၄၃-ခုနှစ်တိုင်အောင် စစ်၏ ခါးသီးကြမ်းရှမှု အနိဋ္ဌာရုံများကို ...ံစားရတော့ဘဲ စစ်လမ်းကြောင်းလွတ်ကင်းရာ အေးချမ်းရာ ...ယ်မြေကြီးတစ်ခုအဖြစ် ကံကောင်းထောက်မစွာ လွတ်မြောက် ...ရပါသည်။

နေဝင်လုပြီ . . . ။

ဝင်လုဆဲနေလုံးနီနီကြီးက လွယ်ရှီထန်တောင်ထိပ်တွင် ...းတင်ခိုနားလျက်ရှိပါ၏။ ဝေ့ဝဲအုပ်ဆိုင်းစပြုလာပြီဖြစ်သည့် ...င်းမှုံမြူငွေ့များကြောင့် ဆည်းဆာ၏ တိမ်တောက်ချိန်သည် ...ှိုင်းမှိုင်းမျှသာ။ ထူထပ်သော တောရိပ်တောင်ရိပ်များကြောင့် ...ည်းဆာသည် ပိုမို၍ မှိုင်းမှုံလာပြီး ရာသီဥတုကလည်း ...ိုးကွဲလုမတတ် စိမ့်နေအောင်အေးလှပါ၏။

လွယ်ရှီထန်ရွာခေါင်းကြီး ထန်သျှိုင်းမှာ ရွာစည်းရိုး ...ာရံထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရင်း မြူခိုးနှင်းမှုံ ...းဖြင့် ရစ်သိုင်းလျက်ရှိသော တောင်တန်းကြီးများကို လှမ်းမျှော် ...ကြည့်နေမိသည်။ လွယ်ရှီထန်နှင့် တောင်ညီနောင်သဖွယ်



www.burmeseclassic.com

www.burmeseclassic.com



တည်ရှိနေသည့် လွယ်မွန်းတောင်ကြောဘက်သို့ အတန်ကြာ…
ငေးမောကြည့်နေပြီးမှ သက်ပြင်းမောကြီးတစ်ခုကို နွမ်းလျစွာ
ချလိုက်သည်။

လွယ်မွန်းတောင်ထိပ်ရှိ နဂါးခံတွင်းလိုဏ်ဂူကြီးတာ သူ့…
ဘိုးဘွားစဉ်ဆက်၊ ထိုမှတစ်ဆင့် သားစဉ်မြေးဆက်ထိတိုင်
အန္တရာယ်ဆိုးကြီးများကို ပေးစွမ်းသွားလေဦးမည်လားမသိ၊
အမှန်ဆိုရလျှင် နဂါးခံတွင်းကို သူမနှစ်မျို့၊ သဘောလည်း
မညီညွတ်လှပါ။ သို့သော် သူ၏အကြီးအကဲ ရွာခေါင်းများ
အစဉ်အဆက်အလိုက် ချမှတ်ထားသည့် အစိုးစွဲနေသော
ထုံးတမ်းစဉ်လာ ဓလေ့စရိုက်ကြီးတစ်ခုမို့ သူတစ်ဦးတည်းနှင့်
မတွန်းလှန်နိုင်ခဲ့ပါ။

ထို့ကြောင့် ကြီတင်ကာကွယ်သောအားဖြင့် လွယ်ရှိထန်
တစ်ရွာလုံး၏ စိုက်ပျိုးရေးကိုလည်းကောင်း၊ ကောက်ပဲသီးနှံ
ထွက်ရှိရေးကိုလည်းကောင်း ဂရုတစိုက် ကြပ်မတ်လုပ်ကိုင်
ဆောင်ရွက်စေခဲ့သည်။ သို့သော် ကံကြမ္မာက ရွာခေါင်းကြီး
ထန်သျှိုင်းဘက်တွင် ရှိမနေခဲ့။ ဤနှစ်မှာပင် ရာသီဥတု မညီမျှမှု
မိုးလေမမှန်မှုတို့ကြောင့် ကောက်ပဲသီးနှံ အထွက်နှုန်းတို့က
ကျဆင်းခဲ့ရသည်။ ခါတိုင်း အောင်မြင်စွာထွက်ရှိနိုင်ခဲ့သော
လူးနှင့် ပြောင်းတို့ပင် ဤနှစ်တွင် သိမ်ဖျင်းစွာပင် အထွက်နှုန်း
ကျဆင်းခဲ့ရသည် မဟုတ်ပါလော။





ဤသို့သာဆိုလျှင် နတ်ဆရာ ဂိလိယို၏ ထိတ်လန့်
…ကြောက်ရွံ့ဖွယ် ဟောချက်များနှင့် ထုံးတမ်းစဉ်လာအတိုင်း နဂါး
…တွင်းသို့ အစာရေစာ ပို့လွှတ်ပူဇော်ပေးရဦးမည်။ လွယ်ရှိထန်
…ခေါင်းကြီး ထန်သျှိုင်းမှာ ဒုတိယမြောက်သက်ပြင်းမောကြီး
…ခုကို မသက်မသာနှင့် ချလိုက်ပြန်ပါ၏။

ထိုအချိန်တွင် . . .

မြူနှင်းမိုးငွေ့များဖြင့် မှုံမှိုင်းနေသည့် ဆည်းဆာ
…ကောင်းကင်ပြင်ထဲမှ ထိုးဖောက်ပျံသန်းလာသော လေယာဉ်
…စီးကို လွယ်ရှိထန်ရွာခေါင်းကြီး ထန်သျှိုင်း တွေ့မြင်လိုက်
…သည်။ ရွာခေါင်းကြီးထန်သျှိုင်းမှာ တဖြည်းဖြည်း နိမ့်ဆင်း
…လာသည့် လေယာဉ်ပျံကို မျက်တောင်မခတ် ကြည့်နေစဉ်
…ပင် ရွာစည်းရိုးထိပ် လုံခြုံရေးကင်းတဲဘက်ဆီမှ အချက်ပေး
…မောင်းခေါက်သံက တတုံတုံနှင့် ပေါ်ထွက်လာပါသည်။

တုံ . . တုံ . . တုံ . . တုံ . . တုံ . .

ညနေဆည်းဆာတွင် လွင့်ပျံ့ပဲ့တင်လာသည့် အချက်
…တုံးမောင်းခေါက်သံကြောင့် ရွာခေါင်းကြီးထန်သျှိုင်း ရှိရာသို့
…ပြေးအလွှား ရောက်ရှိလာကြသည့် နာဂလူမျိုးနွယ်စုများမှ
…တို့၏ အကြီးအကဲ ရွာခေါင်းကြီး မော့ကြည့်ရာ ကောင်းကင်
…က်သို့ ဝိုင်းအုံ၍ကြည့်နေကြသည်။ ထန်သျှိုင်းက လွယ်ရှိထန်
…က်သို့ ဝေ့ဝဲနိမ့်ဆင်းလာနေသည့် လေယာဉ်ပျံကို မနှစ်မြို့



www.burmeseclassic.com

www.burmeseclassic.com



စွာဖြင့် မျက်မှောင်ကျုံ့၍ကြည့်လိုက်ရင်း . . .

"တောက် ဒီလေယာဉ်ပျံက တောင်ကြောဘက်ကို
ဘာဖြစ်လို့ နယ်ကျော်လာရတာလဲ . . . ငါမကြိုက်ပါဘူး"

ဟုတ်သည်။ မြူနှင်းများဝေ့ဝဲနေသည့်ကြားမှ မှိန်ဖျော့ဖျော့ဆည်းဆာနေခြည်အလင်းတန်းအောက်တွင် သတ္တုရောင်လင်းလက်နေသည့် လေယာဉ်ပျံတစ်စီးက လွယ်ရှိထန်တောင်ကြောဘက်သို့ ဝေ့ဝဲနိမ့်ဆင်းကျလာပြီး . . .

လေယာဉ်ထက်မှ အရိပ်သုံးခု ခုန်ထွက်ကျလာသည်

ဗြိတိသျှမဟာမိတ်ဝတ်စုံနှင့် လူသုံးယောက်တို့က လေဟာနယ်ထဲသို့ တွယ်ရာမဲ့ ပြုတ်ကျလာကြပြီး ခဏအတွင်းမှာပင် သူတို့၏ ဦးခေါင်းထက်တွင် မှိုပွင့်ဖြူဖြူကြီးများက ပွင့်အာသွားကြသည်။ မကြာမီ ဝင်လုဆဲနေခြည်အလင်းဖျော့ဖျော့ နောက်ခံထား၍ မှိုပွင့်ကြီးသုံးခုက လေဟုန်စီးကာ တဖြည်းဖြည်း နိမ့်ဆင်းကျလာသည်ကို တွေ့မြင်လိုက်ကြရသည်။

ရွာခေါင်းကြီးထန်သျှိုင်းတစ်ယောက် ထိုမြင်ကွင်းကို ကြည့်ကာ ရှူးရှူးရှားရှားနှင့် နဂါးကြီးတစ်ကောင်နှယ် မာန်ဖော၍ ဒေါသထွက်နေပါချေပြီတော။

"ဟေး ငါတို့နယ်ထဲကို လူစိမ်းတွေ ဝင်လာကြပြီ . . . အဲဒီလူစိမ်းတွေကို အသေရရ အရှင်ရရ လိုချင်တယ်ဟေ့ . . . ဖမ်းမိလာတဲ့သူကို ငါကိုယ်တိုင် နွားနောက်တစ်ကောင် ဆုချ





ကြားလားဟေ့"

လွယ်ရှိထန်ရွာခေါင်းကြီး ထန်သျှိုင်း၏ ပြတ်သားသော အမိန့်နှင့် ဆုကြေးကို ကြားလိုက်ရသည်နှင့် နာဂမျိုးနွယ်စုများမှာ အောင်းလှံအတို၊ အရှည်များနှင့် လေးမြားများကို ကိုင်စွဲကာ မှိုပွင့်ကြီးများ ကျဆင်းသွားရာ တောင်ကြားဘက်သို့ အော်ဟစ်ကာ ပြေးထွက်သွားကြပါတော့သည်။

ထိုအချိန်တွင် . . .

လွယ်ရှိထန်နှင့် လွယ်မွန်းတောင်ကြား လျှိုကြီးထဲသို့ မှိုပွင့်ကြီးသုံးပွင့်က ရှေ့ဆင့်နောက်ဆင့်ဆိုသလို ထိုးကျလာကြသည်။ တော်သေးသည်။ မှိုင်းဝေမှုံဝါးနေသည့် မြူနှင်းလွင်ပြင်ကို အောင်မြင်စွာ ကျော်ဖြတ်ကာ ရည်မှန်းချက်တောင်ကြားဒေသသို့ အန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်ခဲ့ကြသည် မဟုတ်ပါလား။

တောင်ကြားလွင်ပြင်၏ မြေပြင်ကြမ်းကြမ်းကို ဦးစွာ ခြေချမိသည့် ဂျမဒါမင်းဒင်မှာ လေထီးကြိုးများကို လျင်မြန်စွာ ဆွဲယူသိမ်း၍ လေထီးကို စနစ်တကျ ခေါက်သိမ်း လိုက်သည်။

ရှေ့ဆင့်နောက်ဆင့်မှာပင် သူ၏အဖော်နှစ်ဦးက ကျောက်သားမြေကြမ်းတစ်ဘက်ရှိ မြက်ရိုင်းတောစပ်တွင် တစ်ယောက်ပြီးတစ်ယောက် ပြေးလွှားဆင်းသက်လာကြသည်ကို တွေ့မြင်လိုက်ရပါချေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လေထီးတွေ မြန်မြန်ရုပ်ကြဟေ့ . . လောလောဆယ် ဘယ်သူတွေနဲ့မှ ငါတို့ ရင်မဆိုင်ချင်ဘူး . . . အားလုံးပြီးရင် ပစ္စည်းတွေမြှုပ်မယ် . . ဒီဘက်ကိုလာခဲ့ကြ"

ဂျမဒါမင်းခင်က သူ့လူနှစ်ယောက်ကို ဟစ်အော် သတိပေးရင်း သူတို့ရောက်ရှိနေသည့် တောင်ကြားဝန်းကျင် တစ်ဝိုက်ကို တစ်ချက်မျှ အလစ်မပေးစတမ်း စောင့်ကြည့် နေပါ၏။

မိုးလုံးပြည့်မျှ ဝေ့ဝဲကျဆင်းနေသည့် နှင်းမြူငွေ့ များကြောင့် ဝင်လုဆဲဆည်းဆာနေလုံးကြီးကို မမြင်ရပါ လေတော့။ တောင်ကြားထဲတွင် မိုးသက်လေက တဟူးဟူးနှင့် တိုက်ခတ်နေသည်၊ ခပ်ကြမ်းကြမ်းတိုက်ခတ်နေသော မိုးသက် လေကြောင့် သစ်ပင်ကြီး၊ ဝါးပင်ကြီးတို့မှ အကိုင်းအခက်ချင်း အပင်ချင်း ပွတ်ကြိတ်သံ၊ ရိုက်ခတ်သံများမှလွဲ၍ တောင်နှစ်လုံး အကြားရှိ လျှိုကြီးသည် ပကတိ ဆိတ်ငြိမ်လျက်ရှိပါချေ၏။

ဂျမဒါမင်းခင်နှင့် မတိမ်းမယိမ်း ဆင်းသက်လာ ကြသည့် ကပ္ပတိန်ဝီလ်ဆင်နှင့် စမစ်တို့ကလည်း လေထီးကြိုးများနှင့် လေထီးကို ခပ်သွက်သွက် ခေါက်သိမ်းလိုက်ကြသည်။ အားလုံး ပြီးစီးသွားသည်နှင့် ဂျမဒါမင်းခင်ရှိရာသို့ အပြေးအလွှား ရောက်ရှိလာကြသည်။ နယ်မြေစိမ်းစိမ်း၊ ပေသစိမ်းဒိမ်းတွင် မမျှော်လင့်ဘဲ သူတို့အတွက်





ရန်သူရာယ်သည် အချိန်မရွေး ကျရောက်လာနိုင်သည် မဟုတ်ပါလား။

"လာဟေ့ . . . ဒီနေရာမှာတူးပြီး ပစ္စည်းတွေကို မြှုပ်ကြမယ် . . . မြန်မြန်လုပ်ကြ . . . နာဂတွေ ရောက်ရင် ရောက်လာနိုင်တယ် . . . ပြီးတာနဲ့ ဒီနေရာက ခွာကြမယ်"

သုံးယောက်သား အတူပါလာသည့် လေးလံသော ပစ္စည်းမှန်သမျှ လေထီးများနှင့်အတူ တူးဖော်ထားသည့် မြေကျင်းထဲသို့ မြှုပ်နှံလိုက်ကြသည်။ ပေါ့ပါးသော စစ်သုံး ဓားတိုသေနတ်တစ်လက်နှင့် အဝေးကြည့်မှန်ပြောင်းတစ်လက် ကိုကိုသာ ဂျမဒါမင်းခင် ယူထားလိုက်သည်။ သူနည်းတူပင် ကပ္ပတိန်ဝီလ်ဆင်နှင့် စမစ်တို့ကလည်း ဓားမြှောင်တို တစ်လက်စီနှင့် သေနတ်တစ်လက်စီတို့သာ ကိုယ်နှင့်မကွာ ယူဆောင်လာခဲ့ ကြသည်။

"သွားကြစို့ ကပ္ပတိန် . . . ဒီနေရာက မြန်မြန် ခွာကြမယ် . . . ဝမစ် နေရာကို သေသေချာချာမှတ်ထားခဲ့ဦး ဟေ့၊ လိုအပ်တဲ့ပစ္စည်းတွေ နောက်မှလာပြီး ဖော်ယူကြမယ်"

ထို့နောက်မှာတော့ သုံးဦးသား ထိုနေရာမှ ခြေရာ ဖျောက်၍ ထွက်ခွာလာကြပါ၏။ လမ်းဟူသမျှ ကွင်းရှောင်၍ တောကိုတိုးသည်၊ ဤနယ်မြေသည် နာဂတို့ ကြီးစိုးရာ နယ်မြေဖြစ်သဖြင့် ဂျမဒါမင်းခင်တို့ သတိဖြင့် လှုပ်ရှားကြ



www.burmeseclassic.com

www.burmeseclassic.com



ရသည်၊ လောလောဆယ် အလင်းရောင်မပျောက်မီ လုံခြုံ
ဒိတ်ချရမည့် နေရာတစ်ခုခုကို မှန်းဆရှာဖွေရင်း ခရီးဆက်
ကြပါ၏။ လမ်းကြောက အနိမ့်အမြင့်မညီညာသဖြင့် ခရီး
သင်သလောက်မတွင်။ ရှေ့မှ ကာဆီးနေသည့် ဘီးစပ်ခြုံနွယ်ပိုး
များကို ဖယ်ရှား၍ ခရီးတွင်နိုင်သမျှတွင်ရန် ကြိုးစားကြသည်၊

ဂျမဒါမင်းဒင်မှာ သူ့ရှေ့ဘွင် ကန့်လန့်ဖြတ် တွဲ
နေသည့် နွယ်တန်းကြီးတစ်ခုကို ဘွန်းဖယ်၍ ငုံ့ဝင်လိုက်ရင်း

"သိပ်မမှောင်ခင် လုံခြုံရာ တစ်ခုခုကို တွေ့
ဖြစ်မယ်ဟော့ . . . ကျောက်ဂူတစ်ခုခု၊ ဒါမှမဟုတ် ခိုအောင်း
ရတဲ့ နေရာတစ်ခုခုကို မတွေ့ရရင်တော့ သစ်ပင်ကြီး
ခွဆုံကြားမှာဘက်ပြီး အိပ်ရဘော့မှာပဲ ကပ္ပတိန်ရေ"

"ဟား အခုတောင် အရှေ့ကို ဘာမှ သိပ်မမြင်ရ
တော့ဘူး ဂျမဒါ . . . ကျောက်ဂူတွေဘာတွေ မတွေ့ရင်
သစ်ပင်ကြီးကြီးသာ ရှာပါတော့ . . . ငါ့ခြေထောက်
တော်တော်နာနေပြီ"

မြေပြင်သို့ လေထီးနှင့်အကျတွင် ခြေခေါက်သွားသည့်
စမစ် မှာ မနားတမ်း ခရီးဆက်လာရသဖြင့် သူ၏ဘယ်ဘက်
ခြေထောက်မှာ ယောင်ရမ်းလုက်ရှိပါ၏။ ထို့အပြင် ဆူးရုံ
ခြုံနွယ်များကိုပါ တရစပ် တိုးဝင်လျှောက်လှမ်းလာခဲ့
သဖြင့်လည်း သုံးဦးသား မောပန်းနွမ်းနယ်နေကြပါပြီ။





ဆောင်းနှင်းမြူတို့ ဝေ့ဝဲစပြုလာသည့် ချမ်းအေးလှသော
တောင်ပေါ်ဒေသမှာပင် ချွေးတို့က ရွှဲနစ်နေကြသည်။

တောရိုင်တောင်ရိုင်များကြောင့် အမှောင်သည် စောစီး
စွာပင် စိုးမိုးလာသည်ထင်၊ ဝန်းကျင်တစ်ဝိုက်တွင်လည်း နှင်းငွေ့
မြူမှုန်များက ဝေ့ဝဲအုံ့ဆိုင်းလာကြသည်။ မကြာမီ နေလုံး
ပျောက်ကွယ်သွားပါလေ၏။

ထိုစဉ်မှာပင် ကပ္ပတိန်ဝီလ်ဆင်၏ အော်သံကြီးက
စူးစူးဝါးဝါး ထွက်ပေါ်လာသည်။

"ဟော ဟို ဟိုမှာ သစ်ပင်ကြီးတစ်ပင်ဟော့"

အလင်းရောင်ပျောက်ကွယ်၍ အမှောင်တို့ ချဉ်းနင်း
ဝင်ရောက်စပြုချိန်တွင် အရွက်အခက်များ ဖားဖားဝေလျက်
ထုတ်ခိုင်မြင့်မားလှသော သစ်ပင်ကြီးတစ်ပင်ကို ရှာဖွေတွေ့ရှိ
လိုက်ကြပါတော့သည်။

"အား ကောင်းတယ်ဟော့ . . . ဒီအပင်ကြီးဆိုရင်တော့
ငါတို့သုံးယောက်ကို ကောင်းကောင်းကြီး ပုန်းကွယ်ထားနိုင်မှာပဲ
ကပ္ပတိန်ရေ . . . နာဂတွေလာရင်လည်း ရှာတွေ့နိုင်ဖို့
သိပ်မလွယ်ဘူးဟော့"

"သိပ်ပျော်မနေနဲ့ဦး စမစ် . . . နာဂတွေလက်က
လွတ်ပြီး ကောင်ရှည်ကြီးကြီးတွေနဲ့တွေ့မှ ဟုတ်ပေ့ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ် ဟင်း,ဟင်း"

လက်ထဲမှ ပစ္စတိုသေနတ်ကို သေနတ်အိတ်တွင် ပြန်လည်ထိုးထည့်လိုက်ရင်း သစ်ပင်ကြီးပေါ်သို့တက်ရန် ဟန်ပြင်နေသည့် စမစ်ကို ကပ္ပတိန်ဝီလ်ဆင်က လှမ်း၍ နောက်လိုက်သည်။

"အိုး ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ . . . နိမိတ်မရှိတဲ့ မင်းပါးစပ်ပုပ်ကြီးကို ဆေးပစ်လိုက်စမ်း ကပ္ပတိန်ရာ"

သတ္တဝါကောင်များဆို လျှင် ဘီကောင်မှ အစ ရွံ့ကြောက်ကြောက်တတ်သော စမစ်မှာ ကပ္ပတိန်ဝီလ်ဆင်၏ စကား သံကြောင့် ကြက်သီးမွေးညှင်းများပင် ထချင်ချင် ဖြစ်သွားပါ၏။

"ကဲ ကဲ တက်ကြမယ်ဟေ့ . . . ဟိုးမြင်ရတဲ့ ခွဆုံကြီးထိရောက်အောင် တက်မယ် . . မြန်မြန်လုပ် စမစ် . . နာဂတွေနဲ့မတိုးဘဲ မင်းကြောက်တဲ့ ကောင်ရှည်ကြီးတွေ တောကောင်ကြီးတွေနဲ့တွေ့ရင် မလိုအပ်ဘဲ ဒုက္ခတွေ ပိုနေဦးမယ်"

ဂုမဒါမင်းခင်၏ စကားအဆုံးမှာတော့ ကပ္ပတိန် ဝီလ်ဆင် နှင့် စမင် တို့နှစ်ယောက်သား မြင်ပျဉ်ခွဆုံကြီးများနှင့် ကြီးမား လှသော ထောက်ကြံ့ပင်ကြီး၏ ခွဆုံကြီးထိတိုင် တက်ရောက် သွားကြလေ၏။ နောက်ဆုံး ဂျမဒါမင်းခင်





အလှည့်မှာတော့ ခြေရာခြေကြောင်းများကို တတ်နိုင်သလောက် ဖျောက်ဖျက်ခဲ့ ပြီးမှ မြင့်မားလှသည့် ထောက်ကြံ့ပင်ကြီး ခွဆုံကျယ်ကြီး အတွင်းဝယ် တစ်ညည့်တာအတွက် ခိုမ်စက်နားခိုရန်အတွက် တက်ရောက်သွားပါလေတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

## မေတ္တာရိပ်အောက်မှ မြေတစ်ကောင်

နံနက်ခင်းနေရောင်ခြည်သည် ဆောင်းနှင်းမြူ ဖာပေါ်ကြားမှ မဝံ့မရဲနှင့် ထိုးဖောက်ရန် အားယူနေပါ၏။ မြူခိုးနှင်းမှုံများဖြင့် မှိုင်းဝေနေသည့် တောတောင်တစ်ခွင်လုံးအား ရိုးတွင်းချဉ်ဆီခိုက်မျှ အအေးဓာတ်က ရစ်ပတ်လွှမ်းခြုံထားပါသည်။ အရွက်ဖားဖားနှင့် စိမ်းဝေဝေသစ်ရွက်ကြီးများပေါ်သို့ စည်းခုတ်မှန်မှန်နှင့် တပေါက်ပေါက်ကျနေသည့် နှင်းမိုးပေါက်ကျသံ





များကြောင့် ဂျမဒါမင်းဒင် ဖျတ်ခနဲ ပြန်လည်နိုးထလာခဲ့ပါ၏။

ပင်ပန်းမှုဒဏ်နှင့် သွေးခဲမတတ် အအေးဓာတ်ကြောင့် ဂျမဒါမင်းဒင် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။ သူ့နံဘေး တစ်ပင်ခွဲဆုံကြီးဘီမှီကာ တခေါခေါနှင့် အိပ်မောကျနေသည့် ကပ္ပတိန်ဗီလ်ဆင်နှင့် စမစ်တို့ကို လှုပ်၍နှိုးလိုက်ပါ၏။

"ဟေ့ကောင်တွေ ထ ထစမ်း . . . ဒီလောက် ချမ်းရအေးရတဲ့အထဲမှာ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို တခေါခေါနဲ့ အိပ်ပျော်နေလိုက်ကြတာ . . . ထ ထကြတော့ . . . အရုဏ်လာလို့ မိုးတောင် စင်စင်လင်းတော့မယ်"

ဂျမဒါမင်းဒင်က လှုပ်နှိုးလိုက်သဖြင့် ကပ္ပတိန်ဗီလ်ဆင်က ဖျတ်လတ်စွာ နိုးလာခဲ့သော်လည်း စမစ်ကမူ အီးအဲနှင့် ပျင်းကြောဆန့်ကာ ပြန်လှန်ပြောဆိုရင်း နိုးထလာခဲ့ကြသည်။

"အီး .. အား .. အင်း .. အေးလိုက်တာ ဂျမဒါရယ် . . . ငါ့လသွီးထဲမှပဲ .. ဟီး .. ဟီး .. ငါလည်း နိုးနေတာကြာပါပြီကွ . . . ချမ်းသေးတာနဲ့ မထသေးဘဲ ကွေးနေတာဟ"

"လှုပ်မနေနဲ့ စမစ် . . . မင်းအိပ်ပုတ်ကြီးတာ ငါသိတယ် . . . ကိုင်း လာ စောစောစီးစီး လှေကျင့်ခန်း ဆင်းလိုက်ရအောင်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



တအီးအီးတအဲအဲလုပ်နေသည့် စမစ်ကို တွန်းထိုးလှဲ့ဆော်ခိုင်းစေနေသည့်တိုင် တစ်ညည့်လုံး ခံစားထားရသည့် အအေးဒဏ်ကြောင့် သုံးယောက်စလုံး ကိုက်ခဲခြင်းများဖြင့် တောင့်တင်းနေကြပါ၏။

"အာပါး . . တစ်ကိုယ်လုံးလည်း ရိုက်နှက်ထားသလို ကိုက်ခဲတောင့်တင်းနေတာပါလား "

"ဆင်းမှာသာ ဆင်းစမ်းပါ စမစ်ရာ . . . ကိုက်ခဲနေရင်လည်း အောက်ကိုရောက်မှသာ အကြောလျှော့ပေတော့"

ထောက်ကြံ့ပင်ကြီး ခွဆုံကြားမှ နှစ်ယောက်သား ကြွက်ဒီကြွက်စီနှင့် ပေါက်ပေါက်အောက်သလို ပြောဆိုနေကြစဉ်မှာပင် ဂျမဒါမင်းဒင်မှာ ဒိုးနွယ်တန်းကြီးများမှ တဆင့်ခိုတွယ်ကာ အောက်သို့ဆင်းလျက် ရှိပါချေပြီ။ ဤသို့ဖြင့် သုံးဦးသား ထောက်ကြံ့ပင်ကြီးပေါ်မှ ခက်ခက်ခဲခဲဖြင့် တွဲနိုဆင်းလာကြသည်။ စမစ်က မြေပြင်သို့ ခြေချမိလိုက်သည်နှင့် သက်ပြင်းမောကြီးတစ်ခုကိုချကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါလေ၏။

"ဟူး ညက တက်သွားတုန်းကတော့ ကြောက်ကြောက်လန့်လန့်နဲ့မို့လားမသိဘူးဟေ့ လွယ်လိုက်တာ . . . အခုသစ်ပင်ကြီးပေါ်က ပြန်ဆင်းမှပဲ ရေရေလည်လည်ကို ပင်ပန်းသွားတာပဲ ဂျမဒါရာ ဟူး"





စမစ်က သူ၏ ဘောင်းဘီရှည်နှင့် တောစီးဖိနပ်တို့ကို ပြန်လည်ကြိုးချည် စီးနင်းနေစဉ် ဂျမဒါမင်းဒင်မှာ ထူးချွန်ထက်မြက်သော စစ်အရာရှိငယ်တစ်ဦးပီပီ မြေပြင်ပေါ်သို့ ခြေချမိသည်နှင့် ပတ်ဝန်းကျင်အခြေအနေကို ဦးစွာ လေ့လာသုံးသပ်လိုက်သည်။

တောတစ်ခွင်လုံး တဖျောက်ဖျောက်နှင့် ကျနေသည့် နှင်းမိုးစက်တို့ ကျသံကသာ ကြီးစိုးမင်းမူနေပါ၏။ တစ်တောင်ကျော်လောက်ဆီမှ ကျားအစ်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ မိုးလုံးပြည့်မှိုင်းမှုံနေသည့် မိုးမြူတိမ်လိပ်များကြောင့် နေရောင်ကိုမူ လုံးဝ မမြင်ရသေး။ ထူထပ်သော တောရိပ်တောင်ရိပ်များကြောင့် ဝန်းကျင်တစ်ခုလုံး မှိုင်းဝေနေပြီး ရာသီဥတုကလည်း အရိုးကွဲမတတ် အေးစိမ့်နေပါလေ၏။

"ဟေ့ကောင် စမစ် ထစမ်းကွာ . . . ဒါ စစ်မြေပြင်ကွ . . . ထ ထ ခရီးဆက်ကြစို့"

"အား အမလေး . . . ဒီလောက်ချမ်းချမ်းအေးအေးကြီးထဲမှာ စောစောစီးစီး နှင်းတောတိုးခိုင်းရတယ်လို့ . . အီးရက်စက်ပ ဂျမဒါရယ် . . . အီး"

ညည်းတွားရင်း အပျင်းထူနေသည့် စမစ်ကို တွန်းထိုးထခိုင်းပြီး ဂျမဒါမင်းဒင် ခရီးဆက်ရန် ပြင်လိုက်စဉ်မှာပင် သဘာဝမဟုတ်သော တောတိုးသံတချို့က အကြား



www.burmeseclassic.com

www.burmeseclassic.com



အာရုံထဲသို့ တိုးဝင်လာကြသည်။

"ချွတ် . . လွှက် . . ဖရော . . ဖျော"

"ဟင် ဒါ ဘာသံတွေလဲ . . . ဘော ဘောတိုးသံတွေ ခြုံတွေထဲကို တိုးဝင်ဖြတ်ကျော်လာတဲ့ အသံတွေ . . . ကပွတ်ဖို့ စမစ် အမြန်ပုန်းခိုမှဖြစ်မယ် . ."

အလေ့အကျင့်ရပြီးသား စစ်သားများပီပီ သစ်ပင်ကွယ်သို့ ဖျတ်ခနဲ ဝင်ကွယ်လိုက်ရင်း ပုန်းကွယ်စရာ နေရာတစ်ခုကို အမြန်ဆုံးရှာဖွေလိုက်သည်။ တွေ့ပြီ။ သူတို့၏ နောက်ဘက် ခပ်ယွန်းယွန်းတွင် ထူထဲလှသည့် ခြုံနွယ်တစ်အုပ်ကို မြင်တွေ့လိုက်ကြသဖြင့် သုံးဦးသား တိုးတိတ်ဖျတ်သတ်စွာ ဝင်ရောက်ပုန်းခိုလိုက်ကြပါ၏။

မကြာမီ သူတို့ရပ်နေခဲ့သော နေရာသို့ လုံ့ကိုင်တောင်ပေါ်နာဂအချို့ ပွစိပွစိ တွတ်ထိုးပြောဆိုသံများဖြင့် ရောက်လာခဲ့ကြသည်။ သူတို့သည် တစ်စုံတစ်ရာကို သဲသဲမဲမဲ ရှာဖွေနေကြဟန်တူပါ၏။ ခြုံနွယ်သစ်ပင်အုပ်များအတွင်းသို့ လှံ့ရှည်ကြီးများနှင့် ထိုးဖယ်ရှာဖွေနေကြသည်။ ဝန်းကျင်အနှံ့ ကျီးကန်းတောင်မျှောက် ကြည့်ရှုကာ ခေါင်းဆောင်ဖြစ်ဟန်တူသူ နာဂကြီးက နှာခေါင်းတရှုံ့ရှုံ့ဖြင့် အနံ့များပင် ခံနေပါ၏။

တော်သေးသည်။ ကံကြမ္မာက ဂျမ်ဒါမင်းဒင်တို့ကို မျက်နှာသာပေးခဲ့လေသည်ထင့်။ သူတို့ပုန်းခိုနေသည့် နေရာက





အောက်မှာရှိနေပါ၏။ ထိုစဉ် သူတို့၏ နောက်ဘက်ခြုံစပ်မှ ". . ." ဟူသော အသံတစ်ခု ကြားလိုက်ရသဖြင့် အားလုံး ကြည့်လိုက်ကြသည်။

"ဟာ"

"ဟ . . အ . . အု"

ရုတ်တရက်ထွက်ကျလာသည့် စမစ်၏ အာမေဋိတ်ကြောင့် ဂျာမဒါမင်းဒင်က စမစ်၏ပါးစပ်ကို အချိန်မီ လက်ဝါးနှင့် ပိတ်ဆို့လိုက်သည်။ အသံက သိပ်မကျယ်သဖြင့် နာဂများ မကြားလိုက်ကြ။

မြင်ကွင်းက စမစ်သာမဟုတ်၊ ဂျာမဒါမင်းဒင်နှင့် ဂျုတ်နီဝီလ်ဆင်တို့ပင် ထိတ်လန့်တုန်လှုပ်သွားကြသည်။ ရင်စား ပန်းကန်ပြားခန့် ကြီးမားဝိုင်းစက်သော ပါးပျဉ်းကြီးကို ထောင်ကာ ကြောက်မက်ဖွယ်မာန်ဖီနေသော တောကြီး မြွေဟောက်ကြီးပို တွေ့မြင်လိုက်ရခြင်းကြောင့် သုံးယောက်သား လန့်သော သေသွားကြခြင်းဖြစ်သည်။ တော်ပါသေးသည်။ ဂျာမဒါ မင်းဒင်၏ ဖျတ်လတ်မှုကြောင့် စမစ်၏အော်ဟစ်သံကို အချိန်မီ ပိတ်ဆို့နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုတော့ သူတို့နှင့် သုံးလေးတောင်မျှသာ ကွာဝေးသော အနီးဆုံးရန်သူ မြွေဟောက်ကြီးကြောင့် သုံးယောက်သား ထိတ်လှုပ်၍ ဘာကိုင်ရမည်မသိ မှိန်ထူသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တကြား ထပြေးပြန်လျှင်လည်း တောင်ပေါ်မှ
များနှင့် ထိပ်တိုက်ရင်ဆိုင်တိုးကာ တိုက်ပွဲဖြစ်နိုင်သည်။ ဤ
ရာတွင် ဆက်နေပြန်လျှင်လည်း တောကြီးမြွေဟောက်ပြ
လက်ချက်ဖြင့် အသက်သေဆုံးကြမည်ဖြစ်သည်။ သည်ကြား
ပါးစပ်ကိုအုပ်ကာ ချုပ်နှောင်ထားခြင်း ခံနေရသည့် စမစ်
ကြောက်လွန်းအားကြီးကာ တဆတ်ဆတ်တုန်ယင်နေပါပြီ

ကပ္ပတိန်ငီလ်ဆင်က သူ့ခါးကြားမှ ဓားမြှောင်
မြွေကြီးကို ပစ်ပေါက်သတ်ရန် ကြံရွယ်လိုက်သည်။ သူ၏လက်
ဓားမြှောင် ဆီသို့ လှမ်းအယူတွင် ဂျမဒါမင်းဒင်
လေသံတိုးတိုးဖြင့် ဟန့်တားလိုက်သည်၊

"ရှူး မလုပ်နဲ့ . . . မလွယ်ဘူး"

ဂျမဒါမင်းဒင် တားမြစ်လိုက်သည်မှာ မှန်သည်
မြွေဟောက်ကြီး၏ ပခုံးမှာ ယောက်ျားကြီးတစ်ယောက်
ထွားဆိုင်သာမျှ လုံးပတ်ရှိပြီး အရှည်မှာမူ ဆယ်ပေကျော်ကျော်
ရှိပေမည်။ ဤမျှလောက် အလုံးအထည်ရှိသော မြွေကြီး
အင်အားမှာ သေးငယ်လိမ့်မည်မဟုတ်။ ဓားဖြင့် ပစ်ပေါက်
လိုက်၍ ချက်ကောင်းကို မထိလျှင် ဒေါ်နန်းသုန်းကားနှင့် ဆ
ညံ့သံဖြစ်သွားကာ ခပ်လှမ်းလှမ်းမှ တောင်ပေါ်နာဂများ
သိရှိသွားနိုင်သည်။ နောက်ပြီး မပိုင်နိုင်ဘဲ လုပ်လျှ
အန္တရာယ်လည်း လွန်စွာ ကြီးလှသည် မဟုတ်ပါလား။





ယခုပင် မျက်လုံးနှစ်လုံးက တလက်လက် အရောင်
တောက်နေပြီး ယိမ်းထိုးလှုပ်ရမ်းနေသည့် မြွေဟောက်ကြီး၏
ရဲသော ပါးစပ်နှင့် ရှည်လျားစွာထွက်နေသော လျှာနှစ်ခွကို
ကပ်စွာ တွေ့မြင်ရသည်မှာ သေမင်းနှင့် ရင်ဆိုင်တွေ့နေရ
သည့်နှယ်ပါတည်း။

ယခုမှ တကယ့်အကျဉ်းအကျပ်နှင့် တွေ့နေကြရသည်။
ကြောက်မက်ဖွယ်ကောင်းလှသော မြွေဟောက်ကြီးနှင့်ဖက်၍ နပမ်းလုံး
လည်း မဖြစ်၊ ဓားနှင့်ပေါက်၍လည်း မလွယ်၊ သေနတ်ဖြင့်
ပစ်ခတ်၍လည်းမရ၊ ထ၍ပြေးရန်လည်း မဖြစ်နိုင်သည်မို့
နောက်ဆုံး ဂျမဒါမင်းဒင် စွန့်စားမှုတစ်ခုကို ပြုလိုက်ပါ
တော့သည်။ ပါးစပ်ပိတ်ကာ ချုပ်နှောင်ဖက်တွယ်နေသည့်
စမစ်ကို ကပ္ပတိန်ငီလ်ဆင် လက်သို့ လွှဲပြောင်းပေးလိုက်ပြီး သူနှင့်
အဘောင်မျှပင် မကွာတော့သည့် မြွေဟောက်ကြီးနှင့်
မျက်နှာချင်းဆိုင်လိုက်သည်။

"ကပ္ပတိန် . . စမစ်ကိုထိန်းထား . . . အသံမထွက်
စေနဲ့ . . . ဒီကောင်ကြီးကို ငါကြည့်ရှင်းမယ်"

ကပ္ပတိန်ငီလ်ဆင်ကို တိုးညင်းစွာ သတိပေးလိုက်ပြီး
ဂျမဒါမင်းဒင်မှာ ပါးပျဉ်းခွက်ကြီးက ယိမ်းထိုးမာန်ဖီနေသည့်
မြွေဟောက်ကြီးကို စူးစူးနစ်နစ်ကြည့်ကာ သူ့အဘိုး သင်ကြား
ပေးခဲ့သည့် မြတ်စွာဘုရား၏ ရတနာရွှေထီး ဂါထာတော်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်အား အာရုံပြု၍ ရွတ်ဆိုပူဇော်နေပါတော့သည်။

ထိုအချိန်တွင် မြွေဟောက်ကြီး၏ လျှာနီနီလေး ဂျမဒါမင်းဒင်၏ မျက်နှာနှင့် နီးသွားလိုက် ဝေးသွားလိုက် တစ်ခါတစ်ရံ မြွေဟောက်ကြီး၏ နှာမှုတ်သံ လေပြင်းမြင်း ဂျမဒါမင်းဒင်၏ မျက်နှာပြင်သို့ပင် ရိုက်ခတ်လျက်ရှိသည်။

မေစ်နှင့် ကပ္ပတိန်ဝီလ်ဆင်တို့က ဂျမဒါ မင်းဒင် အပြုအမူကို နားမလည်ဘဲဖြင့် ကြောင်ငေး ကြည့်နေကြပါ အချိန်တို့သည် တရွေ့ရွေ့ ကုန်ဆုံးလာ ခဲ့သည်၊ ဂျမဒါမင်းဒင် မြတ်စွာဘုရားရှင်ကို ယုံကြည် ကိုးစားစွာဖြင့် ရတနာရွှေ ဂါထာတော်ကြီးကို ရွတ်ဖတ် ပူဇော်များပြီးသည်နှင့် သူ့ နီးကပ်လွန်းစွာရှိနေသည့် မြွေဟောက် ကြီးကို ငိမ်းစိမ်းကြည့် မေတ္တာပို့လွှတ်လိုက်ပြန်သည်။

"အို အသင်မြွေဟောက်ကြီး . . . ငါတို့သည် သင့်အ ရန်မူညှင်းဆဲရန် ရောက်လာခြင်းမဟုတ်ပါ . . . တိုင်းပြည် လူမျိုးအား ဖက်ဆစ်ဂျပန်များသက်အောင်မှ လွတ်မြောက် ရောက်လာကြခြင်းဖြစ်သည်။ အသင်မြွေဟောက်ကြီးအား လုံ ရန်မူလိုခြင်းမရှိပါ . . ထို့အတူ အသင်မြွေဟောက်ကြီးကလ ငါတို့အား ရန်မပြုပါလေနှင့် . . . သင်အလိုရှိရာ အရပ် ဘေးရန်ကင်းဝေးစွာ သွားနိုင်ပါစေ . . . ယခု ငါ့ို့သဘေ မေတ္တာသည် သင့်အား ဓိတ်ချမ်းသာကိုယ်ချမ်းသာ ဖြစ်ပ





တည်း"

ဂျမဒါမင်းဒင်သည် မြွေဟောက်ကြီးအား စိတ်အ င်းမှ လှိုက်လှိုက်လှဲလှဲ မေတ္တာပို့၍ တောင်းပန်လိုက်သည်။ ြွေဟောက်ကြီးမှာ ပါးပျဉ်းကြီးကို ရှေ့တိုးနောက်ငင်ယိမ်းကာ ဒါမင်းဒင်၏ မျက်နှာအနီးတွင် အတန်ကြာမျှ ဝေ့ဝဲ နေပါ၏။ ိအချိန်ဝယ် ဂျမဒါမင်းဒင်၊ စမစ်နှင့် ကပ္ပတိန်ဝီလ်ဆင် တို့သည် ုရားကိုသာ တ,နေကြရသည်။

ထိုစဉ်မှာပင် အံ့သြဖွယ်ကောင်းလောက်အောင် ြွေဟောက်ကြီးသည် သူ၏ ကြီးမားစွင့်ကားလှသည့် ပါးပျဉ်း းကို ရုတ်ခနဲချလိုက်ပြီး သူတို့ခိုအောင်းရာ ခြုံကြီးထဲမှ အပြင် က်သို့ လျှောခနဲ ထွက်သွားလေတော့သည်။ ထိုအခါမှ းယောက်သား သက်ပြင်းကြီးများ ပြိုင်တူချကာ အသက်ကို ရှူနိုင်ကြပါလေ၏။

သုံးယောက်သား ပုန်းအောင်းနေရာ ခြုံကြီးထဲမှ ပြင်သို့ ချောင်းကြည့်လိုက်တော့ ထောက်ကြံ့ပင်ကြီးအနီးတွင် ာင်ပေါ်နာဂတိုင်းရင်းသားများကို မတွေ့ရပါလေတော့။ ဒါမင်းဒင်တို့ မြွေဟောက်ကြီးအပေါ် အာရုံရောက်နေ ကြစဉ် ်လည်ထွက်ခွာသွားကြလေသည်ထင့်။ အနီးပတ်ဝန်း င်တွင် သက်ရှိလူသားဟူ၍ သူတို့သုံးယောက်မှလွဲ၍ မည်သူမျှ ကြပါလေတော့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရောက်ရှိနေရာ လှိုင်ကြီးအတွင်းဝယ် နှင်းမိုးစေ ကျသံက ပါးလျှစွာပင် တဖျောက်ဖျောက် ကျဆင်းနေပါသည်။ ထို့အတူ နံနက်ခင်းနေရောင်ခြည်နွေးနွေးသည် လွင့်ပြယ်း နေပြီဖြစ်သော မြူနှင်းဇာပဝါအား မောင်းနှင်ထုတ်လျက် ရှိ ချေပြီတည်း။

✧ ✧ ✧



## အခန်း(၅)

## အန္တရာယ်ကြားမှ နာဂသူဇာ

နေလုံးက အတန်ငယ်မြင့်တက်လာသည့်တိုင် ပူနွေး သတ်သော နေရောင်ခြည်နှင့် အနွေးဓာတ်တို့ကို ဂျမဒါ ဟောင်တို့ အပြည့်အဝ မရရှိကြသေးပါ။ တောင်ကြားနှစ်ခု ကြင်းရှိ သူတို့ရောက်ရှိရာတစ်ဝိုက်တွင် အအေးဓာတ်တို့က ဆက်ကာ လွှမ်းခြုံထားကြဆဲ။ သို့တိုင်အောင် တောအုပ် ကို ရွေးချယ်၍ ဖြတ်သန်းနေကြရသဖြင့် သုံးဦးသား



www.burmeseclassic.com

www.burmeseclassic.com



ချွေးများဖြင့် ရွှဲနစ်နေကြသည်။

ကုန်းကမူချိုင့်ဝှမ်းများကို မျက်စိရှင်ရှင်နှင့် ကျော်ဖြ
နေကြသည်၊ အန္တရာယ်နယ်မြေမှ မလွတ်မြောက်သေးသ
သေနတ်များကို အသင့်ကိုင်စွဲကာ မျက်စိနှင့်နား အစွမ်းကု
ဖွင့်ထားကြပါ၏။ ထူထပ်စွာပေါက်ရောက်လျက်ရှိသေ
ထောက်ကြံ့၊ ခအူ ယမနေ၊ ကညင်တောကြီးကို တိုး
မနားတမ်း ခရီးဆန့်နေကြသဖြင့် ဘယ်ဆီဘယ်ဝယ် ရောက်
သည်မှန်းပင် ဂျမဒါမင်းဒင်တို့ မခန့်မှန်းနိုင်တော့။

တစ်နေရာတွင် သစ်မြစ်၊ သစ်မျှင်၊ သစ်ဆုံများဖြ
ရစ်ခွေကာ ပေါက်ရောက်နေသည့် ထောက်ကြံ့ပင်ကြီးတစ်ပင်
တွေ့ရသဖြင့် သုံးယောက်သား ခြေပစ်လက်ပစ် အနားယ
လိုက်ကြသည်။

"အားပါး ... ဒီတောင်ကြောက အနိမ့်အမြ
အတက်အဆင်းတွေနဲ့ ခလုတ်ကန်သင်းတွေကလည်း များလို
တာ ... ဒီကြားထဲ ကြောက်ပါတယ်ဆိုမှ ကောင်ရှည်တွေ
ခဏခဏ တွေ့နေရသေးတယ် ဟူး"

စမစ်က သစ်မြစ်ပျဉ်ကြီးခွကြားတွင် မှီလှဲရင်း သူ့ဝ
အတိုင်း ညည်းတွားရေရွတ်လိုက်သည်။ ကပ္ပတိန်ဝီလ်ဆင်က
ရေဘူး ထဲမှ ရေကို အာသာပြေရုံ တစ်ကျိုက်လော
သောက်လိုက်ပြီး





"ခြောင်ကျလဲကျတဲ့ကောင်ပဲဟော့ ... နင့်မှာချည်း
သက်ပါတာကျနေတာပဲ ... ဒီလောက်တောင် ကြောက်နေ
င်လည်း ဘာဖြစ်လို့ စစ်ထဲဝင်လာသေးတာလဲ"

"အိုး ဘာဆိုင်လို့လဲ ကပ္ပတိန်ရာ .... ငါ စစ်ထဲ
င်တာက စစ်ပညာသင်ယူပြီး ငါတို့ တိုင်းပြည်ကို
ကျူးကျော်နယ်ချဲ့လာတဲ့ ဖက်ဆစ်ဂျပန်ကောင် တွေကို
ိုက်ခိုက်ချင်လို့ကွ ... ဒီကောင်ရှည် မြွေတွေနဲ့ ဘာမှ
ဆိုင်ဘူး"

"တော်ကြပါတော့ကွာ ... ငါတို့ရဲ့ ရည်ရွယ်ချက်တွေ
အကောင်အထည် မဖော်နိုင်ခင် ဒီတောင်ပေါ်နာဂတွေနဲ့
တွေ့လို့ မဖြစ် သေးဘူး ... အတတ်နိုင်ဆုံး
ရှောင်ကွင်းနေမှဖြစ်မယ် ... ဒါပေမယ့် အခုဆိုရင်
ခြေအနေကြည့်ရတာ ဒီနာဂ တွေက ငါတို့ဆင်းလာကြတာကို
သိသွားကြပုံရတယ် ... ဒါကြောင့် ဒီကောင်တွေ ငါတို့ကို
သည်းအသန်ရှာနေ ကြတာကွ"

အမှန်တော့ ဂျမဒါမင်းဒင်၊ ကပ္ပတိန်ဝီလ်ဆင်နှင့် စမစ်
ို့သည် ဗြိတိသျှမဟာမိတ်တပ်များက အိန္ဒိယမှတဆင့်
မြန်မာပြည်စစ်ကြောင်းသို့ တာဝန်ချပေးထားခြင်း ခံထားရသည့်
ဟာမိတ်စစ်သားများဖြစ်ကြသည်။ လွန်ခဲ့သော ၁၉၄၂-ခုနှစ်
က ( British - Indian 17 DIV ) ဗြိတိသျှ-အိန္ဒိယ အမှတ်(၁၇)



www.burmeseclassic.com

www.burmeseclassic.com



တပ်မကြီးမှ ဗိုလ်မှူးကြီး ဒေါ်နယ်လ်ဝီလျံစမစ်နှင့်အတူ မြန်မာပြည်မှ ဆုတ်ခွာခဲ့စဉ်က အိန္ဒိယဘက်သို့ လိုက်ပါသွားကြပြီး ထိုမှ တဆင့် ဆင်းမလားမြို့၊ စစ်ပညာသင်တန်းကျောင်းတွင် တက်ရောက်သင်ကြားခဲ့ကြသည်။

ထိုအချိန်က ဗြိတိသျှတို့သည် မြန်မာစစ်မှုထမ်းများအား စစ်မျက်နှာတိုက်ပွဲများတွင် ထူးချွန်မှုအရ ဆာကျင်၊ ဆုဗေဒါ၊ ဂျမဒါစသည့် ရာထူးငယ်လေးများပေးကာ စည်းရုံးသိမ်းသွင်းထားခဲ့သည်။ ထိုစဉ်ကတည်းကပင် မြန်မာစစ်မှုထမ်းတို့၏ စွန့်လွှတ်စွန့်စားမှု ရဲရင့်မှု သတ္တိပြောင်မြောက်မှုတို့ကို ဘဝတူစစ်မှုထမ်းအားလုံး ပြခဲ့ကာ အသိအမှတ်ပြုခဲ့ကြရသည်။

ထိုအထဲတွင် ဂျမဒါမင်းဒင်မှာ သတ္တိအပြောင်မြောက်ဆုံး၊ အရဲရင့်ဆုံး၊ စွန့်လွှတ်စွန့်စားမှုအရှိဆုံး စစ်သည်တော်အဖြစ် ဗြိတိသျှအရာရှိကြီးများအားလုံးက ဝိုင်းဝန်း အသိအမှတ်ပြုခြင်း ခံခဲ့ရပါလေ၏။

ထို့ကြောင့်လည်း မြန်မာပြည်အရေးနှင့် အထူးတာဝန်ပေးအပ်ခြင်းခံရသည့်အခါတွင်လည်း ဂျမဒါမင်းဒင်၏ ပခုံးပေါ်သို့သာ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ ယခု စစ်ဆင်ရေးသည် မြန်မာပြည်တွင်းမှ ဂျပန်များအား နယ်မြေခံတိုင်းရင်းသားများနှင့် နားလည်မှုယူကာ နောက်ပိုင်းမှ အနီးကပ် စည်းရုံးတိုက်ခိုက်ပေးရန် အထူးတာဝန်နှင့် ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။





သို့သော် နောက်ဆုံးရရှိသော သတင်းအရဆိုလျှင် မြန်မာပြည်၏ အခြေအနေက ခေတ်ပျက်ခေတ်ဆိုးကြားတွင် ဖြစ်ဖောပင်ဖြစ်နေရဆဲဖို့ မည်သူ့ကိုမျှ ယုံကြည်၍မရ ဖြစ်နေပါသည်၊ ဂျပန်တို့သည် မြန်မာပြည်အား ရွှေရည်စိမ် လွတ်လပ်ရေးကိုသာ ပေးခဲ့ကြသည်။ ထိုမှ တဖြည်းဖြည်းနှင့် ဂျပန်တို့၏ ဖက်ဆစ်ဝါဒီလူး ဇာတိရုပ်က မဖုံးနိုင်မဖိနိုင် ပေါ်လာခဲ့သည် မဟုတ်ပါလား။

ထိုအချိန်မှသာလျှင် ဂျပန်ပေးသော ရွှေရည်စိမ် လွတ်လပ်ရေးမှာ မြန်မာပြည်သူပြည်သားများအား ပါးရိုက်နားရိုက် နှိပ်စက်ညှင်းပန်းသော လွတ်လပ်ရေးဖြစ်နေသဖြင့် တစ်စတစ်စ ဖက်ဆစ်စနစ်၏ ယုတ်မာဆိုးဝါးမှုတို့ကို သိမြင်လာခဲ့ကြသည်။ ထို့ကြောင့် ဗမာ့ကာကွယ်ရေးတပ်မတော်ကြီးက ဂျပန်တို့ကို ပြန်လည်မောင်းထုတ်ရန် လျှို့ဝှက်စီစဉ်နေကြခြင်း ဖြစ်ပါလေ၏။

ထိုကဲ့သို့သော အချိန်တွင် ဗြိတိသျှတပ်မှူးကြီး မောရစ်ဖဲလက်စ်၏ အထူးတာဝန်ပေးချက်အရ ဂျမဒါမင်းဒင်တို့အဖွဲ့အား မြန်မာပြည်စစ်မြေပြင်သို့ စေလွှတ်ခဲ့ခြင်းဖြစ်ပါသည်။ ဂျမဒါမင်းဒင်က နှမ်းပြင်ထက်မှ ဒီးကျနေသော ချွေးစီး များကို လက်ခုံနှင့် ခပ်ကြမ်းကြမ်းသုတ်ဖယ်လိုက်ရင်း . . .

"ဒါပေမယ့် တစ်ခုခက်နေတာက ငါတို့ မြန်မာပြည်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



စစ်ရေးအခြေအနေပဲ ကပ္ပတိန် . . . ငါတို့ဟာ စစ်မျက်နှာ နှစ်ဘက်ကြားမှာ ညှပ်သွားမှာ စိုးရိမ်ရတယ် . . . ခေတ်ကာလ ကလည်း မကောင်းတော့ ဘယ်သူ့ကိုမှ စိတ်ချလက်ချ ယုံကြည် ရမှာမဟုတ်ဘူး . . . ဒါကြောင့် အခုလိုအခြေအနေမှာ ဘယ်သူနဲ့မှ ပြဿနာမဖြစ်ချင်ဘူး "

ဂျမဒါမင်းဒင်၏ စစ်ရေးသုံးသပ်ချက်ကို ကပ္ပတိန်ဝီလ်ဆင်နှင့် ဝမစ်တို့က ဂရုတစိုက် နားထောင် နေကြသည်။ တောင်ကြောပေါ်သို့ ရောက်လာကြပြီဖြစ်သဖြင့် ညှင်းသွဲ့သွဲ့ လေပြည်က သူတို့သုံးဦးကို တိုးဝှေ့ဖြတ်တိုက် သွားကြသည်။

"အင်း ဒီစစ်ရေးအခြေအနေ အတိုင်းသာဆိုရင် ငါ့သဘောကတော့ ရန်ကုန်ကိုတောင် အမြန်ဆုံး ဝင်လိုက်ချင်ပြီ ဂျမဒါ . . "

ကပ္ပတိန်ဝီလ်ဆင်၏ ရန်ကုန်ဟူသော စကားလုံး ကြောင့် ဂျမဒါ မင်းဒင်ပင် ခဏတာမျှ တွေဝေ ငေးမောသွားပါ၏၊ အမိ မြန်မာပြည်ကြီးမှ ကျင်လည် ကျက်စားခဲ့ရာ ရန်ကုန်မြေနှင့် ဝေးကွာခဲ့သည်မှာ နှစ်ကာလပင် အတန်ကြာခဲ့ပါချေပြီကော။ ပစ္စက္ခရင်ခွင်မှ ယာယီမျှ ကင်းလွတ်သွားသည့် ဂျမဒါ မင်းဒင်မှာ ကပ္ပတိန်ဝီလ်ဆင်၏ သတိပေးစကားသံတို့ကြောင့် ဖျတ်ခနဲ သတိဝင်လာခဲ့သည်၊





"ရှူး ရှူး ဟိုဟိုမှာကြည့်စမ်း ဂျမဒါ . . "

ကပ္ပတိန်ဝီလ်ဆင်၏ လက်ညှိုးညွှန်ပြရာသို့ ဂျမဒါမင်းဒင် သစ်မြစ်ပျဉ်ကြီးများကိုကွယ်၍ လှမ်းကြည့် လိုက်သည်။ တွေ့မြင် လိုက်ရသည့် မြင်ကွင်းကြောင့် ဂျမဒါမင်းဒင်၏ မျက်လုံး အစုံမှာ ပြူးကျယ်သွားကြပါ၏။ ဝမစ်တလည်း ထိုမြင်ကွင်း ကြောင့် သူ၏ခန္ဓာကိုယ်ကြီးကို ထောက်ကြံ့သစ်မြစ်ပျဉ်များ နောက်တွင် ပုန်းခိုလိုက်သည်။

"ဟာ တိုင်းရင်းသူမလေး တစ်ယောက်ပါလား"

ဟုတ်သည်။ နာဂတိုင်းရင်းသူမလေးက လေးနှင့်မြားကို ကိုင်စွဲလျက် သူတို့ရှိရာ တောင်ကြောဘက်သို့ ဦးတည်၍ လာနေခြင်းဖြစ်သည်။ သူတို့ပုန်းခိုရာ ထောက်ကြံ့ပင်ကြီး၏ ကြီးမားလှသည့် မြစ်ပျဉ်းများနှင့် မြစ်ဆုံကြီးများက ဂျမဒါ မင်းဒင်တို့အား ကောင်းစွာ အကာအကွယ်ပေးထားသဖြင့် နာဂမလေးက သူတို့လူစုကို မမြင်တွေ့ရပါ။

ဖြစ်ချင်တော့ နာဂမလေးမှာလည်း မောပန်းလာရှာ သည်ထင့်၊ သူတို့နှင့် မလှမ်းမကမ်းရှိ သစ်ပင်အောက်တွင် လေးနှင့်မြားကို အားသို့ချလျက် ထိုင်ချလိုက်သည်။

"ဟာ ဒါ ဒါ နာဂတိုင်းရင်းသူမလေးတစ်ယောက်ပဲကွ"

"ဟုတ်တယ် ဂျမဒါ . . . တော်တော်ချောတဲ့ နာဂမလေးပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမင်းဒင်၏စကားကို စမစ်က ပြည့်စုံအောင် ဖြည့်စွက်၍ ပြောလိုက်ခြင်းဖြစ်သည်။ ထိုနာဂတောင်မလေးသည်လည်း စောစောက လှိုဏ်ကြီးထဲတွင် တွေ့ခဲ့ရသည့် တောင်ပေါ်နာဂများကဲ့သို့ ဂျမဒါမင်းဒင်တို့လူစုကို လှ..ာလ ရှာဖွေနေဟန်တူပါ၏။ ထို့ကြောင့် ခေတ္တခဏ အမောအပန်း ဖြေရင်း သစ်ပင်ရိပ်တွင် နားနေခြင်းဖြစ်ပေလိမ့်မည်။

နာဂမချောချောလေးကို ငေးကြည့်ရင်း ဂျမဒါ မင်းဒင် ဘာဆက်လုပ်ရမည်ကို တွေးတောစဉ်းစားနေစဉ် မှာပင် မမျှော်လင့်ဘဲ မြင်ကွင်းအတွင်းသို့ ကြောက်မက်ဖွယ် အန္တရာယ်ဆိုးကြီးက မပင့်ဖိတ်ဘဲနှင့် ဝင်ရောက်လာခဲ့သည်။

"ဟာ သစ် သစ်ပင်ပေါ်က မြွေ မြွေကြီး ထိုးဆင်းလာပါလား"

နာဂမလေးနားခိုရာ သစ်ပင်ကြီးထက်မှ ကြီးမားတုတ်ခိုင်လှသည့် စပါးကြီးမြွေကြီးတစ်ကောင်က နာဂမလေး၏ ကိုယ်ပေါ်သို့ ဝေါခနဲ ထိုးဆင်းလာ၏။

"ဝေါ . . ဖရော . . ဖရော . . ဝေါ"

"ရှုး ရှုး ရှုး"

"ဟင် . . အား"

ရိပ်ခနဲထိုးကျလာသည့် စပါးကြီးမြွေကြီးက သူ၏ သားကောင်ဖြစ်သည့် နာဂမလေးအား ဆွဲယူရစ်ပတ်ရန် သူ၏





ကြီးမားသော ကိုယ်လုံးကြီးနှင့် စတင်၍ ဖိညှစ်လိုက်သည်။ နာဂမလေးမှာ ရုတ်တရက် ကြီးမားလှသည့် မြွေကြီး၏ ရစ်ပတ်ခံလိုက်ရမှုကြောင့် ကြောက်ရွံ့ထိတ်လန့်သွားသော်လည်း သတိမလွတ်ပါ။ သူမ၏လက်နှစ်ဘက်နှင့် မြွေကြီး၏ ဦးခေါင်း ဘက်ပိုင်းကို မိမိရရပင် ဖမ်းဆုပ်ထားလိုက်နိုင်သည်။

သို့သော် စပါးကြီးမြွေကြီးက အင်အားကြီးလွန်းသည်တင်၊ ဆွဲယူရစ်ပတ်ထားသောဒဏ်ကြောင့် လဲပြိုကျလုလု ဖြစ်နေပါပြီ။ လွန်စွာကြီးမားလှသော အန္တရာယ်ဆိုးကြီးသည် မမျှော်လင့်ပါဘဲနှင့် နာဂမလေးထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ပါချေပြီတည်း။

အသက်အန္တရာယ်အထိ နီးကပ်လာသည့်မြင်ကွင်းကို ဂျမဒါမင်းဒင် လက်ပိုက်၍ ကြည့်မနေနိုင်တော့။ ကပ္ပတိန်ဝီလ်ဆင်နှင့် စမစ်တို့ကိုပင် သတိမရနိုင်တော့ဘဲ၊ နာဂမလေးအား ဒါးမျို စားသောက်ရန် ကြိုးစားနေသည့် စပါးကြီးမြွေကြီးရှိရာသို့ သေနတ်ကို အသင့်ကိုင်လျက် ပြေးဝင်လာခဲ့ပါတော့သည်။

"ဟော့ . . ဟော့ . . မြွေခေါင်းကို မင်းနဲ့လွတ်အောင် မြှောက်ထား . . မြှောက်ထားစမ်း"

ဂျမဒါမင်းဒင်၏ ဟစ်အော်သတိပေးသံကို ကြားလိုက်ရသော နာဂမလေးမှာ ပြန်လည်၍ အားတက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်ထင့်၊ သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးအား ရစ်ပတ်ဖွစ်ညှ ထားသည့်ကြားမှ မြွေကြီး၏ဦးခေါင်းကြီးကို ရှိသမျှ လက်ဘျ အင်အားဖြင့် အပေါ်သို့ မြှောက်တင်လိုက်သည်၊

တပြိုင်တည်းမှာပင် ဂျမဒါမင်းဒင်၏ ပစ္စတိုသေနတ် မှလည်း ကျယ်လောင်စွာ ပေါက်ကွဲမြည်ဟီးထွက်သွားပါ တော့သည်။

ဒိုင်း . . . ဒိုင်း . . .

ရုတ်တရက် ကျယ်လောင်စွာ မြည်ဟီးထွက်ပေါ် လာသော သေနတ်သံနှစ်ချက်နှင့်အတူ မြွေကြီး၏ ဦးခေါင်း ကြီးမှာ သွေးများ ဖြာခနဲ ပြန့်ကျဲသွားဘာ လွင့်စင်သွားပါလေ၏၊ ကံကောင်းသည်ဟုဆိုရမည်၊ နာဂမလေးအား ရစ်ပတ်ထားသည့် မြွေကြီး၏ ညှစ်အားများ တစ်စဘစ်စ လျော့ပါးသွားကာ အညှစ် ခံထားရသည့် ဝေဒနာဆိုးများကလည်း တဖြည်းဖြည်း အားလျော့ သွား၏။

နောက်ဆုံးတော့ အန္တရာယ်ကောင် စပါးကြီးမြွေကြီးမှာ ဂျမဒါမင်းဒင်၏ လက်ချက်ဖြင့် သေဆုံးသွားပါတော့သည်၊

နာဂမချောချောလေးမှာလည်း သူ့အား စိုးရိမ်တကြီးနှင့် ဆွဲယူပွေ့ထူနေသည့် ဂျမဒါမင်းဒင်အား ကျေးဇူးတင်သော မျက်ဝန်းများဖြင့် စူးစူးနစ်နစ် ကြည့်နေပါ၏၊ ထိုစဉ်မှာပင် ထောက်ကြံပင်နောက်ကွယ်မှ ကပ္ပတိန်ဗီလ်ဆင်နှင့် စမစ်တို့က





လား ဖားရားနှင့် ဂျမဒါမင်းဒင်တို့ဆီသို့ ပြေးဝင်လာကြသည်။

"အားပါး . . . သေလိုက်ပါတော့ ဂျမဒါရယ် . . သေနတ်ကြီးနဲ့ ပစ်လိုက်ကတည်းက အသံထွက်မယ်မှန်း သိဘူးလား . . . အခုဆိုရင် သေနတ်သံထွက်သွားတဲ့ ရဲ့ ဟောဒီနေရာကို နာဂတွေ အနေနဲ့အမြန် က်လာကြတော့မယ် . . . ဘုရားသခင်ကယ်ပါ . . . ခါတော့ ငါတို့ တကယ်သေဖြစ်ပြီထင်ပါရဲ့"

အနားသို့ကပ်၍ တတွတ်တွတ်နှင့် ပွစိပွစိပြောဆို သည့် စမစ်ကို ဂျမဒါမင်းဒင် စိတ်မရှည်စွာဖြင့် ဟာစ်လိုက်သည်၊

"ဟာ ဘာတွေလာပြောနေတာလဲ . . . မျက်စိရှေ့က ရာယ်က ပိုပြီးအရေးကြီးလို့၊ အသက်အန္တရာယ်နဲ့လည်း နီးနေလို့ သေနတ်ကို သုံးလိုက် ရတာပါ . . . က်ပြဿနာကို နောက်မှပဲ ကြည့်ရှင်း တော့မယ်"

"အိုး ရက်စက်လိုက်တာ ဂျမဒါရယ် . . . ငါတို့တစ်တွေ ကြောင်ကြီးရှောင်ခဲ့ပြီးမှ"

ဂျမဒါမင်းဒင်၏ ခပ်ပြတ်ပြတ်စကားကြောင့် စမစ်ပင် ိုင်တော့ဘဲ ညည်းညူရင်း ပြောလိုက်ပါ၏။ သူတို့သုံးဦး လေးကို မေ့ကာ ပြောချင်ရာ ပြောနေကြစဉ် ချောချောလေးက အပြုံးတစ်ခုကို ဖန်ဆင်းကာ ဂျမဒါ



www.burmeseclassic.com

www.burmeseclassic.com



မင်းဒင်အနီးသို့ တိုးဝင်လာပြီး စကားသံသြရှရှ ငဲတဲတဲနှ
ပြောလာပြန်သည်၊

"အော ငါ့ကို မြွေကြီးလက်က နင်ကယ်တင်ပေး
နင့်နာမည်က မင်းဒင်တဲ့လား ... ဟင် နင်တို့ ဘာ
စိတ်မပူကြနဲ့တော့ ... ငါဟာ လွှယ်ရှီထန်ရွာခေါင်းကြီး
သမီးတစ်ယောက်ပါ ... နင်တို့သုံးယောက် ဖနေ့ညနေ
ဟိုး ကောင်းကင်ထက်က ဆင်းလာကြတဲ့သူတွေဆိုရင်တော
ငါနဲ့ပဲ အေးအေးဆေးဆေး လိုက်ခဲ့ကြပါ... အခုစအရာ
ငါတာဝန်ယူပါ့မယ် မင်းဒင်"

ဗမာစကားကို အသံသြရှရှနှင့် ခပ်ဝဲဝဲပြောဆိုနေသ
နာဂမချောချောလေးကိုကြည့်ကာ ဂျမဒါမင်းဒင်တို့ ပါး
အဟောင်းသား ဖြစ်နေကြရသည်။ မည်သို့ပင်ဖြစ်စေ နာ
မင်းသမီး၏ နှုတ်မှ ထွက်ကျလာကြသော စကားများသ
တကယ့်အစစ်အမှန် စေတနာစကားများလေလား၊ သို့တ
မဟုတ် သူတို့ရဲ့သုံးဖော်အတွက် နူးညံ့လှပသော နံတ်သ
ထောင်ချောက်တစ်ခုလေလားဆိုသည်ကိုတော့ ဘုရားသခ
တစ်ပါး မည်သူမှ မသိနိုင်ပါချေပြီတည်း။

✧ ✧ ✧



အခန်း(၆)

## လွှယ်ရှီထန်ရောက် လူစိမ်းဧည့်သည်များ

လွှယ်ရှီထန်၏ နေ့လည်ခင်းက ဟိုနေရာတစ်စု
ညီနေရာတစ်စုနှင့် တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်ကာ
ကျိုးကြိုတ်ကြိုတ် ပေါက်ကွဲနေကြသည်သို့။ ထိုအထဲတွင်
ရှီထန်ရွာ၏ ဝီးခေါ် စစ်ခေါင်းဆောင် လိုင်းဆိုင်၏ ဒေါသ
ဟက်က အပြင်းထန်ဆုံး လောင်မြိုက်နေသည်ထင့်။

သူ၏လက်ထဲမှ အောင်းလုံ့ရှည်ကြီးကို ယာဇ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



တစ်တိုင်ဆီသို့ ဒေါသတကြီးနှင့် ပစ်စိုက်လိုက်သည်။

"ဝိုး"

"ဒုတ်"

"တောက် . . . ဒါဟာ သက်သက်မဲ့ ရွာရဲ့စည်းကမ်း လေ့ကို ချိုးဖောက်လိုက်တာပဲ . . . သူ့ဟာ သူ့ကိုယ် လုံဘုရဲ့သမီးဆိုပြီး ထင်ရာလျှောက်လုပ်နေတာ . . . ဘာ ဖြစ်ဖြစ် လူစိမ်းဟာ လူစိမ်းပဲ . . . အဲဒီလူစိမ်းတွေကိုလည်း ငါကိုယ်တိုင် ရှာတွေ့ကာနီးမှကွာ ဟင်း"

လွယ်ရှိထန်း စစ်ခေါင်းဆောင် လိုင်းဆိုင်မှာ ရင်ထဲ ဒေါသအရှိန်ကြောင့် အသားများပင် တဆတ်ဆတ်တုန်နေပေ စင်စစ် သူတို့ရွာ၏ ထုံးစံစည်းကမ်းအရ ရန်သူလူစိမ်းများ ဖမ်းမိခဲ့ပါက လုံဘုခေါ် ရွာခေါင်းဆောင်ပိုင်းက စစ်ဆေးပြီး ရွာစစ်ခေါင်းဆောင်လက်သို့ အပ်နှံရမည်ဖြစ်သည်။ ယခု လွယ်ရှိထန်ရွာခေါင်းကြီး ထန်သျှိုင်း၏သမီး သျှီက သူ့သဘော နှင့်သူ လုပ်ဆောင်နေခြင်းကြောင့် စစ်ခေါင်းဆောင်လိုင်းဆို တစ်ယောက် ကျားရိုင်းတစ်ကောင်နှယ် သွေးဆူနေခြ ဖြစ်ပါ၏။

လိုင်းဆိုင်မှာ လွယ်ရှိထန်၏ စစ်ခေါင်းဆော တစ်ယောက် ပီပီ ခြသေ့တစ်ကောင်ကဲ့သို့ ခွန်အားဗလ ပြည့်စုံ တိုက်ရည်ခိုက်ရည်ရှိသူတစ်ယောက်လည်း ဖြစ်သည်။ ယ





ရပ်မှာ ရန်သူလူစိမ်းများကို သူကိုယ်တိုင် မဖမ်းဆီးနိုင်ခဲ့ဘဲ လွှတ်လိုက်ရသဖြင့် နွားနောက်တစ်ကောင် ဆုမရရှိ ည်ထက် စစ်ခေါင်းဆောင်ဟူသော အရှက်သိက္ခာ ကျဆင်း ရသည် မဟုတ်ပါလား။

"အေး လူစိမ်းဆိုရင် ရွာရဲ့စစ်ခေါင်းဆောင်ကို အပ်ရမှာ၊ တော့ 'တောက်' ဘာပဲဖြစ်ဖြစ် ဒီလူစိမ်းကောင်တွေကို ငါမဖမ်း နိုင်ပေမယ့် ငါကိုယ်တိုင် ဟောဒီခြသေ့တစ်ကောင်လို မာတဲ့လက်တွေနဲ့ ရှင်းပစ်ရမှ ကျေနပ်နိုင်မယ်ဟေ့"

ယခန်နေ့ညနေစောင်းက ကောင်းကင်မှ လေထီး ခုနှင့် လူသုံးယောက် သူတို့ နာဂနယ်မြေထဲသို့ ကျူးကျော် ရောက်လာကြသည်။ ထိုသူစိမ်းသုံးယောက်တို့ကို လွယ်ရှိထန် ဘင်ကြောတစ်ခုလုံး မြေလှန်ရှာခဲ့ကြသည့်တိုင် တွေ့အောင် ရှာဖွေနိုင်ခဲ့ကြပါ။

တွေ့မည့်တွေ့တော့လည်း လွယ်ရှိထန်ရွာခေါင်းကြီး န်းသျှိုး၏သမီး သျှီအား စပါးကြီးမြွေတစ်ကောင်နှင့် အသက် ရာယ် ရင်ဆိုင်ကြုံတွေ့နေရချိန်တွင်မှ ကယ်တင်ရှင်များ စ် ရောက်ရှိလာခဲ့ခြင်းကြောင့်ပင် ဖြစ်ပါ၏။

"ဒီကိစ္စအတွက် ငါကိုယ်တိုင် လုံဘုနဲ့သွားရှင်းမယ် . . မ်းကောင်တွေကိုလည်း ငါ့လက်ထဲအပ်ခိုင်းမယ်"

"ဟေး ဟုတ်တယ် မှန်တယ် . . . လိုင်းဆိုင်ပြော



www.burmeseclassic.com

www.burmeseclassic.com



မှန်တယ် ... ဒီကိစ္စကို ရွာရဲ့စစ်ခေါင်းဆောင်က စစ်ဆေ
ရမယ်"

စစ်ခေါင်းဆောင်လိုင်းဆိုင်၏ ဆုံးဖြတ်ချက်ကို သ
တပည့် နာဂများက ဝိုင်းဝန်း၍ အော်ဟစ်ထောက်ခံကြသ

ထိုစဉ်

ဝှစ်ခနဲ လေထုကိုခွင်း၍ ပြေးဝင်လာသည့် မြားတစ်
က လိုင်းဆိုင်၏ ရှည်လျားသောဆံပင်များကြားမှဖြတ်
ယာဇ်တိုင်တွင် စူးနစ်စိုက်ဝင်နေသည့် လိုင်းဆိုင်
အောင်းလုံ့ရှည်အရိုးတွင် တည့်မတ်စွာ စိုက်ဝင်သွားသည်။

"ဝှစ်"

"ဒုတ်"

"နင့်ရဲ့ခြေလှမ်းတစ်လှမ်း ရှေ့တိုးလာတာနဲ့ င
ပစ်မှာပဲ လိုင်းဆိုင် ... အေး ငါ့ရဲ့အသက်ကို ကယ်
လူစိမ်းတွေကို နင် လက်ဖျားနဲ့တောင် ထိစရာမလိုဘူးဟဲ့ ..
ငါတွေ့တာမို့ ငါပဲပိုင်တယ် ... ဒါကို မကျေနပ်လို့ ရှေ့
တိုးမယ်ဆိုရင်တော့ ငါနဲ့ အရင်ဆုံး ရင်ဆိုင်ရမှာပဲ လိုင်းဆ

အတန်ငယ်မြင့်သော ကျောက်သားခုံထက်မှ သျှ
ဘွားခနဲပေါ်လာကာ လိုင်းဆိုင်၏ နှလုံးသားတည့်တည့်နေရ
လေးမြားနှင့် ချိန်ရွယ်လျက် ခပ်ဟဟပြောလိုက်သည်။

အမြင့်ပျံငှက်တစ်ကောင်ကို လေထဲတွင် ပျံသန်းန





ပင် လျှပ်တစ်ပြက် ပစ်ခတ်နိုင်သည့် သျှီ၏ စကားသံကြောင့်
ိုင်းဆိုင်တို့ နာဂတစ်စု တုတ်တုတ်မျှမလှုပ်ကြတော့။ သို့သော်
ိုင်းဆိုင်၏ စူးရဲသောအကြည့်များက နဂါးကြီးတစ်ကောင်၏
က်စောင်းသာဆိုလျှင် သျှီမှာ ပြာကျနေလောက်ပေပြီ။
ုတော့ ...

"တောက်"

လိုင်းဆိုင်မှာ တောက်တစ်ချက်ကိုသာ ပြင်းစွာ
ါက်လျက် ထိုနေရာမှ ခြေသံပြင်းပြင်းနှင့် နောက်သို့ လှည့်ကာ
က်သွားပါလေတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

"ငါ့နာမည်က သျှိ လို့ ခေါ်တယ် ... ဟော
နာဂနယ် လွှယ်ရှီရောန်ရွာရဲ့ ရွာခေါင်းကြီး ထန်သျှိုင်းရဲ့ သမ
တစ်ယောက်ပဲ ... အခု နင်ပြောတဲ့စကားတွေဟာ အမှ
တွေချည်းပဲနော် မင်းဒင်"

သျှိက သူ၏ဘဲအတွင်းဝယ် ခေါ်ဆောင်ထားသည့်
ဂျမဒ်မင်းဒင်တို့ သုံးယောက်အား မေးမြန်းနေခြင်းကြော
ဂျမဒါမင်းဒင်က သူတို့အကြောင်းကို ရှင်းလင်းပြောပြနေခြင်
ဖြင်သည်။

"ငါ့စကားတွေကို မယုံလို့လား သျှိ ... ငါ မင်းတို
အမှန်တွေကို ပြောပြနေတာပါ ... ငါတို့ဟာ မင်းတို့ရဲ့ရန်သ





ဟုတ်ပါဘူး .. နယ်ချဲ့ဖက်ဆစ်ဂျပန်တွေရဲ့ လက်အောက်က
လွတ်မြောက်ဖို့အတွက် တိုက်ပွဲဝင်နေကြတဲ့သူတွေပါ သျှိ"

"သူ့နာမည်က ကပ္ပတိန်ဝီလ်ဆင်၊ သူက စမစ်တဲ့ ...
ငါတို့ဟာ ငါတို့ရဲ့ ယုံကြည် ချက်နဲ့ မဟာမိတ်တွေဆီမှာ
စစ်ပညာသင်ယူရင်းနဲ့ အိန္ဒိယက တစ်ဆင့် ဒီနယ်မြေထဲကို
ရောက်လာခဲ့ကြတာပါ"

ဂျမဒါမင်းဒင်က ဆတ်သားခြောက်ဖုတ်နှင့် သစ်သီး
များကို စားသောက်နေကြသည့် ကပ္ပတိန်ဝီလ်ဆင်နှင့် စမစ်တို့ကို
သျှိနှင့် မိတ်ဆက်ပေးလိုက်သည်။

"အင်း ငါကတော့ နင့်ကို ယုံပါတယ် မင်းဒင် ...
အရေးကြီးတာက ငါ့ရဲ့အဖ ထန်းသျှိုင်း ယုံကြည်ဖို့လိုတယ်
မင်းဒင် ... ငါ့အဖက သူ့ရဲ့နယ်မြေထဲကို သူစိမ်းတွေ
ဝင်လာတာ လုံးဝမကြိုက်ဘူး ... နင်တို့ကို ဖမ်းမိခဲ့ရင်တောင်
ဂွားနောက်တစ်ကောင် ဆုချမယ်ဆိုပြီး ပြောထားတာ"

"အင်း ဒါဆိုရင်တော့ နင့်အဖ ရွာခေါင်းကြီးနဲ့ ငါတို့
တွေ့ဖို့ လိုလာပြီထင်တယ် သျှိ"

"ကြည့်လည်းလုပ်ပါဦး သျှိရယ် ... အစစအရာရာ
နင်တာဝန်ယူတယ်ဆိုလို့ ငါတို့က ယုံစားပြီး လိုက်လာခဲ့တာနော်"

"ဟုတ်တယ်ပေါ့နော် ... နင်ပြောခဲ့တဲ့စကားကို
နင်မေ့မသွားနဲ့ သျှိ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ပလုတ်ပလောင်းနှင့် စားနေသည့် ကပ္ပတိန်ဝီလ်ဆင် နှင့် စမစ်တို့က သျှီကို ဝင်၍ ပြောကြဆိုကြသည်။ ဟုတ်သည် သူတို့ကို သျှီခေါ်လာခဲ့စဉ်က အသက်သခင်ကျေးဇူးရှင်အဖြစ် ခေတ္တယာယီ နားခိုရန် ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည် မဟုတ် ပါလား။ သို့သော် အခြေအနေသည် စစ်ခေါင်းဆောင် လိုင်းဆိုင် တို့လူစု၏ မကျေနပ်မှုကြောင့် ရွာသားများကြားတွင် တင်းမာ မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

ထို့ကြောင့် သျှီက ဂျမဒါမင်းခင်တို့လူစုကို သူ၏ အဖနှင့် မတွေ့ဆုံမီ သူကိုယ်တိုင် အရင်ဆုံး တွေ့ဆုံ၍ ရှင်းပြ ရသည်။

"နာမည်က မင်းခင် . . . ဂျမဒါမင်းခင် . . ဟုတ်လား သမီး . . . သူ့ကို အဖ မယုံဘူး . . . လူစိမ်း တစ်ယောက်ပြောတဲ့ စကားတွေကို အဖ မယုံကြည်နိုင်ဘူး သမီး . . . သူတို့အခုလောက် အသက်ရှင်ခွင့်ရနေတာ သမီးရဲ့ အသက်ကို ကယ်တင်ထားခဲ့ဖူးတဲ့သူတွေမို့ အဖ အသာငြိမ် နေခဲ့တာ"

"မင်းခင်တို့ဟာ ရန်သူမဟုတ်ပါဘူး အဖ . . . သူတို့ဟာ မြစ်ရဲ့ ဟိုဘက်ခြမ်းမှာရှိကြတဲ့ ဂျပန်တွေကို တိုက်ခိုက် ဖယ်ရှားပစ်မယ့် မဟာမိတ်စစ်တပ်က ဂျမဒါတစ်ယောက်ပါ . . သူတို့ ဒီနယ်မြေထဲကို ဆင်းလာကြတာကိုက ဒီက တိုင်းရင်းသား





နာဂတွေနဲ့ပူးပေါင်းပြီး ဂျပန်တွေကို နောက်ပိုင်းကနေ အနီးကပ် တိုက်ခိုက်ဖြိုခွင်းဖို့ပဲ အဖ"

လွှယ်ရှိုထန် နာဂရွာခေါင်းကြီး ထန်းသျှိုင်းက ယခုမှ သိကျွမ်းခဲ့ရသည့် လူစိမ်းတစ်ဦးဘက်မှ တက်တက်ကြွကြွ ကာကွယ်ပြောဆိုနေသည့် သမီးဖြစ်သူကိုကြည့်ကာ သက်ပြင်း မောတစ်ခုကို မသက်မသာနှင့် ချလိုက်သည်။

"ဟင်း သမီးပြောတာတွေကို အဖ သဘော ပေါက်တယ် သမီး . . အဖကလည်း အဲဒီဂျပန်ကောင်တွေကို တိုက်ထုတ်ပစ်ချင်ပါတယ် . . . အဘတို့နိုင်ငံ၊ အဘတို့နယ်မြေ ထဲကို ကျူးကျော်နယ်ချဲ့လာတဲ့ ဘယ်သူ့ကိုမဆို အဖ မုန်းတယ်၊ ရှင်းရှင်းပြောရရင် လူစိမ်းမှန်သမျှ ဘယ်လိုလူစိမ်းကိုမှ မယုံ ကြည်ဘူး . . . အဲဒီ ဂျမဒါမင်းခင်တို့ ဝင်လာတာကိုလဲ အဖ မကြိုက်ဘူး"

သူ၏အဖဖြစ်သူ နာဂရွာခေါင်းကြီး ထန်သျှိုင်း ခါးခါး သီးသီး ဖြစ်နေသည်ကိုလည်း သျှီ သိသည်။ အဖသည် နယ်မြေခံရွာခေါင်းကြီးတစ်ဦးပီသစွာ သူပိုင်ဆိုင်ရာ နယ်မြေ ထဲသို့ မည်သည့်လူစိမ်းမျှ ကျူးကျော်ရောက်ရှိလာသည်ကို မနှစ် မြို့ခြင်းဖြစ်ပေသည်။

"မင်းခင်တို့ဟာ အဖပြောသလို ဒီနယ်မြေရဲ့ လူစိမ်း တွေလို့ ဆိုပေမယ့် သူတို့ဟာ ဗမာ့တပ်မတော်နဲ့ ကြို[illegible]ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ထားကြတဲ့ မဟာမိတ်အင်္ဂလိပ်စစ်တပ်က သူတွေပါ ... သူဟာ တာဝန်အရ အင်္ဂလိပ် စစ်သားဖြစ်ပေမယ့် ငါတို့ အဖတို့လိုပဲ မျိုးချစ်တိုင်းရင်းသား တစ်ယောက်ပဲလေ"

သည်တစ်ကြိမ်တော့ နာဂခေါင်းဆောင်ကြီး ထန်သျှိုး က ဆက်၍မဖြေသေးပဲ ပြတင်းဝမှ တွေ့မြင်နေရသည့် မှိုင်းညို့ ညို့တောင်တန်းများဆီသို့ ငေးမောကာ ကြည့်နေမိသည်။ အတန်ကြာမှ ...

"အင်း ဒါပေမယ့် လူစိမ်းတွေနဲ့ ပတ်သက်ပြီး မကျေမနပ်ဖြစ်နေတဲ့ လိုင်းဆိုင်တို့အုပ်စုနဲ့တော့ သမီး ရင်ဆိုင်ဖြေရှင်းပေးရမှာပဲ"

အဖဖြစ်သူ၏ ပြတ်သားသော နောက်ဆုံးစကား ကြောင့် သျှိမှာ ရင်မောသွားရပါသည်။ သူမ၏အဖသည် လွယ်ရှိထန်၏ မျိုးရိုးစဉ်ဆက်အရ ဤနာဂရွာလေးကို အုပ်ချုပ် ရသည့် အကြီးအကဲတစ်ယောက်ဖြစ်သည်၊ ဤကဲ့သို့သော အကြီးအကဲတစ်ယောက်က နာဂရွာ၏ အစဉ်အဆက် ချမှတ် ထားခဲ့သည့် ဓလေ့ထုံးစံ၊ ရွာစည်းကမ်းများကို ကျော်လွန် ဖောက်ဖျက်၍မရ၊ အဖဖြစ်သူ၏ အခက်အခဲကိုလည်း သျှိ နားလည်သည်။ သူ၏ အသက်သခင် မင်းဒင်တို့ကိုလည်း မနစ်နာစေချင်။

ဤသို့ဆိုလျှင် အဖ၏ နောက်ဆုံးစကားအတိုင်း





လွယ်ရှိထန်ရွာ၏ စစ်ခေါင်းဆောင် လိုင်းဆိုင် ကျေနပ်အောင် သျှိ တစ်ခုခုတော့ လုပ်ရပေတော့မည်။ သို့သော် ထိုတစ်ခုခု သည် မင်းဒင်အတွက် ကြီးမားလှသော အန္တရာယ်ဆိုးကြီး ဖြစ်လာခဲ့မည်ဆိုပါလျှင် ...။

သျှိ တစ်ယောက် အတွေးစကိုဖြတ်ကာ အဖ၏ တဲအိမ် ထဲမှ မျက်နှာမသာမယာနှင့် ထွက်လာခဲ့ပါတော့သည်။ အပြင် ဘက်တွင်လည်း ဆောင်းနှင်းမြူတို့ ဝဲခိုလွင့်မျောနေကြသဖြင့် ဝန်းကျင်တစ်ခုလုံး မှိုင်းမှိုင်းမှုံမှုံနှင့် ...။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)
## ပဋိပက္ခတိုက်ပွဲနိဒါန်း

မွန်းတည့်နေသည့် သွယ်ရိုးထန်ရွာ၏ ရွာလယ်တွင် ရှိသော နာဂရွာခေါင်းကြီး ထန်သျှိုင်း၏ တဲအိမ်ကြီးပေါ်သို့ တည့်မတ်စွာ ကျဆင်းလျက်ရှိသည်။ သို့သော် ခပ်ပါးပါး လွင့်မျောနေသည့် နှင်းမြူငွေ့များကြောင့် နေ့လည်ခင်းဖြစ်သည့်တိုင် စိမ့်စိမ့်မျှ အေးနေပါသေး၏။





ရွာခေါင်းဆောင်ကြီး ထန်သျှိုင်း၏ အိမ်ရှေ့မြေ ...က်လပ်မှာတော့ လွယ်ရှိုထန်စစ်ခေါင်းဆောင် လိုင်းဆိုင်တို့ ...စုနှင့် တောင်ပေါ်နာဂရွာသားများက အုတ်အုတ် ...က်ကျက်နှင့် ရှိနေကြသည်။ ထိုအထဲတွင် စစ်ခေါင်းဆောင် ...ိုင်းဆိုင်၏ အသံလှိုင်းက အကျယ်လောင်ဆုံးဖြစ်နေပါ၏။

"ဒီအတိုင်းဆို နှင်ဘာမှဆက်ပြီး ရှင်းပြမနေနဲ့တော့ သျှိ ...လူစိမ်းကောင်တွေကိုသာ ငါ့လက်ထဲ အမြန်ဆုံးအပ်ပါ . . . ...တို့ကို နင်အရင်ဦးဆုံး တွေ့ခဲ့တာမှန်ပေမယ့် ဒီလူစိမ်းကောင် ...တွေဟာ အင်္ဂလိပ်စစ်တပ်ကပဲ မဟုတ်လား"

"ငါတို့နယ်မြေတွေကို တခြားတိုင်းတစ်ပါးသား နယ်ချဲ့ ...တွေ အုပ်ချုပ်တာကို လက်သင့်မခံရဘူး . . . တော်လှန် ...ိုက်ခိုက်ရမယ်လို့ လုံ့ဘူလည်း ပြောခဲ့တာပဲ . . ဒီလူစိမ်းကောင် ...တွေဟာ တိုင်းတစ်ပါးက ကျူးကျော်ဝင်ရောက်လာတဲ့သူတွေ၊ ...ဂလိပ်စစ်တပ်က လူတွေ၊ သူတို့ဟာ ငါတို့ရဲ့ အစိကရန်သူ"

ပေါက်ကွဲထိရှသံပြင်းပြင်းနှင့် ပြောဆိုနေသည့် ...ွယ်ရှိုထန် စစ်ခေါင်းဆောင် လိုင်းဆိုင်၏စကားများကြောင့် ...ပေါ်မင်းဒင် ငြိမ်နေ၍မဖြစ်တော့၊ ထိုင်နေသည့် ဝါးခုံတန်း ...ည်ထက်မှ ထရပ်လိုက်ကာ လိုင်းဆိုင်နှင့် ထိပ်တိုက်ရင်ဆိုင် ...ိုက်သည်။ သို့သော် သျှိုက သူ့ရှေ့မှ ကာဆီး၍ရပ်ကာ ...ိုင်းဆိုင်အား ပြန်လည်တုံ့ပြန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ တစ်ဖက်သတ်ချုပ်စွဲချက်ပဲ . . . နင်ပြောသလို သာဆိုရင် ငါ့အသက်ကို ကယ်ခဲ့တဲ့သူတွေကို ငါကပြန်ပြီး ဒုက္ခ ပေးရမှာတဲ့လား . . . ဒါဆို အဲဒီကိစ္စဟာ တရားမျှတမှု ရှိနိုင် မယ်တဲ့လား လိုင်းဆိုင်"

ဆတ်ဆတ်ထိမခံသော သျှီ၏ ချေပချက်ကြောင့် လိုင်းဆိုင် မျက်နှာကြီးမှာ နီရဲလာသည်အထိ အကျည်းတန်သွား ပါ၏။ အခြေအနေသည် ပြင်းထန်လာတော့မည့် ပဋိပက္ခတစ်ခု ဆီသို့ ဦးတည်နေပါပြီ။ စင်စစ် သျှီ၏အသက်ကို ကယ်တင် ခဲ့သော အသက်သခင်တို့သည် နာဂစစ်ခေါင်းဆောင် လိုင်းဆိုင် တို့ အသည်းအသန်ရှာဖွေနေကြသည့် လူစိမ်းများ ဖြစ်နေခြင်း ပင်တည်း။

နယ်ကျွံရောက်ရှိလာသည့် လူစိမ်းကို ဖမ်းဆီးမိခဲ့လျှင် အကြီးအကဲ ရွာခေါင်းကြီးလက်သို့ အပ်နှံပြီး စစ်ဆေးရသည်၊ ထို့နောက် ရွာ၏စစ်ခေါင်းဆောင်ထံသို့ လွှဲပြောင်းပေးပြီး အန္တရာယ်ရှိနိုင်သည်ဟု သံသယရှိပါက သတ်ဖြတ်သုတ်သင်ခွင့် အထိ စည်းကမ်းထုံးစံရှိခဲ့သည် မဟုတ်ပါလား။

"တော်ပြီ သျှီ . . . နင့်စကား ဒီမှာပဲရပ်တော့ . . . ဒီလူစိမ်းတွေဟာ နင့်ကိုကယ်တင်ခဲ့တယ်ဆိုပေမယ့် လူစိမ်းဟာ လူစိမ်းပဲ သျှီ . . . ရွာစည်းကမ်းအရ လူစိမ်းဆိုရင် ဘယ်လို လူစိမ်းမျိုးကိုမှ လက်မခံရဘူး . . . လွှယ်ရှိထန်တစ်ကြော





လည်း အဝင်မခံရဘူး . . . ပိုပြီးဆိုးတာက ဒီလူစိမ်းကောင် ဟာ တိုင်းတစ်ပါးက အင်္ဂလိပ်စစ်တပ်က ဖြစ်နေလို့ပဲ"

သည်တစ်ကြိမ်တော့ ပြင်းထန်နေသော ပဋိပက္ခတိုက်ပွဲ းသို့ ဂျမဒါမင်းဒင် ဝင်လိုက်သည်။

"အဲဒီလိုကြီးတော့ ကျုပ်တို့ကို တယူသန် မစွပ်စွဲစေ ဘူး လိုင်းဆိုင် . . . အင်္ဂလိပ်စစ်တပ်ထဲကို ရောက်နေ ဟာ အင်္ဂလိပ်တွေ မြန်မာပြည်ကို အုပ်စိုးနိုင်အောင် ကူညီ ဖို့ မဟုတ်ဘူး . . . ကျုပ်တို့ ဒီလိုအချိန်မှာ အင်္ဂလိပ်စစ်သား နေတာဟာ မြန်မာ့မြေပေါ်က ဂျပန်တွေကို ဆန့်ကျင် တ်ခိုက်ပစ်ဖို့ပဲ . . . အေး စစ်ကြီးပြီးဆုံးသွားတဲ့ အချိန် တော့ ကျုပ်တို့ မြန်မာပြည်ကြီးကို မြန်မာတိုင်းရင်းသား ျိုးစုတွေပဲ အုပ်ချုပ်နိုင်ဖို့ ကျုပ် အံတတ်နိုင်ဆုံး ကြိုးစားရမှာပဲ င်းဆိုင်"

"ဟား ဟား ဟား ဟား မဖြစ်နိုင်ဘူး . . ဒါတွေဟာ င်းတို့အသက်လွတ်မြောက်အောင် ကြံဖန်ပြီး လိမ်လည်ပြော တာ . . . မင်းပြောတာတွေ ငါတို့မယုံဘူး . . . မင်းတို့ဟာ လိပ်စစ်သား၊ ငါတို့ရဲ့ရန်သူ"

သွေးဆာနေသော ကျားတစ်ကောင်ရှေ့တွင် မည်သို့ပင် းပြစေကာမူ မလွတ်သာတော့။ နာဂစစ်ခေါင်းဆောင် င်းဆိုင်၏ တစ်ဖက်သတ်စွပ်စွဲချက်များက ဂျမဒါမင်းဒင်တို့



www.burmeseclassic.com

www.burmeseclassic.com



လူစုအား မလှုပ်သာအောင် တုပ်နှောင်ထားလေသည်သို့ . .

ထိုစဉ်မှာပင် ဒေါသပေါက်ကွဲနေပြီဖြစ်သည့် ကျားရိုး မလေး သျှီတာ ခါးကြားမှဓားကိုထုတ်ရန် ပြင်ရင်း ရှေ့သို့ တိုး လိုက်သည်။

မဖြစ်ချေတော့။ သူတို့ကြောင့် နာဂတိုင်းရင်းသာ အချင်းချင်း သွေးကွဲသွားကြလျှင် အခက်အခဲ ကြုံရပေလိမ့်မည် နောင် မည်သို့မျှ စည်းရုံးရန် လွယ်ကူတော့မည်မဟုတ်တော့ ထို့ကြောင့် ကျားရိုးမလေးတစ်ကောင်နှယ်ဒေါသထွက်နေသ သျှီ၏လက်ကိုဆွဲကာ ဂျမဒါမင်းဒင် ဝင်၍ တန့်တားလိုက်သည်

"သျှီ ဒေါသကိုထိန်းမှပေါ့ . . . ကိုယ်တို့ကြောင့် သျှီ လူမျိုးအချင်းချင်း ပြဿနာ မဖြစ်စေချင်ဘူး . . . ကိုယ့်ကိစ္စ ကို ဖြေရှင်းပါရစေ သျှီ . . . လိုင်းဆိုင် ဘာဖြစ်စေချင်သ ဆိုတာသာပြောပါစေ"

"အိုး မဖြစ်ဘူး မင်းဒင် . . . လိုင်းဆိုင်က အမြဲတ များမြင်းတစ်ကောင်လို သွေးဆာနေတာ . . . နင့် တိုက်ခိုက်သတ်ဖြတ်ဖို့ စိန်ခေါ်မှာပဲ . . . ဘာပဲဖြစ်ဖြ နင်သူ့ကို ယှဉ်နိုင်မှာမဟုတ်ဘူး"

"ဟား ဟား ဟား . . . ဒီကိစ္စကို လုံဘူပဲ ဆုံးဖြ ပါစေ . . . နင်အသာလေး ဘေးဖယ်နေပါ သျှီ . . . ငါ့ သူမယှဉ်နိုင်ပဲနဲ့တော့ ယောဒီ လွယ်ရှိထန်ရွာမှာ အသက်ရှင်ရ





ဂေရဘူး"

ရွာခေါင်းကြီးထန်းသျှိုင်းကို နာဂရွာ တစ်ရွာလုံးက လုံဘူ"ဟု ခေါ်ကြသည်။ ထန်သျှိုင်းသည် ရန်သူများစွာကို တိုက်ခိုက်အောင်မြင်နိုင်ခဲ့သဖြင့် လိုင်းနောင် နာဂဘာသာ စကားဖြင့် "လုံဘူ" (စစ်အောင်နိုင်သူ)ဟူသော ဘွဲ့ကို ရရှိ ခြင်းဖြစ်သည်။

ထို့အပြင် လွယ်ရှိထန်ရွာ နာဂရွာကြီးကို တည်ထောင် သည့် မျိုးနွယ်စုမှ ပေါက်ဖွားလာသူလည်း ဖြစ်သည့်အပြင် နာဂဟူသမျှကိုလည်း ဆုံးဖြတ်ပေးနိုင်ခွင့်ရှိသူ တစ်ယောက် ဖြစ်ပါသည်။ ကြိမ်နွယ်တို့ဖြင့် ပေါင်းစပ်ပြုလုပ်ထားသည့် ထိုင်ခုံကြီးပေါ်တွင် တည်ငြိမ်စွာထိုင်နေသည့် ရွာခေါင်းကြီး သျှိုင်း၏ရင်ထဲမှာတော့ မတည်ငြိမ်မှုများဖြင့် ဘောင်ဘင် ခတ်လျက် . . .

"အင်း ဂျမဒါမင်းဒင်ဆိုတဲ့ လူစိမ်းဟာ ထက်မြက် မယ့် သားတစ်ယောက်ပဲ . . . သမီးကလည်း သူ့ရဲ့ အသက် ဆိုတဲ့စိတ်နဲ့ လူစိမ်းတွေဘက်က အခိုင်အမာ ရပ်တည် လတော့ ငါ ငါ ဘာလုပ်ရမလဲ . . ဘာဆက်လုပ်ရင် ကောင်းမလဲ"

နာဂရွာခေါင်းကြီးထန်သျှိုင်းက စကားတစ်ခွန်းမျှ မပြော ဲ အခြေအနေကို အကဲခတ်လေ့လာရင်း အပြောအလှ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေပါလေ၏။

"ဒါပေမယ့် လိုင်းဆိုင်ပြောသလို အင်္ဂလိပ်စစ်တပ်

လွှတ်လိုက်တဲ့ စစ်သားတွေလည်း ဖြစ်နေတယ် . . . လူစိမ်း

ဆိုရင် လွှယ်ရှီထန်ကို အဝင်အထွက်မရှိစေရဆိုတဲ့ တား

ထားတဲ့ ငါတို့ရဲ့စည်းကမ်းကလည်း ရှိနေလေတော့ အင်း ငါ

ဆုံးဖြတ်ချက်တွေ ဒီတစ်ခါ မှန်နိုင်ပါ့မလား . . . သမီးအက

လိုက်ပြီး ဆုံးဖြတ်ပြန်ရင်လည်း တစ်ရွာလုံးက ငါ့ကို အထင်

သွားနိုင်တယ် . . . မထူးပါဘူးလေ . . . ကံတ

အတိုင်းသာ ရှိပါစေတော့"

ဂျမဒါမင်းဒင်တို့လူစုကို တစ်ချက်မျှ စူးစူးရဲ

ကြည့်လိုက်ပြီးမှ အားလုံး မျှော်လင့်စောင့်စားနေကြသ

ဆုံးဖြတ်ချက်တစ်ခုကို ထန်သျှိုင်း ဖြတ်သားစွာပင် ချလိုက်ပါ

တော့သည်။

"ကိုင်း လူစိမ်းစစ်သားတွေ သေချာနားထောင်ကြ . .

ဟောဒီ လွှယ်ရှီထန်နာဂရွာမှာ လူစိမ်းဆိုရင် ဘယ်လိုလူ

မျိုးကိုမှ လက်မခံရဘူးလို့ စည်းကမ်းဓလေ့ရှိတယ် . . .

ကိုယ်တိုင်ကလည်း လူစိမ်းမပြောနဲ့ လွှယ်ရှီထန်ရဲ့ပိုင်န

လေဟာနယ်ထဲမှာတောင် ယင်ကောင်(လေယာဉ်)

ဖြတ်ကျော်နေတာကို လုံးဝမကြိုက်ဘူး"

အသံပြတ်ပြတ်နှင့် လေးပင်ပြတ်သားစွာ ပြောဆိုနေသ





ယ်ရှီထန်ရွာခေါင်းကြီး ထန်သျှိုင်းကို ဂျမဒါမင်းဒင်တို့ လူစုက

စူးနစ်နစ်ကြည့်နေသကဲ့သို့ သမီးဖြစ်သူ သျှီသျှိုင်းနှင့်

ခေါင်းဆောင် လိုင်းဆိုင်တို့ကလည်း မျှော်လင့်ချက် ကိုယ်စီနှင့်

းစိုက်ကြည့်နေကြပါ၏။

"အေး ဒါပေမယ့် မင်းတို့ကတော့ ငါ့သမီးရဲ့ အသက်ကို

ကြီးရဲ့လက်က ကယ်တင်ခဲ့တဲ့ လူစိမ်းတွေဖြစ်လို့ သီးသန့်

ခွင့်အရေးတစ်ခု ပေးလိုက်မယ် . . . အဲဒါကတော့

ဟာဒီက ငါတို့နာဂရွာရဲ့ စစ်ခေါင်းဆောင် လိုင်းဆိုင်နဲ့

က်နက်မဲ့ တစ်ယောက်ချင်းယှဉ်ဖို့ မင်းတို့ထဲက တစ်ယောက်ပဲ

က်ပါ . . . အေး လိုင်းဆိုင်ကိုရှုံးခဲ့ရင်တော့ လွှယ်ရှီထန်ရဲ့

တ်ထားတဲ့ စည်းကမ်းအတိုင်း လုပ်ရမှာပဲ . . နိုင်ခဲ့ရင်တော့

ဟာဒီ လွှယ်ရှီထန်မှာ မင်းတို့ ကြိုက်သလောက် နေထိုင်ခွင့်

တယ်"

ပြတ်သားစွာ ဆုံးဖြတ်ချက်ချပေးလိုက်သော ရွာခေါင်း

ထန်သျှိုင်း၏ စကားကြောင့် လိုင်းဆိုင်နှင့် နာဂရွာသားများ

ည်စွာ အော်ဟစ်အားပေးကြသည်။

"ဟေး . . . လုံဘူပြောတာ မှန်တယ်ဟေ့"

"လုံဘူဆုံးဖြတ်တာ တရားတယ် . . ဒါမှ လွှယ်ရှီထန်ရဲ့

ဘူတွ"

"လိုင်းဆိုင်ကိုယှဉ်ဖို့ ကွင်းလယ်ကိုထွက်ခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



လိုင်းဆိုင်ဘက်မှ ဟာစ်အော်အားပေးသံ၊ ထန်သျှိုင်း၏ ဆုံးဖြတ်ချက်ကို အော်ဟာစ်ထောက်ခံကြသည့် အော်ဟာစ်သံများ က တိတ်ဆိတ်စွာ အိပ်မောကျနေသည့် နေ့လယ်ခင်းကို ဖြိုခွဲ လိုက်သည်။ ယာဇ်ကွင်းအနီးရှိ သစ်ပင်တကက်မှ ငှက်ငယ်တစ် အုပ်က အော်ဟာစ်သံများကြောင့် တဝုန်းဝုန်းနှင့် လန့်ပျံတက်ြ သည်။

ဂျမဒါမင်းဒင်မှာ လွယ်ရှိုထန် ရွာခေါင်းကြီး ထန်သျှိုင်း ၏ ဆုံးဖြတ်ချက်အား ငြင်းဆန် ဖယ်ရှားခြင်း မပြုဘဲ စစ်သား ကောင်းတစ်ယောက်၏ အရည်အချင်းအပြည့်နှင့် အန္တရာယ် သတ်ကွင်း သို့မဟုတ် ယာဇ်ကွင်းအတွင်းသို့ တည်ငြိမ်စွာဖြ လျှောက်လှမ်းလာခဲ့သည်။

ဂျမဒါမင်းဒင်ကိုကြည့်ကာ လိုင်းဆိုင်က ခြေချော တစ်ကောင်နှယ် ကောက်ကွစ်စွာပြုံးလိုက်သည်။ ထို့နောက် သူ၏ အောင်းလှံကြီးကို အနီးရှိ ယာဇ်တိုင်တွင် ပစ်စိုက်လိုက်ပြီ ယာဇ်ကွင်းကြီးအတွင်းသို့ လွှားခနဲ ခုန်ပျံဝင်ရောက်လာသည်၊

"ဟေး .. လွယ်ရှိုထန်စစ်ခေါင်းဆောင် .. ဟေး"

"လိုင်းဆိုင် .. အောင်နိုင်ပါစေ"

နာဂမင်းသမီးလေး သျှိုသျှိုင်း၏ မျက်လုံးအစုံက လိုင်းဆိုင်၏ကိုယ်ပေါ်သို့ ဒေါသမီးလျှံများအဖြစ် ကျရောက် သွားသည်။





"အေး ငါ့ရဲ့ညှော်သည် တစ်ခုခုဖြစ်သွားခဲ့ရင် နင့်အလှည့် ရောက်ပြီလို့သာ မှတ်လိုက်ပေတော့ လိုင်းဆိုင်"

"ဟား ဟား ဟား ဟား ... လွယ်ရှိုထန်မှာ ငါ့ကို ညှိုနိုင်တဲ့သူ မပေါ်သေးဘူး ... နတ်ရုပ်တစ်ထောင် မယ် တော်ကြီးဆီမှာ ငါ့ကို အောင်နိုင်ဖို့ ဆုတောင်းပေးလိုက်ဦးဟေ့ .. ဟား ဟား ဟား ဟား"

ပြောပြောဆိုဆိုနှင့် လိုင်းဆိုင်က ဂျမဒါမင်းဒင်ထံ ကျားရိုင်းတစ်ကောင်နှယ် ခုန်ပျံဝင်ရောက်တိုက်ခိုက်လာသည်။

"ဟိုင်း"

"ဝှစ် ... ဝှစ် ..."

လိုင်းဆိုင်၏ သွက်လက်မြန်ဆန်သော ခြေကန်ချက် များက ဂျမဒါမင်းဒင် မျက်နှာအနီးမှ တဝှီဝှီနှင့် ဖြတ်ကျော် သွားသည်။

"ဟေး လိုင်းဆိုင်တဲ့ဟေ့"

"ဟိုင်း လွယ်ရှိုထန်စစ်ခေါင်းဆောင်ကွနော်"

"ဟေး .. ဟေး ... ဟိုင်း"

ဆူဆူညံညံ အော်ဟာစ်အားပေးသံများနှင့် လိုင်းဆိုင်၏ မြန်ဆန်လှသော တိုက်ကွက်များအောက်တွင် ဂျမဒါမင်းဒင်မှာ ပွဲအေးစွာပင် ပွတ်ကာသီကာ ရှောင်တိမ်းလျက်ရှိသည်။

ပဋိပက္ခတိုက်ပွဲတွင် မမျှတသော တစ်ဖက်သ



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်အားပေးသံများက ယာဇ်တွင်းတစ်ကွင်းလုံး ပွဲတင် လျက် သျှိသျှိုင်း၊ ကပ္ပတိန်ဝီလ်ဆင်နှင့် စမစ်တို့၏ မျက်နှာထ မှာတော့ အစိုးရိမ်လွန် အရိပ်အယောင်များ တိုယ်စီနှင့် ..။

သျှိသျှိုင်းကာ မျက်စိမှိတ်လျက် နှုတ်ခမ်းတစ်ထော မယ်တော်ထံ ဂျမ္မဒါမင်းဒင်အတွက် တိုးတိတ်ညင်သာစွာ တောင်းနေပါ၏။

ရင်ထဲမှာတော့ စိုးရိမ်စိတ်များက ပွက်လျှံဆူဝေနေ သည်ကော . . .။

"ဟိုင်း .. ယား . . ."

"ဝှစ် . . . ဝှစ် . . ."

တစ်ချီတွင် လိုင်းဆိုင်၏ ဒေါသတကြီးနှင့် အားအပြ ကန်ချက်ကို ဂျမ္မဒါမင်းဒင် လွတ်သည်ဆိုရုံမျှ စောင်း ရှောင်လိုက်သည်။ ပြင်းထန်အားပါသော လိုင်းဆိုင်၏ ခြေတ ချက်က ယာဇ်တိုင်ကိုသာ ပျောင်းခနဲ ရိုက်မိသွားသည်၊

"ဟိုင်း . . . ဝှစ် . . ."

"ဖျောင်း"

ဤပွဲတွင် ထူးထူးခြားခြား တည်ငြိမ်နေသူက ဂျမ္မဒါ မင်းဒင်ပင်။ လိုင်းဆိုင်၏ ကျားရိုင်းတစ်ကောင်နှယ် ခုန်ပျ ဝင်ထွက်လှုပ်ရှားနေသည့် အဝင်အထွက်များကို စောင့်ဆိုင်းရင်း အကြောအချဉ်အားလုံးကို လျှော့ချထားလိုက်သည်။





ထိုစဉ် လိုင်းဆိုင်က ဒေါသတကြီးနှင့် ခုန်ဝင်လာ န်သည်၊

"ယား"

"မင်းဒင် . . . သတိထား"

ဆူညံစွာ ဟစ်အော်အားပေးသံများကြားမှ နာဂ င်းသမီးလေး သျှိသျှိုင်း၏ ပေါက်ကွဲမှုသံယောဇဉ်နှလုံးသားကို ှစ်ခနဲ မြင်တွေ့လိုက်ရသည်။

သျှိသျှိုင်း၏ သတိပေးသံနှင့်အတူ လှစ်ခနဲဝင်လာသည့် လိုင်းဆိုင်၏ တုတ်ခိုင်သန်မာလှသော လက်သီးမည်းမည်းကြီးကို တ်ကာသီကာ ရှောင်လိုက်ရင်း ဟင်းလင်းပြင်ဖြစ်သွားသည့် လိုင်းဆိုင်၏ အရှိုက်ဆီသို့ ဂျမ္မဒါမင်းဒင် ဒူးနှင့်တိုက်ပစ် လိုက်သည်၊

"ဂုန်း"

"ရှူး . . . အွတ် . . ."

ရှူးခနဲ အသက်ရှူမှားသံကြီးများပင် ထွက်ကျလာသည် ထိ အထိနာသွားသည့် လိုင်းဆိုင်မှာ ကျားနာကြီး စ်ကောင်နှယ် ရှူးရှူးရှားရှား ဖြစ်သွားပါ၏။ စစ်မြေပြင်တွင် နီးကပ်တိုက်ပွဲပေါင်းများစွာကို သွေးအေးစွာဖြင့် ရင်ဆိုင် က်ခိုက်ခဲ့သည့် ဂျမ္မဒါမင်းဒင်မှာ လိုင်းဆိုင်ကဲ့သို့ ဗလ အားကိုး စ်ဖွတ်ထိုးတိုက်ခိုက်တတ်သော တိုက်ကွက်များကို



www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူပင် ရှောင်တိမ်းကာ ပြန်လည်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

လိုင်းဆိုင်က အထိနာထားသဖြင့် ပို၍ ဒေါသကြီး လာသည်။ သူ၏တိုက်ကွက်များကို ပွတ်ကာသီကာ ရှောင်တိမ်း နေသည့် ဂျမဒါမင်းဒင်အား ပို၍ ဖိအားပေး တိုက်ခိုက် လာသည်။

"ဟိတ် .. ဟိုင်း"

"ဝှစ် .. ဖျောင်း .. ဖျောင်း"

လိုင်းဆိုင်၏ လက်ဝါးရိုက်ချက်များက ထိလိုက်လျှင် နွားမခန်းတစ်ကောင်ပင် တုံးတခဲ လဲကျသွားနိုင်လောက်သည်။ သို့သော် ထိုရိုက်ချက်များကို လက်နှစ်ဖက်ကြက်ခြေခတ်၍ ဂျမဒါမင်းဒင် တားသည်။ ခံသည်၊

ဒေါသတကြီး ဝင်ရောက်တိုက်ခိုက်သည့် လိုင်းဆိုင်၏ တိုက်ကွက်များကို သတိကြီးစွာဖြင့် ရှောင်တိမ်းရင်း တစ်ကွက် ကောင်း ကန်ချက်များဖြင့် တုံ့ပြန်တိုက်ခိုက်သည်။

"ဝှစ် ... ဝှစ် ..."

"ဖျောင်း ... ဒုတ် ..."

ဆူညံစွာ အော်ဟစ်အားပေးနေသည့် အသံများက တိတ်သွားကြသည်။ တိုက်ရည်ခိုက်ရည်ညီညီနှင့် သဲသဲမဲမဲ တိုက်ခိုက်သတ်ပုတ်နေကြသူနှစ်ယောက်အား ရင်တဖိုဖိုနှင့်သာ





ကြည့်နေကြပါ၏။

လိုင်းဆိုင်က ဒေါသတကြီးနှင့် ထိုးသည်၊ တိုက်သည်၊ ကန်သည်။ ဂျမဒါမင်းဒင်က တိမ်းသည်၊ ယိမ်းသည်၊ ဖယ်သည်၊ ပုတ်သည်။

အချိန်ကြာလာသည်နှင့်အမျှ လိုင်းဆိုင်၏ အသက်ရှူ ပုတ်သံကြီးက မီးရထားစက်ခေါင်းကြီးနှယ် တရှူးရှူး တရှဲရှဲနှင့် ချွေးသံတရွှဲရွှဲနှင့် ခန္ဓာကိုယ်မည်းမည်းကြီးက ယိမ်းယိုင်စ ပြုလာခဲ့သည်၊

ဂျမဒါမင်းဒင်က ထိုသို့သောအခါချိန်ကို စိတ်ရှည်ရှည် ဖြင့် စောင့်ဆိုင်းနေခြင်းဖြစ်ပါ၏။ တစ်ချိတွင် ဂျမဒါမင်းဒင်က ဝံမြူသကဲ့သို့ ရှေ့သို့ တိုးဝင်ဟန်ပြုလိုက်သည်။

"ဟိတ် .. ဟိုင်း .."

ထင်သည့်အတိုင်းပင် လိုင်းဆိုင်က ကျွဲရိုင်းကြီး တစ်ကောင်နှယ် ဂျမဒါမင်းဒင်ထံသို့ ဒေါသတကြီး ဝင်ရောက် တိုက်ခိုက်လိုက်သည်။ အသင့်စောင့်နေသည့် ဂျမဒါမင်းဒင်က သူ၏ ပွဲသိမ်းကန်ချက်ဖြင့် လိုင်းဆိုင်၏ အကာအကွယ် မဲ့နေသည့် ရင်ဝဆီသို့ ဘုန်းခနဲ ပစ်ကန်လိုက်သည်တွင် ..

"ဟိတ်"

"ဘုန်း ... အား ..."

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



လိုင်းဆိုင်၏ ပြေးဝင်လာသောအရှိန်နှင့် ဂျမဒါ မင်းဒင်၏ ပတ်ကန်လိုက်သော ကန်ချက်တို့ ပြင်းထန်စွာ ထိပ်တိုက်တွေ့လိုက်ချိန်မှာတော့ လိုင်းဆိုင်၏ ခန္ဓာကိုယ်ကြီးမှာ ယာဇ်တိုင်များ၏အပြင်သို့ လွင့်စင်ပြောက်တက်သွားပြီး မြေပြင် ထက်သို့ ဘုန်းကနဲ ပစ်ကျကာ ငြိမ်သက်သွားပါလေတော့သည်။

✧ ✧ ✧



# အခန်း(၈)

## နတ်ဆရာဂိလိယို နှင့် နိမိတ်ဖတ်ပွဲ

ယာဇ်တိုင်များ ပတ်လည်ဝိုင်းထားသည့် နတ်ကွန်းတဲ အတွင်းဝယ် ဂျမဒါမင်းဒင်တို့ သုံးယောက်နှင့် နာဂမင်းသ မီးလေး သျှီသျှင်းတို့ ရောက်ရှိနေကြသည်။ တဲကြီးအတွင်းဘက် ခန်းထဲမှာတော့ နတ်ဆရာ ဂီလီယိုက သူတို့အားလုံးကို ကျောခိုင်း လျက် မြေပြင်ထက်တွင် တင်ပလ္လင်ဖွဲ့လျက် ထိုင်နေပါ၏။

သူ့ရှေ့မှာတော့ ကြီးမားလှသော မြေဇလုံကြီးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



မီးခိုးငွေ့များ တလူလူ လွင့်ပျံလျက် . . ။ ကျောခိုင်းထိုင်နေသည့် နတ်ဆရာဂီလီယိုက တစ်တောင်ခန့်ရှိသော ဝါးဆစ်ပိတ် ဝါးတစ်လုံးကို တုတ်တိုလေးတစ်ချောင်းနှင့် တီးခတ်နေသဖြင့် တဘုံဘုံနှင့် မြည်သံတစ်မျိုးက သံစဉ်အတက်အကျနှင့် တဲကြီး အတွင်း၌ ပဲ့တင်စီးမျောလျက်ရှိသည်။

ဂျမဒါမင်းဒင်က စစ်သားတစ်ဦးပီပီ တဲအတွင်းဝယ် လျင်မြန်စွာ အကဲခတ်လိုက်ပါ၏။ တဲကြီး၏ နံရံများတွင် ကောက်ရိုး ပြောင်းရိုးတို့ဖြင့် စည်းကျပ်ထားသည့် လူရုပ်သဏ္ဌာန် များ၊ ကျွဲခေါင်း၊ နွားခေါင်း ဦးချိုကြီးများတွင် ချည်နှောင် ထားသည့် အနီရောင်ပိတ်စရှည်များနှင့် အခန်းအလယ် တည့်တည့်တွင် ဆေးကျိုထားသည်ဟု ထင်ရသော ကြီးမား လှသည့် မြေအိုးကြီးတစ်လုံးက မီးပုံထက်တွင် ပွက်ပွက်ဆူလျက် ရှိနေပါ၏။

နတ်ဆရာဂီလီယိုရှေ့တွင် မြေခွက်လေး များစွာက မီးခိုးငွေ့ တလူလူနှင့် ထိုမြေခွက်ကလေးများ အစီအရီ ဝိုင်းရံ ထားသည့် ကျောက်သားပလ္လင်ထက်မှာတော့ ခေါင်းမိုးထိတိုင် မြင့်မားလှသော ညိုမှောင်သောအဆင်းရှိသည့် နတ်ရုပ် တစ်ထောင်မယ်တော်ရုပ်တုကြီးက ခန့်ထည်စွာ နေရာယူထား သည်ကို ဂျမဒါမင်းဒင် အံ့သြစွာ တွေ့မြင်လိုက်ရပါသည်။

ထိုအခိုက် တဘုံဘုံနှင့် တီးခတ်နေသည့် ဝါးခေါက်သံ





လေးများက တိကနဲ ရပ်သွားကြသည်။ တဆက်တည်းမှာပင် နတ်ဆရာဂီလီယို၏ အသံအက်အက်ကြီးက တဲကြီးအတွင်းဝယ် ထွင်ထွက်လာပါလေ၏။

"ဘယ်လိုလဲ သျှီ . . . နင့်ရဲ့လူစိမ်းစစ်သားကောင်ကို ကြောင့် မယ်တော်ကြီးရဲ့ရှေ့ကို ခေါ်လာခဲ့ရတာလဲ"

နတ်ဆရာဂီလီယိုက ကျောခိုင်းထိုင်လျက်မှပင် နာဂ မင်းသမီးလေး သျှီသျှိုင်းကို ရည်ရွယ်၍ ပြောဆိုလိုက် င်းကြောင့် ဂျမဒါမင်းဒင်တို့လူစု တစ်ယောက်မျက်နှာ စ်ယောက်ကြည့်လိုက်ကြသည်။

"ဒင်း တစ်ခါတစ်လေ နင်တို့သားအဖနှစ်ယောက်ဟာ ယ်တော်ကြီးကို မလေးမစား လုပ်ချင်ကြတယ် . . . အခုကျ ကော့လည်း နင့်ရဲ့ လူစိမ်းစစ်သားဘက်ကနေ မယ်တော်ကြီးက ညီစောင့်ရှောက်ပြီး ကယ်တင်ပေးလိုက်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဂီလီယို . . . အဲဒါကြောင့် မယ်တော့်ကို ော်တန်တော့ချင်လို့ သူစိမ်းတွေကိုပါ ခေါ်လာခဲ့တာပါ"

"ဒါဆိုရင် ခဏနေဦး သျှီ . . . ငါ့သားကြီးတွေ ပြန်လာ ကြပြီ . . . ပြီးမှ နင့်ရဲ့လူစိမ်းစစ်သားတွေနဲ့ ငါတွေ့မယ်"

နတ်ဆရာဂီလီယိုက သျှီသျှိုင်းအား ဟန့်တားလိုက်ရင်း ကျောခိုင်းနေရာမှ သူ့အိုနှင့် မျက်နှာချင်းဆိုင်လှည့်၍ မတ်တပ် ရပ်လိုက်သည်။ ပြီးလျှင် ခြုံလွှမ်းထားသည့် ဝတ်ရုံညစ်ထေးထေး



www.burmeseclassic.com

www.burmeseclassic.com



ကြီး အောက်မှ လက်နှစ်ဘက်ကို ဆန့်တန်းကာ ပါးစပ်မှ ပွစိ ပွစ်နှင့် တတွတ်တွတ် ရွတ်ဆိုနေပါ၏။

ဂျဒါမင်းခင်တို့မှာ ယခုမှ မျက်နှာချင်းဆိုင် မြင်တွေ့ လိုက်ရသည့် နတ်ဆရာဂီလီယိုကိုကြည့်ကာ ရင်ထဲတွင်ပ ဟာခနဲဖြစ်သွားကြသည်သို့ . . . ။

ကျိုးတိုးကျဲတဲ ပေါက်ရောက်နေသည့် ဆံပင်အဖြူ ရှည်များကို စုချည်ကာ ဦးခေါင်းထက်တွင် ခယောင်ထုံးကဲ့သို့ ထုံးထားသည်။ မျက်ခုံးမွှေးအဖြူ၊ မုတ်ဆိတ်ရှည်အဖြူများက ရင်ညွန့်ထက်တိုင် ရှည်လျားရှုပ်ပွစွာ ကျနေပါ၏။ အားလုံးထက် ပို၍ ထူးခြားချက်မှာ မျက်ဆန်နက်လုံးငယ်မရှိဘဲ မျက်ဖြူသား ချည်းသား တွေ့မြင်နေရသည့် မျက်စိနှစ်လုံးက အရေပြားများ တွန့်လိပ်ဖြူနေသည့် မျက်နှာပြင်ထက်တွင် ထူးခြားစွာ နေရာ ယူထားပါ၏။ စင်စစ် နတ်ဆရာဂီလီယိုသည် အမြင်အာရုံ ချွတ်ယွင်းနေသည့် မျက်မမြင်တစ်ယောက်ဖြစ်သည်၊

ထိုမျက်မမြင်နတ်ဆရာဂီလီယိုက ဘဲတံခါးဘက်သို့ မျက်နှာမူ၍ လက်နှစ်ဖက်ကို ဆန့်တန်းကာ တစ်စုံတစ်ရာကို လှမ်းမျှော်၍ ခေါ်ငင်နေပါလေ၏၊

"အား လာ လာ ဟူး . . . အား လာ လာ ဟူး"

မကြာမီ တောင်ပံခတ်သံ ဘဖျတ်ဖျတ်နှင့် နက်မှောင် ကြီးမားလှသော လင်းနို့ကြီးနှစ်ကောင်က အဝေးဆီမှ ပျံသန်း





ကြပြီး လက်နှစ်ဖက်ဆန့်တန်းကာ ဟစ်အော်နေသည့် ဆရာဂီလီယို၏ နားရွက်တစ်ဖက်စီတွင် တွဲလွဲချိတ်ကာ ဆိုနေကြသည်။

ပြီးလျှင် လင်းနို့ကြီးများက တကျွိကျွိနှင့် နတ်ဆရာ ယိုတစ်ယောက်တည်း ကြားသာရုံမျှ အော်မြည်နေပါ၏။ အော်မြည်သံကိုသာ ဂရုစိုက်နားထောင်နေသည့် ဂီလီယိုမှာ းတညိတ်ညိတ်နှင့်ရှိနေသည်ကို ထူးဆန်းအံ့ဩစွာ တွေ့မြင် ရသည်၊

အတန်ကြာမျှ လင်းနို့ကောင်ကြီးနှစ်ကောင်၏ တကျွိကျွိ သံများကို ပြုံးလိုက်၊ မဲ့လိုက်၊ ခေါင်းညိတ်လိုက်နှင့် နားထောင် ပြီးမှ နတ်ဆရာဂီလီယိုမှာ သူ၏ ရှည်လျားညစ်ထေးလျက် သာ လက်ချောင်းများနှင့် လက်ခုပ်သုံးချက်ခန့် တီးလိုက် ည်။

ဖျောင်း . . . ဖျောင်း . . . ဖျောင်း . . .

ထိုခဏမှာပင် နတ်ဆရာဂီလီယို၏ နားရွက်နှစ်ဘက် င် တွဲခိုနေကြသည့် လင်းနို့ကြီးနှစ်ကောင်မှာ တစီစီနှင့် ကြာ ဂီလီယိုမျက်နှာအနီးတွင် သုံးလေးပတ်ခန့် ဝဲပျံနေပြီးမှ ကလမ်းအတိုင်း ပျံသန်းထွက်ခွာကြပါတော့သည်။

ဂီလီယိုမှာ သူ၏ မမြင်နိုင်သော မျက်လုံးအစုံဖြင့် းနို့ကောင်ကြီးများ ပျံသန်းသွားရာနောက်သို့ အတန်ကြာမျှ



www.burmeseclassic.com

www.burmeseclassic.com



ေးကြည့်နေပြီးမှ တဲအတွင်းသို့ ပြန်လည်၍ ဝင်ရောက် ခဲ့သည်၊ ထို့နောက် မှုလနေရာတွင်ပင် တင်ပလ္လင်ေ ထိုင်လိုက်ရင်းမှ . . .

"အင်း လွယ်ရှီထန်ဟာ ယောဒီလူစိမ်းတွေ ရောက် ပြီးမှ မမျှော်မှန်းနိုင်တဲ့ ကံကြမ္မာဆိုးတွေနဲ့ ကြုံတွေ့ရပြီး တန် ဆိုးကျိုးတွေလည်း ပြန်ပြီး သက်ရောက်ခံစားရလိမ့်မယ် သို့ ကိုင်း ဘယ်လိုလဲ သူတို့ရဲ့ ရှေ့ဖြစ်နိမိတ်တွေကို ငါဟောရေ မလား"

နတ်ဆရာဂီလီယို၏ စကားသံများကြောင့် သို့သျှိုင်း မျက်နှာပြင်ထက်တွင် အရောင်အမျိုးမျိုး ပြောင်းလဲသွားပါ ပြီးမှ . . .

"နေပါဦး ဂီလီယို . . . လွယ်ရှီထန်အတွက် ဘယ် ကံကြမ္မာဆိုးတွေ ခံစားရရှိပြီး ဘယ်လောက်အတိုင်းအတာအ ဆိုးကျိုးတွေကို ပြန်ပြီး ခံစားရမှာလဲ . . . လွယ်ရှီထ အနာဂတ်ကံကြမ္မာက ဘယ်သူတွေကြောင့်များ ပြောင်းလဲသွ မှာလဲ"

သို့သျှိုင်း၏ မေးခွန်းများက သူတို့သုံးယောက်ဘက် ပြားဦးလှည့်လာသဖြင့် ကပ္ပတိန်ဝီလ်ဆင်နှင့် စမစ်တို့က ဂျ မင်းဒင်ထံ လှမ်းကြည့်လိုက်ကြသည်။ ဂျမဒါမင်းဒင်က သွေးအေးစွာဖြင့်ပင် တည်တည်ငြိမ်ငြိမ်နှင့် နတ်ဆရာ ဂီလ





ိုလာ ကြည့်နေပါ၏။

သို့သျှိုင်း၏ မေးစကားကို ဂီလီယိုက ချက်ချင်း အဖြေ ပေးသေးဘဲ နတ်ကွန်းတဲကြီးအတွင်းဝယ် တိတ်ဆိတ်ငြိမ်သက် ျက်ရှိသည်။ အတန်ကြာမှ အက်ကွဲရှတသော ဂီလီယို၏ စားသံများက တစ်လုံးချင်း ထွက်ကျလာကြသည်။

"သူတို့ထဲက တစ်ယောက်ယောက် ရှေ့ကို ထွက်လာ ပါစေ သို့၊ သူတို့ရဲ့ ရှေ့ဖြစ်နိမိတ်ကို ဖတ်ဖို့ အချိန်ရောက်နေပြီ"

နတ်ဆရာဂီလီယို၏ စကားသံကြောင့် သို့သျှိုင်းက ဂျမဒါမင်းဒင်အား စောင်းငဲ့ကြည့်လိုက်သည်။ ဂျမဒါ မင်းဒင် ိုယ်တိုင်ကလည်း ထိုကဲ့သို့ ထူးထူးဆန်းဆန်း ကိစ္စများကို က်ဝင်စားလေ့ရှိသဖြင့် နတ်ဆရာဂီလီယို ရှေ့သို့ ိုးဝင်သွားသည်။

"ကျုပ်ဟာ လွယ်ရှီထန်ကို ရောက်လာကြတဲ့ ူစိမ်းသုံးယောက်ထဲက ဂျမဒါမင်းဒင်ဆိုတာပဲ ဂီလီယို"

"အင်း ကောင်းလိုက်တဲ့အသံလှိုင်းပဲ . . . ဒါကြောင့် ည်း သင့်ကို နတ်ရုပ်တစ်ထောင်ကံကြမ္မာကို ချိန်ခွင်လျှာညှိဖို့ ရောက်ခဲ့ကြတာကိုး . . . ကဲ ရှေ့ကိုတိုးခဲ့ . . . သင့်ရဲ့ နာဂတ်ကို ဖတ်ကြည့်ရအောင်"

ဂျမဒါမင်းဒင်က နတ်ဆရာဂီလီယို၏ရှေ့သို့ လျှောက်သွားကာ မိုးခိုးငွေ့များ တလူလူထွက်နေသည်



www.burmeseclassic.com

www.burmeseclassic.com



မြေဇလုံကြီးရှေ့တွင် ရပ်လိုက်သည်။ နတ်ဆရာဂီလီယို… သူ့အနီးရှိ ခွက်ကြီးထဲမှ သစ်ရွက်ခြောက်တချို့ကို ဆုပ်ယူလိုက်… သူ့ရှေ့ရှိ မြေဇလုံကြီးထဲသို့ ကြဲချလိုက်သည်။

မကြာမီ မီးခိုးငွေ့များ တလူလူထွက်လာပြီး စိမ်းရွှေ… အနံ့တချို့ကို ဂျမဒါမင်းဒင် ရှူရှိုက်မိလိုက်သည်။

"အဲဒီမီးခိုးတွေကို ဖြည်းဖြည်းချင်း ရှူလိုက်ပါ . . . မီးခိုးငွေ့တွေထဲမှာ သင့်ရဲ့ အနာဂတ်ကို မြင်တွေ့ရလိမ့်မ… ရှူလိုက် . . ရှူလိုက်ပါ . . . ဖြည်းဖြည်းချင်း ရှူလိုက်စမ်း"

ဂျမဒါမင်းဒင်မှာ နတ်ဆရာဂီလီယို ပြောသည့် အတိုင်း သူ့ရှေ့မှ ဖုံကြီးပေါ်သို့ ငုံ့၍ ရှူလိုက်ရာ စောစောပိုင်း… စိမ်းရွှေရွှေအနံ့ပျောက်သွားပြီး သင်းသင်းလေးမွှေးပျံ့သ… အနံ့များကို ရှူရှိုက်နေရသည်။ ချက်ချင်းပင် သူ၏မျက်လုံးများ… ရီဝေဝေ ပြာတာတာ ဖြစ်လာသည်။ သို့သော် ထုံထိုင်းမှိုင်းကျ… မဟုတ်ဘဲ စိတ်အစဉ်က လှုပ်ရှားတက်ကြွနေသယောင်ဖြင့် . .

ထိုစဉ် မီးခိုးငွေ့ဖြူဖြူများကြားတွင် မှတ်ရှင်ကား… တစ်ကား ကြည့်မြင်ရသကဲ့သို့ ရုပ်ပုံတွေတချို့တို့ တွေ့မြင်လို… ရသည်။ မြင့်မားမတ်စောက်သော တောင်ခြေတစ်ခုတွ… ကျောက်သားနံရံကြီးကို ထွင်းထု၍ ဆောက်လုပ်ထားသ… ကြီးမားလှသော ကျောက်သားနန်းဆောင်ကြီး၊ ထိုမှတဆ… များပြားလှသော နတ်ရုပ်တုငယ်လေးများ။ ထိုမှတဆင့် မြင်ကွ…





…းက လျှင်မြန်စွာ ပြောင်းလဲနေကြသည်။

ဂျမဒါမင်းဒင်မှာ လေဟာပြင်ထဲတွင် အတောင် မပါဘဲ …သန်းနေရသကဲ့သို့ . . ။ သူ့ရှေ့တွင် တိမ်ဆိုင်တိမ်ခိုး များက …ိုးငွေ့များပမာ ကာဆီးလိုက်၊ ပျောက်ကွယ်သွား လိုက်နှင့် …ဲနေကြသည်။ မကြာမီ မှောင်မည်းတိတ်ဆိတ် နေသည့် …ျောက်လှိုဏ်ဂူကြီးတစ်ခုထဲသို့ မီးအိမ်လေးတစ်လုံးကို ဆွဲလျက် …မဒါမင်းဒင် ဝင်ရောက်နေပါ၏။ ထိုစဉ် ချောက်ချား …္လားပျက်စွာ ဟစ်အော်လိုက်သည့် စမစ်၏ အော်သံကြီးကို …ကြားလိုက်ရသည်။

တပြိုက်တည်းမှာပင် ကျောက်လှိုဏ်ဂူကြီးက တဝေါဝေါ …အော်မြည်လာသည်။ ထိုတဝုန်းဝုန်း ပြိုပျက်ကျနေသော …ျောက်ဂူကြီးအတွင်းမှ ကျယ်လောင်စူးရှသော မြွေတွန်သံကြီး …စ်ခုကိုလည်း ကြားနေရသည်။

မကြာမီ သူ၏တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မမြင် …ူးသည့် ကြီးမားလှသော မြွေနီကြီးတစ်ကောင်ကို ကျောက် …ိုဏ်ဂူကြီး ပြိုကျနေသည့်ကြားမှ အသည်းယားဖွယ် တွေ့မြင် …ိုက်ရပါ၏။ မြွေနီကြီးက ကြီးမားလှသော ပါးပျဉ်းကြီးကို …ရမ်းရမ်းဖြင့် ဒေါသထွက်နေဟန်ရှိသည်။

မြွေနီကြီး၏ ဒေါသတကြီး ရိုက်ခတ်မှုကြောင့် …ျောက်လိုဏ်ဂူကြီးထဲဝယ် တဝုန်းဝုန်းနှင့် ကမ္ဘာပျက်သကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဆူညံလျက်ရှိပါပြီ။ ထိုအခိုက် မီးခိုးငွေ့များ ပိတ်ဖုံး၍သွားကြ မီးခိုးများ ပြန်လည်ကင်းစင်သွားသည်နှင့် စူးရှကျယ်လောင် အော်ဟစ်လိုက်သော စမစ်၏ အော်ဟစ်သံကြီးနှင့်အ မြွေနီကြီး၏ ပါးစပ်ဖျားတွင် ကားကန် ပါသွားသည့် စမစ် ကို လှမ်း၍ မြင်တွေ့လိုက်ရပြန်ပါ၏။

ထိုစဉ်မှာပင် မြင်ကွင်းက ရိပ်ကနဲ ပြောင်းသွ ပြန်သည်။ သည်တစ်ကြိမ် မြင်တွေ့လိုက်ရသည်ကတော့ ဂျမ မင်းဒင်အား ဖမ်းဆီးတုပ်နှောင်ထားပြီး ဒေါသတကြီးဖြ ဆူညံစွာ ဟစ်အော်နေကြသော နာဂတိုင်းရင်းသားများ လက်နက်ကိုယ်စီနှင့် မြင်တွေ့လိုက်ရသည်။ ထက်မြချွန် နေသော လှံသွားကြီးများက ဂျမဒါမင်းဒင်၏ မျက်နှာ ရင်ညွန့်တစ်ပိုက်တွင် ဝဲပျံလျက် . . ။ သျှိုသျှိုင်း၏ အစိုးရိမ်လှ မျက်နှာနှင့် ပုံရိပ်များ . . ။

ထို့နောက် ဝစ်ဦးထုပ်ဟောင်းကြီးတစ်လုံးကို မျက် အုပ်လုနီးပါး ဆောင်းထားပြီး ကုတ်အင်္ကျီအနက်ကြီးထဲ လက်နှစ်ဘက်နှိုက်ကာ သူ့နောက်မှ အရိပ်လို တစ်ကော ကောက် လိုက်နေသူတစ်ဦး၊ ရုတ်တရက် သူဆောင်းထားသေ ဝစ်ဦးထုပ်ကို ချွတ်လိုက်တော့ ကြောက်မက်ဖွယ်ရာ မျက် ပေါက်ပက်နှင့် မျက်နှာကြီးကို တွေ့မြင်လိုက်ရသဖြင့် ဂျမ မင်းဒင် လန့်၍ အော်ဟစ်လိုက်မိသည်။ ထိုစဉ် လွင့်ပျ





သော တိမ်ခိုးတိမ်တိုက်များက မြင်ကွင်းကို ထူထပ်စွာ ပိတ်ဖုံး ကြသည်။ မြင်ကွင်းမှ အရာအားလုံး ပျောက်ကွယ်သွား ပြီး မကြာမီ ဂျမဒါမင်းဒင် ခန္ဓာကိုယ်ကြီးက လှုပ်ရှား လာကာ ကိုပြန်လည်ရရှိလာခဲ့သည်။

ဂျမဒါမင်းဒင် နံဘေးမှာတော့ အစိုးရိမ်မျက်နှာ ယ်စီနှင့် ဝိုင်းအုံကြည့်နေကြသည့် သျှိုသျှိုင်း၊ ကပ္ပတိန်ဝီလ်ဆင် စမစ် . . ။

"မင်းဒင် ဘာတွေမြင်ရလဲဟင်"

ဂျမဒါမင်းဒင်က သျှိုသျှိုင်းနှင့် ကပ္ပတိန်ဝီလ်ဆင်တို့၏ ခွန်းကို အရင်မဖြေသေးဘဲ နတ်ဆရာဂီလီယိုအား စူးစူး နှစ် ကြည့်လိုက်ပါ၏။

ထို့အတူ နတ်ဆရာဂီလီယိုကလည်း နိမိတ်ဖတ်မီးခိုးငွေ့ ဝိုင်းမှ လွန်မြောက်လာသည့် ဂျမဒါမင်းဒင်အား သူ၏ မြင်နိုင်သည့် မျက်သားဖြူဖြူကြီးနှင့် ငြိမ်သက်စွာ ကြည့်နေ ည်သို့ . . ။ နှစ်ဦးသား၏ကြားတွင် အတန်ကြာမျှ တိတ်ဆိတ် သက်နေရာမှ ဂီလီယို၏ အက်ကွဲကွဲ ရှတတ အသံကြီးကို တင်၍ ကြားလိုက်ရသည်။

"အို လူစိမ်းစစ်သား . . . သင့်စိတ်ထဲမှာရှိတဲ့အတိုင်း မြင်သမျှတွေကို မချွင်းမချန် ပြောပြလိုက်ပါ . . . တကယ် တော့ သင်ဟာ လျှယ်ရှိထန်ခဲ့ ကြမ္မာဆိုးတွေကို သယ်ဆော



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့သူ မှန်ပေမယ့် ကံကြမ္မာကောင်းကလည်း သင့်အ
မှာပဲ မူတည်နေတယ်"

နတ်ဆရာဂီလီယိုစကားကြောင့် သျှိုသျှိုင်း၏ မျက်
လေးက ဝင်းလက်သွားသည်။ စမစ်နှင့် ကပ္ပတိန်ဝိလ်ဆင်
နတ်ဆရာဂီလီယိုကို သဘောကျနှစ်ခြိုက်ခြင်း မရှိကြ . .

အထူးသဖြင့် နဂိုကတည်းက တီကောင်ဆို
ရွံ့ကြောက်ကြောက်နေသည့် စမစ်က ဂီလီယို၏ တွန့်
ရှုပ်ပွတာ ရင်ညွန့်အထိ ကျနေသည့် မုတ်ဆိတ်ဖြူ လိမ်ကော
ကောက်ကြီးများကိုကြည့်ကာ အသည်းယားနေမိပါ၏။

နောက်ဆုံးတော့ ဂျမဒါမင်းဒင်က နိမိတ်ဖ
မီးခိုးငွေ့လှိုင်းထဲမှ သူမြင်တွေ့ခဲ့ရသမျှ မြင်ကွင်းအားလုံး
မချွင်းမချန်ပင် သျှိုသျှိုင်းနှင့် သူ၏ရဲဘော်များအား ပြော
လိုက်ပါတော့သည်။ ဂျမဒါမင်းဒင်၏ စကားဆုံးသည်
စမစ်၏မျက်နှာကြီးမှာ ဖြူဖတ်ဖြူရော်ဖြစ်လာပြီး တစ်ကိုယ်
လုံးမှာလည်း တဆတ်ဆတ် တုန်ယင်လာပါလေ၏။

"အိုး မဖြစ်နိုင်ပါဘူး . . . မဟုတ်ဘူး . . သူ . .
သူဟာ လူလိမ်၊ လူညာ . . . ဒါဟာ လှည့်စားတဲ့ မှော်ပည
တစ်ရပ်ပဲ"

နတ်ဆရာဂီလီယိုအား သက်ညှိုးကြီးထိုး၍ တုန်
ရင်ရင် ပြောနေသည့် စမစ်ကိုကြည့်ကာ ဂျမဒါမင်းဒင်





ကပ္ပတိန်ဝိလ်ဆင် တို့မှာ အံ့သြငေးမောနေမိကြသည်။
ဂီလီယိုကမူ စမစ်၏အသံ ကြားရာသို့ တစ်လှမ်းချင်း
လျှောက်လာပြီး . . .

"အင်း သင့်အတွက်တော့ စိတ်မကောင်းပါဘူး စစ်သား
လေး . . . ဒါပေမယ့် သင်ဟာ မြွေတွေကိုတော့ တော်တော်
ချစ်ရှာတယ်နဲ့တူတယ် . . . ဒီမှာ ကြည့်စမ်းပါဦး ဘောင်းဘီ
အိတ်ထဲမှာ မြွေတွေထည့်ပြီး ယူလာတယ်"

နတ်ဆရာဂီလီယိုက ဆတ်ကနဲ စမစ်၏ ဘောင်းဘီ
အိတ်ထဲသို့ လက်ကို ထိုးနှိုက်လိုက်သည်။ ပြန်ထုတ်လိုက်တော့
ဂီလီယိုလက်ထဲတွင် မြွေစိမ်းနှစ်ကောင် တွန့်လိမ်၍ ပါလာ
သည်။

"ဟင်"

"ဟယ်"

"အိုး . . အား"

စမစ်မှာ မြွေစိမ်းနှစ်ကောင်ကို တွေ့မြင်လိုက်ရ
သည်နှင့် ကပ္ပတိန်ဝိလ်ဆင်အား လန့်ဖျန့်ကာ ဖက်တွယ်
လိုက်ရင်း တဆတ်ဆတ်တုန်ယင်နေပါ၏။ ကပ္ပတိန်ဝိလ်ဆင်မှာ
နတ်ဆရာ ဂီလီယိုကို မျက်တောင့်နီကြီးနှင့် ကြည့်ရင်း . . .

"သတိထားစမ်း စမစ် . . . ဒီလူဟာ မျက်လှည့်
ဆရာတစ်ယောက်ကွ . . . ဒီလိုနည်းတွေ၊ ပဉ္စလက်နည်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ညာဖြီးပြီး စားပေါက်ထွင်နေတာ . . . မင်းဒင် ဒီနတ်ဆရာ
ပြောနေတာတွေကို တစ်ခုမှ မယုံနဲ့ဟေ့"

နတ်ဆရာဂီလီယိ၏ မြွေပြကွက်ကြောင့် နတ်ကွန်း
တဲကြီးအတွင်းဝယ် ပြဿနာအနည်းငယ် ရှုပ်ထွေးသွားပါ၏။
ဂီလီယိုကမူ ဖြစ်ပျက်နေသည်များကို မကြား၍လော၊ မသိ၍
လောမသိ၊ သျှီသျှိုင်းနှင့်အတူ ယှဉ်တွဲ၍ရပ်နေသည့် ဂျမ
မင်းဒင်ဘက်သို့လှည့်ကာ ဤသို့ပြောလိုက်သည်။

"ကံကြမ္မာကြိုးတန်းပေါ်မှာ လမ်းလျှောက်နေရတဲ့
သင့်အား နတ်ရုပ်တစ်ဆောင်မယ်တော်ကြီးက ကောင်းချီး
မင်္ဂလာများ ပေးပါစေ . . . ထို့အတူ လွှယ်ရှိုထန်သို့ ကျရောက်
လာမည့် ဘေးအန္တရာယ်ဆိုးကြီးများလည်း ကင်းစင်ပပျောက်
ပါစေသတည်း"

ထို့နောက်မှာတော့ နတ်ဆရာဂီလီယိုမှာ မည်သူ့ကိုမှ
စကားမပြောတော့ဘဲ အားသုံးကို ကော့ခိုင်း၍ မူလနေရာမှာပင်
တင်ပလ္လင်ခွေထိုင်ကာ ဝါးဆစ်ပိတ်တုံးကို တဘုံဘုံနှင့် ခေါက်နေ
ပါလေ၏။

တုံ . . တုံ . . တု . . တုံ . . တုံ

သျှီသျှိုင်းနှင့် ဂျမဒါမင်းဒင်တို့မှာ ဒေါသအရှိန် မပြေ
သေးသည့် တပ္ပတိန်ဗီလ်ဆင်နှင့် ဝမစ်တို့ကို နှစ်သိမ့်၍ ဆွဲခေါ်
လာရင်း နတ်ဆရာဂီလီယို၏ နတ်ကွန်းတဲမှ ထွက်ခွာလာခဲ့





ကြသည်။ ယာဇ်တိုင်များဝိုင်းရံထားသည့် နတ်ကွန်းတဲကြီး
အတွင်းမှာတော့ နတ်ဆရာဂီလီယို၏ တုံးခေါက်သံသဲ့သဲ့ကသာ
တင်စီးမျော၍ ကျန်ရစ်ခဲ့ပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

## ဒဏ္ဍာရီထဲက နဂါးခံတွင်း

နံနက်ခင်းနေခြည်က လွှယ်ရှီထန်တောင်ထိပ်ဆီ
ဖြန့်ကျက်ခွဲဝေပေးရန် အားယူလျက်ရှိနေဆဲ . . ။ တောင်စွယ်
တောင်တန်းတစ်လျှောက် ပိတ်ဆီးမှုံမှိုင်းနေသည့် နှင်းခါးမြူ
များက တိမ်ဆိုင်တိမ်လိပ်ကြီးများသဖွယ် ငွေဝဲလွင့်ပျံ
ကြသည်။

အချိန်က နံနက်ကိုးနာရီခန့် ရှိလာချိန်ထိတိုင် နှင်းငွေ





နှင့်များက လွှင့်ပျယ်သွားခြင်းမရှိသေးသဖြင့် ဝန်းကျင်တစ်ခု
နှင့် သင်တိုင်းပါးပါးတို့က လွှမ်းခြုံထားဆဲပင်ဖြစ်ပါ၏။ မကြာမီ
င်းအလွှာပါးပါးကို ဖြိုခွဲ၍ မဝံ့မရဲ ထွင်းဖောက်ကျဆင်း
သည့် နေခြည်နုနုက ဂုန်းရွက်များမိုးထားသည့် တဲခေါင်
ထက်ဆီသို့ ဖြန့်ကျက်ကျဆင်းလာခဲ့သည်။

တဲကြီးအတွင်းမှာတော့ ဂျမဒါမင်းဒင်တို့အဖွဲ့က
သျှိုင်း စည့်ခံကျွေးမွေးသော အစားအစာများကို စားသောက်
ကြပါ၏။ မနက်ခင်းကတည်းက သူ၏ဖခင်ထံ ထွက်သွား
သော သျှိုသျှိုင်းကာမူ ယခုထိ ပြန်ရောက်မလာသေး . . ။

ဝါးကွပ်ပြစ်ပေါ်ရှိ သစ်သားလင်ဗန်းကြီးထဲမှာတော့
ကင်ထားသော အသားမျောင်းတစ်ပန်းကန်၊ အရည်ပြစ်ပြစ်
ထည့်ထားသည့် မြေအိုးလေးတစ်လုံး၊ သစ်သီးသစ်နှံများနှင့်
ကျည်ထောက်နှင့်ထည့်ထားသည့် ခေါင်ရည်နှစ်ဗူးတို့ကို
တိန်ဝီလ်ဆင်နှင့် စမစ်တို့က စိတ်ကြိုက်စားသောက်နေကြ
သည်။ တကယ်တော့ ဤစားသောက်ပွဲသည် နာဂမင်းသမီး
သျှိုသျှိုင်းက ဂျမဒါမင်းဒင်အား ဂုဏ်ပြုစည့်ခံသော
ပွဲဖြစ်ပါ၏။

လွှယ်ရှီထန် နာဂစစ်ခေါင်းဆောင် လိုင်းဆိုင်နှင့်
ရှုံးရည်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ရာမှ အောင်ပွဲဆင် အနိုင်ရ
သဖြင့် ရွာခေါင်းကြီး (လုံဘူ)ထန်သျှိုင်း၏ ခွင့်ပြုချက်အရ



www.burmeseclassic.com

www.burmeseclassic.com



လွယ်ရှိထန်တွင် ခေတ္တယာ့ယီ နေထိုင်ခွင့်ရခဲ့သည် မဟု
ပါလား။

ဂျမဒါမင်းဒင်က မြေအိုးထဲမှ ဖြစ်ခွဲချွဲအရည်များ
လက်နှင့်တို့၍ အနည်ငယ်မြည်းကြည့်လိုက်သည်။ ခါးသက်သ
အရသာကြောင့် ဂျမဒါမင်းဒင်၏ မျက်နှာတစ်ခုလုံး ရှုံ့မဲ့ သွား
ခေါင်ရည်ကျည်ထောက်ကို ခပ်သွက်သွက်ယူ၍ မော့
လိုက်သည်။

"အား . . ခါးသက်သက် ပူရှရှနဲ့ . . ခေါင်ရ
သောက်လိုက်မှ နေသာထိုင်သာ ရှိသွားတော့တယ်"

ဂျမဒါမင်းဒင်က သစ်သားခွက်ကြီးထဲမှ သစ်
တစ်လုံးကို ကိုက်ဝါးလိုက်ခဉ် ခေါင်ရည်သောက်နေသ
စမစ်က ဂျမဒါမင်းဒင်အနီးသို့ တိုးကပ်လာပြီး . .

"ဒီမှာ ဂျမဒါ . . . ငါတစ်ခုလောက်မေးချင်လို့ . .
ဒီမေးခွန်းကို မေးချင်နေတာ ကြာလှပြီ . . . ဂျမဒါလည်
အလုပ်ရှုပ်နေလို့ နောက်ပြီး အခြေအနေကလည်း သိပ်မကော
သေးတာကြောင့် မမေးဖြစ်တာ"

"ဘာများလဲ စမစ်ရာ . . . မင်းဒကားကလည
အဆုံးအစမရှိနဲ့ . . . ကဲ ဘာမေးချင်လို့လဲ ပြောစမ်း"

"ဟုဘ်ပါ့ စမစ်ရာ . . . မေးမှာမေးတာ မဟုတ်
နိဒါန်းတွေ၊ ဒကားချီးတွေနဲ့"





ဂျမဒါမင်းဒင်နှင့် ကပ္ပတိန်ဝီလ်ဆင်က စမစ်ကို စိတ်မ
ညည်စွာဖြင့် ပြောလိုက်ကြသည်။

"ဟို ဟိုတစ်နေ့က နာဂကောင်တွေနဲ့ ငါတို့ ပိတ်မိ
နေတဲ့အချိန်က မြွေဟောက်ကြီးက ပေါက်တော့မယ့်ဆဲဆဲမှာ
ဂျမဒါက မန္တာန်စုတ်လိုက်တယ်မဟုတ်လား . . . အဲဒါကြောင့်
မြွေဟောက်ကြီးက ထွက်ပြေးတာလေ . . . အေး အဲ အဲဒီ
မန္တာန်ကို ငါ ငါ့ကို သင်ပေးစမ်းပါ ဂျမဒါရယ်"

ထိုအခါမှ ဂျမဒါမင်းဒင်က စမစ်၏ ဆိုလိုရင်း
ပမ်ပွာယ်ကို နားလည်သွားပါလေ၏။ ကပ္ပတိန်ဝီလ်ဆင်ကမူ
စမစ် စကားဆုံးသွားသည်နှင့် ဟက်ဟက်ပက်ပက်
ရယ်မောလိုက်ရင်း

"ဟား ဟား ဟား . . ဟုတ်တယ် ဂျမဒါရေ . .
မင်းမှာ မြွေနိုင်တဲ့ ဂါထာမန္တာန်တွေ ရှိနေတာပဲ . . . အတော်ပဲ
ပေါ့ကွာ . . . စမစ်က မြွေဆို အသေကြောက်တာကွ . . .
အဲဒါ သူ့ကို သင် သင်ပေးလိုက်စမ်းပါ . . . ပြော့ ဒါပေမယ့်
ဆရာဆိုတာ လာဘ်တော့တင်ရတယ်နော် "

"မနောက်ပ်နဲ့ ကပ္ပတိန်ရာ . . . စမစ်က တစ်ကယ်
ပတ်နေပါဦးမယ် . . . ငါ့မှာ မြွေပြေးတဲ့မန္တာန် မရှိပါဘူး . .
အကြောင်းတိုက်ဆိုင်သွားလို့ မြွေကြီးက ထွက်ပြေးသွားတာပါ"

"ဘယ် ဘယ်လိုအကြောင်းတိုက်ဆိုင်တာလဲ ဂျမဒါ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို သေသေချာချာ နားလည်အောင် ပြောပြပါဦး"

"ဒီလို စမစ်ရဲ့ . . 'ကာကိသဗ္ဗာ၊ တည်သောခါ ပေ
ဩဇာလေးနက် မြေကထွက်သည့်၊ နွယ်ရွက်သစ်ပင်၊ ဆေးဖက်
ဝင်၏'ဆိုတဲ့ စကားအစီဗွာယ်ကို မင်းနားလည်ရဲ့ မဟုတ်လား"

"အင်း နားလည်တယ် ဂျမဒါ"

ဂျမဒါမင်းဒင်က သေချာစွာ ဂယနကာ ရှင်းပြနေ သည်
စမစ်ရော ကပ္ပတိန်ဝီလ်ဆင်ပါ ဂရုတစိုက် နားထောင်နေ
သည်။ ဂုန်းရွက်များမိုးထားသည့် တဲကြီး၏ အပြင်ဘက်မှာတော့
မြူနှင်းတို့ လွှင့်ပြယ်စပြုနေပါပြီ။

"ကိုင်း ဒါဆို ဘုရားသခင်ရဲ့ ဂါထာတော်တွေနဲ့ တစ်
သစ္စာရဲ့ တန်ခိုးကိုရော ယုံရဲ့လား"

"အေး ယုံတာပေါ့ . . . ဂျမဒါရယ် "

"အဲ အဲဒါပဲပေါ့ စမစ်ရယ် . . . ငါတို့တစ်တွေဟာ
မြွေဟောက်ကြီးကို အန္တရာယ်ပြုဖို့ ရောက်လာကြတာ
မဟုတ်ဘဲ . . . တိုင်းပြည်နဲ့လူမျိုး ငါတို့ရဲ့ ဗုဒ္ဓဘာသာ သာသ
နာကို ဖျက်ဆီးတဲ့ ရန်သူတွေကိုသာ ချေမှုန်းသုတ်သင်ဖို့
ရောက်လာကြတာ မဟုတ်လား . . . ငါတို့စစ်သားတွေဟာ
တိုင်းပြည်နဲ့လူမျိုးအပေါ် ဘယ်လောက် သစ္စာရှိခဲ့ကြသလဲ . . .
ဘယ်လောက် ကတိ သစ္စာတွေကို ထိန်းသိမ်းစောင့်စည်း
ခဲ့ကြသလဲဆိုတာ မင်းကိုယ် တိုင် အသိပဲ . . . အဲ



ကိုသစ္စာတန်ခိုးတွေရယ်၊ ငါတို့ တစ်တွေ သေကြပျက်စီးဖို့
အချိန်မတန်သေးတာတွေရယ်၊ မြွေဟောက်ကြီးလည်း
သေနေ့မစေ့သေးတာတွေရယ်၊ အဲဒီ အကြောင်းကြောင်းတွေ
ကိုက်ဆိုင်ပြီး ကံကြမ္မာက သစ္စာ စောင့်ထိန်းတဲ့ မင်းတို့ငါတို့ကို
မသေးမလိုက်တာပါပဲကွာ"

"နောက်ပြီး ငါ့အဘိုးသင်ပေးခဲ့တဲ့ 'ရတနာရွှေထီး'
ဂါထာတော်ကြီးနဲ့ မေတ္တာသုတ်ရဲ့ စွမ်းအားတွေလည်း ပါတာ
ပေါ့ကွာ . . . ဘုရားရှင်ရဲ့ တင့်တယ်သပ္ပာယ်တဲ့ ပုံတော်
သဏ္ဍာန်ကို မျက်စိထဲမှာ မြင်လာအောင် အာရုံပြုပြီး ရတနာ
ရွှေထီး ဂါထာ ရွတ်ဆိုပွားများတယ် . . . ပြီးတာနဲ့ မြွေဟောက်
ကြီးကို စူးစူးနစ်နစ် မေတ္တာပို့လိုက်တယ် . . . လွတ်ရာကျွတ်ရာ
သွားနိုင်ဖို့ ဘေးအန္တရာယ်တွေကင်းဖို့ မြွေကြီးကို မေတ္တာပို့ပေး
လိုက်မိတယ် . . . အဲဒါနဲ့ မြွေကြီးက ငါတို့ကို အန္တရာယ် မပြု
တော့ဘဲ လွတ်ကင်းရာကို ထွက်သွားတာ မင်းတို့အမြင်ပဲ
မဟုတ်လား"

ဂျမဒါမင်းဒင်က သူ့စကားကို အဆုံးသတ်လိုက်ရင်း
ငှက်ပျော်သီးတစ်လုံးကို နွှာပြီး စားနေမိသည်။ ကပ္ပတိန်ဝီလ်ဆင်
ကတော့ သိပ်မထူးခြား၊ စမစ်ကမူ မြွေကြောက်သူပီပီ
ဂျမဒါမင်းဒင် ထံမှ မြွေနိုင်ဂါထာ (သို့မဟုတ်) ရတနာရွှေထီး
ဂါထာတော် ကြီးကို လိုချင်လွန်းသဖြင့် တတွတ်တွတ်န



www.burmeseclassic.com

www.burmeseclassic.com



တောင်းပါလေ တော့သည်။

"ဒါ ဒါဆိုရင် ဂျမဒါပြောတဲ့ ရတနာရွှေထီးဂ ထာ ငါ့ကို သင်ပေးပါ ဂျမဒါရယ် . . . ဒါမှ မြွေတွေနဲ့တွေ့ရင် ဂျ ရွတ်သလို ငါလည်း ရွတ်ဖတ်လိုက်ရင် မြွေဘေးရန် လွတ်မှာပေါ့ မဟုတ်ဘူးလား . . . ကပ္ပတိန်"

"တော်စမ်းပါ စမစ်ရာ . . တကယ်တမ်းသာ မြွေ တွေ့ရင် ဂါထာတွေရွတ်ဖို့ နေနေသာ ကြောက်နေတာ သင်ထားတဲ့ဂါထာတွေတောင် မေ့ပျောက်တန်မှာသေချာတယ် ဟင်း"

ကပ္ပတိန်ဝီလ်ဆင်က ခေါင်းရှည်တော်တော်များမ သောက် ထားပြီးဖြစ်သဖြင့် ရီဝေဝေဖြစ်နေပါ၏။ ထို့ကြောင့်လည်း ထုံးစံ အတိုင်း စမစ်ကိုသာ နောက်ပြောင်နေမိပါသည်။

"ကဲပါ စမစ်ရယ် . . . မင်းတကယ်လိုချင်တာ အမြဲမပြတ် ရွတ်ဖတ်မယ်ဆိုရင် ဒီရတနာရွှေထီး ဂါထာတေ ကြီးကို ညကျရင် သေသေချာချာ နှုတ်တိုက်သင်ပေးပါ့မယ် . . အခုတော့ သျှီသျှိုင်းလည်း ပြန်ရောက်ချိန်နီးပြီ"

ထိုအချိန်တွင် လွယ်ရှီထန်ရွာထိပ်ဆီမှ တုံးခေါက်သံ သံ့သံ့က လေစီးကြောထဲတွင် ပဲ့တင်လွင့်ပျံလာခဲ့သည်။

တုံ . . တုံ . . တုံ . . တုံ . . တုံ

"ကပ္ပတိန်ရေ . . . ဘာဖြစ်ပြန်ပြီလဲ မသိဘူး . . .





နေးပေါ် အချက်ပေးတုံးခေါက်သံတွေ ကြားနေရတယ်ဟေ့"

"ဘာတွေပြဿနာပေါ်နေပြန်ပြီလည်းမသိ . . အခြေ နသိရအောင် အပြင်ထွက်ကြည့်ကြရင် ကောင်းမယ် င်တယ်"

"ဟာ မထွက်နဲ့ စမစ် . . . ငါ့ကို သျှီသျှိုင်းက သေချာချာ မှာထားတယ် . . . အပြင်မှာ ဘာတွေဖြစ်ဖြစ် ဒီတဲကြီးထဲကနေ ဘယ်ကိုမှ မထွက်ပါနဲ့တဲ့"

ဂျမဒါမင်းဒင်က ကပ္ပတိန်ဝီလ်ဆင်နှင့် စမစ်တို့အား ကိုပေးစကားများ ပြောကြား နေစဉ်မှာပင် တဲကြီးအတွင်းသို့ သျှိုင်း ခပ်သွက်သွက် ဝင်လာ သည်ကို တွေ့မြင်လိုက်ရသည်။

ကျားသစ်ရေဝတ်စုံကို ဝတ်ဆင်ထားပြီး လည်ကုတ်ပေါ် သည့် ဆံပင်ရှည်များကြားမှ ညိုစိမ့်စိမ့်မျက်နှာလှလှလေးက ာကအပူရောင်များ ယှက်သန်းနေသကဲ့သို့ . . ။

"အိုး မင်းဒင် တော်သေးတယ် . . . နင့်ကို အပြင် ထွက်ဖို့ မှာထားခဲ့တာလေ . . . အဲဒါ မေ့ပြီး အပြင်ထွက် ရင် စတ်ဆရာဂီလီယိုနဲ့ လိုင်းဆိုင်တို့အုပ်စုနဲ့ ထိပ်တိုက် မှာစိုးလို့"

နာဂမင်းသမီးလေး သျှီသျှိုင်း၏ အပူရောင်မျက်နှာ ားကို ဂျမဒါမင်းဒင် ရိပ်စားမိလိုက်သည်ထင့် . . ။ ဖြစ်ပေါ်မှုထကာ သျှီသျှိုင်းရှိရာသို့ လျှောက်လာခဲ့ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေကြတာလဲ သို့ . . . အပြင်မှာလေ
ဆူဆူညံညံနဲ့ အရေးပေါ်အချက်ပေး တုံးခေါက်သံတွေလ
ကြားနေရတယ် . . . ငါတို့နဲ့များ သက်ဆိုင်နေသလား သို့
"ဟုတ်တယ် သို့သျှိုင်း . . . ပြောစရာရှိရင် ပွင့်
လင်းလင်းသာပြော . . . ငါတို့ကို အားနာမနေနဲ့ . . .
အချိန်မီ ပြင်ဆင်လှုပ်ရှားနိုင်မှာပေါ့"
ဂျမဒါမင်းခင်နှင့် ကပ္ပတိန်ဝီလ်ဆင်တို့
မျက်နှာမသာမယာ ဖြစ်နေသည့် သို့သျှိုင်းအား ဂရုတစိုက်
မေးနေကြပါ၏။ သို့သျှိုင်းကမူ ချက်ချင်း အဖြေမပေးသေး
တဲအပြင်ဘက်တွင် ပြေးလွှားနေကြသည့် နာဂအချို့
ငေးမောကြည့်နေသည်။ အတန်ကြာ
သက်ပြင်းမောကြီးတစ်ခုကို လေးတွဲ့စွာ ချလိုက်ရင်း . . .
"ဟင်း မင်းခင်တို့နဲ့တော့ သိပ်မဆိုင်ပါဘူးလေ . .
ဒီနှစ်မှာ ကောက်ပဲသီးနှံတွေကပျက်၊ အထွက်နှုန်းတွေကလျေ
ဒီကြားထဲ ပြဿနာတွေက ဟိုက ဒီက တစ်ခုပြီးတစ်ခု ဘက်
တယ် . . . ဝမ်းရောဂါတွေဖြစ်လို့ ကလေး၊ လူကြီးတွေလ
ဒီနှစ် အသေအပျောက်များကြတယ် မင်းခင် . . . အဲ
ဖြစ်တာက အရေးမကြီးဘူး . . . အရေးကြီးတာက ဒ
ကပ်ဆိုးကြီးတွေဖြစ်တာကို အကြောင်းပြပြီး နတ်ဆရာဂီလီယို
ရွာသားတွေကို ခြောက်လှန့်စည်းရုံးတယ် . . . ပြီး





ာစ်အိမ်ကို ဆိတ်တစ်ကောင်၊ ဒါမှမဟုတ် သိုးတစ်ကောင်နဲ့
ကောက်ပဲသီးနှံ ရိက္ခာတစ်တောင်းကျ သူ့ရဲ့ရွာလယ်က
တ်ကွန်းခင်ကို ပို့ပေးကြရတယ်"
"အဲဒီ ဆိတ်တွေ သိုးတွေနဲ့ ကောက်ပဲသီးနှံတွေက
ာအတွက်နဲ့ ဂီလီယိုကြီးဆီကို ပို့ပေးကြရတာလဲ သို့"
သို့သျှိုင်း တစ်လုံးချင်း ရှင်းပြနေသည့် အကြောင်း
ရာများထဲမှ ရှင်းလင်းသည့် အချက်များကို ဂျမဒါမင်းခင်
ပြန်လည်၍ မေးမြန်းနေပါ၏။
"အင်း ဒီကိစ္စက အတော်တော့ ပြောရခက်တယ် . . .
းလွယ်ရှီထန်က စတင်ပြီး ထူထောင်ခဲ့ကြတဲ့ အဘိုးတွေ၊
ဘွားတွေ လက်ထက်ကတည်းက နှစ်စဉ် မပျက်မကွက်
ပ်ဆောင်နေရတဲ့ ဓလေ့ထုံးစံတစ်ခုပဲ စစ်အောင် မင်းခင် . . . နင်တို့
းလုံး နားလည်အောင် ပြောပြရရင် ဟောဒီ လွယ်ရှီထန်နဲ့
ည်ပြီး ရှိနေတဲ့ လွှယ်မွန်းတောင်ခြေမှာ ငါတို့ ဘိုးဘွားစဉ်ဆက်
ကိုးကွယ်ခဲ့ကြတဲ့ နတ်ရုပ်တစ်ထောင်ကျောင်းတော်ကြီး
စ်ခု ရှိတယ်"
"နတ်ဆရာဂီလီယိုရဲ့ နတ်ကွန်းခင်မှာရှိတဲ့ နတ်ရုပ်
စ်ထောင်မယ်တော်ဟာ လွှယ်မွန်းတောင်ခြေက နတ်ရုပ်
စ်ထောင်မယ်တော်ရဲ့ ကိုယ်ပွားတစ်ခုပဲ မင်းခင် . . .
ကျောင်းတော်ကြီးမှာ ရှားပါးအဖိုးတန်တဲ့ သစ်ကနက်သား



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ထုလုပ်ထားတဲ့ နတ်ရုပ်တုတွေကလည်း ကျောင်း ကြီးရဲ့ နံရံတွေမှာ၊ အတွင်းဘက်တွေမှာ လက်ညှိုးထိုး အများကြီးရှိကြတယ် . . . ငါတို့ရဲ့ အဘိုးအဘွား ပြောစကားအရဆိုရင် နတ်ရုပ်တစ်ထောင်မယ်တော်ဟာ ဘုရားရှင်ရဲ့ တန်ခိုးကြီးတဲ့ သာဝကမတစ်ဦးဖြစ်တယ်လို့ ပြောကြတယ်"

ရှည်လျားစွာ ရှင်းပြပြောဆိုနေသည့် သို့်သျှိုင်း၏ စ များကို ဂျမဒါမင်းဒင်တို့လုစု စိတ်ဝင်တစားနှင့် နား နေကြသည်။ ထိုစဉ်မှာပင် သို့်သျှိုင်း၏ စကားသံယှယှလေး တစ်လုံးချင်း ထွက်ကျလာပြန်ပါ၏။

"အင်း အဖဆီက ခွင့်ပြုချက်တောင်းပြီး တစ် ရက်မှာ မင်းဒင်တို့ကို အဲဒီ လွယ်မွန်းတောင်ခြေက နတ် တစ်ထောင်ကျောင်းတော်ကို ပို့ပေးဦးမယ် . . . ခက်နေတ အဲဒီ လွယ်မွန်းတောင်ထိပ်မှာ အင်မတန် ကြောက် ကောင်းတဲ့ 'နဂါးခံတွင်း'ဆိုတာ ရှိတယ်"

"နဂါးခံတွင်း ဟုတ်လား သျှီ"

လွယ်မွန်းတောင်ထိပ်တွင် နဂါးခံတွင်းရှိသည် ဆိုသောကြောင့် ဂျမဒါမင်းဒင် စိတ်ဝင်စားသွားသ သျှီသျှိုင်းကို မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်၊

"ဟုတ်တယ် . . . နဂါးခံတွင်းတဲ့ . . . အဲဒီ န





တွင်းကြီးထဲမှာ မြွေနဂါးနီကြီးတစ်ကောင် ရှိတယ် . . . ဘတော့ တစ်ခါမှ မမြင်ဖူးသေးဘူး . . . ငါ့အဖကတော့ တ်ဆရာဂီလီယိုနဲ့ ယာဇ်စာကျွေးရင်း တစ်ခါ မြင်ဖူးတယ်လို့ ပြာတယ် . . . ယောကျ်ားကြီးနှစ်ကိုယ်စာလောက်ရှိတဲ့ မြွနဂါးနီကြီးဟာ သူ့ကို ယာဇ်ပူဇော်ထားတဲ့ ဆိတ်ကြီးတစ် ကောင်ကို ဝါးမျိုကိုက်လိုက်တာများ မယုံကြည်နိုင်စရာ ကောင်းအောင်ကို မြန်ဆန်ပြီး မျက်လုံးနီနီကြီးတွေဟာလည်း ကြောက်စရာ မီးတောက်ကြီးတွေလိုပဲတဲ့ . . . အင်း ငါ့အဖလို ယုံ့ဘူတစ်ယောက်တောင် ဒီမြွေနဂါးနီကြီးကို နှစ်ခါ တွေ့ဖို့တောင် ကြောက်လန့်နေတယ်ဆိုရင် ကျန်တဲ့ရွာသားတွေ တော့ ပြောစရာတောင် မလိုတော့ဘူးပေါ့"

"အင်း သျှီပြောနေတာတွေက တဖြည်းဖြည်းနဲ့ စိတ်ဝင် းစရာတွေ ကောင်းလာသလိုပဲ . . . လွယ်မွန်းတောင်ခြေက တ်ရုပ်တစ်ထောင်ကျောင်းတော်၊ နဂါးခံတွင်းထဲက မြွေနဂါး ကြီးတို့ဆိုတာ သျှီတို့ပြောပြောနေကြတဲ့ နတ်ရုပ်တစ်ထောင် ယ်တော်နဲ့ ဘယ်လိုများ ဆက်သက်နေတာလဲ . . . နောက်ပြီး ဒီမြွေနဂါးနီကြီးဟာ ဘယ်အချိန်ဘယ်ကာလကတည်းက နေတာလဲဆိုတာ ဝယနဏာသိရင် သိပ်ပြီးကောင်းမှာပဲ သျှီ"

ဂျမဒါမင်းဒင်၊ ကပ္ပတိန်ဝီလ်ဆင်နှင့် စမစ်တို့မှာလည်း ခုမှပင် သွေးများ လှည့်ပတ်လှုပ်ရှားလာကာ ဆူဝေပွက်



www.burmeseclassic.com

www.burmeseclassic.com



လာကြသည်ထင့် . . .။ နတ်ချပ်တစ်ထောင်ကျောင်းဓ
နဂါးခံတွင်း မြွေနဂါးနီကြီး စသည့် သွေးဖျက်ချောက်ချား
စိတ်ဝင်စားဖွယ်ရာများကို ကြားသိလိုက်ရသည်မို့ ဒေါ်းခဲနေသ
နှလုံးသွေးတို့ပင် ဆူဝေဆွာ လှုပ်ရှားလာကြပါချေပြီတည်း။

◇ ◇ ◇

## အခန်း(၁၀)

## နဂါးခံတွင်းမှ မြွေနဂါးနီကြီး

အမှန်တော့ ဤနေရာသည် လွန်ခဲ့သောနှစ်ပေါင်း
ဖစ်ရာကျော်လောက်က စတင်၍ 'နဂါးခံတွင်း၊ နဂါးမီးတောက်၊
မြွေနဂါးနီကြီး'ဟူသော ကြောက်မက်ခါးသီးဖွယ်ရာ ကြမ္မာဆိုး
ကြီးများ စတင်ဖြစ်ပွားခဲ့ရာ နယ်မြေကြီးတစ်ခု ဖြစ်ခဲ့ပါ၏။
မထက်ချင်းတွင်းမြစ်ဖျား နာဂတောင်တန်းကြီးများဘက်ဆီမှ
ဖစ်ခုသော လွယ်ရှိထန်တောင်ကြောနှင့် လွယ်မွန်းတော



www.burmeseclassic.com

www.burmeseclassic.com



တို့သည် တောင်ညီနောင်သဖွယ် ယှဉ်တွဲ၍ ပေါ်ပေါက်ခဲ့သည်။

"ရှိ . . . ရှိ . . ."

"ဝုန်း . . . ဂျုန်း . . . ဝုန်း . . . ဒုန်း . . . ဂျ

နွေကာလများသို့ ရောက်ပြီဆိုလျှင် လွယ်မွန်းတော ထိပ်ရှိ နဂါးခံတွင်းမှ မြွေနဂါးနီကြီးသည် ယခုကဲ့သို့ တရှိုက် အော်မြည်လျက် သူ၏ ဒေါသတကြီး ပေါက်ကွဲမှုဘို့ကြေ လွယ်မွန်းတောင်ထိပ်ရှိ နဂါးခံဘွင်းသည် တဝုန်းဝုန်း တ ဂျုံးနှင့် အော်မြည်ကာ ကျောက်တုံးကျောက်ခဲကြီးငယ်များ လေထဲသို့ပင် လွင့်စင်မြောက်တက်သွားကြပြီး တောင် တစ်ဝိုက်သို့ တဝုန်းဝုန်းနှင့် လိမ့်ဆင်းပြီး ကျလာလေ့ရှိပါသ

ထိုကဲ့သို့သော အဖြစ်အပျက် အနိဋ္ဌာရုံကပ်ဆိုး များက အံလွန်ပူပြင်းသော နွေနှောင်းလွန်ကာလများ မိုးထစ်ချုန်းသံထက်ပင် ကျယ်လောင်စွာ မြည်ဟီးပေါက် လာတတ်သော အသံကြီးများက နဂါးခံတွင်းဆီမှ ထွက် လာလေ့ရှိပါ၏။ ရှေးလူကြီးများနှင့် သက်ကြီးရွယ်အို နောက်မီ ပုဂ္ဂိုလ်ကြီးများ၏ ပြောဝကားများ အရဆို လွယ်မွန်းတောင်ထိပ်ရှိ နဂါးခံတွင်းမှ မြွေနဂါးကြီးသ သူပိုင်ဆိုင်ရာ လွယ်မွန်းတောင်နှင့် လွယ်ရှိုးထန်တောင်ကြော နေထိုင်ကြသည့် ရွာကြီးရွာငယ်များမှ ရွာသူရွာသားများကို





ပြတ် စောင့်ကြည့်နေလေ့ရှိသည်ဟု ဆိုကြသည်။

တဖန် ထိုနဂါးခံတွင်းမှ မြွေနဂါးနီကြီးမှာ နတ်ရုပ် တစ်ထောင်မယ်တော်ကြီး၏ ကျိန်စာသင့် ဒဏ်ခတ်ခံထားရသည့် စောင့်ပုဂ္ဂိုလ်ဖြစ်သည်ဟုလည်း ဆိုကြပြန်ပါ၏။ နာဂတိုင်းရင်း သာအားဖြင့် လွယ်ကူဥ္ဇာ ခေါ်ဆိုရလျှင် မျက်နှာ(၁၂) မျက်နှာနှင့် လက်ပေါင်းတစ်ထောင်ရှိသော (လိုင်နင်မယ်တော်) ခေါ် မေတ္တာရှင်နတ်သမီး ခေါ် နတ်ရုပ်တစ်ထောင်မယ်တော် သည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တန်ခိုးကြီးလှသော 'သာဝကမ' တစ်ဦးဖြစ်ခဲ့သည်ဟုလည်း ဆိုကြပြန်ပါ၏။ ထိုထိုသော နတ်ရုပ် တစ်ထောင်မယ်တော်ကြီးစံမြန်းရာ နတ်ရုပ်တစ်ထောင် ကျောင်းတော်ကြီးသည် လွယ်မွန်တောင်ခြေတွင် ရှေးဟောင်း ကျောင်းပျက်ကြီးတစ်ခုအဖြစ် ယနေ့အချိန်ထိတိုင် တည်ရှိနေဆဲ ဖြစ်ပါသည်။

ထို လိုင်နင်မယ်တော် ခေါ် မေတ္တာရှင်နတ်ရုပ်တစ် ထောင်မယ်တော်ကြီးသည် သူ့အား ကိုးကွယ်ပူဇော် ပသကြလေ့ ရှိသည့် ရွာသူရွာသားများ သူ့အား မေ့လျော့ခြင်း၊ အကုသိုလ်များ များပြားလာခြင်းများ ဖြစ်လာခဲ့သည်ရှိသော် နဂါးခံတွင်းမှ မြွေနဂါးနီကြီးကို ကျိန်ဘသင့်ဒဏ်ခတ်ခိုင်းစေခဲ့ပါ၏။ ယင်းတို့မှာ မိုးလေဝသရာသီဥတုများ ပျက်စီးဖောက်ပြန်စေခြင်း၊ ကောက်ပဲ သီးနှံများ ပျက်စီးခြင်း၊ တောင်ပြို၍ ရွံ့ရည်ပူများ ကျောက်တုံး



www.burmeseclassic.com

www.burmeseclassic.com



တောက်ခဲများဖြင့် ဖုံးအုပ်ပစ်စေခြင်း စသော ကျိန်စာများ
သင့်ခဲ့ပါသည်။

ထိုထိုသောအခါများတွင် တည်ငြိမ်စွာ အိပ်မော
နေသည့် နဂါးခံတွင်းထဲမှ မြွေနဂါးဒီကြီးမှာ ဒေါသအမ
ချောင်းချောင်းထွက်ကာ ကြောက်မက်ဖွယ်ရာ မြွေနဂါးတွန်
ကြီးနှင့်အတူ ကြုံးဝါးသောင်းကျန်းပါတော့သည်။ သူခိုအော
စံမြန်းရာ နဂါးခံတွင်းမှ စတင်၍ သိမ့်သိမ့်ခါမျှ ဝုန်းဒိုင်းကြဲ ဆူပွ
လှုပ်ရမ်းသဖြင့် ကျောက်တုံးကျောက်ခဲ အကြီးအသေးများသ
နဂါးခံတွင်းထဲမှ အံကျလွင့်စင်ကာ တောင်ခြေတစ်လျှော
လိမ့်ဆင်းကျသွားခဲ့ပါသည်။

ထို့ကြောင့် နာဂရိုင်း၊ မိနစ်ပိုင်းအတွင်း တောင်ကြ
လွင်ပြင်ဒေသရှိ စိုက်ခင်းများကို ပျက်စီးကြေမွသွားစေသည
ပင်ကြားအက် မြေကွဲကြောင်းကြီးများကို ဖြစ်ပေါ်စေခဲ့သည
ဒေသခံတိုင်းရင်းသား နာဂကြီးများက နဂါးကြီးစိတ်ဆိုး၍ ဒေါ
ထွက်ကာ မြေကြီးကို နှစ်ခြမ်းခွဲပစ်သည်ဟု ဆိုကြသည်။

"အင်း အဲဒီမြေကွဲကြောင်းကြီးတွေဟာ အနည်း
နှစ်တောင်၊ သုံးတောင်လောက် ကျယ်ပြီး လွယ်မွန်းတောင်ကြေ
တစ်လျှောက် မြေကွဲကြောင်းအရှည်ကြီး ပေါ်လာတတ်တယ်
မြေကွဲကြောင်းကြီးတွေထဲကို လူ တိရစ္ဆာန်တွေ ကျသွား
ကတော့ ဘယ်လိုမှ ပြန်တက်လို့မရနိုင်တော့ဘူးလေ၊ ငါ





ဘွားတွေရဲ့ ပြောဘကားအရဆိုရင်တော့ နဂါးခံတွင်းထဲမှာ
နှိုးနေတဲ့ မြွေနဂါးကြီးဟာ အဲဒီမြေကွဲကြောင်းကြီးကနေ
ဘာဂတော် နဂါးတိုင်းပြည်ကို သွားလေ့ရှိတာမို့ နဂါးလမ်းလို့
ခေါ်ကြတယ် မင်းဒင်"

သို့သျှိုင်း၏ တွေ့ဆုံပေးမှုဖြင့် လွယ်ရှီထန်ရွာခေါင်းကြီး
ထန်သျှိုင်းနှင့် မင်းဒင်တို့လူစု တဲကြီးတစ်လုံးအတွင်းဝယ်
စကားပြောခွင့်ရကြသည်၊ ရန်သူများစွာကို တိုက်ခိုက်အောင်မြင်
သဖြင့် လိုင်နော် နာဂဘာသာစကားဖြင့် စစ်အောင်နိုင်သူ
ဟုဘွဲ့ဟူသော ဘွဲ့ထူးကို ရရှိထားသည့် ထန်သျှိုင်းကို ယခုကဲ့သို့
မျက်နှာချင်းကပ်တွေ့မြင်ရမှ အသက်ကြီးသော်လည်း တောင့်တင်း
ခန့်ညားသူတစ်ယောက်ဖြစ်ကြောင်း ဂျမဒါမင်းဒင် ရိပ်စား
မိလိုက်သည်။

ကြီးမားလှသော နားကွင်းကြီးတစ်ခုကို နားရွက်
တစ်ဖက်တွင် ချိတ်ဆွဲထားပြီး ကျန်နားပေါက်တစ်ဖက်မှ
လယ်တန်းကျနေသော သူ၏ ဆံပင်ရှည်တချို့ကို ထည့်သွင်းကာ
ထားပုံက လိုင်နော် နာဂအကြီးအကဲတစ်ယောက်၏ ဟန်နှင့်
ဟန်ကိုပါ တစ်ဆက်တည်း တွေ့မြင်နေရပါ၏။ ယခုလည်း
နဂါးခံတွင်းမှ မြွေနဂါးနီကြီးအကြောင်းကို ဂျမဒါမင်းဒင် တို့အား
ဝေသားစိတ် ပြောပြနေခြင်းဖြစ်ပါ၏။

"ဒီလိုဆိုရင် အဲဒီလို နဂါးကြီး ဒေါသထွက်ပြီး တစ်ခ



www.burmeseclassic.com

www.burmeseclassic.com



လုံး တစ်တောင်လုံး ပြိုပျက်ကျတာတွေ၊ သယ်မြေစိုက်ခင်းတွေ ပျက်စီးခဲ့တာတွေကို လုံဘူကိုယ်တိုင် တွေ့ကြုံခဲ့ဖူးလား . . . ဒါမှမဟုတ် လက်ဆင့်ကမ်းနဲ့ ကြားဖူးခဲ့တာလား"

"အင်း အားလုံးကတော့ တဆင့်စကားနဲ့ ကြားခဲ့တာတွေ များတာပေါ့ . . . အဲ တစ်ခုတော့ရှိတယ် . . . ဆယ်နှစ်သားအရွယ်လောက်ကတော့ နဂါးကြီးရဲ့အော်သံတွေ ဒေါသတကြီး ရိုက်ခတ်သံတွေနဲ့အတူ နဂါးခံတွင်းထဲကနေ မီးတောက်မီးလျှံတွေ ထွက်လာတာကိုတော့ တွေ့ဖူးမြင်ဖူးတယ် နောက်ပြီး နဂါးခံတွင်းကနေ ကျောက်တုံးတွေ၊ ကျောက်ခဲတွေ အံကျလွင့်စင်လာကြပြီး နဂါးအံဖတ်လို့ခေါ်တဲ့ ချွဲပြစ်ပြစ် ရွှံ့ရည်တွေ အများကြီး စီးကျလာတာကိုတော့ ကိုယ်တွေ့ ကြုံဖူးတယ်လေ"

"မှတ်မှတ်ရရ အဲဒီနောက်တော့ တစ်ခါမှ မကြုံခဲ့တော့ဘူး မင်းဒင် . . . ဒါပေမယ့် အရိုးစွဲနေကြပြီဖြစ်တဲ့ ဒီဒေသက နာဂလူမျိုးတွေကတော့ နဂါးခံတွင်းကို အသေအလဲ ကြောက်ရွံ့ကြတယ် . . . မြွေနဂါးနီကြီး ဒေါသထွက်ပြီး နဂါး မီးတောက်တွေလွှတ်၊ နဂါးအံဖတ်တွေ ထွေးထုတ်ရင် လူတွေ တိရိစ္ဆာန်တွေ သေကြေပျက်စီးကြ စိုက်ခင်းတွေ၊ ကောက် သီးနှံတွေ ပျက်စီးကြနဲ့တော့ ဒီလိုဘေးအန္တရာယ်ကပ်ဆိုးတွေ လွတ်ကင်းအောင်ဆိုပြီး လဆန်းတိုင်း ဆိတ် ဒါမှမဟုတ် သိုး





ကောင်နဲ့ ကောက်ပဲသီးနှံတွေကို နတ်ဆရာ ဂိလီယိုက ဆင့် မြွေနဂါးနီကြီးကို ပူဇော်ပသကြရတယ်လေ"

စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြနေသည့် ရွာခေါင်း ထန်သျှိုင်း၏ စကားများကို ဂျမဒါမင်းဒင် စိတ်ဝင်တစား ထောင်ရင်း နဂါးခံတွင်းမှ မြွေနဂါးနီကြီးအကြောင်းကို စားနေမိသည်။

လုံဘူထန်သျှိုင်း၏ ပြောစကားအရဆိုလျှင် လွယ်မွန်း တောင်ထိပ်ရှိ နဂါးခံတွင်းဆိုသည့် ကျောက်လိုဏ်ဂူကြီးအတွင်း ၌ ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါကြီးတစ်ကောင် မဟုတ် မြွေကြီးတစ်ကောင် ကေန်မုချ ရှိနေပေလိမ့်မည်။ စဉ်းစားနေမိသည်မှာ ထိုဂူအောင်းမြွေကြီးနှင့် နတ်ဆရာ ဂိလီယိုတို့ မည်ကဲ့သို့ ဆက်စပ်မှုရှိပါသနည်း။

"နေပါဦး လုံဘူရဲ့ . . . အဲဒီ နဂါးခံတွင်းရှိတဲ့ နေရာကို သွားလို့မရဘူးလား . . . တကယ်လို့များ ငါတို့သွားလို့ရရင် လွယ်မွန်းတောင်ထပ်က နဂါးခံတွင်းကိုသွားပြီး အခြေအနေ လေ့လာခွင့် မရနိုင်ဘူးလား"

"မလွယ်ဘူး မင်းဒင် . . . အဲဒီနဂါးခံတွင်းကို သွားဖို့က ရောက်တဲ့ ကျောက်ကမ်းပါးကြီးက ခံနေတယ်၊ ကျောက်ကမ်းပါးကြီးကို ဘယ်လိုကျော်ဖြတ်နိုင်မလဲ . . . ဒါပေမယ့် နတ်ဆရာဂိလီယိုနဲ့အတူ သွားခဲ့တဲ့ လမ်းတစ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိတယ် . . . ခက်တာက အဲဒီလမ်းဟာ သွားလို့ရလမ်း နဲ့ပြီး ပြန်လမ်းမရှိဘူး မင်းဒင်"

လုံဘူကြီးထန်သျှိုင်း၏ ခက်တားလမ်းကြောင်းက ရှင်း လိုလိုနှင့် ရှုပ်ထွေးသွားပါ၏။

"ဒီလိုဆိုရင် နတ်ဆရာဂီလီယိုနဲ့ လုံဘူတို့ မြွေနဂါး ကြီးဆီကို ယာဇ်ပူဇော်ဖို့ သွားကြတုန်းက ဘယ်လို ပြန်လာခဲ့ တာလဲ လုံဘူ"

ဂျဒါမင်းဒင်၏အမေးကို ထန်သျှိုင်းက ချက်ချ မဖြေသေးဘဲ သူ၏ ဆေးတံကြီးထဲသို့ ဆေးတစ်ဆုံ ဖြည်း ကြေးဒါမီးခြစ်ကြီးတစ်လုံးနှင့် စိတ်ရှည်လက်ရှည် မီးညှိနေပါ၏ မီးညှိသွားသည်နှင့် ဆေးတံကို နှစ်ဖွာသုံးဖွာခန့် ရှိုက်ဖွာနေ သေးသည်။ အတန်ကြာမှ ဆေးတံမီးခိုးငွေ့များကို ပူး မှုတ်ထုတ်လိုက်ရင်း . . .

"ဒီလိုကွယ့် . . . ငါတို့တစ်တွေ ဒီကနေသွားတဲ့ ကတော့ ဘောင်ကြောပေါ်တက်ရမှာဖြစ်လို့ အောင်းလုံ လေးမြားလက်နက်တို့ကို ကိုင်ဆောင်သွားခွင့်ရပေမယ့် မြွေနဂါး နီကြီးစံမြန်းရာ နဂါးခံတွင်းမရောက်ခင် ခရီးတစ်ဝက်ဖြစ် ကျောက်တံခါးဝရောက်ရင် ဟိုမှာရှိတဲ့ အစောင့်နာဂတွေ လက်နက်တွေအားလုံးကို သိမ်းယူလိုက်ကြတယ် . . . ပါ ကျောက်တံခါးဝကပဲ မြွေနဂါးနီကြီးကို ယာဇ်စာတွေးရာ





်ဆရာဂီလီယိုရဲ့ ယာဇ်ပူဇော်တဲ့ အော်သံကြီးတွေနဲ့ ်ဟစ်ပြီး ဆိတ်တစ်ကောင်ကို ကျောက်တံခါးဝရှေ့မှာ ုးချည်ပြီး ချထားလိုက်တယ်"

"အဲဒီမှာ ဂီလီယိုကြီးရဲ့ အော်ဟစ်သံ၊ ဆိတ်ရဲ့ အော် ြုသံတွေနဲ့ ဆူညံနေတုန်းမှာ ကျောက်တံခါးဝ ဂူပေါက်ထဲ နေ မြွေနဂါးနီကြီးက ထွက်လာပြီး သူ့ရှေ့ကဆိတ်ကို တစ်ခါ ည်း ဝါးမျိုလိုက်ပြီး ဂူကြီးထဲကို ပြန်ဝင်သွားတော့တယ် မင်းဒင် . . မင်းတို့နားလည်အောင် ရှင်းပြရရင် အဲဒီ ကျောက်တံခါးဝကနေ ရှေ့ကိုဆက်ပြီး သွားချင်ရင် သွားလို့ တယ် . . . ဒါပေမယ့် ဘယ်သူ့ကိုမှ လက်နက်တွေ ်ဆောင်ခွင့်မပေးဘူး ဆိုတာပဲ"

ဤသို့ဆိုလျှင် နတ်ဆရာဂီလီယိုသည် နဂါးခံတွင်းထဲမှ နဂါးနီကြီး (သို့မဟုတ်) သတ္တဝါကောင်ကြီးအား သွယ်ဝိုက် နည်းဖြင့် အကာအကွယ်ပေးထားခြင်း ဖြစ်ပေမည်။ သတ္တဝါကောင်ကြီး အသက်ရှင်ရပ်တည်နေသရွေ့ လွယ်ရှိ ရှိ နာဂလူသားများအား ခြောက်လှန့်သိမ်းသွင်း၍ သူအလို မှု အရာအားလုံးအား ရယူနိုင်မည် မဟုတ်ပါလား။

ယခုပင် ကောက်ပဲသီးနှံများ ပျက်စီးခြင်း၊ ရောဂါ များ ထူပြောခြင်း၊ မိုးပေါ်မှ လူစိမ်းများ ရောက်ရှိလာခြင်း ဖြစ်ရပ်တို့ကို အကြောင်းပြုကာ မြွေနဂါးနီကြီးအား



www.burmeseclassic.com

www.burmeseclassic.com



ပူဇော် ပသရန် ရွာ၏စစ်ခေါင်းဆောင် လိုင်းဆိုင်နှင့် ပူးပေါင်း အရေး ပေါ် အချက်ပေးတုံးခေါက်ကာ စည်းရုံးခြင်း ဖြစ်ပါချေ၏။

စစ်ခေါင်းဆောင် လိုင်းဆိုင်ကလည်း လုံဘူ၏ ဆုံး ချက်ကြောင့် လက်ရုံးရည်ချင်း ယှဉ်ခဲ့ရသော လူစိမ်းခစ် ဂျမဒါမင်းဒင်အား ရှုံးနိမ့်ခဲ့ရခြင်းကြောင့် မကျေမချမ်း ဖြစ် ချိန်တွင် ယခုကဲ့သို့ အပြစ်ရှာနိုင်သော ပြစ်ချက်များကို နတ်ဆ ဂိလီယိုက ညွှန်ပြခဲ့သဖြင့် အချက်ပေးတုံးခေါ်၍ စုရုံး ဖြစ်သည်။ ပြီးမှ ထိုအခြေအနေကို ရွာ၏ အကြီးအကဲဖြစ်သော လုံဘူထန်သျှိုင်းထံ တင်ပြ၍ သူတို့၏ လိုအင်ဆန္ဒများ တောင်းခံကြမည်ဖြစ်ပါ၏၊

လွယ်ရှိထန်ရွာကြီး၏ အခြေအနေသည် ပစ္စက္ခအ မှာတော့ လုံဘူထန်သျှိုင်းထက် နတ်ဆရာဂိလီယို၏ အခြေ အလှန့်၊ အဟန့်၊ သြဇာလက်နက်က ပို၍ ထိရောက်နေသ တစ်ချိန်ချိန်တွင် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော လုံ ထန်သျှိုင်းအတွက် အန္တရာယ်သည် ဆိုးရိမ်ဖွယ်ရာ နိမိတ်များ အရိပ်အယောင်ပြနေပါချေတည်း။

✧ ✧ ✧



## အခန်း(၁၁)
## လျှို့ဝှက်ပဟေဠိပဋ္ဌာများ

နာဂရွာခေါင်းကြီး သို့မဟုတ် လွယ်ရှိထန်၏ လုံဘူ ထန်သျှိုင်းမှာ သမီးဖြစ်သူ သျှီသျှိုင်းအား ကျောခိုင်းလျက် ဝေးရှိ မိုင်းသျှိညို့ တောင်တန်းများဆီသို့ ရီဝေသော မျက်လုံး များဖြင့် ငေးမောကြည့်နေမိသည်။

သမီးငယ်သျှီသျှိုင်း၏ တင်ပြချက်၊ ထင်မြင်ချက်များကို သချာစွာ ကျကျနန အချိန်ယူ၍ နားစိုက်ထောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထန်သျှိုင်းကိုယ်တိုင်မှာလည်း မနေ့က လက်ရုံးရည်ယှဉ်
ပွဲတွင် နဂါးစစ်ခေါင်းဆောင် လိုင်းဆိုင်အား ယောက်ျားကော
ပီသစွာ အနိုင်ယူသွားခဲ့သည့် ဂျမဒါမင်းခင်၏ နှလုံးရ
လက်ရုံးရည်ကို အတန်ငယ် သဘောတွေ့သွားပါ၏။ ထိုအ
ကို အခွင့်ကောင်းယူ၍ သျှိသျှိုင်းဘ ဂျမဒါမင်းခင်နှင့် အပ
ထွက်ရင်း နတ်ရုပ်တစ်ထောင်ကျောင်းတော်အထိ သွားရော
ခွင့်တောင်းခံနေခြင်းဖြစ်သည်။

"မင်းခင်ဟာ မဟာမိတ် အင်္ဂလိပ်စစ်တပ်က
ဆိုပေမယ့် သူ ဒီကိုရောက်လာခဲ့တာဟာ မြန်မာပြည် လွတ်
ရေးအတွက် တိုင်းရင်းသားတွေနဲ့အတူ တိုက်ပွဲဝင်ဖို့ ရောက်
ခဲ့တာပါ အဖေ .. တကယ်လို့များ မင်းခင်သာ သူ့လျှို့ဆို
ငါတို့ ဟောဒီ လွှယ်ရှိထန်က နဂါးတွေအားလုံး ဇိစိ ညက်ည
ကြေနေလောက်ပြီပေါ့ ... နောက်ပြီး သူဟာ တကယ့်
ယောက်ျားပီသတဲ့ မြန်မာစစ်သားတစ်ယောက်ပါ အဖေ"

သျှိသျှိုင်းက ဆုံးဖြတ်ချက်ချရန် တွေဝေလေး
နေသော ဖခင် လုံဘုကြီးထန်သျှိုင်းအား မင်းခင်ဘို
ပတ်သက်၍ ပီအားအမျိုးမျိုးပေး၍ ပြောဆိုနေပါ၏။ စင်
သူမ၏ မသိစိတ်တစ်နေရာတွင် မင်းခင်အား သံယော
အမြင်တန်းတချို့ ရစ်ပတ်မိနေပြီဆိုတာကိုတော့ သျှိသျှ
ကိုယ်တိုင် မသိတတ်နိုင်ပါပြီတည်း။





နောက်ဆုံးတော့ သမီးဖြစ်သူ သျှိသျှိုင်း၏ဆန္ဒကို
…ဘုကြီးထန်သျှိုင်းက ဖြည့်ဆည်းပေးလိုက်ပါတော့သည်။

"ကောင်းပြီ သမီး ... ဒါပေမယ့် နတ်ရုပ်တစ်ထောင်
…ကျောင်းအောင်ဟာ အဖတို့ရဲ့ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်း
…င့်ရှောက်ခဲ့ရတဲ့ အမိကရ ကျောင်းတော်ကြီးဆိုတာ သမီး
…ါတယ်နော် ... ဒီကိစ္စနဲ့ပတ်သက်ပြီး အဖ လုံးဝ အမှား
…ွင်း မရှိစေချင်ဘူး ... နောက်ပြီး မင်းခင်ဟာ
…ယ်မွန်းဘောင်ထိပ်က နဂါးခံတွင်းကို အတော်လေး စိတ်ဝင်
…နေတယ် ... သူဟာ အဲဒီ နဂါးခံတွင်းကို ထိုးဖောက်
…ရောက်ဖို့ ကြိုးစားနေတာနော် ... အဲဒါကို သတိထားပါ
…း"

"အဲဒီကိစ္စကို ငါလဲ စိတ်ဝင်စားတယ် အဖ ... နဂါး
…င်းမှာ မြွေနဂါးခေါင်းနီကြီး ရှိတယ်၊ မရှိဘူးဆိုတာ ငါကိုယ်
…လည်း မမြင်ဖူးဘူး ... ဒါပေမယ့် နတ်ဆရာဂိလီယိုကြီး
…တော့ ဆိတ်ခြံကြီးတွေ၊ သိုးခြံကြီးတွေ၊ ပြောင်းဆန်၊ လူးဆန်
… ကျည်အပြည့်နဲ့ လွှယ်ရှိထန်တစ်ကြောမှာ လူချမ်းသာ
…င်းဝင်တောင် ဖြစ်နေပြီကော"

"ရွာသူရွာသားတွေကလည်း နဂါးခံတွင်းဆိုတာနဲ့
…ားဝင် ကြောက်ရွံ့နေကြတာပဲ ... ဂိလီယိုက ဆိတ်ဆို
… သိုးဆိုသိုး ချက်ချင်း နတ်ကွန်းစင်ကိုအရောက် ပို့…



www.burmeseclassic.com

www.burmeseclassic.com



ကြရတယ် . . . ဒါတွေဟာ နဂါးခံတွင်းက မြွေနဂါးခေါ
ကြီးရဲ့ ရန်ကို ကြောက်ရတာရယ်၊ နတ်ရုပ်တစ်ထောင်မယ်
ရဲ့ ကျိန်စာကို ကြောက်ကြတာရယ်ကြောင့် ပူဇော်ပသ
ရတာ . . . ငါကတော့ အဲဒီအဖြေကို တိတိကျကျ သိ
နေတယ် . . . ဖြစ်နိုင်ရင် ငါလည်း မင်းဒင်တို့နဲ့အတူ
ခံတွင်းကို သွားချင်တယ် အဖ"

လုံဘူကြီးထန်သျှိုင်းက အားမာန်ပါပါနှင့် ပြေ
နေသည့် သမီးဖြစ်သူကိုကြည့်ကာ အံ့သြထိတ်လန့်နေမိ
လွန်ခဲ့သော ငါးနှစ်ခြောက်နှစ်ခန့်က သူကိုယ်တိုင် မြင်
ခဲ့သော မြွေနဂါးနီကြီး၏ မျက်လုံးနီနီကြီးကို ယခုတိုင် မြင်
နေမိပါ၏။ ဆယ့်ငါးဘောင်ကျော်ကျော်ခန့်မြင့်သော ကျေ
တံခါးဂူပေါက်ဝမှ ထန်းလုံးခန့်ကြီးမားလှသော ခန္ဓာကိုယ်
ညွတ်ကာ ကြီးမားလှသော ဦးခေါင်းကြီးနှင့် တိုးထွက်လာ
မြွေနဂါးခေါင်းနီကြီးက ထန်သျှိုင်းကို အတိတ်ဇာဈေ
တစ်ကောင်နှယ် ခြောက်လှန့်နေဆဲပါတည်း။

"အင်း သမီးတို့သာ နဂါးခံတွင်းကိုဝင်သွားရင် ဂိ
တို့က အကြိုက်တွေ့သွားမှာပေါ့ . . . ဘာဖြစ်လို့လဲဆို
နဂါးခံတွင်းဟာ ဝင်လမ်းသာရှိပြီး တကယ့်ကို ထွက်လမ်း
သေမင်းရဲ့ ပါးစပ်ပေါက်ကြီးတစ်ခုပဲ သမီးရ . . . နော
ကျောက်တံခါးဝမှာရှိကြတဲ့ ဂီလီယိုရဲ့ အစောင့်တွေက သ





လက်နက်တွေကို သိမ်းပြီးမှ နဂါးခံတွင်းကို အဝင်ခံကြ
နော်"

ဖခင်ကြီးထန်သျှိုင်း ပြောနေသည်မှာ အမှန်တကယ်
ိုင်တွေ့ရမည့် ဖြစ်စဉ်များပင်ဖြစ်ပါ၏။ နေ့ညမပြတ်
ကျောက်တံခါးဂူဝတွင် စောင့်ကြပ်လျက်ရှိသည့် နတ်ဆရာ
ယို၏ အစောင့်များက မည်သည့်နည်းနှင့်မျှ နဂါးခံတွင်းသို့
နက်ကိုင်စွဲ၍ ဝင်ခွင့်ပြုမည်မဟုတ်ပါ။ ဤသို့ဆိုလျှင် နဂါး
င်းသို့ လက်နက်မပါ ကိုယ်ထီးတည်းနှင့် ဝင်ရောက်သွား
င် မြွေနဂါးကြီး၏ အစာသာ ဖြစ်သွားရမည်မှာ မြေကြီး
ခတ် မလွဲပါတည်း။

"ဒီအချိန်မှာ စစ်ရေးကလည်း ရှုပ်ထွေးနေတဲ့အချိန်၊
ကိုယ့်ဘက်သားတွေနဲ့ ဂျပန်တွေကလည်း သူတို့ရဲ့ စစ်ရေး
တ် အစစအရာရာ လုံးပန်းနေကြချိန်မှာ ငါတို့က ကြားညှပ်
မဖြစ်ဘူး သမီး . . . ဒီတော့ မင်းဒင်တို့ကိုလည်း
က်သင့် ထိန်းထားရမှာဆိုတော့ သမီးရဲ့ အစီအစဉ်အတိုင်း
လုပ်ပေတော့ . . . ဒါပေမယ့် ဘယ်သူ့ကိုမှ သတိမလစ်
သမီး"

"စိတ်ချပါ အဖ . . . ငါကလည်း အဘရဲ့ လုံဘူ
ကို မက်မောနေတဲ့ နတ်ဆရာဂီလီယိုကို မခံချင်လွန်းလို့ပါ၊
ပြီး ဂီလီယိုက မင်းဒင်ကို နိမိတ်ဖတ်ပေးတာကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေလေတော့ အဖပြောသလို မင်းဒင်တို့ကို ထိန်း
သိမ်းသိမ်း ဆက်ဆံပြီး သူတို့သိချင်မြင်ချင်တာလေးတွေနဲ့
အချိန်ဆွဲထားတာ အသင့်တော်ဆုံးပဲ အဖရာ"

ဟုတ်သည်။ စစ်ရေးသည် ဤအချိန် ဤကာလအ
မှာပင် ရှုပ်ထွေးစပြုနေပြီ မဟုတ်ပါလား။ ငြိတိသျှမဟာမိတ်
တစိမ့်စိမ့်နှင့် ထိုးဖောက်ဝင်ရောက်နေကြချိန်၊ ဗမာမျိုး
တပ်မတော်ကလည်း ဂျပန်တို့၏ နွေ့ရည်စိမ်လွှတ်လပ်ရေး
သဘောမကျသဖြင့် တိတ်တဆိတ် တော်လှန်တိုက်ခိုက်
စုစည်းပြင်ဆင်နေကြချိန်နှင့် နယ်ဆရာဂီလီယို၏ ရှုး
ဆာလောင်မှုကြောင့် လွှယ်ရှိုထန်သည် ချိန်ခါမရွေး ထပေါ်
နိုင်သည့် မိုင်းဗုံးတစ်လုံးနှယ် ရှိနေသည် မဟုတ်ပါလား

သျှိသျှိုင်းမှာ ဖခင်ကြီးထံမှ ခွင့်ပြုချက်ရရှိသည်
လွယ်မွန်းတောင်ခရီးစဉ်ကို လျင်မြန်စွာ လှုပ်ရှားနိုင်ရန် စိတ်
ထဲတွင် အကောင်အထည်ဖော်ရင်း ဖခင်ကြီး၏ ဇာကြီးအတွ
ထွက်လာခဲ့ပါတော့သည်။

သည်ရက်ပိုင်းအတွင်းမှာပင် ဂျမဒါမင်းဒင်တို့
သူတို့လေထီးနှင့် ခုန်ချလာစဉ်က မြှပ်နှံသိုဝှက်ထားသော ခဲ
မီးကျောက်များနှင့် ရိုင်ဖယ်သုံးလက်တို့ကို သွားရောက်
ဖော်၍ လွယ်ရှိုထန်သို့ ယူဆောင်လာခဲ့ကြသည်။

စမစ်က သူ၏လက်စွဲတော် ရိုင်ဖယ်သေနတ်ကြ





၏ ငယ်ပေါင်းရည်းစားတစ်ဦးနှယ် ဖက်ရမ်းနမ်းရှုံ့လိုက်ရင်း
:ဆေး ပွတ်တိုက်နေပါလေ၏။ ကပ္ပတိန်ဝီလ်ဆင်က
:ယောက်ပေါင်း သယ်ယူလာကြသည့် ကျည်တောင့်များ၊
က်ပစ်ဗုံးများကို စနစ် တကျ ရေတွက်စစ်ဆေးလျက်ရှိသည်။

ဂျမဒါမင်းဒင်နှင့် သျှိသျှိုင်းတို့က လွယ်မွန်းတောင် ခြေမှ
က်ရှုပ်တစ်ထောင်ကျောင်းတော်သို့ သွားရောက်ရေး အတွက်
င်ပင်ဆွေးနွေးနေကြပါ၏။

"အဖကတော့ သွားဖို့ ခွင့်ပြုလိုက်ပြီ . . . ဒါပေမယ့်
င်းဆိုင်နဲ့ ဂီလီယိုတို့ တစ်မျိုးမထင်ကြအောင်လို့ စိုက်ခင်း
ကို ဖျက်ဆီးတဲ့ တောဝက်ကိုပစ်ဖို့ဆိုပြီး မနက်ဖြန်မနက်
စောစောထွက်ကြမယ် မင်းဒင်"

"အင်း နတ်ရုပ်တစ်ထောင်ကျောင်းတော်ကို မမြင်ဘူး
တွေ့ဘူးသေးလို့ စိတ်ထဲမှာ ဘယ်လိုမှ မဖြစ်သေးပေမယ့် လုံဘူ
ပြထားတဲ့ နဂါးခံတွင်းကိုတော့ ငါ သိပ်ပြီး စိတ်ဝင်စားတယ်
. . . ဖြစ်နိုင်ရင် အဲဒီ နဂါးခံတွင်းကို မရောက်ရောက်အောင်
းပြီး ကြည့်ချင်တယ်"

"သိပ်မလွယ်ဘူး . . . အဲဒီနဂါးခံတွင်းကို သွားစရာ
တစ်လမ်းပဲရှိတယ် မင်းဒင် . . အဲဒါကတော့ ဂီလီယိုရဲ့
စောင့်တွေရှိတဲ့ မကျောက်တံခါးဝဟာ တစ်ခုတည်းသော
ဝင်ဝ ဂူပေါက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သျှိသျှိုင်းက မင်းခင်၏ ကျောပိုးအိတ်ထဲသို့ လို
မည့် ပစ္စည်းများနှင့်-အရံပစ္စည်းတချို့ကို ခနစ်တကျ ထည့်ရ
သူ၏ ထင်မြင်ချက်ကို ပြောပြနေပါ၏၊

"အင်း အဲဒီကျောက်တံခါးဝကပဲ အသက်စွန့်ပြီး
မှာပဲ . . . ဒါမှ ဂီလီယို့ရဲ့ လျှို့ဝှက်ချက်တစ်ခုခုကို တွေ့
လိမ့်မယ်ထင်တယ် . . . လောလောဆယ်တော့ ငါတို့ခရီး
အတိုင်း စိုက်ခင်းတွေကို ဖျက်ဆီးတဲ့ တောဝက်တွေကို ပစ်
ရင်း နတ်ရုပ်တစ်ထောင်ကျောင်းတော်ကို မနက်စော
ထွက်ကြမယ် သျှိ"

နောက်ဆုံး မင်းခင်၏ ပြတ်သားသော ဆုံးဖြတ်ချ
နှင့်အတူ ခရီးထွက်ရှိနိုင်ရေးကိုသာ လေးလေးနက်နက်သား ပြင်
လျက် ရှိကြပါတော့သည်။

✧ ✧ ✧



## အခန်း(၁၂)

## နတ်ရုပ်တစ်ထောင်ကျောင်းတော်

နောက်တစ်နေ့ နံနက်စောစော နှင်းမြူသင်တိုင်းများ
လွှမ်းထားဆဲအချိန်မှာပင် ဂျမဒါမင်းခင်နှင့် သျှိသျှိုင်းတို့ အဖွဲ့
တ်နက်ကိုယ်စီဖြင့် ခရီးထွက်လာခဲ့ကြပါတော့သည်။

နေခြည်က လုံးဝ မမြင်ရသေး။ အရှက်ကျင်းစ နှင်းဇာ
ါတို့ သိပ်သည်းထူထပ်စွာ ရစ်သိုင်းထားသဖြင့် လွယ်ရှိထန်
ကင်ကြောတစ်ခုလုံးအား အဒေးခေတ်တို့က ရိုးတွင်းချဉ်



www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးထားပါလေ၏။ အင်ဖက်နှင့် ပက်ရွှက်ကြီးများပေါ်
တဖျောက်ဖျောက်နှင့် နှစ်စည်းချက်မှန်မှန် ကျဆင်းလျက်ရှိသေ
နှင်းမိုးစက်သံတို့ကသာ လွှယ်မှိုထန်အား လွှမ်းမိုးထားပါသည်။

ခပ်ပြေပြေလမ်းကြောလေးအတိုင်း သျှီသျှိုင်းက ရှေ့
ဦးဆောင်၍ သွားနေပါ၏။ ကျွန်းသစ်ရေတတ်ပုံနှင့် လေးမြှား
ကျောတွင် လွယ်သိုင်းကာ လှုပ်ရှားလိုက်တိုင်း လှုပပြေပြစ်သေ
ကိုယ်နေဟန်အချိုးအစားကြောင့် ဂျမဒါမင်းဒင်မှာ ကဗျာ က
မျက်နှာလွှဲကာ ဝန်းကျင်ကိုသာ အာရုံစူးစိုက်၍ကြည့်ရှု
ပလျှောက်လှမ်းလာခဲ့သည်။

နံနက်ကိုးနာရီသာသာခန့် မြူနှင်းများ လွင့်ပျယ်စအချိ
မှာတော့ ဒူးဆစ်ခန့်ရှိသော မြက်ရိုင်းတောရှည်ကြီးတစ်ခု
တွေ့မြင်လိုက်ကြရသည်။ ထိုမြက်ရိုင်းတောကြီးမှာ ခပ်ပြေပြေ
တစ်မိုင်သာသာခန့် မြင့်တက်သွားပြီး မြက်ရိုင်းတောအဆုံးတွ
ပေလေးရာကျော်ခန့်မြင့်သော ကျောက်နံရံကြီးကဲ့သို့ရှိသ
တောင်ကမ်းပါးကြီးမှာ တောင်တစ်ခုလုံးကို ပတ်လည်ဝိုင်းလျ
ရှိသည်။ ၎င်းကျောက်ကမ်းပါးကြီးအထက်ဝယ် တောင်သ
မပြေပြစ်တော့ဘဲ ခဘ်စောက်၍ သစ်ပင်ခြုံနွယ်ကြီးများဖြ
ဖုံးအုပ်လျက်ရှိပါ၏။

မြက်ရိုင်းတောစပ်နှင့် မြက်ပင်ငယ်များကြားတွ
ဆိတ်နှင့် သိုးများကို တွေ့မြင်လိုက်ရသည်။





"ဒီဆိတ်တွေ၊ သိုးတွေက ဘယ်လိုကြောင့် ဒီနေရာကို
ရောက်နေရတာလဲ သျှီ"

"ဟင်း ဟင်း နတ်ဆရာဂီလီယိုကြီး ပြောသလိုသာ
ပြောရမယ်ဆိုရင်တော့ နဂါးခံတွင်းမှာရှိတဲ့ အစောင့်တော်ကို
ဖော်မသတဲ့ ငါတို့ရွာသားတွေ ပို့ပေးထားရတဲ့ ဆိတ်တွေ၊
သိုးတွေပဲ မင်းဒင် . . . ဒီကောင်တွေကို ဂီလီယိုကြီးက
ကုနန မွေးမြူထားပြီး သိုးထိန်း၊ ဆိတ်ထိန်း အစောင့်တွေနဲ့
ထားပြီး လဆန်းတိုင်း အစောင့်တော် မြွေနဂါးနီကြီးကို ကျွေးမွေး
ပေးရတယ်လေ"

သျှီသျှိုင်း၏ ဒကားအသွားအလာကို သေချာစွာ
ထောင်ရင်း နတ်ဆရာဂီလီယိုသည် လွန်စွာမှ ပါးနပ်လိမ္မာသူ
ဦးဖြစ်ကြောင်းနှင့် ဂီလီယိုအား သတိထား ဂရုစိုက်ရမည်ဟု
ကိုယ်သူ သတိပေးနေမိပါ၏။

ဤသို့ဖြင့် သူတို့လူစု မြက်ရိုင်းတောကြီးကို ဖြတ်ကာ
ပ်မှန်းတောင်ခြေသို့ ခရီးဆက်ခဲ့ကြသည်။ ဂျမဒါမင်းဒင် တို့
က်ရိုင်းတောကြီးကို ဖြတ်ကျော်နေချိန်တွင် မြူနှင်းတို့
ပျယ်ထွက်ပြေးသွားကြပြီး နေခြည်အလင်းတန်းတို့က
ဖောက်နေရာယူလာကြသည်။ မြက်ရိုင်းတောကြီး
သည်နှင့် ကျောက်သားမြေမာတို့က မတ်စောက်သော
ကျောက်နံရံကြီးအထိ ခြေဆန့်နေရာယူထားကြပါ၏။ ဆူးရစ်



www.burmeseclassic.com

www.burmeseclassic.com



ခြုံနွယ်များ ရှင်းဖယ်သွားသည်နှင့် သူတို့မျက်စိရှေ့ ရုတ်တရက် တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် သုံးယော သား အံ့သြတုန်လှုပ်သွားကြပါပြီကော ..။

"ဟင်"

"ဟာ .. ဘာ ဘာကြီးလဲဟ"

"အဲ ကျောက် ကျောက်သား နန်း နန်းဆောင်ကြီး"

ဟုတ်သည်။ ဂျမေဒါမင်းဒင်တို့ အံ့သြတုန်လှုပ်ရ ဆိုပါကလည်း အမှန်တကယ်ပင် အံ့သြတုန်လှုပ်စရာပါတည်း။ မြင့်မားမတ်စောက်လှသည့် လွယ်မွန်းတောင်ခြေကို ကျော သားနံရံကြီးကို ထွင်းထု၍ ဆောက်လုပ်ထားသော ကျောက်သ နန်းဆောင်ကြီးက လွန်စွာမှ အံ့သြထူးဆန်းဖွယ်ရာ ရှေးလက် ဟောင်းကြီးများဖြင့် ဆီးကြိုလျက်ရှိပါသည်။

"ဟား ကြည့်စမ်း ကပ္ပတိန် ... ဒီလောက် ချောင် လှတဲ့ နာဂရွာလေးတစ်ရွာမှာ ဒီလောက် ကြီးကျယ် ခမ်းနား ကျောက်သားနန်းတော်ကြီးတစ်ခု ရှိနေလိမ့် မယ်ဆိုတာ မယုံ စရာ ပုံပြင်ဒဏ္ဍာရီတစ်ခုလိုပဲဟေ့"

"ဟုတ်တယ် ဂျမဒါ ... တကယ့်ကို ရှေးဟော မြို့တော်ကြီးတစ်ခုကို ဖြုန်းစားကြီး တွေ့လိုက်ရသလိုပဲ .. ငါတော့ ချက်ချင်းတောင် ကျောင်းဆောင်ကြီးထဲကို ပြေးဝင် ကြည့်လိုက်ချင်ပြီ"





ဂျမဒါမင်းဒင်နှင့် ကပ္ပတိန်ဝီလ်ဆင်တို့မှာ လွန်စွာမှ ..ူးကဲ့ လှသည့် အနုလက်ရာများဖြင့် မွမ်းမံဆောက်လုပ် ..ားသည့် ကျောက်သားနန်းဆောင်ကြီးကို တအံ့တသြ ..ကြည့်ရင်း ပတ်ဝန်း ကျင်ကိုပင် မေ့လျော့သွားကြလေသည် ..ဉ့် ...။

ထိုအချိန်တွင် နာဂအစောင့်စစ်သားများမှာ သျှီသျှိုင်းကို ..တွေ့မြင်လိုက်ကြရသဖြင့် ကျောင်းဆောင်အတွင်းမှ ထွက်လာ ..ာ အရိုအသေပြု ဆီးကြိုကြသည်။ ဤသို့ဖြင့် သျှီသျှိုင်း ..ဆောင်၍ ခန့်ထည်လှသော ကျောက်သားနန်းဆောင်ကြီး ..တွင်းသို့ ဝင်ရောက်လာခဲ့ကြပါ၏။

"နတ်ရုပ်တစ်ထောင်ကျောင်းတော်ဆိုတာ ဒါပဲ မင်းဒင် .. လာ လာ အရင်ဦးဆုံး နတ်ရုပ်တစ်ထောင် မယ်တော် ..ကွယ်ခဲ့တဲ့ အရှင်မြတ်ကို ပူဇော်ကြရအောင်"

သျှီသျှိုင်းက ခေါ်ဆောင်သဖြင့် ဝင်ရောက်ခဲ့ကြ ..ည့်တိုင် ကျောင်းဆောင်ကြီးအတွင်းဝယ် အတန်ငယ် ..ှာင်နေသဖြင့် ရုတ်တရက် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။ ..စောင့်လုံ့ကိုင်စစ်သားများက အဆင့်သင့်ရှိနေသည့် ကညင်ဆီ ..တိုင်များကို ထွန်းညှိလိုက်မှသာ မြင်မြင်ထင်ထင် ရှိလာပါ၏။

နတ်ရုပ်တစ်ထောင်ကျောင်းတော်ကြီး၏ ခန်းမကျယ် ..ထိပ်တွင် ကျောင်းခေါင်အထိ မြင့်မားလှသော ဗုဒ္ဓရုပ်ပွား



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးတစ်ဆူကို အံ့ဩစွာပင် ဖူးတွေ့လိုက်ကြရသ လွန်စွာရှားပါး အဖိုးတန်လှသည့် မဟူရာကျောက်နက်သာ ထွင်းထုထားသည့် ဗုဒ္ဓရုပ်ပွားတော်ကြီးက လွန်စွာမှ ရှေး လှသော လက်ရာမျှားဖြင့် သပ္ပာယ်ကြည်ညိုဖွယ် ကောင်း သည်။

"ဟာ ဒါ ဒါ ကျောက်နက်ဆင်းတုတော်ကြီးပေါ့ မင်း ... ဉာဏ်တော်တောင် အတော်ကြီးကို မြင့်ပါလ ကြည့်ရတာ ပုဂံလက်ရာထက် ပိုပြီး ရှေးကျမယ့်ပုံပဲကွ"

ကပ္ပတိန်ဝီလ်ဆင်က ရှေးဟောင်းပစ္စည်းများ ပတ်သက်လျှင် ထဲထဲဝင်ဝင် သိနားလည်သည်။ ထို့ကြေ ဤနတ်ရုပ် တစ်ဆောင်မယ်တော် နန်းဆောင်ကြီး တွေ့မြင်လိုက်ရ ကတည်းက သူ၏ နှလုံးသွေးတို့သ ဆူဝေပွက်လျှံလာခဲ့သည်။

တဆက်တည်းမှာပင် ကပ္ပတိန်ဝီလ်ဆင်နှင့် စမစ်တ ဗုဒ္ဓ ဆင်းတုတော်ရှေ့မှ အမွှေးနံ့သာများ တလူလူ မီးခိုးထ နေသည့် ကြေးအိုးကြီးများအနီးသို့တိုင် တိုးကပ်ကြည့် ကြသည်။ ဂျမဒါမင်းခင်နှင့် သျှိုသျှိုင်းတို့က ဗုဒ္ဓဆင်းတု ကြီးအား ဝတ်ပြုပူဇော်နေကြပါ၏။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဝဲယာနှစ်ဘက်မှာ လူသဏ္ဌာန်နီးပါးရှိသည့် များပြားလှသော ဖော်တပ်





မယ်တော်ရုပ်တုများက ကျောင်းဆောင်အနှံ့ ပြည့်လျှံလျက်ရှိ ည်ကို ဒုတိယအကြိမ် အံ့ဩစွာ တွေ့မြင်လိုက်ရပြန်ပါသည်။

"အိုး ဒီ ဒီမှာလည်း မယ်တော်ရုပ်တုကြီးတွေ မနည်း ါလား ... ခန်းမဆောင်ကြီးတစ်ခုလုံးတောင် ပြည့်လျှံနေ လိုပဲ ... အင်း ငါ့ကိုယ်ငါ ရှေးဟောင်းပစ္စည်းပြတိုက်ကြီး တစ်ခုထဲကို ရောက်နေသလားလို့တောင် ထင်နေမိတယ် စ်ရေ.."

"အင်း ဘယ်လိုကဘယ်လို ဘုရား ရှင်ရဲ့ ုပ်ပွားတော်ကြီးက ဒီလောက်ခေါင်လှတဲ့ နာဂရွာလေး စ်ရွာမှာ ရောက်နေရတာလဲ မသိဘူးနော် ... ကြည့်ရတာ ဒ္ဓဘုရားကို တွေ့ကြတာတောင် ဘုရားလို့မှ သိကြရဲ့လား မသိ ူးဟော့ ... ဟို ဟို နတ်ရုပ်တစ်ထောင်မယ်တော်ကိုပဲ ကြောက်ရွံ့ပြီး ကိုးကွယ်ကြပုံရတယ်"

စမစ်၏ စကားသံက အနည်းငယ် ကျယ် လောင်သွားသည်ထင့် ..။ သျှိုသျှိုင်းက ကပ္ပတိန်ဝီလ်ဆင် ို့ရှိရာသို့ လျှောက်လာပြီး ...

"အင်း ငါတို့နာဂရွာရဲ့ အခြေအနေက စမစ် ပြောသ ိုပဲ ဖြစ်နေမယ်ထင်တယ် ... အမှန်တော့ ငါကြားဖူးတာ ာတော့ ငါတို့ရဲ့ နတ်ရုပ်တစ်ထောင်မယ်တော်ဟာ ဗုဒ္ဓဘုရား ှင်ရဲ့ သာဝကမတစ်ဦးလို့ ငါတို့ ဘိုးဘွားတွေ ပြောခဲ့တာ ကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ် . . . နောက်ပြီး ငါတို့ လိုင်နောင်နာဂတိုင်းရင်း ဘာသာစကားနဲ့ဆိုရင် နတ်ရုပ်ဘင်ဆောင်မယ်တော်ကို လို မယ်တော်၊ မေတ္တာရှင်နတ်သမီးလို့ ခေါ်ကြတယ်"

"ဟောဒီ ကျောင်းတော်ကြီးထဲမှာ လိုင်နင်မယ်တေ ရုပ်တုတွေဟာ အခုမြင်တွေ့ရတဲ့အတိုင်း အများကြီးပဲ . . ကျောင်းဆောင်နဲ့ မလိုက်ဖက်လောက်အောင် များပြားလှ တာကို ကြည့်ရင် ငါတို့နာဂဘိုးဘေးတွေဟာ နတ်ရုပ်တစ်ဆေ မယ်တော်ကို ဘယ်လောက် ယုံကြည်ကိုးစားကြတယ်ဆို ပြနေတာပဲ မဟုတ်လား"

သျှိုသျှိုင်းက ကျောင်းဆောင်ခန်းမကြီးထဲမှ များ လှသည့် မယ်တော်ရုပ်တုများကို ညွှန်ပြပြောဆိုနေခြင်းဖြစ်သ

"နောက်ပြီး အင်မတန်ရှားပါးလှတဲ့ ကျောက်ဖြူသ ထုလုပ်ထားပြီး ဟောဟိုဘက်က မယ်တော်ကျောင်းဆေ မှာလည်း သစ်ကနက်သားနဲ့ ထုလုပ်ထားတဲ့ မယ်တော်ရု ဆယ်ရုပ်ဟာလည်း သီးခြား ရှိနေသေးလေတော့ ငါတို့ န တိုင်းရင်းသားတွေ ယုံကြည်ကိုးကွယ်ကြတာ မထူးဆန်းတေ ပါဘူးလေ"

ထိုအချိန်တွင် နာဂစစ်သားတစ်ဦးက သျှိုသျှိုင်းအနီး အရိုအသေပေးကာ ငင်လာရင်း သူတို့နားမလည်သော လိုင် နာဂဘာသာစကားဖြင့် ပြောဆိုနေပါ၏။ နာဂစစ်သား





းကို ခေါင်းဘညိတ်ညိတ်ဖြင့် နားထောင်ရင်း သျှိုသျှိုင်းက ါမင်းဒင်ဘက်ကို မကြာခဏ လှည့်ကြည့်လျက်ရှိသည်။ န့်ကြာမှ . . .

" မင်းဒင် . . ဟောဒီမယ်တော်ရဲ့ နန်းဆောင် ထဲမှာ ပတ်ပြီး ကြည့်နှင့်ကြဦး . . . ငါ ခဏ အပြင် သွားဦးမယ် . . . ပြီးရင် ဒီကိုပဲ ပြန်လာခဲ့မယ်နော်"

သျှိုသျှိုင်းမှာ ဂျမ်ဒါမင်းဒင်အား မှာကြားကာ နာဂ စောင့်စစ်သားနှင့် အပြင်သို့ ထွက်ခွာသွားပါလေ၏။

သျှိုသျှိုင်းတို့ ထွက်ခွာသွားကြသည်နှင့် တိန်ဗီလ်ဆင် မှာ ဟန့်ပင်မဆောင်နိုင်တော့ဘဲ ရုပ်တစ်ထောင်မယ်တော် ရုပ်တုများအနီးသို့ တိုးကပ်ကာ ချာစွာ လေ့လာကြည့်ရှုပါ လေတော့သည်။

"ကျောက် တော်တော့်ကို လက်ရာမြောက်တဲ့ တောင်းရုပ်ဟုကြီးတွေပဲကွ ခင်းဒင် . . . ငါ့ဦးလေးသာ ဟုက်ရင် ဘယ်လောက် သဘောကျလိုက်မလဲ မသိဘူး"

ကျောက်သားစင်မြင့်များဖြင့် အဆင့်ဆင့် စီတန်း ထားသည့် ရာပေါင်းများစွာသော မယ်တော်ရုပ်တုများမှာ ခုပ်ချီလျက် ဆုတောင်းနေကြဟန်ရှိပြီး ဦးခေါင်းထက်တွင် ဆောင်းလျက် ရောင်ခြည်စက်ဝိုင်း လက်မြူးနေဟန် ပြင်နေရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းပရိဒ္ဓေဒပေါင်းများစွာ သန့်ရှင်းမှုမပြုလုပ်ဘဲ မကျင်းထားသဖြင့်လည်း ပင့်ကူချင်၊ ပိုးမျှင်များနှင့် ဖုံ အထပ်ထပ်ဖြင့် ဆုနှင့်ချိ၍ တွယ်ယှက်ကပ်ညိလျက်ရှိ

ဧရားဟောင်းပစ္စည်းဝါသနာအိုး ကပ္ပတိန်ဝီလ်ဆင် ယခု အချိန်တွင် ဘာကိုမျှ သတိမရပါလေတော့၊ သူ ဂျမဒါ မင်းခင်နှင့် ဗစ်တို့ကိုလည်းကောင်း၊ နဝကမင်းသ သို့သို့င်းတို့ကိုလည်းကောင်း မေ့လျော့သွားခဲ့ပါပြီ။ သူ၏ တည်းသော စိတ်အာရုံက နတ်ရုပ်တစ်ထောင်မယ်တော် များဆီသို့သာ ဝင်စားနေပါပြီကော

"ဟား ရုပ်တုတွေအားလုံးဟာ တကယ့်ကို ရွှေ သားစစ်စစ်နဲ့ ထုလုပ်ထားကြတာပါလား ... အင်း ဒီရုပ် အားလုံးသာ ငါရလိုက်ရင် တန်ဖိုးမဖြတ်နိုင်တဲ့ ရွှေ ရတနာသိုက်ကြီးတစ်ခုကို ပိုင်ဆိုင်ခွင့်ရလိုက်သလိုပဲပေ့"

ထိုခဏ ...

"အီး အီး အင်း ဟင်း ဟင်း ဟင်း"

ရုတ်တရက် နတ်ရုပ်တစ်ထောင်မယ်တော် ရုပ် ဘက်ဆီမှလိုသို့ အတန်ငယ်မှောင်နေသည့် အတွင်းခန်း ဆီမှလိုလို ညည်းညူသံကြီးတစ်ခုကို ဂျမဒါမင်း သုံးယောက်စလုံး ပီပီပြင်ပြင် ကြားလိုက်ရသဖြင့် ခေါ များပင် ထောင်ကာ ကြက်သီးမွေးညှင်းများပင် တဖြ





းကြသည်သို့ ...။

တစ်ချိန်တည်းမှာပင် ဆင်းတုတော်ရှေ့သို့ ပူဇော် သည့် ကြေးအိုးကြီးများထက်မှ တငွေ့ငွေ့လွင့်ပျံနေသည့် ရနံ့များကို ထိုးဖောက်ကာ အပုပ်နံ့ကြီးက စူးစူးဝါးဝါး ပေါ်လာပြန်ပါ၏။

"ဟား ဘာနံ့ကြီးလဲကွာ ... ပုပ်အက်အက်နဲ့ ဖွီး တာ လွန်ရောဟေ့"

ဂျမဒါမင်းခင်မှာလည်း လွင့်ပျံဝေ့ဝဲနေသည့် သူ၏ ကို ပြန်လည်ထိန်းချုပ်လိုက်ပြီး သတိကပ်လိုက်သည်နှင့် ရာတွင် ကြာကြာမနေသင့်ကြောင်း ရိပ်စားမိလိုက်သည်။ ရောက်ရှိနေရာ ဝန်းကျင်နှင့် ထူးထူးခြားခြား တိတ်ဆိတ် သော ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေရင်းမှ ကြက်သီး ပွင်းများပင် ထချင်သလိုလို၊ နောက်ကျောမလုံသလိုလို၊ တစ်ယောက်ကလည်း တစ်နေရာရာမှ သူတို့ကို င်းမြောင်းကြည့်ရှုနေသလိုလို ခံစားလိုက်ရသည်။

နောက်ဆုံး ကျောချမ်းသလိုလိုပင် ဖြစ်လာသည်မို့ ပိန်ဝီလ်ဆင်လက်မောင်းကို ကိုင်လှုပ်လိုက်ရင်း ...

"ကဲ ကပ္ပတိန်ရေ ဟိုဘက်ကို သွားကြည့်ရအောင်ကွာ၊ ရာမှာ နေရတာ စိညည်စံအိမ်ကြီးထဲကို ရောက်နေတာ တာပဲ ... အပုပ်နံ့တွေကတစ်မျိုးနဲ့ အလိုလိုနေရင်း



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူကျပ်လာတာယ်ကွ"

သို့သော် သူ့ရှေ့မှ ကပ္ပတိန်ဝီလ်ဆင်ကမေ...
မတုန်မလှုပ်နှင့် ကျောက်ရုပ်ကြီးတစ်ရုပ်နှယ် ..
မင်းဒင်၏စကားကို မကြား သယောင်နှင့် တစ်နေ...
စူးစူးစိုက်စိုက် ငေးမောကြည့်နေပါ လေ၏။ ကပ္ပတိန်ဝီလ်...
ငေးစိုက်ကြည့်နေရာသို့ ဂျမဒါမင်းဒင် လှမ်း၍ကြည့်လို...
စဉ်မှာပင် ကပ္ပတိန်ဝီလ်ဆင်က ထိုနေရာသို့ ညို...
ခံနေရသူပမာ တိုးဝင်လျှောက်လှမ်းသွားပါလေပြီကော။

"ဟာ ဟော့ ဟော့ကောင် ကပ္ပတိန်. . ကပ္ပတိန်"

စမစ်က လိုက်လံခေါ်ငင်သည့်တိုင် ကပ္ပတိန်ဝီလ်...
တစ်ယောက် မသိ၊ မမြင်၊ မကြားနိုင်လေပြီထင့်။ အလင်းရော...
မှိန်ပျပျသာရှိသည့် တဲဘက်ခန်းငယ်အတွင်းသို့ တန်းတ...
မတ်ခတ် ဝင်ရောက်သွားပါလေတော့သည်။

ဂျမဒါမင်းဒင်နှင့် စမစ်တို့ ကပ္ပတိန်ဝီလ်ဆင်နောက်...
လိုက်ဝင်သွားသည့်အခါမှာတော့ ကြီးမားလှသည့် မြွေနဂါး...
နှစ်ကောင် ခြံရံထားသည့် ကျောက်သားစင်မြင့်ထက်မှ ရှုစ်လက်...
ခန့်ရှိသော နတ်ရုပ်တစ်ထောင်မယ်တော် ကိုယ်ပွားအသွင် ပန်း...
ရုပ်တုလေးများကို ငူးနစ်စွာ ငေးကြည့်နေသည်ကို တွေ့...
လိုက်ရသည်။

မယ်တော်ရုပ်ပုံအသွင် သစ်ကနက်ပန်းပုလက်ရာ ရုပ်...





...လေးများက အနုစိတ်ကျသလောက် လွန်စွာမှ ရှေးကျသော
...က်ရာပစ္စည်းများလည်း ဖြစ်သည်မို့ ရှေးဟောင်းပစ္စည်း
...သနာကြီးသူ ကပ္ပတိန်ဝီလ်ဆင် တစ်ယောက် လောကကြီး
...င်ခုလုံးကို မေ့လျော့နေလေပြီလား . .။

ကပ္ပတိန်ဝီလ်ဆင်က ရုတ်တရက် မြွေနဂါးကြီး
...ကောင် ခြံရံ ထားသည့် သစ်ကနက်မယ်တော် ရုပ်တုလေး
...ယ်ရုပ်ကို လက်ညှိုးညွှန်ပြလိုက်ရင်း . . .

"ကျွတ် ကျွတ် ရှာမှရှားတဲ့ တကယ့်ရှေးဟောင်းလက်ရာ
...စစ်တွေပါလား . . ." ဒီကြားထဲ အဖိုးတန်ရှားပါးလှတဲ့
...က်နီးနက်(သစ်ကနက်)သားနဲ့ ထုလုပ်ထားလေတော့ ငါ့
...လေးများ မြင်တွေ့လိုက်ရရင် တကယ့်ကို အရူးအမူး ဖြစ်နေ
...ပဲ မင်းဒင် . . အင်း အခွင့်သာရင်တော့ မယ်တော်ရုပ်တု
...စ်ခုလောက် ယူသွားရရင်ကောင်းမယ်"

ရှေးဟောင်းလက်ရာသန့် ပစ္စည်းများဆိုလျှင် သဲသဲမဲမဲ
...က်နေကြတာမို့ ဤကဲ့သို့သော ရှားပါးအဖိုးတန်လှသော
...စ်ကနက်မယ်တော်ရုပ်တုတစ်ရုပ်တည်းကိုပင် ရွှေငွေရတနာ
...ည်းများထက် ပိုမို၍ မက်မောတွယ်တာကြမည်မှာ မလွဲ
...တည်း။

သို့သော် ထိုသစ်ကနက်မယ်တော်ရုပ်တုလေးများ
...ာက်ခြေဥာပစာခံခွက်ထဲတွင် တန်ဖိုးမဖြတ်နိုင်သည့် ပတ္တမြား



www.burmeseclassic.com

www.burmeseclassic.com



ချောကြီးတစ်လုံးစီ လျှို့ဝှက်စွာ မြှုပ်နှံထားရှိကြောင်းကို
ကပ္ပတိန်ဝီလ်ဆင်တို့ ကြိုတင်သိရှိနိုင်ခဲ့မည်ဆိုပါလျှင် . . ။

ထိုစဉ်မှာပင် နာဂခင်းသမီးလေး သျှိုသျှိုင်း မှုတ်
သုန်သုန်မှုန်မှုန်နှင့် ပြန်လည်ရောက်ရှိလာသဖြင့် ဂျူ
မင်းဒင်မှာ ကပ္ပတိန်ဝီလ်ဆင်ကို ဆောင့်ဆွဲ၍ သတိ
လိုက်ရသည်။

"ဘာတွေဖြစ်နေလို့လဲ သျှို . . . မျက်နှာလည်း
မကောင်းပါလား"

ဂျူဒေါ်မင်းဒင်၏ အမေးစကားကို သျှိုသျှိုင်း မဖြေ
မှာပင် ကြမ်းတမ်းစွာ နင်းလျှောက်လာကြသည့် ခြေသံများ
အတူ နတ်ဆရာဂိလိယိုနှင့် စစ်ခေါင်းဆောင်လိုင်းဆိုင်တို့
ခန်းမဆောင်ကြီးထဲသို့ ဝင်ရောက်လာခဲ့ကြသည်။

"အို လူစိမ်းခစ်သားဘို့ ဘယ်အတွက်ကြော
မယ်တော်ရဲ့ ကျောင်းတော်ထဲမှာ မရိုမသေနဲ့ ဝင်ရောက်လာ
ကြတာလဲ . . . မယ်တော် စိတ်ဆိုးစိတ်ထွက်လာရင် နင်
ခံတွင်းကလည်း ဆူပူအော်ဟစ်လာကြမယ် . . . ဒီလိုဆိုရ
ကြားထဲက အပြစ်မဲ့တဲ့ ရွာသူရွာသားတွေအားလုံး အတိုး
ရောက်ကြဦးမယ်"

"ဒီမှာ ဂိလိယို . . သူတို့ဟာ ငါ့ရဲ့ လူစိမ်းဧည့်သ
တော်တွေ . ... ငါ့အဖရဲ့ ခွင့်ပြုချက်နဲ့ လွယ်ရှီထန်မှာ နေ





ရထားတာ နင်တို့အားလုံးအသိပဲ မဟုတ်လား . . .
ခုလည်း ငါနဲ့အတူ အမဲပစ်ထွက်ကြရင်းနဲ့ မယ်တော်ရဲ့
ကျောင်းတော်ထဲကိုဝင်ပြီး လေ့လာကြတာ . . . ဒါဟာ အပြစ်
ခုမှ မဟုတ်ဘဲ"

သျှိုသျှိုင်း၏ ဒေါသက မြွေဟောက်တစ်ကောင်ကဲ့သို့
ပျဉ်းထောင်၍ ယှက်လာသည်။ ဒေါသကြောင့် အသံများပင်
ရင်အက်ကွဲနေပါ၏။ သို့တိုင်အောင် နတ်ဆရာဂိလိယိုမှာ
သျှိုင်း၏ဒေါသကို ဥပေက္ခာပြုထားလေသည်ထင့် . . ။

ခန်းမဆောင်အလယ်မှ နတ်ရုပ်တစ်ထောင်မယ်တော်
တုရွှေ့သို့သွားကာ ဒူးထောက်ဦးညွှတ်လျက် ဝတ်ပြု
တောင်းနေပါလေ၏။

"အိုး ဧလာကကိုစောင့်ရှောက်ကယ်တင်တဲ့ မိခင်ကြီး
ခင်မယ်တော် . . . မိုက်မဲစွာ ပြုမူမိခဲ့သော အပြစ်တို့ကို
လွတ်သည်းမပေးတော်မူပါ . . . အားလုံးသောအပြစ်
သမျှတို့ကို လွယ်ရှီထန်အပေါ်သို့ ဒဏ်ခတ်ဆေးကျောခြင်း
ပြုပါနှင့် မယ်တော်ကြီး"

တိုက်ဆိုင်သည်ဟုပင် ဆိုရလေမည်လား၊ ကံတရား၏
ကြယ်မှုဟုပင် ပြောရမည်လား၊ နတ်ဆရာဂိလိယို၏
ပြုဆုတောင်းလိုက်ခြင်းကြောင့်လေလားမသိ နဂါးခံတွင်း
တဂျုံးဂျုံး ဘုဒိုင်းဒိုင်းနှင့် ဆူညံစွာ ထွက်ပေါ်လာသော



www.burmeseclassic.com

www.burmeseclassic.com



မြည်ဟီးသံကြီးက နတ်ရုပ်တစ်ထောင်ကျောင်းတော်ကြီး တစ်လုံးပင် သိမ့်သိမ့်ခါ လှုပ်ရှမ်းသွားလေသည်သို့ . . ။

ဂျိမ်း . . . ဂျိမ်း . . . ဒိန်း . . . ဒလိန်း

ရုတ်တရက် ဆူညံစွာထွက်ပေါ်လာသည့် နဂါးခံတွင်းရှိရာ လွယ်မွန်းတောင်ထိပ်ဆီမှ ပွဲတင်ရိုက်ခတ်သံကြီးကြောင့် နတ်ဆရာဂီလီယိုအပါအဝင် နာဂစစ်သည်အားလုံးမှာ ကြမ်းပြင်ထက်တွင် ပြားပြားမှောက်လျက်သား ဖြစ်ကုန်ကြပါ၏။

မိုးခြိမ်းသံကြီးကဲ့သို့ မြည်ဟီးသံကြီးက လွယ်မွန်းတောင်ကြာကြီးတစ်ခုလုံး အတန်ကြာမျှ ပွဲတင်သံများဖြင့် ရိုက်ခတ်ဆူညံနေရာမှ နောက်ဆုံး တစ်ခတစ်ခ ငြိမ်သက်သွားပါလေတော့သည်။

"ကိုင်း ဘယ်လိုလဲ သျှီသျှိုင်း . . . နဂါးခံတွင်းက အစောင့်တော်ကြီးကတော့ သူ့ကို မထိမဲ့မြင်ပြုရကောင်းသလားဆိုပြီး ဒေါသထွက်နေပြီ . . . ဟောဒီ မယ်တော်ရဲ့ပိုင်နက် မယ်တော်ရဲ့ကျောင်းဆောင်ထဲကို မီးပေါက်သေနတ်တွေ လူတွေကို သေစေတဲ့ လောင်မီးလက်နက်တွေ ကိုင်စွဲပြီး ဝင်ထွက်သွားလာနေတာကို မယ်တော်ကြီးက သဘောမကျနိုင်ဘူးဆိုတာ နဂါးခံတွင်းကနေ သက်သေပြလိုက်တာပဲ"

"အိုး ဘာဆိုင်လို့လဲ ဂီလီယို . . . ဘယ်သူမှ ကျောက်တံခါးဝ မရောက်ခင်အထိ လက်နက်ကိုင်ဆောင်ခဲ့





ကြတာပဲ . . . အခုကျမှ နဂါးခံတွင်းက အော်သံကြီးကြောင့် ဆိုပြီး အကြောင်းပြမနေနဲ့ ဂီလီယို"

ဂျမဒါမင်းဒင်တို့ရှေ့တွင် သိက္ခာကို ထိပါးစော်ကားမှုများ အကြိမ်ကြိမ် ပြုလုပ်လာသဖြင့် သျှီသျှိုင်းတစ်ယောက် နတ်ဆရာဂီလီယိုအပေါ် ပြင်းပြင်းထန်ထန် တုံ့ပြန် တိုက်ခိုက်လျက် ရှိပါ၏။

"ဟေး သျှီသျှိုင်း . . . နင်ဒီလို မပြောနဲ့လေ . . . ငါတို့မှာ နတ်ရုပ်တစ်ထောင်မယ်တော်ကြီးနဲ့ နဂါးခံတွင်းက အစောင့်တော်ကို ပြစ်ဒဏ်မခတ်ဖို့ မနည်းကြီး ဝတ်ပြုတောင်းပန်နေကြတာ နင့်အမြင်ပဲဥစ္စာ . . . နင်ဟာ ဒီလူစိမ်းစစ်သားကောင်တွေဘက်က အမြဲတမ်း ကာဆီးကာဆီးလုပ်နေတယ်နော်"

အခြေအနေသည် ဂျမဒါမင်းဒင်တို့လူစုနှင့် တင်းမာလျက်ရှိကြပါပြီ။ ပတ်သက်ပြီး တစ်ခတစ်စ ပို၍ ထိုကြောင့် အားလုံး ပဋိပက္ခအသွင်သို့ ကူးပြောင်းသွားနိုင်သည်မို့ ဂျမဒါမင်းဒင်တို့ ကြားမှ ဝင်ရောက်ဖျန်ဖြေစကား ပြောကြားလိုက်ပါ၏။

"နေပါဦး လိုင်းဆိုင် . . . ဟောဒီ နတ်ရုပ်တစ်ထောင် မယ်တော်ကြီးရဲ့ ကျောင်းတော်ကြီးထဲကို ငါတို့ လမ်းကြုံရင်းဝင်ပြီး ကြည့်မိကြတယ် . . . တကယ်လို့ ဒီနေရာ၊ ဒီကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးဟာလည်း မင်းတို့ရဲ့ ကန့်သတ်ထားတဲ့ တားမြစ်နယ်မြေ ဖြစ်ခဲ့တယ်ဆိုရင် ငါတို့အားလုံး နတ်ရုပ်တစ်ထောင်ကျောင်းတော်ကြီးထဲကနေ ချက်ချင်း ထွက်သွားပါ့မယ် . . . ဒါဆိုရင် ကျေနပ်ပြီမဟုတ်လား"

"အိုး ဘာလို့ ထွက်သွားပေးရမှာလဲ"

မြွေဟောက်တစ်ကောင်ကဲ့သို့ မာန်စွယ်တပြင်ပြင်ဖြစ်နေသည့် နာဂမင်းသမီးလေး သျှီသျှိုင်းကို ဂျမဒါမင်းခင် အသာလက်တို့၍ ဟန့်တားလိုက်သည်မို့ သျှီသျှိုင်းမှာ သူ၏ဒေါသမာန်စွယ်ကို အချိန်မီ ရုပ်သိမ်းလိုက်ပါ၏။

"ဒီမှာ လူစိမ်းစစ်သားကောင် . . နင်တို့ဟာ သျှီသျှိုင်းရဲ့ အိတ်ထူးသည့်သည်တော်တွေမို့လို့ ငါက ဒီလောက်ထိ သည်းခံနေတယ်မှတ်ပါ . . . ပြိုင်ပွဲမှာ နင့်ကို ရှုံးနိမ့်သွားတယ်ဆိုတာကလည်း ငါ သတိတစ်ချက် လွှတ်သွားလို့ပါ . . . ဟွန်း နိုင်ဆိုရင်တော့လား"

"ဒေါသကို ရှေ့တန်းသိပ်မတင်နဲ့လေ လိုင်းဆိုင် . . . သင်ရင်ဆိုင်နေရတဲ့ စစ်ဗိုလ်လူသားဟာ သာမည လမ်းစစ်ဗိုလ်တစ်ယောက် မဟုတ်ဘူး။ သူတို့ဟာ သူတို့ရဲ့ အသက်တွယ်တာမြတ်နိုးခြင်း မရှိကြဘူး . . သူတို့ရဲ့ ဒေသမင်းနိုင်ငံ တစ်လှမ်းချင်း တိုးဝင်နေကြဖို့ ကြံစည်နေကြတယ်"

"အိုး လူစိမ်းစစ်သားတို့ အသင်တို့က အဲဒီလို စည်းကမ်း





မရှိ နေထိုင်သွားလာချင်ကြတယ်ဆိုရင် သင်တို့ရဲ့ မီးပေါက်လက်နက်တွေ၊ ဓါးတွေနဲ့ အန္တရာယ်ဖြစ်စေနိုင်တဲ့ လက်နက်တွေကို ငါတို့က သိမ်းပိုက်ထားရလိမ့်မယ်"

နတ်ဆရာဂီလီယို၏ စကားသံများက တစ်စုံတစ်ရာအိသို့ ရည်ညွှန်းပြောဆိုနေသည်သို့ . . ။ ထိုရည်ညွှန်းရာနေရာကို သိချင်သဖြင့် ဂျမဒါမင်းခင်က မြားတစ်စင်းနှင့်အမှောင်တွင်းသို့ ပစ်ခွင်းကြည့်လိုက်သည်။

"ဒီမှာ ဂီလီယို . . . သင်ဘာကို ရည်ညွှန်းဆိုချင်ပါသလဲ . . . သင့်ရည်ညွှန်းချက်ကို ငါသိရင် ဟောဒီ လက်နက်တွေအားလုံးကို သင့်ထံ လွှဲအပ်ပေးလိုက်မယ်လေ"

ဂျမဒါမင်းခင်၏ မြားပစ်ချက်က အမှောင်ထဲမှ ပန်းကွင်းကို တည့်မတ်စွာ ဖူးနစ်စိုက်ဝင်သွားခဲ့သည်ထင့် . . ။ နတ်ဆရာဂီလီယို၏ မျက်နှာတွင် သေမင်း၏ အရိပ်အယောင်တို့က ချက်ခြင်းပင် စွန်းထင်သွားပါလေ၏။ ပြီးမှ မမြင်နိုင်သောမျက်လုံးအစုံဖြင့် လှိုဏ်ခွန်းတောင်ထိပ်ဆီသို့ အတန်ကြာမျှငေးမော ကြည့်နေရာမှ . . .

"အို အရှင် ဤသူတို့သည် သူရူးများသာဖြစ်ကြသည်၊ မိမိအသက်ကို မြတ်နိုးသောသူတို့သည် နဂါးခံတွင်းမှ အစောင့်တော်နှင့် မတွေ့ဆုံနိုင်ရန် ဆုတောင်းကြသည် . . . နဂါးခံတွင်းသို့ ဝင်သွားသောသူသည် လုံးဝ လွတ်လမ်းမရှိပါ . . .



www.burmeseclassic.com

www.burmeseclassic.com



နဂါးခံတွင်း၏ အစောင့်တော်ကို တစ်ကြိမ်တစ်ခါ ကြည့်လိုက် ရလျှင် အသက်ဇီဝိန် ချုပ်ငြိမ်းကင်းကွာသွားလေ့ရှိသည် . . . ထို့ကြောင့် သင်တို့၏ မဟုတ်မမှန်သော အကြံအစည်များ ရုပ်သိမ်းပစ်လိုက်ပါ . . . ပြီးလျှင် ဤလွယ်ရှိထန်မှ အမြန် ပြန်လည်ထွက်ခွာပေးကြပါတော့"

နတ်ဆရာဂီလီယိုသည် လွန်စွာ အမြော်အမြင်ကြီး တစ်ယောက်ပင်တည်း။ သူသည် ဂုမဒါမင်းဒင်တို့ ရည်ရွယ်ချက်ပစ်မှတ်ကို မှန်းဆ၍ တွက်ခုတ်နိုင်သည်။ စကား ပြောဆိုရာတွင်လည်း လိမ္မာပါးနပ်လွန်း၏။ သူ၏ ယုတ် ရက်စက်သော နည်းပရိယာယ်မှာ ဂျမဒါမင်းဒင်တို့ ထံ လက်နက်ဟူသမျှ အပ်တိုတစ်ချောင်းမျှပင် မချွင်းချန် သိမ်း ထားမည်၊ ပြီးလျှင် လက်နက်မပါဘဲ နဂါးခံတွင်းသို့ ဝင်ရော နိုင်ကြောင်း လမ်းဖွင့်ပေးလိုက်မည်။ ထိုရောအခါတွင် . . .

သို့သော် ဂျမဒါမင်းဒင်က ထိုအစီအစဉ်ကို ပ လွယ်ကူစွာ လက်ခံလိုက်ပါ၏။ သူ၏ ခန္ဓာကိုယ်မှ အမဲလို ဓားမြှောင်၊ ပစ္စတိုသေနတ်နှင့် ကျည်ဆန်များကို နတ်ဆ ဂီလီယိုထံသို့ အပ်နှံလိုက်သည်။

"ကိုင်း ဂီလီယို . . . ဟောဒီမှာ အန္တရာယ်ပြု နိုင် မီးပေါက်လက်နက်တွေအားလုံး ခင်ဗျားကို အပ်လိုက်ပြီ . . . ဟော့ ကပ္ပတိန်ဝီလ်ဆင်နဲ့စမစ်. . . လက်နက်တွေ အား





ယီယိုလက်ထဲကို အပ်လိုက်ကြတော့"

သျှီသျှိုင်းက ဂျမဒါမင်းဒင် လုပ်ကိုင်နေသမျှကို းစပ်ပိတ် အံကြိတ်၍ ကြည့်နေပါ၏။ ကပ္ပတိန်ဝီလ်ဆင်နှင့် င် တို့ကလည်း သူတို့၏ ရိုင်ဖယ်သေနတ်များကိုပါ ည်ဆန်များ နှင့်တကွ ဂီလီယိုရှေ့သို့ ပစ်ချလိုက်ကြသည်။

"ကိုင်း ရော့ ယူထားကြ . . . မင်းတို့သိပ်ကြောက်တဲ့ ပေါက်လက်နက်တွေ . . . ငါတို့က လက်ထဲမှာ လက်နက် တော့ပေမယ့် ငါတို့ရဲ့ စိတ်ဓာတ်ထဲမှာ ထက်မြက်တဲ့ စွမ်းရည် ပကားတွေ ရှိနေသေးတယ်ဆိုတာ နင်တို့ကို လက်တွေ့ ရတော့မယ် ဟင်း ဟင်း ဟင်း ဟင်း"

စမစ်က ခကျေမချမ်းဖြင့် ကြိမ်းဝါးပြောဆိုရင်း သူ၏ ယ်သေနတ်နှင့် ကျည်ဆန်များကို ဂီလီယိုတို့ရှေ့သို့ ပစ်ချ လိုက်သည်ကို လိုင်းဆိုင်နှင့် နာဂစစ်သားများက မယုံကြည် သလို မျက်လုံးကြီးများ ပြူးကြည့်နေကြပါ၏။

"ကိုင်း ဒီလိုဆို ကျုပ်တို့အားလုံး ဟောဒီ လွယ်မွန်း င်တစ်ကြောမှာ စည်းမဲ့ကမ်းမဲ့မရှိနဲ့ လွတ်လွတ်လပ်လပ် ချင်ရာ သွားလို့ရပြီပေါ့ ဂီလီယို"

ဂျမဒါမင်းဒင်၏ အမေးစကားကို နတ်ဆရာ ဂီလီယိုက ချင်း စကားမပြန်၊ အတန်ကြာမျှ စဉ်စားလျက် နေပြီးမှ အစောင့်စစ်သားများကို လက်နက်နှင့် ကျည်ဆန် များကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းနိုင်းလိုက်ပြီး ဂျမဒါမင်းဒင်တို့ကို နှုတ်မဆက်နိုင်တော့ဘဲ ခြေသံပြင်းပြင်းနှင့် ခန်းမဆောင်ကြီးမှ ယွက်ခွာသွားပါလေတော့သည်။

✧ ✧ ✧



# အခန်း(၁၃)

## နဂါးခံတွင်းမှ အစောင့်တော်

နေလုံးက အားပျော့မှုန်ရီသွားပြီမို့ တောရိပ်တောင်ရိပ် ...ခွင်လုံး နှင်းမြူသင်တိုင်းတို့ ဝေ့ဝဲလွှမ်းခြုံစ ပြုလာပါ၏။ ...ရိပ်တစ်ထောင်ကျောင်းထဲတွင် နတ်ဆရာဂီလီယိုတို့နှင့် ...ဂျာ်လင့်ဘဲ ပြဿနာဖြစ်ခဲ့ကြသဖြင့် အချိန်တော်တော်များများ ...ဆုံးသွားခဲ့ရသည်။

သို့သော် ရည်ရွယ်ရင်းကိစ္စ ပျက်ပြယ်မသွားစေရန်



www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမင်းဒင်တို့လူစုမှာ လွယ်မွန်းတောင်ထိပ် နဂါးခံတွင်း ရှိရာသို့ တောင်ကြောလေးအတိုင်း ခပ်သွက်သွက် တက်လာ သည်။ နေဝင်ဆည်းဆာအချိန်လောက် အရောက်တွင် သူ လူစု ကျောက်တံခါးဝသို့ ရောက်လာခဲ့ပါလေ၏။

လေးယောက်သား လက်နက်ဆို၍ အပ်တိုတစ်ချော မျှပင် ကိုင်ဆောင်ခွင့်မရကြသည်မို့ မျက်စိနှင့် သတိတို့ကို မပြတ်သုံးရင်း ခရီးဆက်ခဲ့ကြခြင်းဖြစ်သည်။

"သတိထားနော် မင်းဒင် . . . ငါတို့မှာ ဘာလက်နက် ပါတာမဟုတ်ဘူး . . . ဟို နဂါးခံတွင်းထဲက ဟို ဟိုသတ္တဝါ ထွက်လာရင် ဘယ်လိုလုပ်ကြမှာလဲ"

သို့သျှိုင်းက မကောင်းဆိုးဝါး ကျောက်ဂူကြီးတစ်ခု တိတ်ဆိတ်မှောင်မည်းလျက်ရှိသော ကျောက်တံခါးဝကို ကြ ကာ စိတ်ထဲတွင် မသိုးမသန့်ရှိနေသဖြင့် ဂျမဒါမင်းဒင်ကို သ ပေးလိုက်ခြင်းဖြစ်သည်။

ဂျမဒါမင်းဒင်နှင့် တာပွတီနီဝီလ်ဆင်တို့က ကျောက်ဂူ တစ်ခုကို အကာအကွယ်ပြုလျက် မှောင်မည်းတိတ်ဆိတ်နေ သည့် ကျောက်တံခါးဝကို သေချာစွာ လေ့လာအကဲခတ်နေ ပါ၏။

"ဒီတစ်ခေါက်က လေ့လာရုံသက်သက်ပဲ သျှိ . . . အခြေအနေကြည့်ပြီးမှ ရှေ့ ဘာဆက်လုပ်ရမယ်ဆိုတာ ခဉ်းစား





ဘ်လို့ရမယ် . . . ဟိုမှာမြင်နေရတဲ့ လူတစ်ကိုယ်သာဝင်ရုံ ကြေားလမ်းဘေးက ကျောက်တံခါးဝဂူထဲကို တိုးဝင် က်ကွယ်သွားတာပါလား"

ဟုတ်သည်။ အကဲကွဲနေသော လူတစ်ကိုယ်ဝင်သာရုံ ာက်ကြားလမ်းတလေးက သူ့ရှေ့ ကိုက်ငါးဆယ်အကွာ းတွင် ရှိနေသည့် ကျောက်တံခါးဝဂူ သို့မဟုတ် နဂါးခံတွင်း သွားရာ လမ်းကြောင်းအတွင်းသို့ ဝင်ရောက်ပျောက်ကွယ် ပါလေ၏။ ဤလမ်းကြောင်းအတွင်းမှ သွေ့ဖိ၍ နဂါးခံတွင်း ဝ်ထွက်သွားလာ၍မရ။ ဤကျဉ်းမြောင်းတိတ်ဆိတ် မဲမှောင် ည့် ကျောက်ကွဲလမ်းကြောကျဉ်းကျဉ်းလေးသည်သာ နဂါး င်း၏ တစ်ခုတည်းသော ဝင်ထွက်သွားလာရာ လမ်းကြော ည်း။

"အင်း ဝီလီယိုဟာ တကယ့်ကို သတ်ကွင်းကောင်း င်းတစ်ခုနဲ့ ငါတို့ကို ထောင်ချောက်ဆင်ထားတာပဲ . . . တောင်ကြောလမ်းလေးထဲကို ဝင်လိုက်တာနဲ့ သားရဲတွင်းကြီး ထဲကိုကျသွားသလို လွတ်လမ်းမရှိတော့ဘူး ကပ္ပတိန် ဝင်"

"ဟုတ်တယ် . . . လက်နက်ပါသွားရင်တောင် လူတစ် ောင် ကတ်သီးကတ်သတ် ဝင်သွားရတဲ့ လမ်းကြောထဲမှာ လွတ်လပ်လပ် လှုပ်ရှားခွင့်ရမှာ မဟုတ်ဘူး မင်းဒင်"



www.burmeseclassic.com

www.burmeseclassic.com



သျှီသျှိုင်း၊ ဂျမဒါမင်းဒင်နှင့် ကာပ္ပတိန်ဝိလ်ဆင်တို့ ခံတွင်း၏ အဓိကဝင်ပေါက်တံခါးဝကို လေ့လာအကဲခ ကြစဉ် စမစ်မှာ သူ၏ စစ်ပိနပ်ကြိုးအချို့ကို ဖြုတ်ပြည်နေပါ

ထိုအချိန်မှာပင် နဂါးခံတွင်း ကျောက်တံခါးဝ၏ စစ်သည်များသည် လှံရှည်ကြီးများဖြင့် ပြေးဝင်လာကြပြီး ဂျ မင်းဒင်တို့လူစုအား ဝိုင်းရံထားလိုက်ကြသည်။ သို့ လုံဘူကြီး၏သမီး သျှီသျှိုင်းကို တွေ့မြင်သွားကြသည်နှင့် ခေါ် အရိုအသေပြုကာ . . .

"အို နာဂမင်းသမီးလေး . . . အဖဂိလီယို၏ စကာ ဆန့်ကျင်ပြီး ပြန်လမ်းမရှိတဲ့ နဂါးခံတွင်းထဲကိုဝင်ဖို့ ကြံ နေတယ်ဆိုရင် အဲဒီအကြံအစည်ကို လက်လျှော့လိုက်ပါ . . ဤကဲ့သို့ တဇွတ်ထိုး ပြုမူခြင်းဟာ မိမိအသက်ကိုမိမိ တ မထားသူတွေရဲ့ မိုက်မဲတဲ့လုပ်ရပ်တစ်ခုသာ ဖြစ်ပါတယ်"

နာဂစစ်သားခေါင်းဆောင်၏ စကားဆုံးသည်နှင့် ဂျ မင်းဒင်က ရုတ်တရက် ကောက်တာငင်တာ မေးမြန်းလို သည်။

"ဒီမှာ တစ်ဆိတ်လောက် မေးစမ်းပါရစေ . . . နဂါးခံတွင်းထဲမှာရှိတဲ့ အစောင့်တော်ဟာ ဘယ်သူပါလဲဆို သိခွင့်မရှိဘူးလား"

"ဟင်း ဟင်း ဟင်း ငါတို့မှာ ပြောဆိုခွင့်မရှိဘူး လု





ဟင် . . . အင်း တစ်ခုတော့ရှိတယ် . . . နင်တို့ သိပ်ပြီး ချင်တယ်ဆိုရင်တော့ ဟောဟိုမှာ မြင်နေရတဲ့ ကျောက်ကြော င်းကြားလေးအတိုင်းသာဝင်ပြီး သွားကြည့်ပေတော့"

နာဂစစ်သားခေါင်းဆောင်က သူ၏လက်ထဲမှ လှံရှည် ဖြင့် နဂါးခံတွင်း၏ ဝင်ပေါက်ဖြစ်သော ကျောက်တံခါးဝ သာ ညွှန်ပြလိုက်ပါလေ၏။

နာဂစစ်သား၏ မထီလေးစား အပြုအမူကြောင့် စ်မှာ ဒေါသတရှူးရှူးထွက်လာပြီး . . .

"အံမာ . . ဒီကောင်တွေက ငါတို့မှာ လက်နက်မရှိရင် းခံတွင်းထဲကို မဝင်ရဲဘူးလို့ ထင်နေကြတယ် . . . ဟင်း င်း စောင့်သာကြည့်ထားဟေ့ ငါတို့သွေး ဘယ်လောက် ယ်ဆိုတာကို ပြမယ်ကွ ဟင်း ဟင်း"

စမစ်က ဒေါဖျစ်တောက်တောက်နှင့် ပြောဆို ဉ်မှာပင် နာဂစစ်သား အစောင့်တော်များမှာ နာဂမင်းသမီး ျှိုင်းကို ဦးညွှတ်နှုတ်ဆက်ကာ တောင်အောက်ဘက်သို့ းသွားကြပါတော့သည်။

ထိုအချိန်တွင် သျှီသျှိုင်းမှာ ထင်းရှူးကိုင်းခြောက် ချောင်းကိုယူ၍ မီးခတ်ကျောက်ဖြင့် မီးထွန်းညှိလိုက်ပြီး ချောင်းကို ဂျမဒါမင်းဒင်ကို လှမ်းပေးလိုက်သည်။

"မှောင်လာပြီ မင်းဒင် . . . ငါတို့ တောင်ဆင်း လမ်း



www.burmeseclassic.com

www.burmeseclassic.com



တောကောင်တွေနဲ့တိုးရင် မီးတုတ်ပါရင် အကာအ
လုပ်လို့ရတယ်လေ"

ထိုအချိန်တွင် စမစ်မှာ စစ်ဖိနပ်ကြားမှ ဓာတ်မီး တစ်
ဆွဲထုတ်လိုက်ပြီး သျှိသျှိုင်းလက်ထဲမှ မီးတု
ဆတ်ခနဲဆွဲယူလိုက်ကာ . . .

"ဒီမှာ ဂျမဒါ . . . ငါ့ကို ကျောက်တံခါးဝထဲ
တစ်စုံတစ်ခုက ခေါ်နေသလို အသံတွေကြားနေရတယ်
ငါ မသွားဘဲ မနေနိုင်တော့ဘူး . . . ဂျမဒါတို့က အပြ
စောင့်နေကြ ကိုင်း သွားပြီဟေ့"

ပြောပြောဆိုဆိုနှင့် ကျောက်ကြားလမ်းလေး
မီးတုတ်ကိုကိုင်မြှောက်ကာ ပြေးဝင်သွားသည့် စ
အားလုံးက ငေးမော၍ ကြည့်နေမိကြသည်။ အတန်ကြာမှ
ဝင်လာသည့် ဂျမဒါမင်းဒင်က ဟစ်အော်ကာ နော
ပြေးလိုက်သွားပါ၏။

"ဟေ့ ဟေ့ကောင် စမစ်. . စမစ် . . . မသွားနဲ့
မသွားနဲ့ ပြန်လာခဲ့စမ်း"

သို့သော် ဂျမဒါမင်းဒင်၏ ခေါ်ငင်သံများ
ရုတ်တရက် ကျယ်လောင်စွာထွက်ပေါ်လာသည့် မြွေတွ
ကြီးက ဖုံးလွှမ်းသွားပါ၏။

"ရှီ . . . ရှီ . . ."





ဘကျယ်လောင်စူးရှသော မြွေတွန်သံကြီးကို အနီးကပ်
ကြားလိုက်ရသဖြင့် ဂျမဒါမင်းဒင်မှာ ဂူဝတွင်ပင် ရပ်တန့်
လိုက်ပါ၏၊ ထိုအချိန်တွင် စမစ်မှာ သူနှင့် ဆယ်ကိုက်အကွာ
တွင် မီးတုတ်ကြီးကို ကိုင်မြှောက်၍ ဂူအမိုးပေါ်သို့ မော့ကြည့်
နေသည်ကို မီးရောင်နှင့် တွေ့မြင်လိုက်ရသည်။

"ဟေ့ကောင် စမစ် . . . မြန်မြန်ထွက်လာခဲ့စမ်း၊ ဟာ
. . ဒီကောင် လက်ထဲမှာ ဓားမြှောင်တစ်လက်ပါလား"

ဟုတ်သည်။ စမစ်သည် သူ၏ အကျင့်စရိုက်အတိုင်း
ဓားမြှောင်တိုတစ်လက်ကို စစ်ဖိနပ်တွင် သိုဝှက်၍ ယူဆောင်
နေကျပင် မဟုတ်ပါလား။

"ဟေး စမစ် . . . မြွေနဂါးကြီးအော်သံကြားတယ်၊
ပြန်လာခဲ့ဟေ့"

ဤတစ်ကြိမ်တွင်မူ ဂျမဒါမင်းဒင်၏ အော်သံကို စမစ်
ကြားသွားခဲ့လေပြီထင့် . . ။ မီးတုတ်တစ်ဖက်၊
ဓားမြှောင်တစ်ဖက်နှင့် ဂူဝသို့ပြန်၍အဆုတ်တွင် တစ်စုံတစ်ရာ
ကို ခလုတ်တိုက်မိကာ လဲကျသွားခဲ့ပါ၏။

"ဟာ"

"ဖုတ် . . . ဖုတ် . . ."

လက်ထဲမှမီးတုတ်က လွင့်စင်ကျသွားသည့်တိုင်
ညာလက်မှ ဓါးမြှောင်တိုမူ စမစ်က ကျစ်ကျစ်ပါအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားဆဲ။ ကံအားလျော်စွာ မီးတုတ်က မီးမငြိမ်းသ
ဂူထဲတွင် အတန်ငယ်လင်းနေပါ၏။

သည်တစ်ကြိမ်တော့ ဂျမဒါမင်းဒင်က လဲကျ နေသ
စမစ်ကို ဆွဲထူခေါ်ငင်ရန် ပြေးဝင်ဟန်ပြင်လိုက်စဉ်

"ရှီ . . . ရှီ . . ."

ရုတ်တရက် ဂူကြီး၏ ခေါင်မိုးထက်ဆီမှ ကျယ်လော
သော မြွေတွန်သံကြီးနှင့်အတူ ဂူအမိုးကို ထိလုကမန်း ပါးပျ
ကြီး ထောင်နေသည့် ထန်းလုံးခန့် ကြီးမားလှသော မြွေနီနီ
တစ်ကောင်ကို ကြောက်လန့်တကြား တွေ့မြင်လိုက်ရပါ
ပြီကော။ တစ်သက်နှင့်တစ်ကိုယ် ဤမျှကြီးမားလှသည့် မြွေ
မျိုးကို မတွေ့ဖူးသဖြင့် ဂျမဒါမင်းဒင် ငေးကြောင်ကြည့်နေ

စမစ်မှာ လဲကျနေရာမှ ကုန်းရုန်းထကာ လက်ထဲ
ဓါးမြှောင်တိုလေးကို ကိုင်မြှောက်၍ မြွေကြီးအလာကို အသ
စောင့်ကြိုနေပါလေ၏။ ဂျမဒါမင်းဒင်အထင်မှာ စမ
တစ်ယောက် အကြောက်လွန်ကာ သွေးပျက်သွားလေပြီလား
တစ်ထွာသာသာခန့်ရှိသော ဓားမြှောင်တိုလေးတစ်လက်
ထန်းလုံးပမာဏခန့် ကြီးမားလှသော မြွေနဂါးနီကြီးအား ရင်
သူမှာ မိုက်မဲရူးသွပ်သူတစ်ဦးသာ ဖြစ်ပါချိမ့်မည်။

မြွေနဂါးနီကြီးက ထင်းရှူးမီးရောင်တွင် ဖိတ်ဖိတ်လ
နေသည်သို့ . . ။ သူ၏ ကြီးမားကျယ်ပြန့်လှသော ပါးပျဉ်းကြ





ယ်ညာယိမ်းနွဲ့လျက် စမစ်ကို သူ၏ နီရဲသော မျက်လုံး
ကြီးများနှင့် စူးစူးရဲရဲ ကြည့်နေသည်မှာ သာမန် အသည်းငယ်
သူများအဖို့ လိပ်ပြာများပင် လွင့်စင်သွားနိုင်ပါ၏။

ထိုစဉ်မှာပင် မြွေနဂါးနီကြီးမှာ သူ၏ ရှည်လျားသော
အမြီးကိုထောက်ကာ ပါးပျဉ်းကြီးကို ဂူအမိုးထိတိုင် မိုးလျက်
ရှူးတိုးနေသံငင် ပြုနေရာမှ ရုတ်တရက် သူ၏ ကြီးမားလှသော
အစွယ်ကြီးနှစ်ချောင်းနှင့် စမစ်ထံသို့ ဝိုးခနဲ ပေါက်ချလိုက်
သည်နှင့် . . .

"ဟေး"

စမစ်တလည်း သူ၏ တစ်ခုတည်းသော လက်နက်
ငယ်လေးဖြင့် မြွေနဂါးကြီး၏ ကြီးမားပြူးကျယ်လှသော မျက်လုံး
ကြီးအား တစ်စုံတစ်ခုသော ဆွဲငင်အားဖြင့် ထိုးချလိုက်ပါ
တော့သည်။

"ရှူး . . ရှီ . . ရှီ . . "

တူးရှူကျယ်လောင်စွာ အော်မြည်လိုက်သည့် မြွေနဂါးကြီး
၏ အော်သံကြီးများက မိုးခြိမ်းသံကြီးကဲ့သို့ ပေါ်ထွက်လာပြီး
စမစ်အား ပေါက်ချလိုက်ပါလေ၏။

"အား . . . အား . . ."

တစ်ချိန်တည်းမှာပင် မြွေနဂါးနီကြီးက သူ၏ ကြီးမား
လှသော ခန္ဓာကိုယ်ကြီးဖြင့် စမစ်အား လျင်မြန်စွာ ရစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ တဖျပ်ဖျပ်နှင့်မြည်သံ၊ အရိုးကျိုးကြေသံကြီးမျာ
ဂျမဒါမင်းဒင် ကြားလိုက်ရပြီးသည်နှင့် နတ်ဆရာဝီလ်သ
နိမိတ်ဖတ်မီးခိုးလှိုင်းကြားမှ စမစ်၏ နိမိတ်ပုံအတိုင်း
မြင်တွေ့လိုက်ရပါချေပြီတည်း။

"ဘာ . . ဘုရား . . ဘုရား . . စမစ် . . စမ"

ပြားချပ်ပျော့ခွေလျက်ရှိသည့် စမစ်၏ ခန္ဓာကို
ကြီးအား မျက်လုံးတစ်ဖက် ခေါးမြှောင်တန်းလန်း စိုက်
နေသည့် မြွေနဂါးနီကြီး၏ ပါးစပ်ပျားတွင် တားတန် ပါ
သည်ကို ထိတ်လန့်အံ့ဩစွာ တွေ့မြင်နေရပါ၏။

ထိုစဉ် မြွေကြီး၏ တစ်ဖက်တည်းသာကျန်ရှိသ
မျက်လုံးနီနီကြီးက ဂူပေါက်ဝတွင် ထင်းရှူးမီးတိုင်တစ်ချေ
ကိုင်ကာ ကြောင်ငေးငေးရပ်ကြည့်နေသည့် ဂျမဒါမင်းဒင်
စူးရဲစွာ စိုက်ကြည့်နေပါချေပြီ။ ထိုအချိန်တွင် ဂျမဒါ မင်းဒင်
မည်သို့ ဖြစ်သွားလေသည်မသိ၊ သူ၏ ခန္ဓာ ကိုယ်ကြီး
ရုန်းကန်လှုပ်ရှား၍ မရတော့ဘဲ မြွေကြီး၏ မျက်လုံး ကို
ငေး၍ ကြည့်နေမိသည်။

နောက်ဆုံး မလှမ်းမကမ်းမှ အခြေအနေ စောင့်ကြ
နေသည့် သို့နှင့် ကပ္ပတိန်ဝီလ်ဆင်တို့က ဂျမဒါမင်းဒင်
ပြေး၍ ဝင်ဆွဲကာ တောက်တံခါးဝသို့ ကျဉ်းကျဉ်းကျပ်ကျ
အလု အယက် ထွက်ပြေးလာခဲ့ကြပါတော့သည်။

---

ခု နှစ် စဉ် ကြယ် စာ ပေ



နဂါးခံတွင်းထဲမှာတော့ စမစ်၏လက်ချက်ဖြင့်
ျက်လုံးတစ်ဖက် ကန်းသွားပြီဖြစ်သော မြွေနဂါးကြီး၏ စူးရှ
ကျယ်လောင်စွာ အော်မြည်လိုက်သည့် မြွေတွန်သံကြီးကသာ
ါးကြီးထစ်ချွန်းသံအလား ပဲ့တင်လျက် ကျန်ခဲ့ပါချေပြီတည်း။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း(၁၄)

## မရဏခံတွင်း နဂါးခံတွင်း

နောက်တစ်နေ့နံနက် နှင်းမြူများ လွင့်စင်ပျက်ပျောက်သော အချိန်တွင် နတ်ဆရာဂီလီယိုသည် သူ၏နောက်ပါ နာဂစစ်သား အချို့နှင့် ဂျမဒါမင်းဒင်တို့၏ လက်နက်နှင့် တျည်ဆန်များကို လာရောက်၍ ပေးအပ်ကြသည်။ ဂျမဒါမင်းဒင်က တိတ်ဆိတ်စွာ လက်ခံလိုက်သော်လည်း ကပ္ပတိန်ဝီလ်ဆင်မှာ ရှုံးရှုံး ရှားရှားဖြင့် ဒေါသထွက်လျက်ရှိပါလေ၏။





"အို လူစိမ်းစစ်သားတို့ . . . ဒီမှာရှိနေကြသေးတာကိုး၊ ...ထက် ဟိုလူဖြူလေးတစ်ယောက်တော့ မတွေ့ရပါလား . . . ...ယ်တို့များ ခရီးလွန်နေပါသလဲ"

"တော်စမ်းပါ မှော်ဆရာလူညာကြီးရယ် . . . စမစ်ဟာ ...ဖြစ်လို့ ပျောက်နေတယ်ဆိုတာကို သိရက်သားနဲ့ ငါတို့ကို ...မေးနေရသေးတယ် . . . ငါ့အချစ်ဆုံး ရဲဘော်တစ်ယောက် ...ာ နင်တို့ရဲ့ နဂါးခံတွင်းက မြွေနဂါးကြီးရဲ့ သားကောင်ဖြစ် ...ွားပြီလေ မှော်ဆရာရဲ့"

ကပ္ပတိန်ဝီလ်ဆင်က ဟန်ပင်မဆောင်နိုင်အောင် ...လီယိုအား လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောချလိုက်သည်ကို ...ဒါ မင်းဒင် မသိသလိုယောင် ဆောင်နေလိုက်သည်။ ...ကိုယ်တိုင်ကလည်း သူ့တပည့် စမစ်အတွက် ရင်နာ ...ကြကွဲနေရသည် မဟုတ်ပါလား။ သျှိသျှိုင်းက သူမ၏ဖခင် ...်းထံ ပြန်သွားသည်မှာ သူတို့ထံသို့ ပြန်၍ ရောက်ရှိမလာခဲ့ ...သေးပါ။

"အင်း အဲဒီလူဖြူလေးက မြွေဆိုရင် သိပ်ချစ်တတ် ...တိုး . . . ဟိုတစ်လောက နတ်တွင်းစင်ထဲမှာ သူ့ဘောင်းဘီ ...တ်ထဲက မြွေဇွတွေထွက်လာကြတာ မှတ်မိကြသေးတယ် ...ုတ်လား . . . အခုတော့ မြွေချစ်တဲ့ လူဖြူလေး မြွေနဂါး ...်းနဲ့အတူ နဂါးခံတွင်းမှာ ဆော့ကစားရင်း ကျန်ရစ်ခဲ့ပြီပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ဟင်း"

"တောက်"

နတ်ဆရာဂီလီယို၏ စကားဆုံးသည်နှင့် ကပ္ပတိ ဝီလ်ဆင် က နှာကျည်းစွာ ခေါက်လိုက်သည့် တောက်ခေါ သံကြီးက ပေါက်ကွဲလွင့်စင်ထွက်လာခဲ့သည်။

"အို လူစိမ်းစစ်သားတို့ ... ငါတို့မှာ အပြစ်မရှိ နဂါးခံတွင်းသို့ ကျူးကျော်ဝင်ရောက်သွားကြသူတွေမှာသာ အပြ ရှိပါတယ် ... ငါကိုယ်တိုင် သင်တို့ကို မသွားကြဖို့ တား ခဲ့သေးတာပဲ ... သင်တို့ကမှ နားမထောင်ဘဲ မိုက်မဲချင် တာကိုး ... နောက်ထပ်တစ်ကြိမ် ထပ်ပြီး သတိပေးလို ဦးမယ် ... သင်တို့ဆန္ဒနဲ့ သင်တို့ နဂါးခံတွင်းကို သွားလို သွားနိုင်တယ် ... မည်သူမျှ မတားဆီးစေရဘူး ... ဒါပေမယ့် နောက်တစ်ကြိမ်သွားဖို့ ဆန္ဒရှိမယ်ဆိုရင်တော့ ပော လက်နက်တွေနဲ့ မီးပေါက်ပစ္စည်းတွေကို ပြန်ပြီး ယူဆောင်သွား ပါဦးမယ်"

"ယူသွား .. ယူသွားကြ ... ဘာလက်နက်မှ မပါ နင်တို့ရဲ့ မြွေနဂါးကြီးကို ငါကိုယ်တိုင် သတ်ပြမယ် ဂီလီယို"

ဒေါသ အကြီးအကျယ်ထွက်နေသည့် ကပ္ပတိ ဝီလ်ဆင် ကို အသာနောက်သို့ ဆွဲခေါ်လိုက်ပြီး ဗျမဒါမင်းဒင် နတ်ဆရာ ဂီလီယိုနှင့် မျက်နှာချင်းဆိုင်လိုက်သည်။





"ဒီမှာ ဂီလီယို ... နဂါးခံတွင်းကို ငါတို့ နောက်တစ် ပြန်ပြီးသွားဦးမှာ ... အေး နင်ပြောတဲ့စကားအတိုင်းသာ ပါစေ ... ငါတို့ရဲ့ ခရီးကြားမှာ ဘာအတားအဆီးမှ စေနဲ့ ဂီလီယို"

"ဟား ဟား ဟား ဟား ဟား ... သင်တို့အသက်ကို ငင်တော့ဘူးလို့ဆိုတဲ့ တစ်နေ့ နဂါးခံတွင်းကိုသာ သွားဖြစ် သွားလိုက်ကြပါ ... နဂါးခံတွင်းက အစောင့်တော် ဂါးနီကြီးဟာ အလွန်ဆာလောင်တတ်တယ် ... စမစ်လို ယ်လှတဲ့ လူတစ်ကိုယ်စာလောက်ဟာ မြွေနဂါးကြီး ကြက် အစွယ်ကြားမှာ ညှပ်နေတဲ့ အသားမျှင်တစ်စလောက်ပဲ ှိမယ်ကွဲ့"

"အဲဒီတော့ သင်တို့ သွားရဲမယ်ဆိုရင် မြွေနဂါးကြီးကို သတ်ကြပါ ... သင်တို့ကို ဘယ်သူမှ မတားဆီးစေရဘူး၊ ောင့်တော်မြွေနဂါးကြီးကို သင်တို့ သတ်နိုင်ရင် 'မြွေနဂါး င်'ဆိုပြီး သင်တို့ကို ဘွဲ့ထူးကြီးတွေ ပေးလိုက်ဦးမယ် ဟင်း း ဟင်း"

နတ်ဆရာဂီလီယို၏ အောက်ကာလီအာ ရယ်မောသံ ခြောက်ကပ်ကပ်နှင့် ပေါ်ထွက်လာပြီးနောက်မှာတော့ ါမင်းဒင်တို့၏ လက်နက်နှင့် ကျည်ဆန်များကို ပြန်လည် ယူကာ တဲ[illegible]းအတွင်းမှ ထွက်ခွာသွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာတော့ နံနက်ခင်း၏လက်ကျန် မြူနှင်းမျှား... လွင့်ပျယ်ထွက်ပြေးသွားကြပြီး နေခြည်အလင်းတန်းမျှား... နေရယူ ကျဲဖြန့်လျက်ရှိပါချေပြီတည်း။

✧ ✧ ✧

BURMESE CLASSIC .com



နေလုံးနီနီကြီးက လွှယ်ရှိထန်တောင်ထိပ်ဖျားတွင် ...တင်ခိုနားစပြုနေပါပြီ . . . ။

အမျိုးအမည်မသိသော အဖြူရောင်ငှက်လေးများက ...လိုက်ဆိုး၍ ခင်းချောင်းများထက်သို့ ပျံသန်းသွားကြသည်။ ...ဝိုးယှက်ဖြာနေသည့် တိမ်ရောင်စုံညနေခင်းတစ်ခု၊ စိမ်းညို့ ...တောင်တန်းနှင့် ရှည်ခမျှောမျှောခင်တန်းရှည်ကြီးက တောင် ...နှင့် ချောင်းရေပြင်တို့ကို အနားသတ် မျဉ်းဖြတ်တားပေး ...ပါ၏။

ညှင်းသွဲ့သွဲ့ညနေခင်းလေပြည်တွင် ရနံ့ပျော့ပျော့ ...ပန်းရနံ့တို့ ငဲခို၍ လွှင့်မျောပါလာကြသည်။ ချောင်းရေစင်...



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ဂျမဒါမင်းဒင်နှင့် သျှီသျှိုင်းတို့နှစ်ဦး ယှဉ်ပ
လျှောက်လာကြသည်။

ကပ္ပတိန်ဝီလ်ဆင်ကို ခေါ်သော်လည်း ခေါင်း
သောက်ချင်သည်ဟူသော အကြောင်းပြချက်ဖြင့် နား
တဲအိမ်မှာပင် တစ်ယောက်တည်း ခေါင်းရည်သော
ကျန်ရစ်ခဲ့သည်၊ ဂျမဒါ မင်းဒင်နှင့် သျှီသျှိုင်းမှာလ
စမ်းချောင်းစပ်သို့ ရောက်လာ ခဲ့ကြသည့်တိုင် နှစ်ယောက်
စကားမဆိုဖြစ်ကြသေး၊ အတွေးကိုယ်စီဖြင့် ငြိမ်သ
နေကြသည်။ အတန်ကြာမှ ချောင်း ရေစပ်တွင် နှစ်ယောက်
သင်သာစွာ ထိုင်လိုက်ကြရင်း . .

"အင်း သျှီလည်း ငါတို့အတွက် ဝီလီယံအုပ်စုနဲ့ အင
အခံတွေဖြစ်လာပြီ . . . တော်ကြာ ခည်းရုံးရေးဆင်း
အင်အားစုကာမှ အားလုံး ပဋိပက္ခဖြစ်ကုန်ရင် မကောင်း
သျှီ . . . အဲဒါကြောင့် ငါတို့ ရှေ့ဆက်ပြီး ဘာလုပ်ကြမလဲဆို
စဉ်းစားရပြီ"

"အို ဘာမှစဉ်းစားစရာမလိုတော့ဘူးလေ . . .
ဆိုရင် ငါဟို့ဘက်က စမစ်ကိုတောင် အလျှော်ပေးလိုက်
ဆိုတော့ နတ်ဆရာဂီလီယံရဲ့ ဝိနိုဝေါ်ဘာကို လက်ခံပြီး
အတွက် လက်စားချေရင်း နဂါးခံတွင်းက မြွေနဂါးဒီကြ
သတ်သင်ပစ်ဖို့ပဲ ရှိတော့တယ်"





မြွေဟောက်မလေး သျှီသျှိုင်းကတော့ သွေးဆူတတ်သူ
ယှဉ်ပြိုင်တိုက်ခိုက်ခြင်းနှင့် ပဋိပက္ခတိုက်ပွဲဆီသို့သာ ဦးတည်
ပါ၏။

"မဟုတ်သေးဘူး သျှီ . . . အဲဒီလို ဇွတ်တရွတ်
စောက်တန်းလုပ်လို့ မရသေးဘူး . . . အေး ငါ့လိုပဲ နင့်ရဲ့
လုံ့ဘူကြီးလည်း ခေါင်းပူမတတ် စဉ်းစားနေရမှာပဲ . . .
ဖြစ်လို့လဲဆိုတော့ အခု ငါတို့လျှောက်နေတဲ့ လမ်းကြီးဟာ
ခုခု လွဲချော်မှားယွင်းသွားတာနဲ့ နင်ရော၊ နင့်အဖေရော
ဒီလွယ်ရှိုထန်ကနေ အဝေးဆုံးကို လွင့်စင်ထွက်သွားကြ
နော်"

လေးလေးနက်နက်ပြောဆိုနေသည့် ဂျမဒါမင်းဒင် ၏
းများကြောင့် သျှီသျှိုင်းက ဂျမဒါမင်းဒင်၏ မျက်နှာ အား
းစိုက်ကြည့်နေမိပါ၏။ သူမ၏စိတ်ထဲ နှလုံးသားထဲတွင်
ယ်တိတ်တလေး သံယောဇဉ်ငြိတွယ်နေသော ဂျမဒါ
ဒင်မှာ သူမနှင့် ဖခင်ကြီးအတွက် စိုးရိမ်ပူပန်နေမှုကြောင့်
ထဲတွင် ကျေနပ်ပီတိဖြစ်နေပါသည်။

"ဂီလီယံဟာ ငါတို့ရဲ့ထွက်ပေါက်တွေကို တစ်ခုချင်း
ပြီးပိတ်နေပြီ သျှီ . . . ဒါ့အပြင် ထွက်ပေါက်တွေတိုင်း
ည်း ထောင်ချောက်တွေအပြည့်နဲ့၊ ခြေလှမ်းတစ်ချက်
တာနဲ့ ဘဝပျက်ရင်ပျက်၊ ဒါမှမဟုတ် အသက်သေရင်သေပဲ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနှစ်ခုကလွဲရင် လောလောဆယ် ငါတို့မှာ ရွေးချယ်ခရာ
မရှိဘူး သျှိ"

"အဲဒီလိုဆိုရင် ရှေ့ဆက်ပြီး နင်ဘယ်လိုလုပ်မယ်
စိတ်ကူးထားလို့လဲ မင်းဒင်"

ဂျမဒါမင်းဒင်မှာ သျှိသျှိုင်း၏မေးခွန်းကို ချက်ချ
မဖြေနိုင်။ စိမ်းညို့အုံ့မှိုင်းနေသည့် တောင်ခင်အထပ်ထပ်ရှိရာ
အတန်ကြာမျှ ငေးမော်ကြည့်နေပါ၏။ စင်စစ် ဂျမဒါ မင်းဒင်
သွေးအေးသောနည်း၊ လျှို့ဝှက်သော လုပ်ရှား မှုဖြင့် ပင်
နည်းနိုင်သမျှနည်းအောင် ပြုလုပ်ပြီးမှ ငြိမ်းချမ်း
နည်းလမ်းများဖြင့် ဖြေရှင်းချင်သည်။ ထိုရောအခါ
တစ်စုံတစ်ခု လွဲချော်ခဲ့သည်ရှိသော် သျှိနှင့် သူ၏အဖေ လုံ
ထန်သျှိုင်းတို့နှင့်အပေါ် နာဂတိုင်းရင်းသားများ အမြင်မလွဲ
ကြပေ။ မည်သို့ပင်ဖြစ်စေ သူ့အတွက်နှင့် သျှိတို့သား
မြေဇာပင်အဖြစ်မခံနိုင်။

သို့သော် နတ်ဆရာဂီလီယိုက လွန်စွာမှ ကွက်
မြင်တတ်သူဖြစ်သည်။ သျှိသျှိုင်း၏ တဇွတ်ထိုးညည်ကို
ချလျက် လူစိမ်းစစ်သားကောင်များနှင့် လုံဘုထန်သျှိုင်း
အပေါ် အကျဉ်းအကျပ်တွေ့အောင် လုပ်ဆောင်သည်။
သူ၏ အားထားရဆုံးသော ရဲဘော်စမင်အား ဒေါသများ
ပေါက်ကွဲအောင် သွေးထိုးလှုံ့ဆော်၍ သေတွင်းသို့ တွန်းပို့





ဟုတ်ပါလား။ ငြိုးလျှင် သျှိသျှိုင်းနှင့် ကပ္ပတိန်ဝီလ်ဆင်တို့၏
ဒေါသ မီးတောက်တို့ကို လေပင့်ပေးမည်။ ထို့နောက်
ဂူတွင်းသို့ ထပ်မံကျဆင်းစေရန်ဟူသော ရည်ရွယ်ချက်
ဖြင့် နူးညံ့သိမ်မွေ့ သော၊ ပျော့ရည်ဖုံးထားသော
သင်ချောက်ကြိုးဖြင့် တန်ဆာဆင် ထားလျက် ရှိပါချေပြီ
တကား။

"ဒီမှာ သေသေချာချာနားထောင်စမ်း သျှိ . . . ဂီလီ
ဟာ သူ့ရဲ့ တစ်စုံတစ်ခုသော ပညာရပ်နဲ့ လွယ်ရှိထန်တစ်ရွာ
ကို သိမ်းသွင်းနိုင်တယ် . . . ခြောက်လှန့်နိုင်တယ် . . .
နှိုးဟောက်ခိုင်းစေနိုင်တယ် . . . ဒါပေမယ့် မင်းတို့ရဲ့
ထုံးတမ်းအစဉ်လာအရ ဂီလီယိုဟာ လွယ်ရှိထန်ရဲ့ ရွာခေါင်း
လုံဘု မဖြစ်နိုင်ဘူး . . လုံဘုက တရားမျှတမှုရှိတယ် . .
ဖြတ်ချက်မှန်ကန်တယ် . . . ဘက်လိုက်မှုမရှိဘူး . . .
ဒီတော့ လုံဘုထန်သျှိုင်းရှိနေသမျှ လွယ်ရှိထန်ကို
ဖြယ်လှယ်ချင်တိုင်း ခြယ်လှယ်လို့မရနိုင်ဘူးဖြစ်နေတယ်"

ဂျမဒါမင်းဒင် ပြောပြမှပင် နတ်ဆရာဂီလီယိုကြီးက
ဖခင်ကြီးအပေါ် အမြင်မကြည်သဘောထားမမှန်ခဲ့ခြင်း
ကို ပြန်လည်မြင်ယောက်လာမိပါသည်။

"အခုလည်းကြည့် . . . ဟိုးဘိုးစဉ်ဘောင်ဆက်က
ခဲ့တွင်းရဲ့ ထစ်ချုန်းအော်မြည်ခဲ့တာတွေ၊ လေမိုးမမှန်



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတု ဆိုးဝါးခဲ့တာတွေကို အကြောင်းပြပြီး လုပ်ဆောင်ချက်တွေမှာ မရိုးသားမှုန်း မင်းတို့သား ရိပ်စားမိတာကို သူ ကြိုသိနေတယ် . . . ဒါ့ပေမယ့် ရိုးအ နာဂတိုင်းရင်းသား တွေက မသိကြဘူးလေ . . . ဝီလ လှည့်ဖျားခြောက်လှန့်မှုတွေ အောက်မှာပဲ အထိတ် အလန့်လန့်နဲ့ နေကြရှာတယ်၊ လွှယ်ရှီထန်တစ်ကြော နဂါးခံတွင်းက မြွေနဂါးနီကြီးနဲ့ ခြောက်လှန့်ထားခဲ့လေ အားလုံးက နတ်ဆရာဂီလီယိုကိုပဲ ဂရုစိုက်ပြီး ကြည့် ရတယ် သို့"

"အင်း ဒီလိုအခြေအနေကို တော်လှန်ဖို့အလ မလွယ်လှဘူး . . . လမ်းကြောင်းတွေမှန်သမျှ ပိတ်ပစ် တယ် . . . အခုပဲကြည့်လေ ထန်းလုံးလောက်ရှိတဲ့ မြွေ နီကြီးဆီကို လက်နက်မပါ လေသာက်သက်သွားပြီး သတ် တာဟာ ဂီလီယိုရဲ့ စေတနာသက်သက်လို့များ မင်းသ သလား သို့"

သို့သိုင်း၏ မျက်ဝန်းညို့ညို့တွင် မျက်ရည်စတို့ ရစ်ဝိုင်းလာကြပါပြီ၊ ယခုမှပင် အခြေအနေမှန်ကို သို့ နားလည်သဘောပေါက်လာသဖြင့် သူမနှင့် ဖခင်ကြီးတို့၏ ပနိုင်သော အနာဂတ်ဘဲကြမ္မာကို လှမ်းကြို၍ တွေ့မြင်လိုက် ချေပြီတည်း။ တစ်ဆက်တည်းမှာပင် သူကိုယ်တိုင် ချစ်မြ





လောက် အားထားယုံကြည်မိပါသော ဂျမဒါမင်းဒင်၏ က်နှာအား ချစ်ခိုပ်သန်းသော မျက်လုံးအစုံဖြင့် မော့ကြည့်ရင်း

"မင်း. . မင်းဒင်ရယ် . . . ငါ ငါတို့သားအဖကို မထားပါနဲ့နော် . . . ငါ လေ ငါ ငါ အဟင့် ဟင့်"

သို့သိုင်းမှာ ခမ်းနည်းစွာငိုရှိုက်ရင်း ဂျမဒါမင်းဒင်၏ ်ခွင်ထဲသို့ တိုးဝင်ကာ ရှိုက်ငင်ငိုကြွေးနေမိပါသည်။ ဂျမဒါ င်းဒင်ကလည်း သနားစဖွယ် ရှိုက်ငင်ငိုကြွေးနေသည့် နာဂ ်းသမီးလေး သို့သိုင်းအား ကြင်နာစွာ ထွေးပွေ့ထားလိုက်ပြီး ်သိမ်ခဲ့နေမိပါတော့သည်။

လွှယ်ရှီထန်တောင်ကုန်းထိပ်မှ နေလုံးနီနီကြီးက ရှက်ရွံ့ န်ဖြင့် တစ်ခတစ်ခ နစ်မြှုပ်ပျောက်ကွယ်သွားပါလေ၏။

ထို့အတူ ငြိမ့်ညောင်းစွာ စီးဆင်းနေသည့် စမ်းချောင်း ယ်သည်ပင် သူ၏ သီဆိုမှုတေးပဋ္ဌင်ကို ရပ်တန့်ကာ မှုံပျပျ ောင်ကြားဆီသို့ ငုံလျှိုးစီးဝင်သွားပါ၏။ ထို့အတူပင် သင်းပျံ့ပျံ့ ွင့်မျောနေသည့် တောပန်းရနံ့လေးများသည်သာ သူတို့နှစ်ဦး ်းကျင်တွင် မွှေးပျံ့ထုံသင်းလျက် ကျန်ခဲ့ပါလေတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

### ဧ မြေနဂါးနိုကြီးဇါနိဂုံး

ထိုနေ့ညနေက သို့သျှိုင်းအားပြန်ပို့ရင်း သူ့ဒေါ်ပခင်
လုံ့ဘူထန်သျှိုင်းနှင့် စကားပြောတောင်းနေခြင်းကြေ
သူတည်းခိုနားစက်ရာ ထဲကြီးသို့ ဂျမဒါမင်းဒင် ပြန်ရေ
ရောက်ရှိသည့်အချိန်မှာတော့ အတန်ပင် မိုးချုပ်နေပြီဖြစ်ပါ
တဲကြီးအတွင်းဝယ် မှောင်နေသဖြင့် ကပ္ပတိန်ဝီလ်
တစ်ယောက် ခေါင်ရည်သောက်များခြင်းကြောင့် မှောက်





ဟု မှတ်ယူတာ ဂျမဒါမင်းဒင် အသာပင်ဝင်လာခဲ့သည်။
ဘာင်းဘီအိတ်ထဲမှ မီးခြစ်ကိုခြစ်ကာ ဝါးစားပွဲပေါ်မှ ကညင်
မီးတို ထွန်းညှိလိုက်မှ အိပ်ယာထက်တွင် ကပ္ပတိန်ဝီလ်ဆင်
ရှိမှန်း သိလိုက်ရပါ၏။

"ဆော် ဒီကောင် ခေါင်ရည်မူးမူးနဲ့ ဘယ်ကိုများ လျှောက်
သွားနေပါလိမ့်"

ဂျမဒါမင်းဒင်မှာ ဝတ်ဆင်ထားသည့် စစ်ဂျာကင် ကြီးကို
ချွတ်လိုက်ပြီး တဲထောင့်ရှိ သမင်ချိုတွင် ချိတ်လိုက်ရင်း
ကပ္ပတိန်ဝီလ်ဆင်ပျောက်နေခြင်းကို စဉ်းစား၍မရ ဖြစ်နေပါ၏။

"မဟုတ်သေးပါဘူး ... ခါတိုင်း ကပ္ပတိန်ဟာ
ဘယ်ကိုမှ တစ်ယောက်တည်း ထွက်မသွားတတ်ပါဘူး ...
ခုတျမှ ဘာဖြစ်လို့ ထွက်သွားရတာလဲ ... ဘယ်ကို
ထွက်သွားတာလဲ"

ရုတ်တရက်မို့ ဂျမဒါမင်းဒင် ဘာလုပ်၍ ဘာကိုင်
ရမည်မသိ ဖြစ်နေပါ၏။ ထို့ကြောင့် ကပ္ပတိန်ဝီလ်ဆင်
နှင့်ပတ်သက်၍ တတ်နိုင်သမျှ တွေးခေါ်ဆက်စပ်ကြည့်
နေမိသည်။ သူ တဲကြီးအတွင်းမှ ထွက်ခါနီးအချိန်ထိ
ကပ္ပတိန်ဝီလ်ဆင်တစ်ယောက်တည်း ခေါင်ရည်သောက်၍
ကျန်ရစ်ခဲ့သည်။ အချိန်ကို တွက်ချင့်ကြည့်လိုက်တော့
ဂျမဒါမင်းဒင်နှင့် သျှီသျှိုင်းတို့ တဲအတွင်းမှ ထွက်လာကြစေ



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းနှစ်နာရီခန့် ရှိပါပြီ။ ယခု ညရှစ်နာရီ ကျော်၍
အချိန်(၆)နာရီကျော်ခန့် ကပ္ပတိန်ဝီလ်ဆင် ပျောက်နေ၍
ဖြစ်သည်။

"အင်း ဧကန္တ ကပ္ပတိန် တစ်နေရာရာမှာ မူး
လဲနေတာထင်တယ် . . . စမစ်နဲ့ပတ်သက်ပြီး သူ တော်တေ
ခံစားနေရပုံရတယ် . . . . မနက်ကတည်းက ဂီလီယံ
မြွေနဂါးနီကြီးကို သတ်ခယ်ဖြတ်မယ်နဲ့ ကြိမ်းမောင်း နေ
. . . ဟင်း ခုချိန်ကျမှ အချိန်ကလည်း မှဲ့နေပြီ . . . ထွ
လိုက်ရှာပြန်ရင်လည်း ဘယ်သွားလို့ ဘယ်ကိုလာမှန်း မသိ
. . . ဟူး တော်တော်ဒုက္ခပေးတဲ့ကပ္ပတိန်ပဲကွာ"

ဂျမဒါမင်းဒင်မှာ ထိုင်မရ၊ ထမရနှင့် ကပ္ပတိန်ဝီလ်ဆ
အတွက် ပူပန်စိတ်က ငယ်ထိပ်သို့တိုင် တက်လာခဲ့ပြီထင့်။ တ
တစ်စ ညည့်နက်လာခဲ့ပြီမို့ အပြင်ဘက်တွင် တဖျောက်ဖျော
နှင့် ကျဆင်းနေသည့် နှင်းမိုးစက်ကျဲသံတို့ကသာ ညည့်ကမ္ဘာ
ကြီးစိုးမင်းမူနေကြပါသည်၊

နောက်ဆုံး မထူးတော့ပြီမို့ တဲအတွင်းမှ မီးဖိုလေး
မီးထပ်ဖြည့်ပြီး မီးဖိုအနီးမှာပင် အိပ်ယာခွေ့ပြောင်း
လဲလျောင်းရင်း ကပ္ပတိန်ဝီလ်ဆင် အလာကိုသာ စောင့်မျှော်
ပါလေတော့၏။ ပျင်းရိဖွယ်ကောင်းသော နှင်းမိုးစက်သံများ
နားထောင်ရင်း မီးဖိုဘေးမှာပင် ဂျမဒါမင်းဒင် မှေးခနဲ အိပ်ပျေ





သွားပါလေတော့သည်။

ဂျမဒါမင်းဒင် မည်မျှကြာကြာ မှေးခနဲ ငိုက်မြည်း
သွားသည်မသိ။ အရုဏ်ကျင်းလုလုအချိန်လောက်တွင် တဲတံခါး
သို့ ချဉ်းကပ်လာသော ခြေသံတစ်စုံကြောင့် ဖျတ်ခနဲ လန့်နိုး
လာခဲ့သည်။

ထိုအချိန်တွင် တဲတံခါးဝတွင် ကပ္ပတိန်ဝီလ်ဆင်က
ဟားမားကြီး ရပ်လျက် ရှိနေပါပြီ။ သူ၏ စစ်ဂျာကင် ဖားဖားကြီး
တွင် ကပ်ညိ တင်ကျန်နေသည့် နှင်းစက်နှင်းမှုံများကို
ပ်ကြမ်းကြမ်း ရိုက်ဖယ် လိုက်ပြီးမှ တဲအတွင်းသို့ တစ်လှမ်းချင်း
ဝင်ရောက်လာသည်ကို ဂျမဒါမင်းဒင် မြင်တွေ့လိုက်ရသည်နှင့်
. . .

"ဟာ. . . ကပ္ပတိန် . . . တစ်နေကုန်၊ တစ်ညလုံး
ဘယ်တွေမှာသွားပြီး မူးလဲနေတာလဲဟင် . . . ဒီမှာဖြင့်
စိတ်ပူလိုက်ရတာ ဘယ်ကိုလိုက်လို့လိုက်ရမှန်း မသိနဲ့. . . ဟင်း"

ဂျမဒါမင်းဒင်၏ စကားကို ကပ္ပတိန်ဝီလ်ဆင်က
ချက်ချင်း မဖြေနိုင်သေး။ မီးလင်းဖိုလေးအနီးတွင်
ခြေပစ်လက်ပစ် ထိုင်ချ လိုက်သည်။ ပြီးမှ . . .

"တစ်ယောက်တည်းနေရတာ ပျင်းလို့၊ နောက်ပြီး
စမစ်ကိုလဲ သတိရလို့ နဂါးခံတွင်းကိုသွားပြီး မြွေနဂါးနီကြီးနဲ့
သွားကစားနေတာကွ ဂျမဒါရ . . ဟင်း . . . ဟင်း . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကပ္ပတိန် . . . စကားကို အတည် နေတာနော် . . . ပေါက်တတ်ကရတွေ လာပြီး ပြောမ ကပ္ပတိန်မူးပြီး ဘယ်ချောင်မှာသွားပြီး အိပ်ပျော်နေတာလဲ"

ဂျမဒါမင်းဒင်က စိတ်မရှည်ဟန်နှင့် ပြောလိုက်သော ကပ္ပတိန်ဝီလ်ဆင်က သူ၏ဂျာကင်အိတ်ကြီးထဲသို့ လက်နှိုက် တစ်စုံ တစ်ခုကို ထုတ်ယူလိုက်ပြီး ဂျမဒါမင်းဒင်၏ မျက်နှာ သို့တိုင် တိုးကပ်ဝှေ့ယမ်းပြလိုက်ပါ၏။

"ဩော် ငါတတယ်ပြောနေတာ ဂျမဒါ . . . ဒီမှာ အိပ်ပျော်နေတဲ့ မြွေနဂါးနီကြီးရဲ့ မျက်လုံးမှာ စိုက်ဝင်နေ စမစ်ရဲ့ ဓားမြှောင်လေးကိုတောင် ငါ ပြန်ပြီး နှုတ်ယူလာ သေးတယ် . . . ဒီမှာကြည့်စမ်း ဂျမဒါ"

ဂျမဒါမင်းဒင်မှာ မယုံသင်္ကာမျက်လုံးအစုံနှင့် စမစ်၏ ဓားမြှောင်ကိုတစ်လှည့် ကပ္ပတိန်ဝီလ်ဆင်ကိုတစ်လှည့် ကြည့်နေမိသည်။

"အင်း ဓားမြှောင်ကတော့ စမစ်ရဲ့ ဓားမြှောင်ပဲ . . ဒီဓားမြှောင်နဲ့ မြွေကြီးရဲ့မျက်လုံးကို သူ နောက်ဆုံးအကြိမ် ထိုးလိုက်တာကို ငါမြင်ရတယ် . . . ဒါပေမယ့် ကပ္ပတိန် ဘာလက်နက်မှမပါဘဲနဲ့ မြွေနဂါးနီကြီးကို ဘယ်လိုလုပ် သတ်ခဲ့တာလဲ ကပ္ပတိန်"

"ဩော် ခက်ပါ့ဘိ ဂျမဒါရယ် . . ဒါကြောင့်လည်





ကိစ္စကို ဂျမဒါကို ဖွင့်မပြောခဲ့ဘဲ ငါနည်းငါ့ဟန်နဲ့ ဖြေရှင်းခဲ့တာ၊ ဒါ သဘောအတိုင်းသာဆိုရင် ဘာမဆို တရားမျှတ ရမယ်၊ ယောကျ်ားပီသ ရမယ်၊ ရန်သူကို ဘယ်တော့မှ နောက်ကျောကနေ မဒားနဲ့မထိုးဘူးဆိုတဲ့ စိတ်ဓာတ်က အရိုးစွဲ နေပြီ မဟုတ်လား"

"ဟုတ်တယ်လေ . . . ငါ့ရဲ့ ဘိုးဘွားမိဘတွေ၊ ငါ့ရဲ့ ဆရာသမားတွေက ငါ့ကို ဒီအတိုင်း သင်ထားခဲ့ကြတာပဲလေ၊ ဟာ ကောင်းမွန်ရင့်ကျက်တဲ့ ယောကျ်ားတိုင်း လုပ်ဆောင် ရမယ့် စိတ်ဓာတ်တွေပဲလေ. . နေပါဦး ဒါတွေပြောနေရအောင် ကပ္ပတိန်က မြွေကြီးကို အလစ်ချောင်းပြီး နောက်ကနေ တုတ်နဲ့ ထိုးသတ်ခဲ့လို့လား. . ဟင်း . ."

မေးခွန်းကတစ်ခြား၊ အဖြေကတစ်ခြား ဖြေနေသည်မို့ ဂျမဒါမင်းဒင်က ဒိတ်ပေါက်ပေါက်နဲ့ ကပ္ပတိန်ဝီလ်ဆင်ကို စောင်းပြီး ပြောဆိုလိုက်သည်။

"ဟီး ဟီး ဟီး . . . အဲသလိုကြီးတော့ ဘယ်ဟုတ်မှာလဲ ဂျမဒါရယ် . . . ဒါပေမယ့် စစ်တို့ရဲ့သဘောဆိုတာ ခြုံခိုပြီး တိုက်တိုက်၊ အသစ်အငိုက်မှာပဲ တိုက်တိုက်၊ အရေးကြီး တာက အနိုင်ရဖို့ပဲ မဟုတ်လား ဂျမဒါ . . . အေး အခုလည်း ဒီ မြွေနဂါးနီကြီးကို ရာသက်ပန် မနိုးလာသော အိပ်စက်ခြင်းနဲ့ ချော့ပြီး သိပ်ခဲ့ပြီးပြီကွ . . . အဲဒါ ဒီကောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အအိပ်မက်လဲဆိုတာ သိရအောင်လို့ မျက်လုံး စိုက်ဝင်နေတဲ့ စမစ်ရဲ့ မားမြှောင် နှုတ်ယူတာတောင် မနိုး ဂျမဒါရေ ဟင်း ဟင်း ဟင်း"

ဂျမဒါမင်းဒင်သည် ဒီတစ်ခါတော့ ကပ္ပတိန်ဗီလ်ဆင် စကားများကို အလေးအနက်ထားတာ နားထောင်နေပါ သူ၏ စကားအသွားအလာအရဆိုလျှင် နဂါးခံတွင်းမှ အစော တော် မြွေနဂါးနီကြီးသည် သူ၏လက်ချက်ဖြင့် သေဆုံးသွား ပြီဟု အခိုင်အမာ ပြောဆိုလျက်ရှိသည်။ သက်သေခံအဖြစ် မျက်လုံးတွင် စိုက်ဝင်နေသည့် စမစ်၏ မားမြှောင်လေးကို ဆွဲနှုတ်၍ ယူလာခဲ့သည် မတုတ်ပါလား။ သည်သို့ဆိုလျှ နတ်ဆရာဂိလိယိုနှင့် စိန်ခေါ်ထားသော စိန်ခေါ်ပွဲကြီးသ အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ပါ၏။ သို့သော် ဂျမ မင်းဒင် မယုံမရဲဖြစ်နေသည်ကတော့ အမှန်ပင်၊

လက်နက်ဆို၍ အပ်ဘိုတစ်ချောင်းမျှပင် မပါဘဲသော ကပ္ပတိန်ဗီလ်ဆင်မှာ ရက်စက်ကြမ်းကြုတ်သော မြွေနဂါးနီ အား မည်ကဲ့သို့ သုတ်သင်သတ်ဖြတ်ခဲ့ပါသနည်း။ ဤအကြော သူ တိတိကျကျ သိထားမှ ဖြစ်ပေမည်။

"ကိုင်း ကပ္ပတိန်ဗီလ်ဆင် ... ငါ့ကို ဟိုတွေ ကာလီတွေနဲ့ ဝေ့လည်လည်တွေ ပြောမနေနဲ့တော့ ... ကပ္ပတိန်ရဲ့ အင်မတန်တော်တဲ့ စစ်နည်းဗျူဟာ





မြွေနဂါးကောင်ကြီးကို ဘယ်လို သတ်ခဲ့သလဲဆိုတာသာ ပြပါတော့"

နောက်ဆုံး ဂျမဒါမင်းဒင်မှာ စိတ်မရှည်နိုင်တော့ ပြီမို့ ရင်းကိုသာ မေးမြန်းလိုက်ပါလေ၏။ ထိုအချိန်ကျမှ ပ္ပတိန်ဗီလ်ဆင်က မြွေနဂါးနီကြီးကို အောင်မြင်စွာ နင်းနိုင်ခဲ့ပုံကို ကြွားဝင့်စွာ ရှင်းပြလိုက်ပါတော့သည်။

"ဒီလိုကွ ဂျမဒါရ ... ငါဟာ ရှေးဟောင်းပစ္စည်း တွေနဲ့ ရှားပါးတဲ့ အဆိပ်တွေ လေ့လာစုဆောင်းတာ ဝါသနာ ဘယ်ဆိုတယ် မင်းအသိဆုံးပါနော် ... ငါတို့သွားခဲ့ကြ က မြက်ရိုင်းပင်တွေရှိတဲ့ စားကျက်မှာ ဆိတ်တွေ၊ သိုးတွေကို မြင်ခဲ့တယ် မဟုတ်လား ... ဟိုကွာ ဒီဆိတ်တွေဟာ နဂါး တွင်းက အစောင့်တော်မြွေနဂါးနီကြီးကို ကျွေးဖို့ဆိုတာလဲ သိတယ်နော်"

"အေးလေ သိတယ်လေ .. အဲဒါနဲ့ ဘာဆိုင်လို့လဲကွ"

"အာ တစ်ချိန်ချိန်မှာတော့ ဆိုင်လာမှာပေါ့ကွာ ... ယ်လိုဆိုင်လာမလဲဆိုရင် ငါဟာ မြန်မာစကားပုံတစ်ခုနဲ့ အဲဒီ ရာမမြွေနဂါးနီကြီးကို အေးအေးဆေးဆေးနဲ့ပဲ သတ်ဖြတ်နိုင် တာလို့ပြောရင် မင်းယုံပါ့မလား ဂျမဒါ"

"ဟာ ကပ္ပတိန် မိချောင်းသား လျှာရှည်လိုက်တာ ပါရောလား ... လိုရင်းတိုရှင်းသာ ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမင်းဒင်က စိတ်မရှည်တော့ပြီမို့ အော်ဟစ်ပြော လိုက်မှ ကပ္ပတိန်ဝီလ်ဆင်၏ စကားများက လျှော ခနဲ လျှော ထွက်ကျလာခဲ့ပါလေတော့သည်။

"အေး ဆိတ်တွေ၊ သိုးတွေရှိတဲ့ မြက်ရိုင်းတောစားကျ ဘက်ကို ငါရောက်လာတော့ အစောင့်တစ်ယောက်မှ မတွေ့ ရတော့ဘူးကွ . . . အချိန်ကလည်း နေဝင်ဆည်းဆာအချိန် ဆိုတော့ အစောင့်တွေများ လူချင်းချိန်းကြတဲ့ အချိန်လ မသိဘူး . . . အဲဒါနဲ့ ငါလည်း ဆိတ်တစ်ကောင်ကို ပါး ပိတ်ပြီး ဆွဲထုတ်လာခဲ့တယ် . . . ပြီးတော့ ခြုံကွယ်တစ်ခု ခဏနားရင်း ပါလာတဲ့ အဆိပ်ပုလင်းကိုဖွင့်ပြီး ဆိတ်တစ်ကို လုံးကို လိမ်းသုတ်လိုက်တယ် . . . ပြီးတာနဲ့ ဆိတ်ကို ဆွဲ လာခဲ့ပြီး နဂါးခံတွင်းရဲ့အဝ (ကျောက်တံခါးအဝင်ဝ)မှာ ချထ လိုက်တော့တာပေါ့"

"ဆိတ်ကလည်း တပဲပဲနဲ့ အော်နေသေးတယ် . . . တော်သေးတယ်ဟေ့ ကံကောင်းချင်တော့ အစောင့်တွေ တစ်ယောက်မှ ပေါ်မလာဘူးဟေ့ . . . ခဏနေတော့ ဂူပေါက်ဝမှာ ခုန်ပေါက်အော်ဟစ်နေတဲ့ ဆိတ်ဟာ ငြိမ်း ရပ်သွားပြီး ဂူပေါက်ဝဆီကို ပြေးဝင်လိုက်၊ ပြန်ထွက်လိုက် ခုန်ပေါက်နေရင်းကပဲ နောက်ဆုံး ဆိတ်ကြီးဟာ ဂူထဲကို ကခု ပေါက်ပြီး ပြေးဝင်သွားတော့တာပဲ ဂျမဒါရေ"





"အဲဒါနဲ့ ငါလည်း အထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ချင်တာနဲ့ ဂူကြီးထဲကို ချောင်းကြည့်လိုက်တယ် . . . ဂူထဲက မှောင်ထုကြီးထဲမှာ ရွှေ့လျားနေတဲ့ မျက်လုံးနီနီကြီးကို တွေ့လိုက်ရတယ် . . . တအောင့်လောက်နေလိုက်တော့ ဂူကြီး ထဲကနေ တရှူးရှူးနဲ့ အော်မြည်ရင်း ပွတ်တိုက်သံတွေ၊ အမိုးတွေ ပွနေတဲ့ ကျိုးကြေသံတွေကို ကြားနေရတယ် . . . နောက်ဆုံး ကနဲ လေတွေမှုတ်ထုတ်လိုက်သလို ကြားလိုက်ရပြီး အသံတွေ ကျသွားတယ်"

"အဲဒါနဲ့ ငါလည်း ဂူကြီးထဲကနေ အသာလေး လျှိုထွက် ပြီး ခပ်လှမ်းလှမ်းကျောက်တုံးကြီး အကွယ်ကနေစောင့်ပြီး ကြည့်နေတုန်း နာရီဝက်လောက်ကြာတော့ ငါ့ရဲ့အဆိပ် က်နက်ဟာ မြွေနဂါးကောင်ကြီးကို စပြီး တိုက်ခိုက်ပြီ င်တယ်ဟေ့ . . . ဂူကြီးတစ်ခုလုံး တဝုန်းဝုန်းတဖြုန်းဖြုန်းနဲ့ ပျက်သလို ဆူညံပွက်နေတဲ့ အသံတွေ ကြားရတယ်လေ၊ ကြာတော့ အားပါးပါး ကြီးလိုက်တဲ့ မြွေနဂါးကောင်ကြီးဟေ့၊ ချဉ်းကြီးတရမ်းရမ်းနဲ့ သူနဲ့ ထိပ်တိုက်တွေ့တဲ့ ကျောက်တုံး၊ ကျောက်ဆောင်၊ သစ်ပင်ဝါးပင်တွေကို ကျိုးကြေလွင့်စင် တဲ့အထိ ရမ်းခါတိုက်ခိုက်ပြီး တဝေါဝေါနဲ့ တောင်အောက် ပြေးဆင်းသွားတော့တာပဲ ဂျမဒါရေ"

ကပ္ပတိန်ဝီလ်ဆင်က ဂျမဒါမင်းဒင်အား ခရေစေ့တွင်း



www.burmeseclassic.com

www.burmeseclassic.com



ကျ ရှင်းပြပြောဆိုနေရသဖြင့် အာခြောက်သွားသည်ထင့်၊ အနီး ဝါးကျည်တောက်ထဲမှ ခေါင်းရည်ကို မော့၍သောက်နေပြန်ပါး ပြီးမှ သူ့စကားလက်စကို ဆက်၍ပြောပြန်သည်၊

“ငါလည်း ဒီကောင်ကြီး မပြန်လမ်းကို သွားရှာပြ တွေးရင်း အိမ်ကိုပြန်ဖို့ သတိရလာခဲ့တယ် . . . ဒါပေမဲ့ ဟို ဟို မြွေနဂါးနီကောင်ကြီးက တောင်ခေါ်ကို တစ်နည်းနည်း ပြန်တက်လာခဲ့ရင် မှောင်နဲ့မည်းမည်းမှာ ငါနဲ့ ထိပ်တိုက်တွေ့ ခက်ရချည်ရဲ့ဆိုပြီး စောစောက ကျောက်တုံးကြီးနားမှ ပုန်းပုက်ပြီး အရဏ်တက်အောင် စောင့်နေရတယ်”

“အင်း ကံကောင်းလို့ မင်းဒင်ရေ . . . ငါ စိတ်ကူးလွဲပြီး ပြန်ချသွားရင် လမ်းမှာ မြွေကြီးနဲ့တွေ့ပြီး ရောက်တော့မယ် . . . ဟိုကောင်ကြီးက တောင်အောက်က တရှူးရှူးနဲ့ ပြန်ပြီးတက်လာတာပေါ့ . . . ဒါပေမယ့် သွားတဲ့ ကလောက် မမြန်ဆန်တော့ဘူး . . . ခပ်လေးလေးကြီးနဲ့ပဲ ဂူ ထဲကို ပြန်ပြီးဝင်သွားတယ် . . . ဂူကြီးထဲမှာ တရှူးရှူး ခဏလောက်မြည်နေပြီးမှ နောက်ဆုံး အသံတွေအား တိတ်ဆိတ်သွားကြတယ်လေ”

“ငါလည်း စိတ်ချရအောင်ဆိုပြီး နောက်ထပ်တစ် လောက် ဂူအပြင်ကပဲ စောင့်ကြည့်နေသေးတယ် . . . နောက်ဆုံးမှ ပါလာတဲ့ ကညင်ဆီမီးတိုင်ကို ထွန်းညှိလိုက်





ကြီးထဲကို သတိနဲ့ ဖြည်းဖြည်းချင်း ဝင်လာခဲ့တယ် . . . ရောက်ဂူကြီးထဲကို လေးငါးကိုက်လောက် ရောက်လာခဲ့တာနဲ့ ချောင်မှုံ့ဝါးဝါးမှာ တောင်ပူစာလေးလို ရှည်ရှည်စင်းစင်းကြီး ခုကို ငါတွေ့လိုက်ရတယ် . . . အဲဒါဟာ မြွေနဂါးကြီးပဲ ပေါ့ . . . ဘာကယ်သေမသေ သိရအောင်ဆိုပြီး ဦးခေါင်း မှာ စိုက်နေတဲ့ ဓားမြှောင်ကို ဆွဲနုတ်ယူပစ်လိုက်တယ် . . . ဒါပေမယ့် မြွေနဂါးကြီးကတော့ လုံးဝကို မလှုပ်ရှားတော့ဘူး ငါရေ ဟင်း ဟင်း ဟင်း”

“ဟင်း ဟင်း ဟင်း ငါ ငါ ကျေ ကျေနပ်တယ် ဂျမဒါ ကြည့် စမစ်အတွက် ကောင်းကောင်း လက်စားချေခွင့် ကြွ . . . လက်စားချေခွင့် ရခဲ့ပြီပေါ့ ဟား ဟား ဟား”

ကပ္ပတိန်ဝီလ်ဆင်၏ ကျေနပ်အားရစွာ ပြောလိုက်သော ရင်ခေါင်းရယ်သံကြီးက အရဏ်ကျင်းစ ညကို ဆီးကြို နှုတ်ဆက်လိုက်သည့်နှယ် ပဲ့တင်စီးမျော ပါလေတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၆)

## လျှို့ဝှက်သော နဂါးခံတွင်း

သို့သျှိုင်း၏ ရွေးချယ်မှုဖြင့် ညနေခင်းအချိန်ခန့်
နဂါးခံတွင်းသို့ဝင်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ လုံဘူထန်
ကလည်း မင်းဒင်နည်းတူပင် ကပ္ပတိန်ဝီလ်ဆ
ပြောစကားများကို မယုံချင်မိပါ။ ကပ္ပတိန်ဝီလ်ဆ
စကားများကလည်း မယုံကြည်နိုင် စရာပင် မဟုတ်ပါ
ထန်းလုံးပမာဏထက် ကြီးမားလှသော နှစ်ချို့မြွေနဂါးကြီး





ာမဟုတ်သည့် အဆိပ်ပုလင်းလေး တစ်လုံးနှင့် သတ်ဖြတ်နိုင်ခဲ့
ည်ဆိုသော စကားက ယုံတမ်း စကားတစ်ခုနှယ်ပါတည်း။

သို့သော် မြွေနဂါးကြီး၏ မျက်လုံးတွင် စူးနစ်စိုက်ဝင်
သည့် စမစ်၏ ဓားမြှောင်ကြောင့် ဂျမဒါမင်းဒင်ကိုယ်တိုင်
ကပ္ပတိန်ဝီလ်ဆင်ကို ဒွိဟဖြစ်နေမိခဲ့သည်။ တစ်လမ်းလုံး
၏ဦးနှောက် အတွေးထဲတွင် သံသယဒွိဟအတွေးများက
န်းထိုးယှက် လိမ်လျက်။

ကပ္ပတိန်ဝီလ်ဆင်သည် သူ ခေါင်းရည်မူး၍
ည်းလွတ်ဝါးလွတ် အိပ်မောကျခဲ့ခြင်းကို ရှောင်တိမ်းလို၍
ပ်ကြံပြောဆိုခဲ့ခြင်း ပေလား။ တကယ်စင်စစ် မှန်ကန်စေ
တော့ ထိုမျှလောက် အဆိပ်ဖြင့် မြွေနဂါးကြီးမှာ မသေဆုံးဘဲ
မျောနေခြင်းပင်လေလား သို့မဟုတ် မြွေနဂါးနီကြီး
သေဆုံးပြီးထားဦး၊ ဤနဂါး ခံတွင်းကြီးထဲတွင် မြွေနဂါးကြီး၏
းဆက်သွေးများ တစ်ကောင် လောက် မကျန်ရစ်နိုင်
ပြီလား၊ ကျန်ရစ်ခဲ့သည်ရှိသော် . . ။

စိတ်ပျက်အားလျော့ဖွယ် အတွေးများကို ဂျမဒါ မင်းဒင်
ဖျောက်ပစ်လိုက်သည်။ သူ၏ ဒွိဟဖြစ်နေသည့်
သယစိတ်တို့ကိုလည်း မောင်းထုတ်ပစ်လိုက်ပြီး လက်ရှိပစ္စုပ္ပ
န်ကိုပဲ အကောင်းဆုံးဖြစ်အောင် လှုပ်ရှားတော့မည်ဟု
ဖြတ်ချက် ချလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အနှောင့်အယှက် အတားအဆီးကင်းမဲ့ နဂါးခံတွင်းအဝင်ဝသို့ ပြန်လည်ရောက်ရှိလာခဲ့ကြ သွေးပျက်ချောက်ချားဖွယ် နဂါးခံတွင်းကြီးကတော့ မ ဆိုးဝါး တစ္ဆေတစ်ကောင်ကြီးနှယ် တိတ်ဆိတ်ငြိမ်သက် ဂျမဒါမင်းဒင်တို့ကို ဆီးကြိုနေပါ၏။

သို့သော် ဂျမဒါမင်းဒင်တို့ စိုးရွံ့နေသ ကပ္ပတိန်ဝီလ်ဆင် ကမူ သွက်လက်တက်ကြွစွာပင် ရှေ့ ဝင်ရောက် နေသဖြင့် သူ့နောက်မှသာ သတိနှင့် လိုက်လ သည်။ ဂူအတွင်းပိုင်းတွင် အတန်ငယ်မှောင်နေ အသင့်ပါလာ သည့် ကညင်ဆီမီးတိုင်ကို ထွန်းညှိလိုက်

"ကိုင်း ဘယ်နှယ့်ရှိစ ယုံပြီလား ဂျမဒါ . . . အားလုံး ငါ့စကားကို မယုံမကြည်ဖြစ်နေတာကို ငါသိပါ ကဲ ကြည့်စမ်း ဒီကောင်ကြီးမှာ ခုလောက်ဆို ငရဲပြည်မှာ မင်းကြီးနဲ့ပြိုင်ပြီး နပန်းသတ်နေလောက်ပြီတွ ဟင်း ဟင်း

ကပ္ပတိန်ဝီလ်ဆင်က အောင်နိုင်သူတစ်ယောက် ရယ်မော ပြောဆိုစဉ်မှာပင် ညှီစို့စို့ အပုပ်နံ့ကြီးက တ ထောင်းနှင့် ပျံ့လွင့်လာပါ၏။ နဂါးခံတွင်း၏ အစောင့် မှည့်ခေါ် ထားသည့် မြွေနဂါးနီကြီးသည် ဤဂူကြီး နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ နေထိုင်ခဲ့သဖြင့် ဤဂူကဲ့သို့ နံစော်လှ အနံ့ဆိုး များ ကျောက်ဂူကြီးတစ်ခုလုံး စွဲကပ်နေသ





ထူးဆန်းလှပေါ၏။

ဂျမဒါမင်းဒင်တို့ မြွေနဂါးနီကြီးကို သေချာစွာ ခဆးရင်း ကျောက်ဂူကြီးတစ်ခုလုံးအား သတိကပ်၍ လေ့လာ ကဲခတ်နေကြသည်။ ဂူကြမ်းပြင်တစ်ခုလုံးတွင် မြွေနဂါးနီကြီး းသောက်ထားသည့် အရိုးစုများက တောင်ပူစာလေးများကဲ့သို့ စုလိုက်အပုံလိုက်ဖြင့် ကျောက်ဂူကြီးထဲဝယ် ခြေချစရာမရှိ အောင် ပြည့်ကျပ်လျှက်ရှိနေပါ၏။

ထိုအရိုးစုပုံကြီးများကြားတွင် လတ်လတ်ဆတ်ဆတ် တ်ဦးခွံတစ်ခုနှင့် လူ၏အရိုးစုတို့ကို တွေ့မြင်လိုက်ရသည်မို့ မင်ကိုသတိရကာ ရင်ထဲတွင် ကျင်ခနဲဖြစ်သွားခဲ့သည်။

"တောက် ဖြစ်မှဖြစ်ရလေ စမစ်ရယ် . . . ရန်သူနဲ့ ရင်ဆိုင်တိုက်ပွဲတွေမှာတောင် ကိုယ့်အသက်ကိုယ် ကာကွယ်နိုင်ခဲ့ သေးတာ . . . ဒီမြွေနဂါးကြီးနဲ့ကျမှပဲ အသက်ပေးလိုက်ရသတဲ့ လား စမစ်ရယ်"

ဂျမဒါမင်းဒင် ကြေကွဲစွာ မြည်တမ်းနေစဉ်မှာပင် ကပ္ပတိန်ဝီလ်ဆင်က စမစ်၏အရိုးများကို လိုက်လံ၍ ကောက်ကာ တစ်နေရာထဲတွင် စုပုံလိုက်သည်။ ထို့နောက် ဂါးခံတွင်း ကျောက်ဂူကြီးထဲမှ ကျောက်တုံးကြီးငယ်အချို့ကို ယ်ယူလျက် ထိုအရိုးစုများအပေါ်မှ ဖုံးအုပ်ကာ မြေပုံတစ်ခုနှယ် ပြုပြင်လျှက် ရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး စမစ်ရေ . . . မင်းကို ရက်ရက် စက်စ ဝါးမျိုစားသောက်ခဲ့တဲ့ မြွေနဂါးကောင်ကြီးကို ငါ ကိုယ်တို လက်စားချေလိုက်ပြီလေ . . . မင်း ရောက်ရာ ဘုံဘဝက ကြားနိုင်ပါစေ စမစ်ရယ်"

ကပ္ပတိန်ဝီလ်ဆင်မှာ မျက်ရည်များ တွေတွေကျဆ လျက် စမစ်ကို တိုင်တည်ကာ တတွတ်တွတ်နှင့် ရွတ်ဆိုနေပါ

"ဒါနဲ့တင် အားမရသေးဘူး စမစ်ရေ . . . ဂီလီယို အဖွဲ့ကို တစ်သက်လုံး နောင်ကျဉ်သွားအောင် ငါလုပ်ပြ ဦးမ ကွ . . ဟင်း ဟင်း မင်း မင်း စောင့်သာကြည့်နေပေ တော့ပေ"

ဂျမဒါမင်းဒင်မှာ သူရူးတစ်ယောက်သဖွယ် ပြော ရာပြောကာ စမစ်ကို တမ်းတငိုကြွေးနေသည့် ကပ္ပတိန်ဝီလ်သ ကို လွှတ်ပေးထားလိုက်ပြီး နဂါးခံတွင်းကျောက်ဂူကြီး လှည့်ပတ် ကြည့်ရှုနေပါသည်။ ကျောက်ဂူကြီး၏ အမိုး၊ နံရံမျ ထိုးထွက် နေကြသည့် ကျောက်ချွန်း၊ ကျောက်စွယ်မျ တွင်လည်း မြွေရေ ခွံကြီးများက တွဲရရွဲလျ တစ်သီတစ်တန်းကြီး တွေ့မြင်နေရ သည်မှာ စိတ်ချောက်ချ ဖွယ်ရာပင် . . ။

မြွေသတ္တဝါများမှာ တစ်နှစ်လျှင်တစ်ကြိမ် အရေလဲပြ ပြုမူလေ့ရှိကြသဖြင့် ဤများပြားလှသော မြွေရေခွံကြီးများ ကြည့်ကာ ဤမြွေနဂါးနီကြီးသည် နှစ်ကာလရှည်ကြာလ





ဖြစ်ကြောင်း သိနိုင်သည်ဖြစ်ပါ၏။ ထို့အပြင် နတ်ဆရာဂီလီယို ကြီးသည် လွယ်ရှီထန်ကို ကျူးကျော်ဝင်ရောက်လာသူများနှင့် တိတ်၊ သိုး စသည့် သတ္တဝါများကို ဤမြွေနဂါးနီကြီးကို ယာဇ် ပူဇော် ကျွေးမွေးထားသဖြင့် နှစ်ချို့မြွေနဂါးကြီးသည် ဤနဂါး ခံတွင်းမည်သော ကျောက်ဂူကြီးထဲဝယ် ကြီးထွားချင်တိုင်း ကြီးထွားဆူဖြိုးလျက် မင်းမူချင်တိုင်း မင်းမူကြီးစိုးနေပါ ချေပြီတည်း။

ဆိုရပါမူ ဤလွယ်မွန်းတောင်ထိပ်ရှိ နဂါးခံတွင်း ကျောက်ဂူကြီးသည် ရှေးအတိတေ ကာလများဆီက သဘာဝ မီးတောင်ပေါက်ကြီးတစ်ခု ဖြစ်ပါသည်။ ကျောက်ဂူကြီး၏ တစ်ဘက်တွင် ချော်ရည်များ စီးဆင်းဟန်ရှိသည့် ကျယ်ပြန့်သော ချောက်ကြီးက သဘာဝအတားအဆီးတစ်ခုနှယ် တည်ရှိနေ ပါ၏။ ယင်းကြောင့်ပင် နတ်ဆရာဂီလီယိုကြီးက ဝင်လမ်းသာ ရှိပြီး ထွက်လမ်းမရှိသောနယ်မြေဟု တင်စားခေါ်ဝေါ်ခဲ့ခြင်း ဖြစ်ဟန်တူပါ၏။ နတ်ဆရာဂီလီယိုမှာ ဤနှစ်ချို့မြွေကြီးကို ဤကျောက်လိုဏ်ဂူမီးတောင်ပေါက်ကြီးတွင် မမျှော်လင့်ဘဲ တွေ့ရှိခဲ့ခြင်းဖြစ်ပေမည်။

ဟိုးရှေးပဝေသဏီက မီးတောင်ဖြစ်ခဲ့ဖူးသည့် အရှိန် ကြောင့် ရုံဖန်ရုံခါ မြေပြင်တစ်ခုလုံးသည် တော်လဲသံကဲ့သို့ ည်ဟီးထစ်ချုန်းခြင်း၊ တောင်ပြိုကျခြင်း၊ မိုးလေကြီးခြင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေ့ရှိခြင်းကြောင့် သူနှင့် နီးစပ်ရာ ရှာကြီးရှာငယ်ဘု ရာသီဥတုဖောက်ပြန်ခြင်းဒဏ်တို့ကို ခံဖန်ရံခါ ကြီးစွာ ခံ့ကြရပါ၏။

ဤသည်ကို အကြောင်းပြု၍ နတ်ဆရာဂီလိ ရိုးအလှသော နာဂတိုင်းရင်းသားများအား ခြိမ်းခြောက် အနိုင်ကျင့်သကဲ့သို့ ပြုမူနေခြင်းဖြစ်သည်။ ယခုတော့ ဂီလိ လက်ရုံးတစ်ဆူနှယ်အားထားရာဖြစ်သော နဂါးခံတွင်း လည်းကောင်း၊ မြွေနဂါးနီကြီးသည်လည်းကောင်း၊ ကပ္ ဝီလ်ဆင်၏ လက်ချက်ဖြင့် ကြီးစွာပျက်သုန်း ခဲ့ပါချေပြီတ

ဤဖြစ်ရပ်ကြမ္မာဆိုးကြီးကိုသာ နတ်ဆရာဂီလီယို လိုက်ရမည်ဆိုပါလျှင် . . . ။

အပြန်ခရီးမှာတော့ သုံးယောက်သား တိတ် ငြိမ်သက်စွာပင် ပြန်လာခဲ့ကြပါလေ၏။ တောရိပ်တော များကြောင့် အမှောင်သည် စောစီးစွာပင် ဆိုက်ရောက်လာ မည်ထင့်။ လွှယ်ရိုးထန်နှင့် လွယ်မွှန်းဘောင်ကြားလှင်ပြင် လုံး မိုးငွေ့မြူငွေ့များဖြင့် မှုံမှိုင်းနီခဝေလျက် တစ်ခတစ်စ မှော များ သန်းလာသည်မို့ သုံးယောက်သား ခြေလှမ်းသွက်သွက် ပြန်လာခဲ့ကြပါတော့သည်။

✧ ✧ ✧



# အခန်း(၁၇)

## လျှို့ဝှက်ဥမင်လမ်းကြောင်းမှတဆင့်

အချိန်ဂ၊ နံနက်ကိုးနာရီခန့်သာ ရှိသေးသည်မို့ ရစ်သိုင်း ခြုံလွှမ်းနေကြသည့် မိုးငွေ့မြူငွေ့များနှင့် နှင်းမိုးစက်မှုံလေးများ က တဖွဲဖွဲကျဆင်းလုက်သာရှိပါသေး၏။ ထိုအချိန်မှာပင် ကျည် တောက်ရှည်ကြီးနှစ်လုံးကိုဆွဲလျက် ရေတံခွန်ချောင်းရှိရာသို့ ကပ္ပတိန်ဝီလ်ဆင်ပာစ်ယောက်တည်း လျှောက်လှမ်းလာ နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့နံနက်စောစောမှာပင် သျှိုသျှိုင်း ရောက်ရှိလာ ဂျမဒါမင်းဒင်အား လာရောက်ခေါ်ငင်သွားသဖြင့် သူ ယောက်တည်း ယောင်ချာချာ ကျန်ရစ်ခဲ့သည်။

"ဒီမှာ မင်းဒင် .. မနက်ဖြန်ဆိုရင် နဂါးခံတွင်း မြွေနဂါးနီကြီးကို ယာဇ်စာကျွေးကြတော့မယ် ... အဲဒီ ကျရင် နဂါးခံတွင်းမှာ ဟိုသတ္တဝါကြီးမရှိတော့မှန်း ဝီလီယို သိသွားကြလိမ့်မယ် ... ဒီအတွက် နင်နဲ့ လမ်းထွက်လျှော ရင်း တိုင်ပင်ချင်လို့ ငါလာခဲ့တာ"

ဟုတ်သည်။ သဆန်းရက်တိုင်း နဂါးခံတွင်းမှ အစေ တော် သို့မဟုတ် နတ်ရုပ်တစ်ထောင်မယ်တော်ကြီး၏ သ တမန်တော်ကြီးအား ဆိတ်တစ်ကောင်နှင့် ယာဇ်ပူဇော်နေ ဖြစ်သည် မဟုတ်ပါလား။ သည်ကိစ္စအတွက် လုံဘူထန်သျှို စိတ်ပူပင်နေခြင်းဖြစ်ပေမည်။ အစွဲကြီးသော ရိုးရာထုံးစံ အောက်တွင် နစ်မြုပ်နေကြသည့် လွယ်ရှီထန် နာဂရွာသ များအား သေချာသေဘာပေါက်နားလည်စေရန် လုံ ထန်သျှိုင်းက ရှင်းလင်းပြောဆိုရမည်။ ထိုကိစ္စသော လွယ်ရှီ နာဂရွာသားများနှင့် အဆင်ပြေသွားမည်ဆိုလျှင် ...။

လုံဘူကြီးထန်သျှိုင်း မကြိုက်နှစ်သက်သော ယာဇ်ပူဇော် ခြင်း ဓလေ့အစွဲများ ပျောက်ပျက်သွားနိုင်သည် မဟုတ်ပါလား သို့သော် ဤမြွေနဂါးနီကြီး သေဆုံးသွားခဲ့သည်ကိုသာ နတ်ဆ





လီယိုကြီး သိရှိသွားခဲ့လျှင် မည်သို့သော အကျိုးဆက်များ ဖြစ်ပေါ်လာဦးမည်နည်း။

ဖြစ်မလာသေးသည့် အတွေးအာရုံများကို ကပ္ပတိန်ဝီလ်ဆင် ဖြတ်တောက်ပစ်လိုက်သည်။ ရည်ရွယ်ရင်း ဖြစ်သော ရေတံခွန် ချောင်းဆီသို့သာ ဆက်၍ လျှောက်လှမ်း သည်။ ရေတံခွန် တောင်သွားရာ လမ်းကြောသည် တောင်ကုန်းတစ်ခုနှယ် အတန်ငယ်မြင့်သဖြင့် တစ်ဘက် ယွယ်မွန်းတောင်ခြေမှ နတ်ရုပ် တစ်ထောင်ကျောင်းတော်ကြီးကို နှင်းများကြားတွင် မှုန်ဝါးဝါး တွေ့မြင်နေရပါ၏။

တစ်ဆက်တည်းမှာပင် နတ်ရုပ်တစ်ထောင်ကျောင်း တော်မှ ရှေးဟောင်းပန်းပုလက်ရာများကိုပါ ကပ္ပတိန်ဝီလ်ဆင် င်ယောင် မိလာသည်။

"တောက် .. ဖြစ်များဖြစ်နိုင်ရင် အဲဒီကျောင်းတော် ကြီးတစ်ခုလုံးကို လေယျာဉ်ပျံကြီးတွေနဲ့ အင်္ဂလန်ကို ယ်သွားလို့ရရင် မီလျံနာကြီးတောင် တစ်ခါတည်း စ်သွားနိုင်တယ် .. ဟင် ခုတော့ကွာ တောကြိုအုံကြားမှာ ရောက်နေရတာယ်လို့"

ကပ္ပတိန်ဝီလ်ဆင်မှာ တစ်ယောက်တည်း ားမလိုအားမရနှင့် အံကြိတ်ရေရွတ်ရင်း ရေတံခွန်ချောင်း ရာသို့ ဆင်းရန် လှည့်ထွက်လိုက်စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဝိ . . ဝိ . . ဝိ . . ဝိ . . ဝိ . . ရှိ . . ရှိ . . ဝီ"

သူ၏ ညာဘက်ကျောက်လွှာချပ်ကြီးများနောက်မှ လူရယ်မောသံကြီးလိုလို၊ လေတိုက်သံကြီးလိုလို ရုတ်တရက် ကြားလိုက်ရသဖြင့် ထိတ်ခနဲပင် ရင်ခုန်သွားမိသည်။ သေချာ ဂရုစိုက် နားထောင်ကြည့်လိုက်ပြန်တော့ ထိုရယ်မောသံကြီး ပျောက်ကွယ်သွားပြန်ပါ၏။

"ဟ ဘယ်လိုလဲ . . ငါ့ကိုများ နောက်နေတာလား . . မဟုတ်သေးပါဘူး . . ဒါ ဒါ လူ လူရယ်သံလည်း မဟုတ်ပါဘူး ဒါ ဒါဆိုရင် သ သရဲခြောက်နေတာလား"

ကပ္ပတိန်ဝီလ်ဆင်မှာ သူကိုယ်တိုင် နားနှင့်ဆတ်ဆတ် ကြားလိုက် ရသည့် အသံကြီးကြောင့် စိတ်ထဲတွင် မကျေမနပ်ဖြစ် ကာ ခြုံနွယ် များ ပိတ်ဖုံးလျက်ရှိသော ကျောက်လွှာချပ်ကြီးများ ဘက်သို့ လျှောက်လာခဲ့သည်။

"ဝိ . . ဝိ . . ဝိ . . ရှိ . . ဝိ . . ဝိ . . ဝီ"

ထိုနေရာဘက်ပိုက်ဆီမှ တဝီဝီအသံကြီးက ပို၍ ထင်ထင် ရှားရှား ကြားလာရသဖြင့် ကပ္ပတိန်ဝီလ်ဆင် စိတ်ဝင်စားသွားကာ တစ်လှမ်းချင်း သတိနှင့် စစ်ဆေးကြည့်ရှုလာခဲ့သည်။ အသံသည် သူ၏ညာဘက်ရှိ ခြုံနွယ်များကြားမှ တိုးထွက်လာသည်ဟု ထင် သဖြင့် ကျောက်လွှာချပ်များကြားမှ ခြုံနွယ်အချို့ကို လက်ဖြင့် ဆွဲဖယ်ကြည့်လိုက်သည်။





ချက်ချင်းပင် ကပ္ပတိန်ဝီလ်ဆင် လက်သည် အေးခနဲ သွားပြီး ထွာဆိုင်ခန့်ရှိ အပေါက်ငယ်တစ်ပေါက်ကို ...ွှလိုက်ရသည်။

"အော ဒီအပေါက်ကလေးကနေ လေတိုးပြီး တဝီဝီ ...ည်နေတာကိုး . . . အင်း ငါကတော့ လူရယ်သံကြီးမှတ်လို့ ...က်ပြီးရှာနေတာ အ. . . အ. . . ဟာ. . ကျောက် ကျောက် တစ်လုံး လှုပ်. . . လှုပ်နေပါလား . . . ဘယ်လိုဖြစ်တာလဲ"

ဟုတ်သည်။ ခြုံနွယ်များဖြင့် ဖုံးလွှမ်းနေသော အပေါက် ...မှ လေတိုးတိုင်း လူရယ်မောသံကဲ့သို့ တဝီဝီ တဟီဟီဖြင့် ...က်မြည်နေခြင်းပင်ဖြစ်သည်။ သို့သော် ထူးခြားသည်က အပေါက်ငယ်နှင့် ဆက်စပ်နေသည့် ကျောက်တုံးလေးတစ်တုံး အပေါက်ထဲသို့ ကျွံဝင်တော့မလိုလိုနှင့် လှုပ်နဲ့ယိုင်နဲ့လျက် ...ါ၏။

ကပ္ပတိန်ဝီလ်ဆင် သေချာစွာ ထိုကျောက်တုံးငယ်ကို ...လှုပ် ကြည့်လိုက်တော့ သူ့အနီးမှ အခြားကျောက်တုံးလေး ...လုံးက ကျွံ၍ အတွင်းဘက်သို့ ပြုတ်ကျသွားသည်။

"ဟင်"

"ချွတ် . . ထောက် . . ဂလောက် . . ဂလောက်"

မမျှော်လင့်သောအချင်းအရာကြောင့် ကပ္ပတိန် ...ဆင် အံ့အားသင့်ကာ အတန်ကြာမျှ ငေးကြောင်ကြည့်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အတန်ကြာမှ ထိုလေတိုးနေသည့် အပေါက်ဝကို တစိုက် စစ်ဆေးကြည့်ပါလေ၏။ ထိုအခါမှ တွင်းပေါက် အနီးပါးမှ နွယ်ပင်ခြက်ပင်အချို့မှာ ကျိုးပြတ်နွမ်းနေကြသည် တွေ့လိုက်ရပါ၏။ ထို့အပြင် တွင်းပေါက်ဝအနီးရှိ နံဘေး ပျော့နေရာများတွင် ဖိနပ်မပါသော လူခြေရာအချို့ကိုပါ တွေ့ လိုက်ရသဖြင့် ကပ္ပတိန်ဝီလ်ဆင်အတွေးတွင် လှတ်ခနဲဖြစ်သွား လေ၏။

"ဟာ ဟုတ်ပြီ . . ဟုတ်ပြီ . . ငါတွေးထင်ထား အတိုင်းသာဆိုရင် . . ဒါ ဒါဟာ လျှို့ဝှက်ဂူပေါက်လေးတစ် ဖြစ်ရမယ် . . . ဒါပေမယ့် တွင်းဝလေးက လူတစ်ကိုယ် စာတောင် ဝင်လို့မရနိုင်ဘူးဆိုတော့ . . ဆိုတော့"

ကပ္ပတိန်ဝီလ်ဆင် ခေတ္တမျှစဉ်းစားလိုက်ပြီးမှ တွ ပေါက်ဝနံဘေးမှ ကျောက်တုံးငယ်များကို အသာအယာ ကြည့်သည်။

"ဟော ကျောက်တုံးတွေ တိုင်ပြီးလှုပ်လိုက်ရ လှုပ်တယ်ဆိုတော့ တဲ တဲတွာ တိုင်းဟာ"

ကပ္ပတိန်ဝီလ်ဆင် အတန်ငယ် အားစိုက်ကာ တွ ပေါက်ငယ်အနီးမှ ကျောက်တုံးများကို တစ်ခုချင်း ကိုင်လှုပ် ဖြုတ်ယူကြည့်သည်။

"ချွတ် . . ချွတ် . . ထောက် . . ဝရော . . ဖျော . .





ရော . . ပရော"

ကျောက်တုံးများမှာ လူတို့လက်ဖြင့် တမင်စီရင်ထား သကဲ့သို့ တချို့မှာ ဖြုတ်ယူရွှေ့၍ရလိုက်ပြီး တချို့မှာ တွင်းအောက်ခြေသို့တိုင် ပြုတ်ကျသွားပါလေ၏။ အတန် ကြာသော် လူတစ်ယောက်ဝင်သာရုံ အပေါက်တစ်ပေါက် ဖြစ်လာခဲ့သည်။ ကပ္ပတိန်ဝီလ်ဆင်က ထိုဂူဝမှ အတွင်းသို့ ခေါင်းငုံ၍ ကြည့်လိုက်တော့ အောက်ခြေသို့ ဆင်းသွားသည့် လှေကား ထစ်များကို အံ့သြစွာ မြင်တွေ့လိုက်ရပါတော့သည်။

ပွင့်လင်းစပြုလာသည့် နေခြည်အလင်းတန်းက ထူး ဆန်းစွာ တွေ့ရှိခဲ့ရသော လျှို့ဂူတွင်းပေါက်အတွင်းသို့ အတော် ဝေးဝေး လှေကားထစ်များအထိ ထွန်းလင်းလျက်ရှိပါ၏။

"အင်း ထူးထူးဆန်းဆန်းတွေကပဲ ငါနဲ့ လာတွေ့တာ လား . . . ငါကိုယ်တိုင်ကပဲ ထူးထူးဆန်းဆန်းတွေနဲ့ချည်း တိုးနေရတာလား မသိတော့ဘူး . . ကိုင်း ဖြစ်ချင်ရာဖြစ် ဒီတွင်းဝ လိုဏ်ခေါင်းထဲကိုတော့ ဆင်းကြည့်လိုက်ဦးမယ်"

ဤသို့ဖြင့် ဂူတွင်းသို့ ကပ္ပတိန်ဝီလ်ဆင် ဝင်လိုက်ပြီး ပေါက် ဝကို ခြုံနွယ်များဖြင့် သာယီရုပ်ဖျက်၍ ပိတ်ဆို့ထား သည်။ လှေကားထစ်များအကျယ်မှာ တစ်တောင်ခန့်သာရှိပြီး နှစ်ွာ မက်စောက်လှသဖြင့် ကပ္ပတိန်ဝီလ်ဆင် နံရံကိုအားပြု တစ်ထစ်ချင်း ဆင်းလာခဲ့သည်။ လှေကားတစ်ဆယ်ထစ်ခန့်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းမိချိန်မှာတော့ အပေါ်မှ နေခြည်အလင်းက ပျောက်ကွ
သွားပြီး လုံးဝ မှောင်အတိကျသွားပါတော့သည်။

"ဟာ ငါ ဘာ ဘာမှ မမြင်ရတော့ပါလား . . . လှေကားထစ်တွေက ဘယ်အထိအောင် ရှည်သလဲ မသိ အင်း ငါ ဒီနေရာကနေ လှည့်ပြီး ပြန်ထွက်သွားရရင် ကော မလား"

ကပ္ပတိန်ဝီလ်ဆင်က ထိုနေရာမှ နောက်သို့ပြန်ဆုတ် စဉ်းစား နေမိသော်လည်း သူ၏ ခြေလှမ်းများကမူ လှေကား များကို တစ်ထစ်ချင်းစမ်း၍ဆင်းနေမိသည်။ ဤသို့ လှေကား လေးငါးထစ်ခန့်စမ်း၍ ဆင်းနေရာမှ ကပ္ပတိန်ဝီလ်ဆင် ခြေထောက် များက ခဲလုံးငယ်တစ်ခုကို နင်းလိုက်မိ ခြေချော်၍ အောက်သို့ ဝရုန်းသုန်းကား လိမ့်ဆင်းကျ ပါလေတော့သည်။

"ဝုန်း . . ဒုန်း . . ဖရော"

"ဟင် . . ဟာ . . အား"

ရုတ်တရက် လန့်ဖျန့်ကာ ဟစ်အော်လိုက်မိ ကပ္ပတိန်ဝီလ်ဆင်၏ ဟစ်အော်သံကြီးက လှိုဏ်ဂူငယ်အတွ ဝယ် ပဲ့တင်ဟိန်းသွားပါလေ၏။

"ဝေါ . . ဖရော . . ဝေါ . . ဒုန်း . . ဖရော"

ဤလိုဏ်ခေါင်းကြီးသည် မည်သည့်အရပ် မည်သ





နေရာအထိ ရှည်လျားမည်မသိ။ ထိုအတူပင် တလိမ့်လိမ့်နှင့် လိမ့်ခေါက်ကွေး ကျဆင်းနေသည့် ကပ္ပတိန်ဝီလ်ဆင်မှာလည်း အမှောင်ကမ္ဘာကြီးထဲသို့ သက်ဆင်းနေသူတစ်ယောက်နှယ် . .။

သတိကောင်းသူ စစ်သားတစ်ယောက်ဖြစ်သည်မို့ နံရံမှ ရိပ်ခနဲမြင်တွေ့လိုက်ရသည့် အရာကြီးကို ခြေနှင့်ချိတ် ကာ နှစ်ဘက်ဖြင့် ဆုပ်မိသဖြင့်သာ လိမ့်ဆင်းနေရာမှ ရပ်တန့် သွားပါ၏။

"အား . . ကျွတ် . . ကျွတ် . . တော်ပါသေးရဲ့ . . ဒီသံတန်းကြီးကို ချိတ်ဆွဲမိလို့သာပေါ့ . . . နို့မို့ဆိုရင် ဘယ်အထိ လိမ့်ဆင်းသွားဦးမလဲ မသိဘူး . . . မှောင်လိုက်တာလည်း ညည်းနေတာပဲ"

ဟုတ်သည်၊ ဝန်းကျင်တစ်ခုလုံး မှောင်မည်းတိတ်ဆိတ် နေပါ၏။ အရာရာတိုင်းကို အမှောင်ကမ္ဘာလာခြုံထည်ကြီးကသာ ဖုံးမိုးမင်းမူထားပါ၏။ ထိုစဉ်မှာပင် ကပ္ပတိန်ဝီလ်ဆင် ဖျတ်ခနဲ သတိရကာ သူ၏ ဘောင်းဘီအိတ်နှစ်ဘက်အတွင်းသို့ လက်များကယား စမ်းကြည့်လိုက်သည်။

"ဟော တွေ့ပြီ တွေ့ပြီ . . တော်သေးတာပေါ့ လမ်းမှာ ပြုတ်ကျမကျန်ခဲ့လို့"

နံနက်ခင်း အိပ်ယာထ ရေမွေးအိုးတည်စဉ်က မီးမွှေး ခဲ့သည့် မီးခြစ်သည် ကပ္ပတိန်ဝီလ်ဆင်၏ ဘောင်းဘီအိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ပါရှိ လာခဲ့ခြင်းက ကပ္ပတိန်ဝီလ်ဆင်၏ ဘဝ တစ်ခုလုံး ဖောက်ထိုးမိုးမျှော် ဖြစ်သွားကာ ကံကြမ္မာဆိုးများ သယ်ဆေ လာခဲ့ခြင်းဖြစ်သည် ဟုသာ ကြိုတင်၍ သိရှိနိုင်ခဲ့မည်ဆိုပါ . . ။

ထို့ထက်ပို၍ တိုက်ဆိုင်မှုကံကြမ္မာများက ကပ္ပ ဝီလ်ဆင် ဘက်မှ ဖေးကူလာခဲ့သည်က လေ့ခါးနံရံများ ကညင်ဆီ ခွက်များနှင့် အသင့်ရှိနေသည့် မီးတိုင်များ ပင်တ

မီးခြစ်မီးတောက်၏ အလင်းရောင်ဖျော့ဖျော့အော တွင် တွေ့မြင်လိုက်ရသည့် ကညင်ဆီမီးတိုင်တစ်တိုင် ကပ္ပတိန်ဝီလ်ဆင်မီးထွန်းညှိလိုက်သည်။ မီးရောင်အောက် တွေ့မြင် လိုက်ရသည့် မြင်ကွင်းကြောင့် ကပ္ပတိန်ဝီလ် မင်သက်အံ့ဩ သွားပါလေ၏။

"ဟာ ဒီ ဒီဥမင်လမ်းကြောင်းက ရှည်လှချည်လား . . အင်း ငါဆက်ပြီး လျှောက်ကြည့်ရင်တော့ လမ်းဆုံးရင် ရွာ မှာပဲ . . အိုး မထူးပါဘူး . . . ဒီလှိုဏ်ခေါင်းထဲအထိ ရောက်လာခဲ့ပြီးမှ ရှေ့ကိုဆက်ပြီးတိုးတာပဲ ကောင်းပါတယ်"

နဂိုစိတ်ရင်းအခံကပင် ထူးဆန်းလျှို့ဝှက်သော အ များကို စူးစမ်းလိုစိတ် ဝါသနာကြီးလှသော ကပ္ပတိန်ဝီလ်ဆ ရေငတ်တုန်းတွင်းထဲကျ ဆိုသကဲ့သို့ မမျှော်လင့်ဘဲ ရရှိလာ အခွင့်အရေးကို မည်သို့မှ လက်လွှတ်မခံပါလေတော့။ နံရံ





ခွင်းနှင့်စိုက်ထောင်ထွန်းညှိထားသော ကညင်ဆီမီးတိုင်ကို တ်ယူကာ လူတစ်ယောက် ချောင်ချောင်ချိချိ သွားနိုင်သော ခင်လှိုဏ်ဝှလမ်းကြောင်းအတိုင်း သတိနှင့် တိုးဝင်လျှောက် မ်းလာခဲ့ပါလေတော့သည်။

လိုဏ်ဂူ၏ နံရံမှားတွင် မကြာခဏ ဆီမီးတိုင်ခွက် ကို တွေ့မြင်လိုက်ရသဖြင့် ဤလျှို့ဝှက်ဥမင်လိုဏ်ခေါင်းအား စ်စုံတစ်ဦးသည် လျှို့ဝှက်စွာ အသုံးပြုနေပေလိမ့်မည်ဟု ပ္ပတိန်ဝီလ်ဆင်ခန့်မှန်းတွက်ချက်မိသည်။

လှိုဏ်ခေါင်းလမ်းကြောင်းသည် တည့်တည့်သွားနေရာ မကြာမီ ဘယ်ဘက်စူးစူးသို့ ကွေ့ကောက်သွားပြန်ပါ၏။ ချင်းက သတိနှင့် ရှေ့သို့ ဆက်၍ လျှောက်လှမ်းလာခဲ့ရာ ကြာမီ အပြင်မှ တိုးဝင် လာသည့် လေနှင့် အလင်းရောင်ပျပျ ကို ကပ္ပတိန်ဝီလ်ဆင် မြင်တွေ့ လိုက်ရသည်။

"ဟာ အပြင်ကလေနဲ့ အလင်းရောင်တွေ တိုးဝင်လာပါ လား . . . ဒါ ဒါ ဒါဆိုရင် ထွက်ပေါက်နဲ့ နီးလာပြီထင်တယ်"

အပြင်မှ အလင်းရောင်အစအနများ ထွက်ကျလာ ည်ကို တွေ့မြင်လိုက်ရသဖြင့် မီးတိုင်ကို ငြိမ်းသတ်လိုက်ကာ တွင် ထောင်ထားလိုက်ပြီး ရှေ့သို့ သတိနှင့် တိုးဝင်လာ ည်။ မကြာမီ လူတစ်ကိုယ်စာ ကျဉ်းကျဉ်းကျပ်ကျပ် တိုးဝင် ည့် ကျောက်လှိုဏ်ဂူကြားအတွင်းသို့ ကပ္ပတိန်ဝီလ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကပ် သပ်သပ် ရောက်ရှိလာခဲ့ပါ၏။

"ဟာ ဘုရား ဘုရား ဟိုဘက်မှာ ဒီထက် ကပ်သ
ထွက်ပေါက်မရှိခဲ့ရင်တော့ ငါကြီးစားပန်းစား ဝင်လာခဲ့
အလကားဖြစ်သွားပြီပေါ့"

ကပ္ပတိန်ဝီလ်ဆင်မှာ ဘုရားတရင်း ကျပ်ကျပ်သပ်
ဝင်ရောက်ခဲ့ရာမှနောက်ဆုံး ရှေ့တွင် အလင်းရောင် ကပ်
ကပ်သပ် ပြန့်ကျဲဝင်ရောက်နေသည့် ထွက်ပေါက်အ
ရောက်ရှိလာခဲ့ပါတော့သည်။

"ဟာ ဂူဝ ထွက်ပေါက်မှာ တန်ခူခုပိတ်ပြီး ခံနေ
လား . . . အဲ အင်း လှုပ်လို့ရတယ်ဟ . . . နည်းနည်း
ရွှေ့ဖယ်လိုက်ရင် ငါ့တစ်ကိုယ်စာတော့ ထွက်လို့ရကောင်း
အဲ အင်း အင်း"

ကပ္ပတိန်ဝီလ်ဆင် ကြိုးဘားချက်တို့ အောင်မြ
ပါ၏။ သူ တွန်းဖယ်ရွှေ့လိုက်သော ထွက်ပေါက်မှ ခန္ဓာ
တွန့်လိမ် ၍ တိုးထွက်လိုက်သည်။ မကြာခင် သူ၏ပတ်ဝန်း
တွင် လူသဏ္ဌာန်အရိပ်ပုံများ ဝိုင်းရံထားသည်ကို တွေ့မြင်
သဖြင့် လန့်အော်မိမတတ်ပင် ဖြစ်သွားရသည်။

"ဟင်"

အသံထွက်လုနီးပါးဖြစ်သွားသည့် သူ၏ပါး
လက်ဝါးနှင့်ပိတ်လိုက်ကာ ထိုလူရုပ်သဏ္ဌာန်ကြီး





သချာခွာ ကြည့်လိုက်သောအခါမှာတော့ . . .

"ဟာ ဒါ ဒါ နတ် နတ်ရုပ် နတ်ရုပ်တစ်ထောင် မယ်
ယ်တော်ရုပ်တုတွေပါလား . . . ဟင် ဒီလိုဆို အခု ငါ
ရောက်နေတာ နတ်ရုပ်တစ်ထောင်ကျောင်းတော်ထဲကို
ာက် ရောက်နေတာများလား"

ကပ္ပတိန်ဝီလ်ဆင်မှာ ယခုမှပင် သူ၏ပတ်ဝန်းကျင်ကို
သေ ချာချာ ကြည့်ရှုလိုက်မိပါသည်။ ဟုတ်သည်။
ရင်တစ်ခေါက်က သျှိုသျှိုင်း၊ မင်းဒင်တို့နှင့် အတူ
ာက်ရှိခဲ့သော နတ်ရုပ်တစ်ထောင်ကျောင်းတော်ထဲသို့
ဝှက်ဥမင်လှိုဏ်ခေါင်းမှ တဆင့် ရောက်ရှိလာခဲ့ခြင်းပင်
ပါတော့သတည်း။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

## နတ်ရုပ်တစ်ထောင်မယ်တော်အား ခိုးယူခြင်း

မျက်နှာကျက်တစ်နေရာမှ ဝင်ရောက်လာ...
အလင်းရောင်အောက်တွင် ထောင်ပေါင်းများစွာသော န...
တစ်ထောင် ခေါ် လိုင်နင်မယ်တော်၏ ရုပ်တုကြီးမျ...
ကပ္ပတိန်ဝီလ်ဆင်ဝန်းကျင်တွင် လက်ညှိုးထိုးမလွဲ တွေ့မြ...
ခြင်းကြောင့် အံ့သြဝမ်းသာသွားမိသည်။

"ဟာ ကော်တာပဲဟေ့ . . . ရေငတ်တုန်းတွင်း...





ဆိုသလိုပဲ ငါသိပ်ပြီး တွေ့ချင်လိုချင်နေတဲ့ လိုင်နင်မယ်တော် ရုပ်တုတွေထားတဲ့နေရာကို တစ်ခါတည်းတန်းပြီး ရောက်လာတာ ပါလား"

ကပ္ပတိန်ဝီလ်ဆင်မှာ အစောင့်အရှောက်များရှိသည့် ကျောင်း ဆောင်အဝင်ဝမှ ဝင်ရောက်လာခဲ့ခြင်းမဟုတ်သဖြင့် သူရောက်ရှိ နေကြောင်းကို နာဂအစောင့်စစ်သားများ မသိရှိနိုင်ကြ။ ထို့ကြောင့်လည်း ကျယ်ဝန်းလှသော ခန်းမဆောင်ကြီးထဲတွင် ကပ္ပတိန်ဝီလ်ဆင်တစ်ယောက် စိတ်ကြိုက် လေ့လာကြည့်ရှုချိန် ရရှိနေ ပါသည်။

"ဟာ ဒီဘက်မှာလည်း ကျောက်စာချပ်ကြီးတွေ ရှိနေ ပါသေးလား . . . မှန်း ဘာတွေများ ရေးထိုးထားပါလိမ့်"

မယ်တော်ရုပ်တုများ၏ အခြားတစ်ဘက် ကျောက်နံရံတွင် စိုက်ထူထားသည့် ကျောက်စာချပ်ကြီးများက ထိုးထိုး ထောင်ထောင်နှင့်။ ကျောက်စာချပ်နှင့် ဂူနံရံများတွင် ငြိတွယ်ရှုပ်ပွနေသည့် ပင့်ကူမျှင်များနှင့် ဖုံမှုန့်များကို ပွတ်သပ်ဖယ်ရှားပစ် လိုက်သည်။ ပြီးသည်နှင့် သူ၏ စစ်ဂျာကင်အင်္ကျီကြီးကို ချွတ်ကာ ကျောက်စာချပ်ကြီးများအား ပွတ်တိုက်သုပ်သင်နေပါ၏။

အတန်ကြာမျှ ပွတ်တိုက်ရှင်းလင်းလိုက်သည်နှင့် ထိပ်ဆုံးကျောက်စာချပ်တွင် ရေးထိုးထားသည့် စာများက ဖတ်ရှု ရနိုင်သည်အထိ စာလုံးများ ပေါ်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ဝီလ်ဆင် ကဲကောင်းချင်တော့ ကျောက်စာမှ
ပုဂံခေတ်ကျောက်စာ များနှင့် ဆင်ဆင်တူနေသဖြ
စိတ်ရှည်လက်ရှည်ဖတ်လျှင် အကြောင်းအရာတချို့
နားလည်သိရှိနိုင်ပါသည်။

"အင်း ကြည့်ရတာ ပုခံခေတ်ဦးပိုင်းက ကျောက်
အရေးအသားနဲ့ ဆင်ဆင်တူတာပဲ . . . ဒါ နည်းနည်း
စိတ်ရှည်ရှည်ထားပြီး ဖတ်ကြည့်ရင်တော့ နားလည်နိုင်လော
မယ် ထင်တယ်"

ကဲအားလျော်စွာပင် ကျောက်စာချပ်ကြီးများဘက်သ
အလင်းရောင်ကောင်းစွာ ရရှိသဖြင့် ကျောက်စာထက်မှ အက္ခ
များကို သေချာစွာ ဖတ်ရှုနေပါတော့သည်။

( မှတ်ချက် ) ဤနေရာတွင် ကျောက်စာပါ
ပုဂံခေတ် ဦးပိုင်းကဟု ယူဆရသော ကျောက်ထက်
အက္ခရာများကို မဖော် ပြတော့ပါ။ စာရှုသူများ နားလည
စိမ့်သောငှာ ကပ္ပတိန်ဝီလ်ဆင် ပြန်ဆိုထားသည့်
စာအဓိပ္ပာယ် ကိုသာ ဖော်ပြလိုက်ပါအံ့။

( စာရေးသူ )

နာဂတိုင်းရင်းသားဘာသာဖြင့် လွယ်ကူစွာ ခေါ်
ရလျှင် ဤကျောင်းတော်ကြီးကို လိုင်နင်မယ်တော်၊ မြန်မာအခေါ်
အားဖြင့် 'မေတ္တာရှင်နတ်သမီး' 'နတ်ရုပ်တစ်ထောင်မယ်တော်





ဟူသော ဘွဲ့မည်တော်ဖြင့် ကျောင်းတော်ကြီးကိုလည်း နတ်ရုပ်
တစ်ထောင်ကျောင်းတော်ဟု အမည်တွင်စေခဲ့သည်။

ထို့အပြင် မေတ္တာရှင်လိုင်နင်မယ်တော်၏ ရုပ်တုပေါင်း
သုံးသောင်းသုံးထောင်သုံးရာသုံးဆယ့်သုံးဆူ စံမြန်းတည်နေ
တော်မူရာ ကျောက်သားနန်းဆောင် သို့မဟုတ် နတ်ရုပ်ပေါင်း
များစွာနှင့် တည်နေသဖြင့် နတ်ရုပ်တစ်ထောင်ကျောင်းတော်
ဟုလည်း မှည့်ခေါ်စေခဲ့သည်။

မျက်နှာတော် (၁၂)မျက်နှာနှင့် လက်ပေါင်းတစ်ထောင်
ရှိသော လိုင်နင်မယ်တော်သည် မြတ်စွာဘုရားရှင်၏ တန်ခိုး
ကြီးလှသည့် တပည့်သာဝကမ တစ်ဦး ဖြစ်ခဲ့သည်။ ဤမေတ္တာ
ရှင် နတ်ရုပ်တစ်ထောင်မယ်တော်သည် ကမ္ဘာသူကမ္ဘာသား
များအား တယ်တင်စောင့်ရှောက်ရန်အလို့ငှာ ဗုဒ္ဓဘုရားရှင်၏
တပည့်သာဝကမ အဖြစ် ခံယူကာ လောကသို့ ရောက်ရှိလာ
ခဲ့သည်။

မယ်တော်၏ ကျင့်ကြံအားထုတ်သော စရဏကျင့်စဉ်
များ၊ တန်ခိုးပြာဋိဟာများသည် အပြစ်ရှိသောသူတို့အား အပြစ်
ဒဏ်ခတ်စေခြင်း ဘွဲ့မြူးလက်နက်စသည်တို့ဖြင့် လောင်မီးကျ
စေခြင်း၊ လူသားတို့၏ လောဘ ဒေါသ၊ မောဟများကြောင့်
လောကသစ္စာတရားတို့ ပျောက်ကွယ်ဆိတ်သုန်းမှုများကြော
နတ်သား၊ လေနတ်သား၊ မီးနတ်သားတို့မှ လောင်မီးလ နက်



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ပစ်လွှတ်စေခြင်း . . ။

ဤအပြစ်ဒဏ်တို့သည် လူသားတို့ လောဘ၊ ဒေါ မောဟတရားများ ကင်းဝေးကြရန် ရည်ရွယ်၍ ကမ္ဘာ တစ်ခုလုံး မေတ္တာဓာတ်တို့ကို ထုံမွှမ်းစေရန်ဟူသော စိတ် မေတ္တာရှင်လိုင်နင်မယ်တော်မှ သိစေအပ်ပါသည်။

ကျောက်စာချပ်ကြီးသုံးချပ်တွင် ရေးထိုးထားသည့် လိုင်နင်မယ်တော်၏ ကျောက်စာများမှာ ယင်းကဲ့သို့သော အဓိပ္ပာယ်ဆောင်သော စာကြမ်းကိုသာ ကပ္ပတိန်ဝီလ်ဆ ဖတ်ရှု၍ ရခဲ့သည်။

နောက်ဆုံးကျောက်စာနှစ်ချပ်မှာမူ လေဒဏ်၊ မိုးဒဏ် နှင့် နှစ်ပရိစ္ဆေဒ ကြာညောင်းမှုကြောင့်လေလား သို့တည်းမဟုတ် နဂါးခံတွင်းဟုခေါ်သော မီးတောင်ပေါက်ကြီး ပြိုကွဲတုန် မှုကြောင့်လည်းကောင်း၊ မြေငလျင်လှုပ်ခတ်မှုကြောင့်လည်း ကောင်း၊ တစ်စုံတစ်ခုသော ပယောဂကြောင့် ကျိုးပျက်ကြေ ကြေလျက် ကျောက်စာများမှာ ဖတ်ရှု၍ မရနိုင်တော့လောက် အောင် ပျက်စီးလျက်ရှိသည်ကို တွေ့မြင်နေရပါ၏။

"အင်း နှမြောစရာကောင်းလိုက်ပါဘိတော့ . . . အကုန်လုံးသာ ဖတ်ရှုလို့ရရင် လိုင်နင်မယ်တော်အကြောင်းကို ဒီထက် စုံစုံစေ့စေ့ သိရမှာ . . . ခုတော့ဗျာ ဟင်း"

ကပ္ပတိန်ဝီလ်ဆင်မှာ ပျက်စီးလျက်ရှိသော





ကျောက်စာချပ်ကြီး နှစ်ချပ်ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ရင်း နောက်ဆုံး ကျောက်စာချပ်ကြီးဖြစ်သော ပဌမမြောက် ကျောက်စာများကို ကျောက်စချွန်တစ်ခုနှင့် ခြစ်ကုတ် ယ်ရှာပစ်လိုက်သည်။

( ဤနေရာတွင် ပဌမကျောက်စာချပ်မှ မူရင်း ကျောက်စာများကို ရနိုင်သမျှ ကူးယူ၍ ဖော်ပြပါအံ့ )

စာရေးသူ

အား ခိုးဝှက်ကော်ရော်သောသူကား လူ့စည်းစိမ်၊ နတ်စည်းစိမ်
ပန်စည်းစိမ် နှင့် စပ်တူလျှင် ခံစေရလိုဝ်သတေး . . ။
ဖျက်သသူကား ခစားရတတ် မဝတ်ရတတ် ငတ်သများစွာ
ပိတ္တလာဆင်ဉ်စွာရှေ့ . . ။
ဖြိုးသာမရ ကိုယ်ကခသော မယားသား အကုန်လျှင်သေပျက်
နိုးတီးစေကုန်သတေး . . ။
ဤလူ့ရွာမှ စုတိမနေ သေခဲ့ငြားလေး ပဉ္စာနန္တရိတ်ငရဲ
ိုးနိုက်ဘုရားတကာ မချွတ်ပါသော သသံရမာနုကငြ
ရဲသစ်ငုတ်လျှင် ဖွင်စေကုန်သတေး . . ။
ရဲကြီးဂစပ်ငရဲသဲ၁၂ဂစပ် ခံစေရကုန်သတေး၊ မြေအစု
၄၀၀၀၀ မြေကြီးအထုလျှင် ခံရစေကုန်သတေး . . ။
ဘ်ဟာအာလါလစ်တံ မြဲပုရာချွတ်၍ မလွှတ်စေသတေး . . ။
ခုကိုဝ် အပွှစ်နိုက်လေသည်အပွှစ်ဂပါတန်ဆဲပါဝင်စေ



www.burmeseclassic.com

www.burmeseclassic.com



သတေး . . ။
လူဟူသည် လေနှစ်ဆစ် မဖွင့်ပါစေကုန်သတေး . . ။
တပုရွက်မျှလျှင် ဤကွန်စက်မဖွစ်ခေကုန်သတေး . . ။
အမျိုဝ်ခုနစ်ဆက် ညက်ညက်ပြုန်တ်ပျက်ခေသော . . ။
အဝီစိအထဲ ငရဲကျက်ရုယ်အကမ္ဘာဘာဖုရာတိုင်လာရှ
ချွတ်လည်၊ မကျွတ်တတ်သည် ငရဲသစ်ငုဘ်လျှင် ဖြစ်စေသ
လိုင်နင်မယ်တေ

အထက်ပါ ပုဂံခေတ်ဦးပိုင်း ကျောက်စာနှင့် ဆင်
တူသော နတ်ရုပ်တစ်ထောင်မယ်တော် သို့မဟုတ် လိုင်
မယ်တော်၏ ကျောက်စာကို သေချာစွာ လေ့လာကြည့်မိ
ကြောက်မက်ဖွယ်လိလိ ကျိန်စာဆို ရေးထိုးထားကြောင့် တွေ့
လိုက်ရပါ၏။

သူ့အား မရိုမသေ မလေးမစားနှင့် ဦးခိုက်ပူဇော်
မပြုခဲ့လျှင် သို့တည်းမဟုတ် သူပညတ်ထားသော အရာများ
ကျူးလွန်ပြစ်မှားမိခဲ့လျှင် ကမ္ဘာအဆက်ဆက်မှ ဘုရားရှ
ကိုယ်တိုင် လာရောက်၍ ချွတ်သော်မှ မကျွတ်မလွတ်ပါစေ
ထိုပြင်တစ်ဝ ငရဲကြီးရှစ်ထပ်၊ ငရဲငယ်တစ်ရာနှစ်ဆယ့်ရှစ်
တိုင် မကျွတ်မလွတ်ဘဲ 'ငရဲသင်ငုတ်ဖြစ်ပါစေသတည်း'
ကျိန်စာတိုက်ထားသော စကားအသုံးအနှုန်းများက အ
အမိပ္ပာယ် ကျ...ပန်းလှစွာဖြင့် ကမ္ဘည်းအကျွရာတစ်သား





ဖြစ်သည်။

ကပ္ပတိန်ဝီလ်ဆင်မှာ နတ်ရုပ်တစ်ထောင်မယ်တော်၏
ကျိန်စာကို ဖတ်ရှုနေရင်းမှပင် ကြက်သီးမွေးညှင်းများ
ဖြန်းဖြန်း ထလာခဲ့ပါ၏။ သူသည် နိုင်ငံတော်တော်များများမှ
ရှေးဟောင်းပစ္စည်းများနှင့် ရှေးဟောင်း ကျောက်စာ၊
ပေစာများကို ဖခင်ကြီးနှင့်အတူ အမြဲလိုလို တွေ့မြင်
တ်ရှုနေရသည်မှာ ငယ်စဉ်ကတည်းကပင်ဖြစ်ပါ၏။
ထူးသဖြင့် မြန်မာနိုင်ငံကိုပို၍စိတ်ဝင်စားသဖြင့် ပုဂံမတိုင်မီနှင့်
ဂံခေတ်နှောင်းပိုင်း ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်
ကျောက်စာ၊ ပေစာ၊ ပုရပိုဒ်များနှင့် ရင်းနှီး တွေ့နေကျဖြစ်နေ
ည်မှာ မထူးဆန်းလှပါ။

"အင်း ကျိန်စာဆိုထားတာတွေကလည်း ပုဂံခေတ်က
ကျိန်စာတွေလိုမျိုးပါလား . . . စကန့်တော့ နတ်ရုပ်တစ်ထောင်
ယ်တော်ဟာ တစ်ခေတ်တစ်ခါက ပုဂံနဲ့ အဆက်အနွယ်ရှိပုံ
တယ် . . . အချိန်ရရင် သေချာ ဒူးစမ်းလေ့လာချင်ပါရဲ့"

ကပ္ပတိန်ဝီလ်ဆင်က ကျောက်စာချပ်ကြီးငါးချပ်အား
ည့်ပတ် ကြည့်ရှုလေ့လာရင်း ရင်ထဲမှဆန္ဒကို ထုတ်ဖော်
ည်းတွေးလိုက် ပါ၏။

ဟုတ်သည်။ ကပ္ပတိန်ဝီလ်ဆင်ပြောသကဲ့သို့ပင်
ရှေးဟောင်း ပုဂံကျောက်စာတို့တွင် ရေးထိုးခဲ့ကြသော



www.burmeseclassic.com

www.burmeseclassic.com



ကျိန်စာတို့သည် အလှူ ရှင်၏ သဒ္ဓါထက်သန်လွန်ကဲစွာ အစွန်းထွက်မှုဟု ဆိုရ ပေမည်။ ပုဂံအလှူရှင်တို့၏ ကျိန်ဆိုကြသော မလေ့ကို ကျောက်စာ၊ ပေစာများမှတဆင့် အံ့တသင့်ဖြင့် ထိတ်လန့် အံ့သြစွာ သိရှိခဲ့ရသည်။ ဘဒ်ဆက်တမှာပင် ပုဂံနရသူမင်း ကြီး တည်ထားကိုးကွယ်ခဲ့ မေမွှေရုံကြီးဘုရားတွင် ရေးထိုး ထားခဲ့သည့် ကြောက်မက်ဖွယ် ကျောက်စာ၊ ကျိန်စာကို သတိရ လိုက်မိပါ၏။

ငါ့ပိခင် ငါ့သခင် ကျိန်သော ဤငါ့ဘုရားကျွန်၊ လယ်၊ ဥယျာဉ်၊ ကန် ငါဘုရားမသိသေးစေရစ် ဖျက်ပယ်မိသ သားမြေးတို့နှင့် နှောင်းလူတို့ကား စားသောထမင်းပ သောက်သောရေ နေသောအိမ် အဆိပ်ဖြစ်ပါစေ ဆင်ပေ ကို သူတို့ထိုးချင်လို့ လှံအစင်း(၁၁၁)ထိုးသောဖြစ်စေ မြင်လျှင် သူတို့သတ်ချင်သို့ သတ်သောဖြစ်စေ၊ ဒေဝဒတ် အထက်၊ ဖျက်ရစ်သောသူကား အောက်ဖြစ်စေသတည်း . . .

အမျိုဝ်ခုနစ်ဆက် ညက်ညက်ပြုန်တီပျက်စီစေ အဝီစိအထဲ ငရဲကျက်ရှယ် အကမ္ဘာဘာဖုရာတိုင် လာ ချွတ်လည်း မကျွတ်တတ်သည် ငရဲသစ်ငုတ်လျှင် ဖြ သတည်း . . ။

ကပ္ပတိန်ဝီလ်ဆင်မှာ ပုဂံကျိန်စာများဆီ လွင့်ပျံ့သွားသည့် သူ၏ စိတ်အာရုံကို လက်ရှိ ပစ္စု





နှံလည်ခေါ် ယူလိုက် ပါ၏။ တစ်ဆက်တည်းမှာပင် သူရောက်ရှိသည့် နေရာနှင့် သူမက်မောတွယ်တာခဲ့မိသော အရာတို့က ကပ္ပတိန်ဝီလ်ဆင်၏ တွေဝေ မိန်းမောနေသည့် စိတ်အစဉ်ကို ဖက်ခတ်လှုပ်နှိုးလိုက်ပါသည်။

"အင်း ဒီအခိုန်ဟာ ငါ့အတွက် အချိန်ကောင်းပဲ . . . ဒီကျောင်းတော်ကြီးထဲကို ရောက်နေတာကိုလည်း ဘယ်သူမှ သိကြဘူး . . . ဟို ဟို သစ်ကနက်မယ်တော်ရုပ်တုလေးတွေ ရှိ့ အခန်းဆီကို ငါရောက်အောင်သွားရမယ်"

ကပ္ပတိန်ဝီလ်ဆင်အဖို့ ကံဇာတာစန်းလာဘ်တို့က ကောင်းနေသေး သည်ထင့်။ နာဂအစောင့်စစ်သားများကို တစ်ဦးတစ်ယောက်မျှ မတွေ့ရပါဘဲနှင့် နတ်ရုပ်တစ်ထောင် ယ်တော် ကျောင်းဆောင် ကြီးထဲသို့ ရောက်ရှိလာခဲ့ပါသည်။

တွေ့မြင်လိုက်ရပါပြီ။ မြွေနဂါးကြီးနှစ်ကောင် ခြံရံ း လျက်ရှိသော နတ်ရုပ်တစ်ထောင်မယ်တော်၏ ကိုယ်ပွား ်တနက်မယ်တော်ရုပ်တုလေးများက ကပ္ပတိန်ဝီလ်ဆင်ကို ်ငင် ခေါ် ယူနေကြသည်သို့ . . ၊

"တောက် ဖြစ်ချင်ရာဖြစ်ဆိုပြီး မယ်တော်ရုပ်တုငယ် ရုပ်လောက် ခိုးယူပြီး ထွက်ပြေးသွားရင်တော့ ဂီလီယိုကြီးတို့ ယ်လောက်ပေါက်ကွဲပြီး မုန်တိုင်းတွေထန်နေမလဲ ဘူးဟော့"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်။ လွန်စွာမှ တန်ဖိုးကြီးရှားပါးလှပြီး လက်
မြောက်လှသည့် သစ်ကနက်မယ်တော်ရုပ်တုလေးတစ်ရုပ်
သူယူဆောင်နိုင်ခဲ့မည်ဆိုလျှင် သူရော၊ သူ၏ဖခင်ကြီးပါ
မည်မျှ ပျော်ရွှင်သွားကြလေမည်နည်း။ ကပ္ပတိန်ဝီလ်
တစ်ယောက် သစ်ကနက်မယ်တော်ရုပ်တုလေး
မခွဲနိုင်မခွာရက်နှင့် လိုချင်ရမ္မက်ဇောတို့က ရင်အ
ပူလောင်ပြင်းပြစွာ လောင်မြိုက်လျက်ရှိချေပြီကော ..။

"ဒါပေမယ့် ဂျမဒါမင်းဒင် ကတော့ ငါ့ကို တော်
စိတ်ဆိုးမှာပဲ ... အင်း ခက်နေတာက ဘာသာရေး
ဆက်နွယ်နေတဲ့ ရုပ်တုလေးဆိုတော့ ငါ့မှာ ယူပြီးပြေးဖို့
တော်တော်ကြီးကို ခက်ခဲနေတယ် ... ဟင်း ဘ
လုပ်ရပါ့မလဲ"

ကပ္ပတိန်ဝီလ်ဆင် မှာ သစ်ကနက်မယ်တော်ရုပ်တု
ကို ကိုင်ကြည့်လိုက်၊ ပြန်၍ချလိုက်နှင့် ဗျာများနေပါ
နောက်ဆုံး မှာတော့ လိုချင်တပ်မက်စိတ်ကြီးလှသည့်
စိတ်ကိုလျှော့ကာ မယ်တော်ရုပ်တုလေးကို ပြန်၍
လိုက်ပါတော့သည်။ သို့သော် ရင်ထဲမှာတော့ ဒွိဟအတွေး
လွှမ်းထိုးယှက်နွယ် နေဆဲ ..။

သာမန်အားဖြင့် ဆိုလျှင် ကပ္ပတိန်ဝီလ်ဆင်
ရိုးသားပြီး သစ္စာရှိသော အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်ဖြစ်





ပါးသူ၏ ပစ္စည်းဆိုလျှင် စိတ်နှင့်ပင် မပြစ်မှားမိ။ အထူးသဖြင့်
သာရေးနှင့် ဆက်နွယ်နေသော ပစ္စည်းဆိုလျှင် ပို၍ပင်
က်ရှောင်မိသည်။ သို့သော် ...

ယခုတစ်ကြိမ်မှာတော့ ရှေးဟောင်းအနုစိတ်လက်ရာ
ဖြင့် ထူးခြားစွာ ပါးလျသည့် သစ်ကနက်မယ်တော်ရုပ်တု
းကမူ ကပ္ပတိန်ဝီလ်ဆင်၏ နှလုံးသားထဲတွင် စူးနစ်
ဝင်နေခဲ့လေ ပြီထင့် ..။

တစ်ဆက်တည်းမှာပင် သူနှင့်တပ်ရင်းတစ်ရင်းတည်း
သော ဂျမဒါမင်းဒင်၏ စကားများကိုလည်း ကပ္ပတိန်ဝီလ်ဆင်
လည်၍ မြင်ယောင်လာ မိသည်။

"ဒီမှာ ကပ္ပတိန်.. ကပ္ပတိန်ရဲ့စိတ်ထဲမှာ ရှိတဲ့အတိုင်း
ျာက်လုပ်မနေနဲ့ဦးနော် ... အထူးသဖြင့် ကပ္ပတိန်
ာချင် တာက ငါမပါဘဲနဲ့ ဟိုမယ်တော့်ကျောင်းဆောင်
းထဲကို ယောင်လို့များတောင် မသွားလိုက်ပါနဲ့နော်"

"ကပ္ပတိန်က ရှေးဟောင်းရုပ်တုလေးတွေ၊ ပေစာပုရပိုဒ်
ွေနဲ့ ရှေးဟောင်းပစ္စည်းဆိုရင် သတင်းကြားတာနဲ့ အသေရရ
ျင်ရရ ဘယ်လိုနည်းနဲ့ပဲရရ လိုချင်တပ်မက်စိတ်၊ ရမ္မက်
တွေ ကြီးလွန်းတယ်.. မတော်တဆများ တစ်စုံတစ်ခုသာ
သွားခဲ့ရင် ငါလည်း ဘာမှတတ်နိုင်မှာ မဟုတ်ဘူး ကပ္ပတိန်"

နတ်ရုပ်တစ်ထောင် သစ်ကနက်မယ်တော် ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



လေးကို လှမ်းယူရန် ဟန်ပြင်နေသည့် ကပ္ပတိန်ဝီလ်
၏လက်က ဂျမဒါမင်းဒင်၏ စကားသံများကြောင့် နောက်
တွန့်ဆုတ်သွားပြန်ပါသည်။

ကပ္ပတိန်ဝီလ်ဆင် တစ်ယောက် သစ်ကနက်မယ်
ရုပ်တု ရှေ့တွင် ရပ်လျက် ချီတုံချတုံဖြစ်နေပါ၏။ ယခု
အခွင့်အရေးမျိုးက နောက်ထပ် မည်သို့မျှ နှစ်ကြိမ်နှစ်ခါ
နိုင်ပါ လေတော့။ လူသူကင်းရှင်း၍ ဂျမဒါမင်းဒင်နှင့် သို
တို့လည်း သူနှင့်အတူ လိုက်ပါမလာနိုင်ခဲ့ခြင်းက
ကပ္ပတိန်ဝီလ်ဆင် စိတ်ကြိုက်လှုပ်ရှားခွင့် ရရှိ
တမင်တကာပင် ဖန်တီးပေး လာသကဲ့သို့ . . ။

နတ်ရုပ်တစ်ထောင်ကျောင်းတော်ကြီးကလည်း ယ
ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေလေသည်ထင့်
ခါတိုင်းရက်များတွင် ဥဒဟို သွားလာလှုပ်ရှားနေကြသည့်
အစောင့်များသည်လည်း ဘယ်ကမ္ဘာသို့ ရောက်ရှိ
လေသည်မသိ။ ဖြစ်ပေါ်နေသည့် လက်ရှိပစ္စက္ခအခြေ
များသည် ကပ္ပတိန်ဝီလ်ဆင်အား ဝိုင်းဝန်းဖိအားပေးနေကြ
အားပေးအားမြှောက်ပြုနေကြသည့်နှယ် . . ။

"အင်း အခြေအနေက မယ်တော်ရုပ်တုလေးကို
ယူနိုင်ဖို့အတွက်များ ဖန်တီးပေးနေကြတာလား မသိဘူး"

သူ့ရှေ့တွင် ရှေးဟောင်းလက်ရာအနုအရွမျာ





မွှမ်းထားသည့် မေတ္တာရှင် လိုင်နင်မယ်တော်ရုပ်တုလေးက
ပ္ပတိန်ဝီလ်ဆင် ကို လက်ယက်ခေါ်ငင်နေသကဲ့သို့ . . ။
တ်ရုပ် တစ်ထောင်ကျောင်းဆောင်ကြီးအတွင်းမှာတော့
တ္တာရှင် လိုင်နင်မယ်တော်ရုပ်တုများက အကြီး၊ အသေး၊
ငယ်၊ အလတ် အရွယ်အစားအမျိုးမျိုးတို့ဖြင့် ထောင်ချီကာ
နေ သည်မို့ ထိုအထဲမှ တစ်ရုပ်တစ်လေ လျော့ပါးသွားလျှင်
သ်မှ ချက်ချင်းသိနိုင်လိမ့်မည်မဟုတ်ဟု ကပ္ပတိန်ဝီလ်ဆင်
က်ချက်နေမိ ပါ၏။

"ဟုတ်တော့ဟုတ်တယ် . . ကြည့်စမ်းပါဦး . .
လောက်တောင်မှ လက်ညှိုးထိုးမလွဲ များပြားလှတဲ့ မယ်တော်
တုတွေထဲက ဒီရှစ်လက်မ၊ ကိုးလက်မလောက်ရှိတဲ့ မယ်တော်
တုသေးသေးတစ်ရုပ် ပျောက်သွားတာကို ဘယ်သူတွေက
ကြမှာလဲ"

လူသူကင်းရှင်းမှုနှင့် လိုချင်ရမ္မက်လောဘတို့သည်
ပ္ပတိန်ဝီလ်ဆင်၏ အသိစိတ်ဟူသမျှတို့ကို အမှောင်ဖုံးကာ
နိုင်ယူ လိုက်ချိန်မှာတော့ သူ့ရှေ့က သစ်ကနက်
ယ်တော်ရုပ်တုလေးက ကပ္ပတိန်ဝီလ်ဆင် ၏ စစ်အကျီ
ကြားထဲသို့ ဖျတ်ကနဲ ဝင်ရောက် ပျောက်ကွယ် သွားပါလေ
တော့သည်။

"ရပြီ . . ငါသိပ်ပြီးလိုချင်တဲ့ မယ်တော်ရုပ်တုလေး



www.burmeseclassic.com

www.burmeseclassic.com



ရပြီ . . . ငါ ဘာလုပ်ရမလဲ . . . ငါ ဘာဆက်ပြီး လုပ်ရ ဒီကနေ အမြန်ဆုံး ထွက်ပြေးရင်ကောင်းမယ် ထင်တယ်"

ကပ္ပတိန်ဝီလ်ဆင်က စစ်အကျီကို အပေါ် ဟန်မပျက်ဆွဲ၍ ဖုံးလိုက်ပြီး လှို့ဝှက်လိုဏ်ခေါင်းရှိရာ ခြေသံလုံလုံဖြင့် ခပ်သွက်သွက် လျှောက်လာခဲ့သည်။

"ဟုတ်တယ် ဒီမှာဆက်ပြီနေလို့ ဂီလီယိုတို့ သိသွား မလွယ်ဘူး . . . ငါ အမြန်ဆုံး ဒီကနေထွက်မှ ဖြစ်မယ် . . မြစ်ကြီးနားကိုသာ ရောက်အောင်ပြေးနိုင်ရင် ငါလွတ်ပြီ"

ကပ္ပတိန်ဝီလ်ဆင် ၏ အတွေးစိတ်ကူးထဲ ရုတ်တရက် ဝင်လာသည့် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် လိုက်ပြီး သည်နှင့် လှို့ဝှက်ဥမင်လမ်းကြောင်းမှ လွယ်ရှီထန် နှင့် ဝေးရာသို့ သုတ်ခြေတင်ထွက် သွားပါလေတော့သည်။

✧ ✧ ✧



အခန်း(၁၉)

## တရားခံပြစ်သွားသော ဂျမဒါတစ်ယောက်

ပြဿနာသည် သျှီသျှိုင်းတို့ တွေးထင်ထားသည် ထက်ပင် ပိုမို၍ စောစီးစွာ ကျရောက်လာခဲ့ပါချေပြီ . . ။

နတ်ဆရာဂီလီယိုသည် ဂျမဒါမင်းဒင်တို့ ခြေလှမ်း သွက်သည်ထက်အပြိုင် ခြေစွမ်းထက်သည်ကိုမူ ငြင်းပယ်၍ မရပါ။ ဂီလီယို၏ အစောင့်စစ်သည်များသည် ခြေရာလက်ရာ ပျက်နေသည့် လှို့ဝှက်ဥမင်လိုဏ်ခေါင်းဝမှတဆင့် နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



နဂါးခံတွင်းမှ မြွေနဂါးနီကြီးပါ ဂျမဒါမင်းဒင်တို့လက်ချက်ဖြင့် သေဆုံးသွားခဲ့ရပြီဖြစ်ကြောင်းကို သိရှိသွားကြချိန်မှာတော့ လွှယ်ရှီထန်တစ်ရွာလုံး တုံးခေါက်သံတို့ဖြင့် ဆူညံလျက် ရှိ တော့သည်။

တုံ . . တုံ . . တုံ . . တုံ . . တုံ . . တုံ

လွှယ်ရှီထန်တောင်ပတ်လမ်းမှတဆင့် စမ်းချောင်း လေးအတိုင်း ရွာဘက်သို့ ပြန်လာနေကြသည့် ဂျမဒါမင်း နှင့် သျှီသျှိုင်းတို့မှာ ရုတ်တရက်ကြားလိုက်ရသည့် တုံးခေါ အချက်ပေးသံများကြောင့် ထိတ်ခနဲ ရင်ခုန်သွားကြပါ၏။

"ဟင် တုံးခေါက်သံတွေ ဆူညံနေပါလား . . . ရွာထဲမှာ တစ်ခုခုတော့ ဖြစ်နေပြီထင်တယ် သျှီ"

"ဟုတ်တယ် မင်းဒင် . . . ဘာများဖြစ်နေကြ မသိဘူး . . . လိုင်းဆိုင်များ မူးပြီး သောင်းကျန်းနေပြန် ပြီ မသိဘူး"

နှစ်ယောက်သား ရင်ခုန်ပူပန်စိတ်များနှင့်အတူ လွှ ထန်ရွာထဲသို့အရောက် ခက်သွက်သွက်လျှောက်လှမ်းလ ကြသည်။ ဂျမဒါမင်းဒင်၏ ရင်ထဲမှာတော့ တစ်ယောက် ကျန်ရစ်ခဲ့သည့် ကပ္ပတိန်ဝီလ်ဆင်ကိုသာ ပူပန်နေမိပါ၏။

လွှယ်ရှီထန်ရွာအဝင် စည်းရိုးတံခါးဝအနီးမှာ ရွာခေါင်းကြီးထန်သျှိုင်း၊ နတ်ဆရာဂီလီယိုနှင့် လိုင်းဆိုင်





လူစုကို လက်နက်ကိုယ်စီနှင့် တွေ့မြင်လိုက်ကြသည်။ နတ်ဆရာ ဂီလီယိုနှင့် စစ်ခေါင်းဆောင် လိုင်းဆိုင်တို့ကမူ သူတို့ရှိရာသို့ ဦးတည်၍ လာနေကြသည့် ဂျမဒါမင်းဒင်ကိုသာ စူးစူးရဲရဲ ကြည့်နေကြပါ၏။ လွှယ်ရှီထန်နာဂရွာသားများအားလုံး၏ မျက်နှာပြင်ထက်မှာတော့ ဒေါသအခိုးများက မီးတောက်မီးလျှံ များအလား . . ။

"ဟင် အဖ အဖ. . ဘာတွေဖြစ်နေတာလဲ"

သျှီသျှိုင်း၏ စိုးရိမ်သောကအမေးများက ကသော ကမျော ခုန်ထွက်လာသည့်တိုင် မည်သူမျှ စကားမပြန်ကြဘဲ ဂျမဒါမင်းဒင်ကိုသာ ဝိုင်းရံထားလိုက်ကြသည်။

"ဟေး ဒီလူစိမ်းကောင်ကို ဖမ်းချုပ်လိုက်ကြစမ်း"

စစ်ခေါင်းဆောင်လိုင်းဆိုင်၏ ကျားဟိန်းသံကြီးနှင့်အတူ ဂျမဒါမင်းဒင်ကို အောင်းလှံကြီးများဖြင့် ချိန်ရွယ်လျက် ဖမ်းဆီးချုပ်နှောင်လိုက်ကြသည်။

"ဟင် နင် နင် ဘယ်လိုလုပ်လိုက်တာလဲ လိုင်းဆိုင်၊ ငါ့ခြည့်သည်ကို ဖမ်းချုပ်လိုက်တာဟာ ငါ့ကို စော်ကားလိုက်တာနဲ့ အတူတူပဲ"

"ဒီလိုမပြောနဲ့ သျှီသျှိုင်း . . . ဒီလူစိမ်းကောင်ကို ငါတို့ စစ်ဆေးစရာရှိလို့ ဖမ်းချုပ်ထားလိုက်တာပါ . . . သူတို့ ဟာ ည်းကမ်းဖောက်တယ် . . . နဂါးခံတွင်းထဲကို လက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဆောင်ပြီး ငါတို့ရဲ့ အစောင့်တော်မြွေနဂါးနီကြီး
သတ်ဖြတ်ပစ်တာရယ် . . နတ်ရုပ်တစ်ထောင်ကျောင်းတော်
လိုင်နင်မယ်တော်ရုပ်တုတစ်ခုကို ခိုးယူပြီး ထွက်ပြေးသွား
တာရယ် . . . ဒီပြစ်ချက်တွေကြောင့် ဒီလူစိမ်းကောင်
ဖမ်းချုပ်လိုက်တယ်"

"ဟင်"

"ဟယ်"

နတ်ဆရာဂီလီယို၏ ချက်ကျလက်ကျ ပြောလိုက်သ
မမျှော်လင့်သော စကားသံကြောင့် ဂျမဒါမင်းဒင်နှင့် သျှိသျှိ
တို့ မျက်လုံးပြူးသွားကြသည်။

သွားပြီ . . ။ ဂျမဒါမင်းဒင်၏ စစ်မှန်သော ရည်ရွ
ချက်ဟူသမျှတို့သည် ကပ္ပတိန်ဝီလ်ဆင်၏ မဆင်မ
လုပ်ရပ်ကြောင့် ရေစုန်မျောပါသွားခဲ့ပါပြီ။ နတ်ဆရာဂီလီယို
လှည့်ဖျားဉာဏ်ဆင်ထားသည့် နဂါးခံတွင်းမှ မြွေနဂါးနီကြီး
သုတ်သင်၍ ရှေးရိုးအယူ အစွဲဝေလေ့များကို ဖယ်ရှားပေး
ဟူသော ရည်ရွယ်ချက်၊ နယ်မြေခံ လွယ်ရှိုထန်နာဂများ
ပူးပေါင်း၍ ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်
ဟူသော ရည်ရွယ်ချက် စသည်များက ကပ္ပတိန်ဝီလ်
၏လက်ချက်ဖြင့် ပျက်စီးပြိုကွဲခဲ့ရပါချေပြီတည်း။

သည်ကြားထဲ ကံဆိုးချင်တော့ မြွေနဂါးနီကြီး





မျက်လုံးမှ ဓားဒဏ်ရာကို တွေ့ရှိသွားခဲ့ခြင်းက လက်နက်မဲ့
စစ်ဆင်ရေးကို ပျက်သုန်းသွားစေခဲ့ပြန်ပါ၏။ ယခုမူ ဒေါသမီးလျှံ
များဖြင့် ဆူညံပေါက်ကွဲနေကြသည့် လွယ်ရှိုထန်နာဂများ၏
ထက်မြက်သော လှံသွားများက ဂျမဒါမင်းဒင်၏ မျက်နှာနှင့်
ရင်ညွှန့်တစ်ဝိုက်တွင် ဝဲပျံလျက် . . ။

တစ်ဆက်ကည်းမှာပင် နတ်ဆရာဂီလီယိုကြီး၏ မီးခိုး
လှိုင်း နိမိတ်ဖတ်ပုံရိပ်ထဲမှ အသွင်သဏ္ဍာန်များအတိုင်း ထပ်တူ
တွေ့ကြုံနေရသည်မို့ ဂျမဒါမင်းဒင်မှာ တုန်လှုပ်သွားမိ ပါသည်။

"ဘုရား . . ဘုရား . . ဘာတွေဖြစ်ကုန်ပြီလဲ . . .
ကပ္ပတိန်ဝီလ်ဆင်ကလည်း တော်တော်မိုက်မဲတာပဲ . . .
ကျောင်း ဆောင်ကြီးဘက်ကို ဘယ်ကဘယ်လို ရောက်သွားပြီး
မယ်တော် ရုပ်တုလေးကို ခိုးယူသွားရတာလဲ မသိဘူး . . .
တောက် အတန်တန်မှာထားတဲ့ကြားထဲကနေကွာ . . . ဟင်း"

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ ခေါင်းဆောင်ဖြစ်တဲ့ မင်းမှာ
တာဝန်ရှိတယ် လူစိမ်းကောင် . . . အခုဆိုရင် လွယ်ရှိုထန်
တစ်ရွာလုံး မယ်တော်ရဲ့ ကျိန်စာကြီးကို ကြောက်လန့်တုန်လှုပ်
နေကြပြီ . . . မင်းတို့ကျူးလွန်ခဲ့တဲ့ လုပ်ရပ်တွေကြောင့်
ကြားထဲက ငါတို့ရွာသားတွေကို မယ်တော်ကြီးက ဒဏ်ခတ်
တော့မယ် . . . ခုချိန်မှာ ငါကသာ အမိန့်ပေးလိုက်ရင် ဒေါသ
ထွက်နေကြတဲ့ ရွာသားတွေရဲ့ လှံဖျားမှာ မင်းအသက် ဘာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားမှန်းတောင် သိမှာမဟုတ်ဘူး"

စစ်ခေါင်းဆောင်လိုင်းဆိုင်၏ ပိုင်ပိုင်နိုင်နိုင် ချည်တုပ် လိုက်သော စကားသံဆုံးသွားသည်နှင့် နာဂရွာသားများ၏ ဆူညံစွာ အော်ဟစ်သံ၊ ဓားရောင်လှံရောင်များက နေခြည်တွင် ဝင်းခနဲ၊ ပျက်ခနဲ၊ လက်ခနဲနှင့် . . ။

သျှိုသျှိုင်းခများမှာလည်း ရည်ရွယ်ချက်ပျက်ပြားသွား သဖြင့် နတ်ဆရာဂီလီယို၏ ထောင်ချောက်တွင်းသို့ သက်ဆင်း ခဲ့ရရှာသည့် ချစ်သူ မင်းဒင်၏ မျက်နှာကို ကြေကွဲစွာ ကြည့်ရင်း ဘာဆက်လုပ်ရမည်မသိ ဖြစ်နေပါ၏။ သူမ၏ဖခင် လုံဘူကြီးထန်သျှိုင်းပင်လျှင် ကပ္ပတိန်ဝီလ်ဆင်၏လုပ်ရင်ကြောင့် ဒေါသ ထွက်ကာ တုန်လှုပ်ချောက်ချားလျက်ရှိသည်။

ထိုစဉ် နတ်ဆရာဂီလီယိုက နာဂစစ်သားနှစ်ယောက် ဖမ်းချုပ်ထားသည့် ဂျမဒါမင်းဒင်ရှေ့တွင် ရပ်လိုက်ပြီး . . .

"ဒီမှာ လူစိမ်းကောင် . . . မင်းအတွက် ကံကြမ္မာ ဆိုးတွေဟာ ငါ့ရဲ့ မီးခိုးလှိုင်းနိမိတ်ပုံရိပ်ထဲကအတိုင်း တစ်ခုပြီး တစ်ခု ကျရောက်လာတော့မယ် . . . ဒါပေမယ့် အဲဒီအပြင်ဒဏ် အတွက် မယ်တော်ကြီးရဲ့ ကျိန်စာသင့်ဒဏ်ခတ်မှာကို ငါတို့ မလိုလားဘူး . . . ဒီတော့ ခိုးယူသွားတဲ့ မယ်တော်ရုပ်တု ပတ်သက်လို့ လုံဘူနဲ့တိုင်ပင်ပြီး တစ်ခုခုကို အမြန်ဆုံး စီရင် ဆုံးဖြတ်ရမယ်"





နတ်ဆရာဂီလီယို၏ စကားကြောင့် သျှိုသျှိုင်းမျက်နှာ ကွက်ခနဲ ပျက်သွားပါလေ၏။ နဂိုကတည်းကပင် အယူအစွဲ ကြီးလှသော နာဂတိုင်းရင်းသားများမှာ ကပ္ပတိန်ဝီလ်ဆင် ၏ အလိုရမ္မက် နှင့် မဆင်မခြင် လုပ်ရပ်ကြောင့် လှိုယ်ရှိုထန်တစ်ရွာလုံးလား လိုင်နင်မယ်တော်ကြီးက ကျိန်စာသင့် ဒဏ်ခတ်တော့မည်ဟု ယုံကြည်နေကြပါသည်။

"ကိုင်းဟေ့ လိုင်းဆိုင် . . . ဒီလူစိမ်းကောင်ကို လောလောဆယ် သစ်လုံးအချုပ်ထောင်ထဲ ထည့်ထားလိုက်ကြ"

နတ်ဆရာဂီလီယို၏ အော်ဟစ်အမိန့်ပေးသံအဆုံးတွင် ဂျမဒါမင်းဒင်အား ကြိုးများဖြင့် ခိုင်မြဲစွာ တုပ်ချည်၍ သစ်လုံးအချုပ်တိုက်ဆီသို့ ဖမ်းဆီးခေါ်ဆောင်သွားကြပါ တော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညဉ့်မှာပင် လွယ်မွန်းတောင်ထိပ်ရှိ နဂါးခံတွင်း
ဆိမှ ဒေါသတကြီး ထစ်ချုန်းမြည်ဟီးသံကြီးများက ကမ္ဘာပျက်
ခမန်း ဆူညံစွာ ထွက်ပေါ်လာခဲ့ပါသည်။

"ဒိန်း . . ဂျိမ်း . . ဂျလိန်း . . ဒိန်း"

ကောင်းကင်ကြီးတစ်ခုလုံး မည်းမှောင်ညစ်ထေးလာ
လောင်မီးလက်နက်၏ ရှေ့ပြေးဖြစ်သော လျှပ်စီးကြောင်း
များက တဝင်းဝင်း၊ တလက်လက်နှင့် အမှောင်ခြုံလွှာနက်
ကို တဖျင်းဖျင်းနှင့် ဆွဲခွာဆုတ်ဖြဲပစ်နေပါ၏။ အဆုံးမဲ
နဂါးခံတွင်းသည် ဒေါသတကြီး ဟစ်အော်လျက်ရှိပါချေပြီ
လွယ်ရှိုထန်နာဂတိုင်းရင်းသားများ အကြီးအက

ခုနစ်စဉ်ကြယ်စာပေ



ကြောက်လန့်စိုးရိမ်လုက်ရှိသော နတ်ရုပ်တစ်ထောင်မယ်တော်
ကြီး ခေါ် မေတ္တာရှင် လိုင်နင်မယ်တော်၏ ကျိန်စာပြစ်ဒဏ်သည်
လွယ်ရှိုထန်ရွာကြီးပေါ်သို့ ဆိုးရွားစွာ ကျရောက်လာခဲ့ချေပြီထင့်။

"ဝေါ . . ခဝါ . . ဝုန်း . . ဝုန်း . . ဒိန်း . .
ဂျလိန်း"

မကြာမီ လွယ်မွန်းတောင်ထိပ်ရှိ မဟူရာကောင်းကင်
ထက်တွင် မိုးသက်မုန်တိုင်းတို့ကပါ ပြိုးမာန်ဖွဲ့၍ စစ်ခင်းရန်
အားပြိုင်လာကြသည်။ တဝင်းဝင်း၊ တလက်လက်နှင့် မဟူရာ
ခြုံလွှာကို ဆုပ်ကိုင်ဆွဲဖြဲနေကြသည့် လျှပ်စီးကြောင်းများ၊
တဂျိမ်းဂျိမ်းနှင့် ဒေါသတကြီး အော်မြည်ဆူပွက်လာသည့် နဂါး
ကြီး၏ ဟိန်းဟောက်သံကြီးများ၊ တဝေါဝေါ တဝုန်းဝုန်းနှင့်
ဗုဉ်းစွာ ရိုက်ခတ်လာသည့် မိုးသက်မုန်တိုင်းကြီးများ
အောက်တွင် လွယ်ရှိုထန်ရွာကြီးသည် လူးလူးလိမ့်လိမ့် ခံစား
နေကြရပါသည်၊

"ဝုန်း . . ဝေါ . . ဝေါ . . ဂျိန်း . . ဒလိန်း"

တစ်ဆက်တည်းမှာပင် လွယ်မွန်းတောင်ထိပ်ရှိ နဂါး
ခံတွင်းဆီမှ သွန်အံချလိုက်သော မိုးရေ၊ ရွှံ့ဗွက်ရေများက
ကျောက်စိုင်ကျောက်ခဲများကို ဒေါသတကြီး ဖြတ်တိုက်ကာ
လွယ်ရှိုထန်၏ စိုက်ခင်းမြေများပေါ်သို့ တဝုန်းဝုန်းနှင့် ဝါးလုံးထိုး
စီးကျလာကြပါချေပြီတည်း။

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ . . ဝုန်း . . ဖရော . . ဝေါ"

"ဟေး နဂါးခံတွင်းကနေ အံချနေပြီဟေ့ . . . ရေစီးထဲ မျောပါသွားလိမ့်မယ် . . . လွယ်မွန်းတောင်ကု[illegible] ဘက်ကို ပြေးကြဟေ့"

"ပြေးဟေး ပြေးကြ . . . သစ်ပင်တွေရော ကျော[illegible] တုံးတွေပါ နဂါးခံတွင်းတောင်ထိပ်ကနေ ပြိုကျလာကြပြီ . . . မြန်မြန်ပြေးကြ"

"အား . . အူး . . အေး . . ဟေး"

နဂါးခံတွင်းမှ မိုးရေများက ဝါးလုံးထိုး စီးကျလာ[illegible] ဖြစ်သဖြင့် လွယ်ရှိထန်ရွာသားများသည် သက်ကြီးရွယ်အိုများ[illegible] လူမမယ်ကလေးငယ်များကို ပွေ့ချီကာ တုန်းမြင့်ထိပ် ရေလွ[illegible] ရာသို့ မှောင်နှင့်မည်းမည်းမှာပင် ထွက်ပြေးကြရပါသည်။ ယ[illegible] အချိန်မှာတော့ လွယ်ရှိထန်တစ်ရွာလုံး နတ်ရုပ်တစ်ထော[illegible] မယ်တော်၏ ကျိန်စာသင့်ဒဏ်ခတ်ခြင်းကို သွေးပျက်စွာ ခံ[illegible] နေကြရချေပြီတည်း။

မည်းမှောင်နေသော တောင်းကင်ထက်မှ ဂျိန်း[illegible] နဂါးအော်မြည်သံကြီးနှင့်အတူ တောင်ကုန်းထိပ်မှ သစ်ခြေ[illegible] ပင်ကြီးတစ်ပင်ကို ဝင်းခနဲ ပျက်ခနဲ မှန်ကာ လောင်မီးကျ[illegible] စေခဲ့သည်။

"ဂျိန်း . . . ဒလိန်း"





ထုးဆန်းသည်မှာ သဲသဲမဲမဲ တိုက်ခတ်ရွာသွန်းနေသည့် [illegible]းရေထဲတွင် မီးက ငြိမ်းသေမသွားသည့်အပြင် တစ်ပင်မှ [illegible]တစ်ပင်သို့ ကူးကာ လောင်ကျွမ်းစေသည့် နဂါးမီးတောက် [illegible]ရွမ်းက တောမီးများကို အကြီးအကျယ် လောင်ကျွမ်းစေ သည်၊ သစ်ပင်ကြီးငယ်များ နဂါးမီးတောက်ထိမှန်ကာ ကျိုးပြတ် [illegible]ဂွင့်စင်ကုန်ကြသည်၊

လွယ်မွန်းတောင်ထိပ်ဆီမှ ချွဲ့ရည်များနှင့်အတူ [illegible]တောင်ပြိုကျခြင်းတို့ တဝုန်းဝုန်းနှင့် တိုက်စားပြိုပျက်လာ [illegible]ကြသည်။ နဂါးခံတွင်းမှ ဝါးလုံးထိုး အံကျလာသည့် မိုးရေများ [illegible]ကြောင့် ချောင်းရေများ လျှံတက်လာကြပြီး မြစ်ရေသည် [illegible]ယ်ရှိထန်၏ မြေနိမ့်လွင်ပြင်မှ စိုက်ခင်းများကို ဝါးမြိုတိုက်စား [illegible]းခဲ့ပါချေပြီ။

တစ်ညဉ့်လုံး လွယ်မွန်းတောင်ထိပ်ရှိ နဂါးခံတွင်းမှ [illegible]ါးချေးများ အံချခြင်း နဂါးမီးတောက်များ ပစ်ခွင်းခြင်း၊ [illegible]ါသတကြီး ထစ်ချုံးအော်ဟစ်ခြင်းတို့ကို ကမ္ဘာပျက်မခန်း [illegible]လုံးလိမ့်လိမ့် ခံစားခဲ့ကြရာမှ နံနက်အရုဏ်တက်ချိန်မှာတော့ [illegible]းကြီး၏ ဒေါသမာန်ဟုန်များနှင့် မိုးသက်မုန်တိုင်းတို့က [illegible]ျော့ပါးငြိမ်သက်သွားပါလေတော့သည်။

နိဂုံးချုပ်ဆိုရပါလျှင် နတ်ရုပ်တစ်ထောင်ကျောင်းတော်မှ [illegible]နင်မယ်တော်သခ်ိတနက်ရုပ်တုလေးကို ကပ္ပတိန်ဝီလ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ခိုးယူ ထွက်ပြေးသွားသည့် ညဥ့်မှာပင် လွှယ်ရှိုထန်တစ်ဂျ…
နတ်ရုပ် တစ်ထောင်မယ်တော်ကြီး၏ ကျိန်စာသင့်ခံရသည်…
သို့တည်း မဟုတ် ဒဏ်ခတ်ခံရသည့်နှယ် အလူး…
ခံစားလိုက်ကြရသည်က ထူးခြားလှသော ကြုံတောင့်…
တိုက်ဆိုင်မှုကြီး တစ်ခုပင်လေလားဟု . . ။

မည်သို့ပင်ဖြစ်စေ ထိုညဥ့်က လွှယ်ရှိုထန်သို့ ကျ…
ခဲ့သော ကျိန်စာဆိုးကြီး၏ အဓိကကဏ်ရာခံ ကပ္ပတိန်ဝီလ…
မရှိတော့ပြီမို့ ဖြစ်ပေါ်လာသမျှ အရာခပ်သိမ်းတို့…
ဂျမဒါမင်းဒင် ထံသို့သာ ခုပြုံကျရောက်လာတော့မ…
မြေကြီးလက်ခတ် မလွဲပါတည်း။

✧ ✧ ✧

## အခန်း (၂၀)

## ကျိန်စာသင့်ခဲ့ရသည့် လွှယ်ရှိုထန်

လက်ရှိအခြေအနေသည် ဂျမဒါမင်းဒင်အတွက် …သိုးဝါးဆုံးအချိန်သို့ ရောက်ရှိနေခဲ့ပါပြီ။

တစ်ညဥ့်လုံး ကြုံတွေ့ခံစားခဲ့ကြရသော အိပ်မက်…ကြီး သို့မဟုတ် နတ်ရုပ်တစ်ထောင်မယ်တော်၏ ကျိန်စာ…ကြီးကြောင့် လွှယ်ရှိုထန်မှ နာဂစ္စာသားများမှာ အကြီးအကျယ်…သအိုး ပေါက်ကွဲလျက် ရှိကြပါချေပြီကော။

---

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



အရက်ကျင်းစ မိုးမလင်းခင်ကတည်းက ဂျမ
မင်းဒင်အား ဖမ်းဆီးချုပ်နှောင်ထားရာ သစ်လုံးအချုပ်
တည်ရှိသည့် စစ်ခေါင်းဆောင်လိုင်းဆိုင်တို့၏ စခန်းတဲ
ရှေ့တွင် ဒေါသတကြီး ပေါက်ကွဲသံများက ငရဲပွက်သ
ဆူညံလျက်ရှိပါသည်။

"လူစိမ်းကောင်ကို သတ်ပစ် . . . ချက်ချင်း သတ်

"လိုင်နင်မယ်တော်ရုပ်တုကို မရရအောင် ပြန်ရှာပေး

"မယ်တော်ကြီးကျိန်စာဆိုးကြီးအောက်က အပြ
ကယ်တင်ပေးပါ"

"တရားခံလူစိမ်းကောင်ကို ချက်ချင်းသတ်ပစ်ကြ"

အကြီးအကျယ် ဒေါသအိုးပေါက်ကွဲလျက်ရှိကြ
လွယ်ရှီထန်နာဂရွာသားများ၏ ထက်မြက်သောလှံများ
ဂျမဒါမင်းဒင်၏ နောက်ဆုံးထွက်သက်သည် မဝေးတော့ ပြ

ပျောက်ဆုံးသွားသည်က လိုင်နင် နတ်ရုပ်တစ်ထ
မယ်တော်ရုပ်တု . . . ။

ခိုးယူထွက်ပြေးသွားသောသူက ဗြိတိသျှမဟာ
တပ်မှ နိုင်ငံခြားသား ကပ္ပတိန်ဝီလ်ဆင် . . . ။

ကျန်ရစ်သူ ဂျမဒါမင်းဒင်ခမျာ ကံကွက်ကြ
ရွာသကဲ့သို့ တရားခံစစ်စစ်ဘဝသို့ ရောက်ခဲ့ရသည်မှာ က
ဆရာကြီး၏ ပဥ္စလက်ကြမ္မာဆိုးတစ်ခုလေလားဟုမျှသာ . . .





မည်သို့ပင်ဖြစ်စေ လွယ်ရှီထန်ရွာသား နာဂတိုင်းရင်း
သားတို့ ခါးသီးကြမ်းရှစွာ အလူးအလဲ ကြုံတွေ့ခံစားခဲ့ရသော
ကျိန်စာသင့်ညတစ်ညအတွက်မူ ကံဆိုးလှစွာပင် ဂျမဒါ
င်းဒင်၏ အသက်ကို ပေးဆပ်လိုက်ရတော့မည်ထင့် . . ။

သစ်လုံးထောင်အချုပ်ခန်းအတွင်းမှ ဂျမဒါမင်းဒင် မှာ
ပြင်ဘက်မှ ကြားသိမြင်တွေ့ရသော သွေးပျက်ချောက်
ားဖွယ် မြင်ကွင်းကိုကြည့်ကာ နတ်ဆရာဂီလီယို၏ မီးခိုးလှိုင်း
မိတ်ပုံရိပ်ကို ပြန်လည်သတိရကာ မြင်ယောင်နေမိပါ
တော့သည်။

"အင်း ဂီလီယိုရဲ့ မီးခိုးလှိုင်း ကြိုတင်နိမိတ်ပုံရိပ်တွေဟာ
ကယ်ကိုပဲ လက်တွေ့ဘဝမှာ ရင်ဆိုင်ကြုံတွေ့နေရပါလား။
ရဲ့ရှေ့မှာ စမစ်ဟာလည်း မီးခိုးလှိုင်းနိမိတ်ပုံရိပ်တွေထဲကလို
မြွေနဂါးနီကြီးရဲ့အစာ ဖြစ်သွားခဲ့ရရှာတယ် . . . ငါ ငါကိုယ်တိုင်
ရော ဂီလီယိုရဲ့ နိမိတ်ဖတ်ပုံရိပ်တွေကို ရှောင်လွှဲလို့ ရနိုင်ပါ့
လား"

ပြောင်းရိုးများခင်းထားသည့် အချုပ်ခန်းကြမ်းပြင်
က်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ဂျမဒါမင်းဒင်
စ်ယောက် သူ၏ မဝေးလှသော အနာဂတ်ကို ချင့်ချိန်တွက်ဆ
မိပါလေ၏။

ထိုအချိန်တွင် လိုင်းဆိုင်၏ စခန်းတဲကြီးထဲဝယ် လုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီး ထန်သျှိုင်း၊ နတ်ဆရာ ဂီလီယိုနှင့် စစ်ခေါင်းဆော လိုင်းဆိုင်တို့ ခေါင်းချင်းရိုက်၍ တိုင်ပင်ဆွေးနွေးနေကြသည် နာရီပေါင်း အတန်ကြာမြင့်လှပါပြီ။ အကြိမ်ကြိမ်အခေါ ညှိနှိုင်းကြ၊ ပယ်ဖျက်လိုက်ကြနှင့် နောက်ဆုံး တိကျ ဆုံးဖြတ်ချက်တစ်ခုကို လုံဘူထန်သျှိုင်းတို့လူစုမှ ချမှတ်နိုင် ပါတော့သည်။

မကြာမီ သစ်လုံးအချုပ်ခန်းအတွင်းမှ ဂျမဒါမင်း အား နာဂလုံ့ကိုင်စစ်သားများက အပြင်သို့ ခေါ်ထုတ်လ ကြသည်။ ထုံးစံအတိုင်း ယာဇ်တိုင်များ စိုက်ထူထားသ သတ်ကွင်းအတွင်းဝယ် ကြိုတင်ရောက်ရှိနေကြသည့် လုံ ထန်သျှိုင်း၊ သျှီသျှိုင်း၊ နတ်ဆရာဂီလီယိုနှင့် လိုင်းဆိုင်တို့ရှေ့ ဂျမဒါမင်းဒင်ကို အချုပ်အနှောင်ဖြင့် ခေါ်ယူလာကြသည်

"သူ့ကို ကြိုးဖြည်ပေးလိုက်ကြစမ်း"

စစ်ခေါင်းဆောင်လိုင်းဆိုင်က သူ၏ နာဂစစ်သားမျ အား အမိန့်ပေးခိုင်းစေလိုက်သည်။ ကြိုးဖြည်ပေးနေစဉ်အတွ ဂျမဒါမင်းဒင်မှာ သျှီသျှိုင်း၏ မျက်နှာလေးအား မျှတ လှည့်ကြည့်လိုက်ပါ၏။ သျှီသျှိုင်း၏ သံယောဇဉ်မျက်ဝန်းညို တစ်စုံက နောက်ဆုံးအချိန်သို့ ရောက်ရှိနေပြီဖြစ်သည့် ဂျ မင်းဒင်၏ ရင်ကို လှုပ်ခါသွားစေသည်သို့ . .။

"ဒီမှာ မင်းဒင် . . . အခုဖြစ်ပျက်ကြုံတွေ့နေ





ချိန်စာဆိုးတွေကို မင်းကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံရပြီ ဟုတ်လား . . . အဲဒါကြောင့် လွယ်ရှီထန်က နာဂတွေကို င်းကို သူတို့ရဲ့ အောင်းလှုံ့ကြီးတွေနဲ့ နှုပ်နှုပ်စင်း ထိုးသတ် ှင်နေကြတာ မင်းအမြင် မင်းအကြားပဲလေ"

စစ်ခေါင်းဆောင်လိုင်းဆိုင်က ဂျမဒါမင်းဒင်၏ ရှုတည့်တည့်တွင်ရပ်ကာ မျက်နှာကို စေ့စေ့ကြည့်၍ ပြောနေ ါ၏။ လိုင်းဆိုင်ပြောနေသော စကားများမှာ အားလုံး မှန်ကန် ာသဖြင့် ဂျမဒါမင်းဒင် တစ်ခွန်းမျှ မတုံ့ပြန်ဘဲ ဆိတ်ဆိတ် ာ နေလျက်ရှိသည်။

"အင်း ခုနေချိန်မှာ ငါကသာ မင်းကို သူတို့လက် ပ်လိုက်ရင် မင်းဘဝရဲ့ နောက်ဆုံးအချိန်ဟာ နာရီပိုင်းလောက် ရှိတော့မှာနော် . . . မင်းတပည့်ရဲ့ လုပ်ရပ်ကြောင့် လွယ်ရှီ န်ရဲ့ ရွာတစ်ခြမ်းဟာ ပျက်စီးခဲ့ရတယ် . . . စိုက်ခင်းတွေနဲ့ ကက်ပဲသီးနှံတွေဟာလည်း ဆုံးရှုံးခဲ့ရတယ် . . . ဒါတွေကို င်းဘယ်လို ပြန်ပြီး ဖန်တီးပေးနိုင်မှာလဲ မင်းဒင်"

လိုင်းဆိုင်၏မေးခွန်းအတွက် ဂျမဒါမင်းဒင်မှာ ဖြေမဲ့နေပါ၏။ ဤကဲ့သို့သော အနိဋ္ဌာရုံအဖြစ်ဆိုးကြီးကို မိမိ၏ က်စီအောက်တွင်ပင် ဖြစ်ပျက်သွားသည်ကို လက်သင့်မခံချင် ာ်လည်း လက်ခံနေရသည်။ မယုံကြည်ချင်သော်လည်း ဒါမင်းဒင် ယုံကြည်နေရပြီ မဟုတ်ပါလား။ ဤသို့ဆိုလျှ



www.burmeseclassic.com

www.burmeseclassic.com



နတ်ရုပ်တစ်ထောင်မယ်တော်၏ ကျိန်စာသင့် ဒဏ်ခတ်သ
ဆိုခြင်းမှာ အမှန်တကယ်ပင် ကျိန်စာသင့်ခဲ့လေသည်လား။

လုံဘူထန်သျှိုင်းနှင့် သျှီသျှိုင်းတို့ကမူ ဂျမဒါမင်းဒင်
အဓိပ္ပာယ်များစွာပါသော အကြည့်များနှင့် စူးစူးနဲ
ကြည့်နေကြပါ၏။

"အေး ဒါပေမယ့် ငါတို့က မင်းကို နောက်ဆုံး အ
အရေးတစ်ခုပေးဖို့ လုံဘူက အခုပဲ ဆုံးဖြတ်ချက်ချ
လိုက်တယ် . . . အဲဒါ မင်းသေချာနားထောင်"

ဂျမဒါမင်းဒင်မှာ သူ၏အနာဂတ် အသက်ရှင်နိုင်
အတွက် မျှော်လင့်ချက်မှုဝါးဝါးနှင့် နားစွင့်နေမိသည်။ ရင်အခုံ
တော့ သေခြင်းတရားဆီသို့ တဖြည်းဖြည်း နီးကပ်လာသ
တလှပ်လှပ်နှင့် ခုန်လှုပ်နေပါ၏။

နတ်ဆရာဂီလီယိုက မြေပန်းကန်လုံးထဲသို့ ညှိညစ်
ဆေးရည်အချို့ကို အနည်းငယ်မျှ လောင်းထည့်လိုက်သ
ပြီးလျှင် လုံဘူကြီးထန်သျှိုင်းလက်သို့ ပေးအပ်လိုက်ပါ၏။ လုံ
ထန်သျှိုင်း၏ စားပွဲပေါ်မှာတော့ ဝါးကျည်တောက်ရေ
တစ်ခွက်က အဆင်သင့်ရှိနေပါသည်။ ထိုစဉ် နတ်ဆရာ
ဂီလီယိုက ဂျမဒါမင်းဒင်ရှေ့သို့ လျှောက်လာပြီး . . .

"အင်း မီးခိုးမှိုင်းပုံရိပ်ထဲမှာ ကြိုတင်နိမိတ်တွေ ထင်
နေတာကို မြင်တွေ့ပြီးကတည်းက နင်တို့တစ်တွေ ဆင်





ကောင်းတာ . . . ခုမှတော့ အရာအားလုံးဟာ နင့်အတွက်
နောက်ကျသွားပြီ လူစိမ်းကောင်ရေ . . . ဒါပေမယ့် လုံဘူကြီးရဲ့
အကောင်းဆုံးအကြံပြုချက်အရ မယ်တော်ကြီးရဲ့ သစ္စာရေနဲ့
ဆေးတစ်ခွက် နင့်ကိုတိုက်ကျွေးလိမ့်မယ်"

"အေး အရေးကြီးတာက နင့်ရဲ့တပည့်ကို တွေ့အောင်
ရှာပြီး သစ်ကနက်မယ်တော်ရုပ်တုကလေးကို ဘယ်လိုပုံစံမျိုးနဲ့
ဖြစ်ဖြစ် ကျောင်းတော်မှာပြန်ပြီး ထားပေးဖို့ပဲ . . . အဲဒီလို
ရှာနေတဲ့နေရာမှာလည်း နင့်ကို အချိန်ပေးရမယ်ဆိုတာ ငါတို့
နားလည်တယ် . . . အဲဒီတော့ ဒီနေ့ကစပြီး နင့်အတွက်
ရက်ပေါင်း(၆၀)တိတိ အခွင့်အရေးရမယ်"

"နင်တို့ရဲ့ ပြည်မထဲကို အမြန်ဆုံးပြန်ပြီး နင့်ရဲ့
ကပ္ပတိန်ကို တွေ့အောင်သာ ရှာပေတော့ လူစိမ်းကောင်ရေ"

ရုတ်တရက် မမျှော်လင့်ထားသော စကားနှင့် မထင်
မှတ်သော အခွင့်အရေးတို့ကြောင့် ဂျမဒါမင်းဒင်မှာ ထခုန်
လုမတတ် ဝမ်းသာသွားပါ၏။ စင်စစ် သူ့အတွက် သေမိန့်မှ
တစ်ပါး အခြားမရှိနိုင်ဟု မျှော်လင့်ချက်ကင်းမဲ့နေချိန်တွင် ယခု
ကဲ့သို့ ထွက်ပေါက်တစ်ခု သို့မဟုတ် အခွင့်အရေးတစ်ခု ရရှိ
လိုက်ခြင်းကြောင့် နာဂမင်းသမီးလေး သျှီသျှိုင်းထံသို့ ဖျတ်ခနဲ
လှမ်းကြည့်လိုက်သည်။

သို့သော် သျှီသျှိုင်း၏ မျက်နှာထက်တွင် ညှိုးငယ်ခြ



www.burmeseclassic.com

www.burmeseclassic.com



တို့မှတစ်ပါး ထူးထူးခြားခြား ပြောင်းလဲသွားခြင်းမရှိသဖြင့် ဂျမ
မင်းဒင် အံ့ဩတွေဝေနေမိသည်။

သို့သော် သူစဉ်းစားချိန်မရ။ မထင်မှတ်ဘဲ ရရှိလာသည့်
အခွင့်အရေးကို လက်လွှတ်သွားမည်စိုး၍ မြန်မြန်ဆန်ဆန်ပင်
စကားပြန်လိုက်သည်။

"စိတ်ချ ဂီလီယို . . . ရက်ပေါင်း(၆၀)တောင် မ
ပါဘူး . . . ကပ္ပတိန်ဝီလ်ဆင်သွားမယ့် နေရာတွေအားလုံး
အဆက် အသွယ်တွေ အားလုံး ကျုပ်သိတယ် . . .
သစ်ကနက်မယ်တော် ရုပ်တုကိုလည်း မရရအောင် ကျုပ်ပြန်
ယူလာခဲ့မယ်ဆိုတာ ရဲရဲကြီး ကတိပေးပါတယ် ဂီလီယို"

ခပ်သွက်သွက်ပင် ကတိစကားများ ပြောဆိုနေသည့်
ဂျမဒါမင်းဒင်ကိုကြည့်ကာ လုံဘုတြီးထန်သျှိုင်းမှာ ခေါင်း
မသိမသာ ခါယမ်းလိုက်ပြီး သစ္စာရေခွက်နှင့် ဆေးများ
ထည့်ထားသည့် ဆေးခွက်တို့ကို ဂျမဒါမင်းဒင်အား ကမ်းလ
ပေးလိုက်သည်။

"ကိုင်း ဒီလိုဆို ဟောဒီ မယ်တော်ရဲ့ သစ္စာရေ
ဆေးခွက်"

ဂျမဒါမင်းဒင်မှာ လုံဘုထန်သျှိုင်း ကမ်းပေးလာသည့်
သစ္စာရေနှင့် ဆေးခွက်ကိုယူ၍ တစ်ကျိုက်တည်း သောက်
လိုက်ပါတော့သည်။





"ဟာ. . . မင်း. . မင်းဒင်"

သျှိုသျှိုင်း၏ သဲ့သဲ့ညင်ညင် ခေါ်ငင်လိုက်သံလေးက
ရှိုက်ငင်သံတချို့နှင့်အတူ ဂျမဒါမင်းဒင်ထံသို့ ဝေ့ဝဲစီးမျော
လာသည်။ မင်းဒင် ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ မျက်နှာကို
လက်ဝါးနှင့်အုပ်ကာ ငိုရှိုက်ရင်း ထွက်ပြေးသွားသည့်
သျှိုသျှိုင်းကိုသာ တွေ့မြင်လိုက်ရပါတော့သည်။

ထိုအခါမှ လုံဘုထန်သျှိုင်းမှာ မရွှင်လန်းသောမျက်နှာ
နှင့် နေရာမှထလာပြီး ဂျမဒါမင်းဒင်ရှေ့တွင်ရပ်ကာ ပခုံးကို
ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီး . . .

"စိတ်မကောင်းပါဘူး မင်းဒင် . . . ဒီလိုမလုပ်ရင်
ဖြစ်လို့ မလုပ်ချင်ဘဲနဲ့ လုပ်လိုက်ရတယ်ဆိုတာ နားလည်ပေးပါ
မင်းဒင် . . . ငါတို့ရဲ့လုပ်ရပ်ဟာ မင်းအပေါ်မှာ မတရားဘူး၊
တရားမျှတမှုမရှိဘူးလို့ ထင်လိမ့်မယ် . . . ဒါပေမယ့်
မင်းအတွက် ဘွက်ပေါက်နဲ့ မယ်တော်ရုပ်တုကို ပြန်ရရှိဖို့က
ဒီနည်းလမ်းတစ်ခုပဲ ရှိတော့လို့ပါ မင်းဒင်"

လုံဘုထန်သျှိုင်းကြီး မျက်နှာမကောင်းစွာနှင့် ပြောဆို
နေသည့် စကားအဓိပ္ပာယ်ကို ဂျမဒါမင်းဒင် လုံးဝ နားမလည်
နိုင်သဖြင့် လုံဘုထန်သျှိုင်းကြီးကိုသာ တွေဝေကြည့်နေမိသည်။

"အေး မင်းကို တစ်ခုတော့ မှာလိုက်မယ် . . .
ရက်ပေါင်း(၆၀)အတွင်း မယ်တော်ရုပ်တုကို ရအောင်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



မင်းဒီကို မရောက်ရောက်အောင် ပြန်လာခဲ့ပါ . . . ရက်ပေါင်း (၆၀)ကျော်တာနဲ့ အခုမင်းသောက်ခဲ့တဲ့ 'သျှိန်'အဆိပ်ဆေး မင်းရဲ့အသက်ဇီဝိန်ကို အန္တရာယ်ပြုလာလိမ့်မယ် မင်းဒင်"

"ဗျာ"

လုံဘူထန်သျှိုင်း၏စကားကြောင့် ဂျမဒါမင်းဒင် ရုတ်တရက် ခေါင်းမွှေးများပင် ထောင်သွားသည်အထိ လန့်ဖျ သွားပါသည်။

"ဟုတ်တယ် မင်းဒင် . . . ရှင်းရှင်းပြောရရင် မင်း အသက်ဟာ ရက်ပေါင်း(၆၀)အထိပဲခံမယ် . . . ရက်ပေါင်း (၆၀)ပြည့်တဲ့နေ့မှာ မင်းသေရလိမ့်မယ် . . . အေး တစ်ခုတော့ ရှိတယ် . . လွယ်ရှီထန်ကို လိုင်နင်မယ်တော်ရုပ်တုနဲ့အတူ ရက်ပေါင်း(၆၀)အတွင်း ပြန်လာနိုင်ခဲ့မယ်ဆိုရင်တော့ ကျောင်းတော်ထဲမှာ သော့ခတ်သိမ်းထားတဲ့ သျှိန်အဆိပ်ဖြေ ဆေးကို မင်းရရှိလိမ့်မယ် မင်းဒင်"

တေဝေဝေးမောစွာ နားထောင်နေသည့် ဂျမဒါ မင်းဒင်မှာ လုံဘူထန်သျှိုင်း၏စကား ဆုံးသည်နှင့် ထိတ်လန့် ချောက်ချားကာ ပေါက်ကွဲပါတော့သည်။

"ဟာ ဒါ ဒါ ခင် ခင်ဗျားတို့ တော်တော် မတရားဘူး ဒါဆိုရင်လည်း ကျုပ် . . ကျုပ်ကို . . . အခု . . အခုပဲ သတ် သတ်ပစ်လိုက် ပါတော့လား . . . ကျုပ် . . . ကျုပ်





ကပ္ပတိန်ဝီလ်ဆင်ကို ရက်ပေါင်း(၆၀) အတွင်းမှာ ရှာမတွေ့နိုင်ရင်ကော ဘယ်လိုလုပ်ကြမလဲ . . . ဘာ . . . ဘာတွေဖြစ်သွားမလဲဟင်"

အကြောင်းရင်းမှန်ကို စုံစုံစေ့စေ့ သိရှိလိုက်ရသော ဂျမဒါမင်းဒင်မှာ ယခုမှပင် ခါးခါးသီးသီး ပြန်လည်ပြောဆိုနေပါ၏။ သို့သော်လည်း ဂျမဒါမင်းဒင်အတွက် အရာ အားလုံးသည် နောက်ကျသွားရပါချေပြီကော။

လွယ်ရှီထန်လုံဘူကြီး ထန်သျှိုင်းကလည်း ထက်မြက်ထူးချွန်သလောက် နှလုံးရည်ရော လက်ရုံးရည်ပါ ပြည့်စုံသော ဂျမဒါမင်းဒင်အား ရီဝေသော မျက်လုံးအစုံ ဖြင့် ကြည့်လိုက်ပြီး . . . . . ।

"အဲဒါကြောင့် အစောကြီးကတည်းက ငါ့ကို ခွင့်လွှတ်ပါလို့ မင်းကို ပြောခဲ့သားပဲ . . . ဒါပေမယ့် ငါမင်းကို ယုံတယ် မင်းဒင် . . . ငါတို့လွယ်ရှီထန်နာဂတွေ အထွတ်အမြတ်ကိုးကွယ်တဲ့ မယ်တော်ရုပ်တုကို မင်းပြန်ပြီး ယူလာနိုင်မှာပါ မင်းဒင် . . . ဘာမှ စိတ်အနှောင့်အယှက်ဖြစ်မနေနဲ့"

လွယ်ရှီထန်ရွာခေါင်းကြီး ထန်သျှိုင်းက ဂျမဒါမင်းဒင်၏ ပခုံးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ပြီး နှစ်ဦးခုင်းသာ နားလည်နိုင်သော အကြည့်စူးစူးနှင့် စိုက်ကြည့်နေပါ၏၊ ပြီးမှ လေသံတိုးတိုးဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးလေး သျှီသျှိုင်းကလည်း မင်းပြန်အလာကို စောင့်နေမှာပါ"

လုံဘူထန်သျှိုင်း၏ နောက်ဆုံး နှစ်ကိုယ်ကြားစကားက ရီဝေမှုန်မှိုင်းနေသည့် ဂျမဒါမင်းဒင်၏ မျက်လုံးအစုံကို လင်း လက်သွားစေသည်သို့ . . ။ ဟုတ်သည်။ ကပ္ပတိန်ဝီလ်ဆင်တို့ ရန်ကုန်မြေတွင် မတွေ့နိုင်စရာအကြောင်း မရှိ၊ သူ့မိတ်ဆွေတို့ ၏ ကျူတိုရီရယ် (ရှေးဟောင်းပစ္စည်းများ ဝယ်ယူရောင်းချသူ့ ဆိုင်) ဆိုင်လေးတွင်သာ ရှိနေပေလိမ့်မည်။ ထို့ကြောင့် ရက် ပေါင်း (၆၀)ဆိုသည်မှာ လိုင်နင်မယ်တော်ရုပ်တု ပြန်လည်ရ နိုင်ရန်အတွက် လုံလောက်နိုင်သော အချိန်ပင်ဖြစ်ပါသည်။

နောက်ဆုံးမှာတော့ ဂျမဒါမင်းဒင်မှာ အမြန်ဆုံး ခရီး ထွက်ရန်သာ ဆုံးဖြတ်ချက်ချလိုက်ပြီး လုံဘူကြီးထန်သျှိုင်း၊ နတ်ဆရာဂီလီယိုနှင့် လိုင်းဆိုင်တို့ရှေ့မှ ခေါင်းငိုက်စိုက်ချကာ ကျောခိုင်းထွက်ခွာလာခဲ့ပါတော့သည်။

✧ ✧ ✧



## အခန်း(၂၁)

## ရက်(၆၀)အဆိပ်နှင့် သူ၏အိပ်မက်ဆိုးများ

နေဝင်လုပြီ . . . ။

ဝင်လုဆဲဆည်းဆာနေလုံးနီနီကြီးသည်ပင် တစ်နေ့လုံး လှုပ်ရှားရုန်းကန်ခဲ့ရသဖြင့် မောပန်းနွမ်းလျနေလေပြီထင့်။ လွယ်ရှီထန်တောင်ထိပ်တွင် မေးတင်ခိုနားလျက် ရှိနေပါ၏။

လွယ်ရှီထန်တောင်ဆင်းလမ်းတလျှောက်နှင့် မြေနိမ့် လွင့်ပြင် ချိုင့်ဝှမ်းများထက်မှာတော့ ယမန်နေ့ညည့်က [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခံတွင်း အော်ဟစ်သံကြီးများကြောင့် မြေပြိုခြင်း၊ ရေလျှံခြင်း
များနှင့်အတူ အပျက်အစီးများက တောင်ပုံယာပုံဖြစ်လျက်
ရှိသည်ကို စိတ်မချမ်းမြေ့စွာ တွေ့မြင်နေရသည်။

ဂျမဒါမင်းဒင်မှာ စိတ်မချမ်းမြေ့ဖွယ်မြင်ကွင်းအား
အကြည့်လွှဲဖယ်လိုက်စဉ်မှာပင် မြင်းညိုကြီးတစ်ကောင်ဆွဲလျက်
တောင်ကြားလမ်းထဲသို့ ဝင်လာသည့် သျှီသျှိုင်းကို တွေ့မြင်
လိုက်ရသည်။

"သျှီ"

နှလုံးသားတစ်နေရာစီမှ မွတ်သိပ်တမ်းတစွာ ခေါ်ငင်
လိုက်သည့်အသံက လည်ချောင်းဝမှာပင် တိုးတိတ်စွာ လွင့်ပျယ်
သွားပါ၏။ သူသည် လူ့လောကတွင် ရက်ပေါင်း(၆၀)သာ
အသက်ရှင်နေထိုင်ခွင့်ရတော့မည် မဟုတ်ပါလား။ သူ၏ရင်ထဲမှ
ချိုမြိန်ညွတ်နူးဖွယ်ရာ ချစ်ခြင်းမေတ္တာသံယောဇဉ်များကို နှာ
မင်းသမီးလေး သျှီသျှိုင်းအား ဖွင့်ဟမပြောရက်ပါလေတော့။
နှလုံးသားထဲမှ သန္ဓေတည်ပေါက်ဖွားလာခဲ့သော အချစ်ဆိုသော
အရာကို နှလုံးသားထဲမှာပင် ထာဝရမြှုပ်နှံသိမ်းဆည်းထားလိုက်
ပါတော့မည်။

"မင်းဒင် ဘာတွေငေးနေတာလဲ . . . နင့်အတွက်
အချိန်ဟာ သိပ်ပြီး တန်ဖိုးရှိနေပြီလေ . . . ဒီမြင်းညိုကြီးကို
စီးပြီး ဟောဒီတောင်ကြားလမ်းအတိုင်း တစ်ညလုံးစီးသွားရင်





ယျှံဆိုင်း'ဆိုတဲ့ တောင်ပေါ်ရွာလေးတစ်ရွာကို ရောက်သွား
လိမ့်မယ် . . . အဲဒီကမှ မြစ်ကြီးနားကို ဆက်သွားပေတော့"

မောလျလျအသံလေးနှင့် မြင်းညိုကြီးကို ပေးအပ်ကာ
ရိုးလမ်းညွှန်နေသည့် ရင်ထဲက ချစ်ရသူလေးအား ဂျမဒါ
င်းဒင် ရီဝေစွာကြည့်လိုက်မိသည်။

"သြော် သျှီရယ် . . . ငါ့အတွက် အဲဒီလောက်တောင်
တ်ပူပင်နေရသလား"

"ဟင့်အင်း ငါ နင့်အတွက် စိတ်မပူပါဘူး . . .
ယ်နည်းနဲ့မဆို ရက်ပေါင်း(၆၀)မပြည့်ခင် ဟောဒီ လွယ်ရှိုထန်
ို ပြန်ရောက်လာမယ်ဆိုတာ ယုံကြည်နေလို့ပဲ မင်းဒင် . .
ရေးကြီးတာက နင်စိတ်ပျက်အားလျှော့မသွားဖို့ပဲ . . ရော့
ဟာဒါက ကျားအားနဲ့ နတ်ဆေးမြစ်နဲ့ ပေါင်းပြီးစပ်ထားတဲ့
ားတိုးဆေး . . . စိတ်အားလျော့မှုတွေ၊ မောပန်းမှုတွေ
န့်သမျှ အားလုံး ပျောက်သွားလိမ့်မယ်"

ဂျမဒါမင်းဒင်လက်ထဲသို့ ဆိတ်သားရေဗူးလေးနှင့်
ည့်ထားသော နတ်ဆေးရည်ကို ပေးလိုက်သည်။ ထိုလက်
လေးကို ဂျမဒါမင်းဒင် ကြင်နာမှုများစွာနှင့် ဆုပ်ကိုင်
ားလိုက်ပါ၏။

သျှီသျှိုင်း၏ အားပေးစကားနှင့် ယုံကြည်မှုတို့က
တ်ပျက်အားလျော့စပြုနေသည့် ဂျမဒါမင်းဒင်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အားဆေးတစ်ခွက်သဖွယ်ပါတည်း။

"ကဲ သွားတော့ မင်းဒင် ... ဒီညဆို သန်းခေါင်ကျော်တာနဲ့ ထွက်လာလိမ့်မယ် ... လ အားကိုးပြီးသာ သွားပေတော့ မင်းဒင် .. နင်ပြန်အလာ ငါဆက်ဆက်စောင့်နေမယ်"

ဂျမဒါမင်းဒင် ဆုပ်ကိုင်ထားသည့် သူ၏လ အသာအယာ ဆွဲယူဖြုတ်ဖြေလိုက်သည်။

"အခုလိုအားပေးတာ ငါသိပ်ပြီး ကျေးဇူးတင်တယ် နို့မို့ဆိုရင် ငါ့စိတ်ထဲမှာ ရက်ပေါင်း(၆၀)အဆိပ်ကြီးက တိုင်း စိုးမိုးနေတယ် . . . စိတ်ချ သို့ . . . နင့်ရဲ့ယုံကြည် မပျက်ပျယ်စေရဘူး . . . ရက်(၆၀)မပြည့်ခင် ငါ ဆက်ဆ ပြန်လာခဲ့မယ် . . . ကိုင်း ငါသွားပြီ သို့"

ဂျမဒါမင်းဒင်မှာ ချစ်ရသူ နာဂမင်းသမီးလေး စူးစူးနစ်နစ်စိုက်ကြည့်လိုက်ပြီး မြင်းညိုကြီးပေါ်သို့ လွှား တက်လိုက်သည်။ ပြီးသည်နှင့် မြင်းညိုကြီး၏တင်ပါးကို ဖ နှင့်တို့လိုက်ကာ တောင်ကြားလမ်းအတိုင်း စိုင်းနှင်သွားပါလေ

လွယ်ရှိထန်သည် သူနှင့် တစ်စ တစ်စ ဝေး၍ ကျန်ခဲ့ပါတော့သည်။

✧ ✧ ✧



အမြင့်ဆုံးတောင်ထိပ်မှ ပြုတ်ကျလာလေသည်လား၊ ဆုံးနိုင်သော စကြဝဠာကြီးအတွင်းဝယ် စီးမျောလွင့်ပါနေလေ ည်လား၊ သို့တည်းမဟုတ် အဆုံးအစမရှိသော ဟင်းလင်း င်ကြီးထဲတွင် တွယ်ရာမဲ့ လွင့်မျောနေလေသည်လား။

ကပ္ပတိန်ဝီလ်ဆင် ရင်ထဲမှာတော့ သိမ့်ခနဲ၊ ဖိုခနဲ၊ အားခနဲ၊ လှိုက်ခနဲ၊ နိမ့်လိုက်၊ မြင့်လိုက်၊ ဦးစောက်မိုးမျှော် စ်လိုက်နှင့် မိုးငွေ့မြူငွေ့များ ဆိုင်းနေသည့် ကောင်းကင်ကြီး က်ဝယ် လေဟုန်စီးနေရသကဲ့သို့ ခံစားနေရပါသည်။

အသိစိတ်အာရုံတွင်လည်း ဝေးရာသို့ လွင့်မျေ



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်၊ ပြန်လည်သက်ဝင်ရွေ့လျားလာလိုက်နှင့် မှုံမှုံမွှား ဝေဝေဝါးဝါးမျှသာ၊ သိမှု မသိမှု အာရုံနှစ်ခုက ကပ္ပတိန်ဝီလ် ၏ ခန္ဓာကိုယ်မှ ပူးချည် ခွာချည်နှင့် . . . ။

ထိုစဉ်မှာပင် တော်လဲသံကြီးလိုလို၊ ကမ္ဘာမြေ ပြို ကွဲကျေသွားသလိုလို အသံကြီးတစ်ခုကို ကြားလိုက်ရပါသ အဝေးဆုံး ဟင်းလင်းပြင်ကြီး တစ်နေရာဆီမှလည်း ဆိန်လင်းသော အလင်းတန်းတစ်ခုသည် ကပ္ပတိန်ဝီလ် ရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ်တိုးဝင်လာလျ ရှိပါချေပြီတည်း။

မကြာမီ ထိုအလင်းတန်းကြီးက ကပ္ပတိန်ဝီလ် ရှိရာသို့ တန်းတန်းမတ်မတ် တိုးဝင်စိုက်ကျလာပြီး ဝုန်းခနဲ ငွေ့များအဖြစ်သို့ ပြောင်းလဲသွားကာ တစ်စတစ်စ မီးခိုးငွေ့ လွင့်ပြယ်သွားချိန်မှာတော့ အသက်(၇၀)ကျော်ခန့်ရှိ အိန္ဒိ ဆာဒူးအဘိုးကြီးကိုသာ ဖျတ်ခနဲ တွေ့မြင်လိုက်ရပါတော့

ရုတ်တရက် မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရ မြင်ကွင်းကြောင့် ကပ္ပတိန်ဝီလ်ဆင်ခမျာ လန့်ဖျန့်ကာ ဟစ် လိုက်မိ ပါသည်။ သို့သော် အော်သံက လည်ချောင်းဝမှ အပြ ထွက်မလာခဲ့။ ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ဆံချည်တစ်မျှ မျှပင် လှုပ်ရှား၍ မရပါလေတော့။

ထိုစဉ်မှာပင် အိန္ဒိယဆာဒူးကြီးက လက်ထဲမှ





ဝုံးကောက်ကောက်ကြီးနှင့် ကပ္ပတိန်ဝီလ်ဆင်ကိုထိုးကာ . . .

"ကိုင်း ဘယ်လိုလဲ မျက်နှာဖြူကောင်လေး . . . မင်းဟာ ကတိသစ္စာတစ်လုံးကိုတောင် လုံခြုံအောင် မထိန်းသိမ်း နိုင်ပဲကိုး၊ အဲဒီအတွက် မင်းဟာ ကြီးမားလှတဲ့ တန်ဖိုးတစ်ခုခုကို လွဲမသွေ ပြန်လည်ပေးဆပ်ရတော့မယ်လေ . . . ဒါဟာ ဘယ်လိုမှ ရှောင်လွှဲလို့မရနိုင်တော့တဲ့ မင်းရဲ့ ကံကြမ္မာပဲ"

"အခုဆိုရင် မင်းကျူးလွန်ခဲ့တဲ့ ပြစ်မှုကြောင့် လွယ်ရှီထန် ဟာ အပြစ်ဒဏ်ကျခံနေရပြီ . . . သူတို့ အထွတ်အမြတ် ထားတဲ့ နတ်ရုပ်တစ်ထောင်ကျောင်းတော်က မေတ္တာရှင် ယ်တော်ရုပ်တုလေးကို အမြန်ဆုံး ပြန်ပို့ပေးလိုက်ပါ ကောင်လေး"

အိန္ဒိယဆာဒူးကြီး၏ ဩဇာကြီးလှသော အသံလှိုင်းက ကပ္ပတိန်ဝီလ်ဆင် ၏ ခန္ဓာကိုယ်ကြီးအား ခိုင်ခန့်သော ကြိုးအထပ်ထပ်ဖြင့် တုပ်နှောင်ထားလိုက်သည်သို့ . . . ။

"ဘယ်အရာမဆို သူ့နေရာမှာ သူရှိနေတာဟာ အမှန် ကန်ဆုံးနဲ့ သဘာဝယုတ္တိအရှိဆုံးပဲကွဲ့ . . . အဲဒါကို လူသားတွေ ဘယ်လိုပဲ ပြုပြင်ပြုပြင် ကံကြမ္မာကိုတော့ ပြုပြင်လို့မရဘူး ကောင်လေးရေ . . . မကြာခင်မှာ ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ ဘေးအန္တရာယ်ဆိုးတွေ၊ နတ်ရုပ်တစ်ထောင်ရဲ့ ကျိန်စာဆိုးတွေဟာ မင်းဘဝအတွက် ပါရမီဖြည့်ဘက်တွေ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နဲ့ ရောက်လာကြတော့မယ်ကွဲ့ . . . အဲဒါတွေကို
မင်း သိရဲ့လား အမိုက်ကောင်လေးရဲ့"

"အား မ သိ ဘူး . . မသိဘူး . . . ကျုပ်
ဘာမှမသိဘူး . . သွား . . သွား . . အဘိုးကြီး ခင်
ထွက် . . ထွက်သွား . . . ခုချက်ချင်းထွက်သွား"

ကပ္ပတိန်ဝီလ်ဆင် ကြောက်လန့်တကြား
ဒေါသတကြီး ဟစ်အော်လိုက်သည့်တိုင် မည်သည့်စကားသံ
နှုတ်ဖျားမှ ထွက်ကျမလာခဲ့ပါ။ ထို့အပြင် သူ
ခန္ဓာကိုယ်ကြီးတစ်ခုလုံး မှာလည်း နတ်ကျသကဲ့သို့ တဟီးဟီး
တုန်တုန်ယင်ယင် ဖြစ်နေပါချေ၏။ သို့သော် မကြာမီမှာ
အော်ဟစ်ရုန်းကန်၍ ရလာသည်မို့ ဆာဒူးကြီး
လက်ညှိုးငေါက်ငေါက်ထိုးရင်း ဒေါသတကြီး
ဟစ်အော်မောင်းထုတ်လိုက်သည်။

"ထွက်သွားလေ . . ထွက်သွားတော့ . . . ခင်
စကားတွေကို ကျုပ် လုံးဝ အယုံအကြည်မရှိဘူး . .
ဘာနတ်ရုပ်တစ်ထောင်မှလဲ ကျုပ် ဂရုမစိုက်ဘူး . . .
ရှုပ်တယ်ဗျာ . . . ဘာကျိန်စာမှလည်း ကျုပ်မကြောက်ဘူး"

"ဟဲ့ လူမိုက်ကောင် . . . နင်ဟာ ပြောလေကဲ
ပါလား . . . ဒီလောက်တောင် ပြောဆိုဆုံးမလို့မရတာ
နင့်အပြစ် နင်ပဲခံပေတော့"





ဆာဒူးကြီးက ပြောပြောဆိုဆိုနှင့် ကပ္ပတိန်ဝီလ်ဆင်၏
င်ဝအား သူ၏လက်ထဲမှ တောင်ဝှေးကောက်ကောက်ကြီးနှင့်
တင့်၍ ထိုးလိုက်ပါတော့သည်။

"ဟာ . . . အ . . . အား"

ရုတ်တရက် မထင်မှတ်ဘဲ ဆာဒူးကြီး၏ ဆောင့်ထိုး
ိုက်သည့် တောင်ဝှေးဒဏ်ကြောင့် ကပ္ပတိန်ဝီလ်ဆင်
စ်ယောက် လေဟာနယ်ထဲသို့ ဦးစောက်ပြောင်းပြန်ထိုး၍
ျသွားလေ၏။ သွေးပျက်ချောက်ချားစွာ ဟစ်အော်လိုက်သည့်
ပ္ပတိန်ဝီလ်ဆင်၏ အော်ဟစ်သံကြီးကလည်း စကြဝဠာ
စ်နံ့တစ်လျှား အထိတိုင် ပဲ့တင်ရိုက်ခတ်သွားလေသည်လား။

"အ . . အား"

ထိတ်လန့်တကြား ဟစ်အော်လိုက်သည့် အော်သံကြီး
ှအတူ နောက်ဆုံးတော့ ကပ္ပတိန်ဝီလ်ဆင် တစ်ယောက်
ဆုံးအစမဲ့ စကြဝဠာလေဟာနယ် အမှောင်တိုက်ကြီး
တွင်းဝယ် အသိမဲ့စွာ လွင့်မျောသွားပါလေတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

### မျက်လုံးတစ်ဖက်ကန်း၍ လက်တစ်ဖက်ကျိုးသွားသော

"အ . . . အား . . ."

ကြောက်လန့်တကြား ဟစ်အော်သံကြီးနှင့် ကပ္ပတိန်ဝီလ်ဆင် တစ်ယောက် အိပ်မောကျနေရာမှ လန့်နိုးလာခဲ့သည်။ စင် စစ်မူ ကပ္ပတိန်ဝီလ်ဆင် အိပ်မော ခဲ့သည်မှန်သော်လည်း စစ်သားတစ်ယောက် သတိကောင်းကောင်း နှင့် ကြက်အိပ်ကြက်နိုးမျှသာ။





သို့တိုင်အောင် လွယ်ရှိုထန်မှ မယ်တော်ရုပ်တုလေးကို ခိုးယူထွက်ပြေးလာခဲ့သည့်ညမှ စတင်၍ ဤကဲ့သို့သော အိပ်မက် ဆိုးကြီးတစ်ခုက ညစဉ်လိုလို မြင်မက်နေသည်မို့ ကပ္ပတိန်ဝီလ်ဆင် ခမျာ နှစ်ခြိုက်စွာပင် မအိပ်ရဲသလောက် ရှိနေပါ၏။

"ဟား ဘာလို့ အိပ်မက်ဆိုးတွေ မက်,မက်နေပါလိမ့်၊ တစ်ညည်မှ ကောင်းကောင်းမွန်မွန် မအိပ်စက်ရဘူး . . . အိပ်ပျော်သွားတာနဲ့ ဗီဆာဒူးအဘိုးကြီးက ရောက်လာပြီ . . . ဟူး ဘယ်လိုလုပ်ရပါလိမ့်"

အကြောက်အလန့်မရှိ၊ အယုံအကြည်မရှိပါဟု ဆိုခဲ့သည့်တိုင် နှစ်ညခြောက်အထိ ထပ်တူထပ်မျှ မြင်မက်နေသော အိပ်မက်က တစ်စုံတစ်ရာကို နိမိတ်ဖတ်၍ ခြိမ်းခြောက်နေသည်သို့ . . ။

နောက်ဆုံး မထူးတော့ပြီမို့ သူအိပ်စက်နေသည့် ရထားတွဲပျက်ကြီးထဲမှ ပန်ချာပီကုလားတစ်ဦးနှယ် ရုပ်ဖျက်ကာ မြစ်ကြီးနားဘုတာသို့ လျှောက်လာ ခဲ့ပါလေ၏။ အရှက်ကျင်းခါစမို့ထင် လမ်းမပေါ်တွင် လူသူ လေးပါး တင်းရှင်းလျက်ရှိသည်၊ ကပ္ပတိန်ဝီလ်ဆင် မှာ နံနက်(၇)နာရီတွင် မန္တလေးသို့ထွက်ခွာမည့် ရထားလက်မှတ်ကို ရရှိထားပြီး ဖြစ်သဖြင့် လူသူကင်းရှင်းရာ ရထားတွဲပျက်တစ်ခုပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



အိပ်စက်နေခြင်းဖြစ်ပါ၏။

သို့သော် ဒုတိယအကြိမ်မြောက် နှောင့်ယှက်ပြန်သည့် ဆာဒူးကြီး သို့မဟုတ် အိပ်မက်နတ်ဆိုးကြီး၏ ခြောက်လှန့်ခြ မှုတို့ကြောင့် စောစောစီးစီး ဘူတာရုံသို့ ဆင်းလာခဲ့ခြင်းဖြစ်သည်။ မြစ်ကြီးနားနယ်မြေကို အမြန်ဆုံးကျောခိုင်းချင်လှပြီ။ တတ်နိုင် လျှင် ရန်ကုန်သို့ အမြန်ဆုံး ရောက်ချင်နေမိသည်။ သို့သော် စစ်ကာလအကျဉ်းအကျပ်ကြားထဲတွင်မို့ နေရာတိုင်းတွင် ကျပ်တည်းခက်ခဲမှုများဖြင့်သာ ရင်ဆိုင်နေရသည်။ ကပ္ပတိန်ဝီလ်ဆင် ခမျာလည်း အတတ်နိုင်ဆုံး ကိုယ်ရောက် ဖျောက်ကွယ်၍ ရထား ပေါ်တွင်သာ ထိုင်နေမိတော့သည်။

မကြာမီ ရထားထွက်ခါနီးပြီဖြစ်ကြောင်း သံရှည်ဥဩ သံကြီး ထွက်ပေါ်လာသဖြင့် ကပ္ပတိန်ဝီလ်ဆင်မှာ ထိတ်ခနဲပ ဝမ်းသာ သွားပါ၏။ သို့သော် ရထားထွက်ခါနီးမှ ရုတ်ရုတ်သဲသ ဖြစ်နေသည်ကို ကပ္ပတိန်ဝီလ်ဆင် တွေ့လိုက်ရသဖြင့် အနီးမှ ခရီးသွားတစ်ဦးကို လှမ်း၍ မေးကြည့်လိုက်သည်။

"ရထားထွက်ခါနီးမှ ဘာတွေဖြစ်နေတာလဲဗျ"

"ရှေ့တွဲတွေမှာ ပြဿနာတွေ ဖြစ်နေကြတယ် ထင်တယ် . . . ဂျပန်စစ်သားတွေ ရထားတွဲပေါ်တက်ပြီး ပါသမျှအိတ်တွေ မွှေနှောက်ရှာနေကြတယ် . . . ဘာ အရေးကြီးနေကြလဲ မသိဘူး"





ရုတ်တရက်ကြားလိုက်ရသော စကားကြောင့် ကပ္ပတိန်ဝီလ်ဆင် မျက်နှာပျက်သွားပါ၏။ သူ့နံဘေးမှ ကျောပိုးအိတ်ကို ယောင်ရမ်း၍ပင် စမ်းလိုက်မိသည်။ သူ၏အိတ်ကိုသာ ဂျပန်စစ်သားတွေ ဖွင့်၍ ရှာကြည့်လိုက်လျှင် . . .

မဖြစ် . .။ သူ၏အိတ်ထဲတွင် သစ်ကနက်မယ်တော် ရုပ်တုလေးကို ဂျပန်စစ်သားများ တွေ့သွား၍ မဖြစ်။ ဟိုမေးသည်မေးနှင့် သူ၏ဇာတိရုပ် ပေါ်သွားပါက သူ၏ရည်မှန်းချက်များ ပျက်စီးဆုံးရှုံးဖွယ်ရာရှိသည် မဟုတ်ပါလား။

"တောက် ဒီတစ်ခါမှ ဒုက္ခဖြစ်ပြီထင်တယ် . . . ဂျပန်စစ်သားကောင်တွေ ဘာသတင်းရလို့ အိတ်တွေကိုလိုက်ပြီး သဲသဲမဲမဲ ရှာဖွေနေကြတာလဲ . . . ဘာပဲဖြစ်ဖြစ် မယ်တော်ရုပ်တုလေးကို ဒီကောင်တွေ တွေ့သွားလို့မဖြစ်ဘူး . . ငါလည်း လောလောဆယ် မလိုအပ်ဘဲ ဂျပန်တွေနဲ့ ရင်မဆိုင်ချင်ဘူး"

ထို့နောက်မှာတော့ ကပ္ပတိန်ဝီလ်ဆင် မှာ သူ့အိတ်ကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီး အိမ်သာရှိရာဘက်သို့ ခပ်သွက်သွက် လျှောက် လှမ်းခဲ့သည်။ အိမ်သာအနီးတွင် ဟိုဟိုသည်သည် အရိပ်အခြေ ကြည့်လိုက်ပြီးမှ အိမ်သာတံခါးကိုဖွင့်ကာ အထဲမှ အဝတ်နှင့် ရစ်ပတ်ထားသော အဝတ်ပိုင်းစတစ်ခုကို ဖယ်ကာ မယ်တော် ရုပ်တုလေးကိုကိုင်လျက် အိမ်သာအတွင်း သို့ဝှက်စရာနေရာ တစ်ခုကို ရှာဖွေကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ဟို ဟိုမှာ အိမ်သာလေယက်ပေါက်ကြားထဲ ဖွက်ထားရင် ဘယ်လိုနေမလဲ"

ရုတ်တရက်ပေါ်လာသည့် အကြံအစည်အတိုင်း မယ်တော်ရုပ်တုလေးကို အိမ်သာလေယက်ပေါက်အတွင်း ကပ်သီးကပ်သပ်နှင့် မရရအောင် ထိုးထည့်၍ သိုဝှက်ထား လိုက်သည်။

"ဘုရား.. ဘုရား.. တော်ပါသေးရဲ့... ရုပ်တု လေးကို လေယက်ပေါက်ထဲမှာ ဝှက်ထားလို့ ရလို့သာပေါ့.. အင်း ဒါဆို လောလောဆယ် စိတ်ချသွားရပြီ ... ငါလ ရုပ်ဖျက်ပြီး ခရီးသည်တွေကြားမှာ ဟန်မပျက် ပြန်ပြီး ထိုင်နေ မှပဲ"

ထို့နောက် ကပ္ပတိန်ဝီလ်ဆင် မှာ ရုပ်တုကို ရစ်ပတ်လာသည့် အဝတ်ပိုင်းနှင့်ပင် ခေါင်းကိုပေါင်းလိုက်ပြီး ပတ်ထားလိုက်သည်။ ပြီးမှ အိမ်သာထဲမှ ဟန်မပျက် ထွက်လာကာ ခရီးသည်များ ကြားတွင် ရောနှော၍ ထိုင်လိုက်ပါခဲ့၏။ သူ၏အနီးဝန်းကျင် မှာတော့ ခြင်းများ တောင်းကြီးတောင်းငယ်များနှင့် ကုန်စိမ်း ရောင်းချသူ မိန်းမကြီးငယ်များနှင့် ယောကျ်ားကြီးများက အလုပ်ရှုပ် လျက်ရှိနေကြသည်။

"တကထဲတော် ... ရထားလဲ ထွက်ခါနီးမှ ဟိုကျ





ကောင်တွေ ရှုပ်လို့ ကြာဦးမယ်ထင်တယ်"

"ဟဲ့ မယ်စိန် စကားကို ဟောင်ဖွာဟောင်ဖွာ မပြောနဲ့၊ နင့်အတှာကောင်တွေကြားသွားမှ အချောင် ဒုက္ခရောက်နေမယ် ဟင်း"

သူ့အနီးမှ ကုန်စိမ်းသည်နှစ်ယောက်တို့၏ စကားမဆုံး ခင်မှာပင် ဂျပန်စစ်သားများက ကပ္ပတိန်ဝီလ်ဆင်တို့တွဲပေါ်သို့ လက်နက် များ တကားကားနှင့် တက်လာကြသည်။ ရထားတွဲအောက်မှာ တော့ ဂျပန်စစ်ဗိုလ်တစ်ယောက်က ရွှေမျက်မှန်တဝင်းဝင်းနှင့် ဂျပန်စကားပြန်တစ်ယောက်နှင့် စကားအခြေအတင် ပြောဆို နေကြသည်ထင့်..။

မကြာမီ ဂျပန်စစ်သားများမှာ ခရီးသည်များ၏ အထုပ်နှင့်အိတ် မှန်သမျှကို ဆွဲဖွင့်၍ ရှာဖွေစစ်ဆေးရင်း ကပ္ပတိန်ဝီလ်ဆင်အနီးသို့ ရောက်လာကြသည်။ ကပ္ပတိန် ဝီလ်ဆင်က ခေါင်းကို ငုံ့လျက် မျက်နှာကို ကွယ်ဝှက်ကာ ဆေးလိပ်မီးညှိသယောင်နှင့် မသိမသာ အကဲခတ်နေပါ၏။

ဂျပန်စစ်သားနှစ်ယောက်က ကပ္ပတိန်ဝီလ်ဆင် ၏အိတ်ကို ဆွဲဖွင့်၍ သေသေချာချာ စစ်ဆေးရှာဖွေ နေကြသည်။ သူတို့ စိတ်ကျေနပ်သည်အထိ စစ်ဆေးရှာဖွေပြီးမှ ကပ္ပတိန်ဝီလ်ဆင် အိတ်ကို ပစ်ချထားခဲ့ကာ နောက်ထပ် အထုပ်များကို ဖွင့်ဖြည်စစ်ဆေး နေကြသည်။ အတန်ကြာ



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေစစ်ဆေးပြီးသည်နှင့် ဂျပန် စစ်သားများမှာ တွဲပေါ် ဆင်းသွားကြပြီး နောက်ထပ် ရထား တွဲတစ်တွဲပေါ် တက်ရောက်သွားကြပါလေ၏။ ထိုအခါမှ ကပ္ပတိန်ဝီလ်ဆင် ခမျာ သက်ပြင်းမောကြီးတစ်ခုကို လူမသိသူမသိ ချလို ပါတော့သည်။

“ဟူး . . တော်ပါသေးရဲ့ . . . လူကို ဘာမှ မစစ်ဆေး သွားကြလို့ . . . ဒီကောင်တွေ ဘာများသတင်းရထား ဒီလောက်တောင် သဲသဲမဲမဲ ရှာဖွေနေကြပါလိမ့် . . . ဘုရား ဘုရား . . ရထားကြီး မြန်မြန်ထွက်ပါစေ”

သည်တစ်ကြိမ်တော့ ကပ္ပတိန်ဝီလ်ဆင် ၏ဆုတော ပြည့်ခဲ့ လေပြီထင့် . . ။ သူတို့တွဲပေါ်မှ ဂျပန်စစ်သား ဆင်းသွား၍ မကြာမီမှာပင် ရှည်လျားသော ဥသြသံကြီးနှင့်အ မြစ်ကြီးနား မန္တလေးရထားကြီးက တရှူးရှူးတရဲရဲ စတင်ထွက်ခွာခဲ့ပါ တော့သည်။

ကပ္ပတိန်ဝီလ်ဆင်မှာ တစ်နာရီခန့် အရိပ်အ ကြည့်လျက် နေရာတွင်ပင် ထိုင်နေမြဲ ထိုင်နေပါ ရထားကြီးကတော့ အရှိန်မပျက် ဆက်လက် ခုတ်မောင်းလျက်ရှိနေဆဲ . . ။

သူ့အနီးရှိ ကုန်စိမ်းသည် မိန်းမကြီးများပင်လျှ တစ်ဦးကိုတစ်ဦး မှီလျက် ငိုက်မြည်းနေကြပါပြီ။ မကြာ





ကပ္ပတိန်ဝီလ်ဆင် နေရာမှထကာ အိမ်သာရှိရာသို့ လျှောက်လာခဲ့သည်။ ပြီးလျှင် အိမ်သာအတွင်းသို့ ဒုတိယအကြိမ်မြောက် တိုးဝင် လိုက်ပါလေ၏။

အိမ်သာတံခါးဂျက်ကို အသေအချာပိတ်လိုက်ပြီး အိမ်သာလေယက်ပေါက်မှတဆင့် နံရံကြားတွင် ထိုးထည့်ထားခဲ့သော မယ်တော်ရုပ်တုကို ပြန်လည်၍ ထုတ်ယူရန် ကြိုးစားပါတော့သည်။ သို့သော် မထင်မှတ်ဘဲ မယ်တော်ရုပ်တုလေးကို အလွယ်တကူ ပြန်လည်၍ ထုတ်ယူမရပါလေတော့။

“ဟာ ဘယ်လိုဖြစ်တာလဲ . . . ငါထိုးထည့်ခဲ့တုန်းက လေယက်ပေါက်အဝနားတင် ထိုးထည့်ထားခဲ့တာပါ . . . အခုက ဘယ်လိုဖြစ်ပြီး အထဲထဲ ဝင်သွားရတာလဲ . . . ငါ့လက်နဲ့တောင် ဆွဲယူထုတ်လို့ မရတော့ပါလား . . ဒုက္ခပါပဲ”

ဟုတ်သည်။ ကပ္ပတိန်ဝီလ်ဆင် မယ်တော်ရုပ်တုကို လေယက် ပေါက်အတွင်းသို့ ထိုးထည့်ခဲ့စဉ်က ပြန်၍ ထုတ်ယူလျှင် လွယ်ကူ မှုရှိစေရန် လှမ်းမီရုံအဝလေးမှာပဲ ထိုးထည့် ထားခဲ့ခြင်းဖြစ်သည်။ ယခုမူ အထဲသို့တိုင် တိုးဝင်သွားသည်မှာ ရထားကြီး လှုပ်ရမ်း တုန်ခါခြင်းကြောင့် လေလားမသိ။ မည်သို့ပင်ဖြစ်စေ မယ်တော် ရုပ်တုကိုမူ ရ,ရအောင် ယူငင်ရမည်ဖြစ်ပါ၏။

“တောက် ဒုက္ခပါပဲကွာ . . . အရေးထဲကျမှ ငါ့လက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင် ဆွဲထုတ်လို့ ရတော့မယ်မထင်ဘူး . . . အင်း ငါ့ဝှက်ပြီး ယူလာခဲ့တဲ့ ဓားမြှောင်နဲ့ယူမှ ဖြစ်တော့မယ်ထင်တယ်”

ထို့နောက် ကပ္ပတိန်ဝီလ်ဆင်က သူ၏ခြေသလုံးတွင် ကပ်ချည်၍ ထားသည့် ဓားမြှောင်ကို ထုတ်ယူလိုက်ပြီး လေယက်ပေါက်ကို စတင်၍ ဖျက်ဆီးပါတော့သည်။

“ဂျွတ် . . ဖျစ် . . ဖျစ် . . ဂျွတ်”

သို့သော် လေယက်ပေါက်နှင့် တွဲနံရံကြားတွင် ပိတ်ညှပ်မိနေသည့် မယ်တော်ရုပ်တုလေးက ဓားမြှောင်နှင့် ထိုးကော်ယူလေ အတွင်းသို့ ပို၍ဝင်သွားလေ ဖြစ်နေသည်မို့ ချွေးဒီးဒီးကျကာ စိတ်မောလှမော ဖြစ်နေရချေပြီတကား။

“ဟူး မလွယ်ပါလား . . . ငါ ဒီလိုကြီး စိတ်ဆန္ဒစောပြီး ဇွတ်လုပ်လို့ မဖြစ်ဘူး . . . စိတ်ကိုရှည်ရှည်ထားပြီး ဟောဒီ လေယက်ပေါက်တံခါးကို ဖျက်ပြီးယူမှ ဖြစ်တော့မယ်”

ကပ္ပတိန်ဝီလ်ဆင် တစ်ယောက် အိမ်သာထဲတွင် ချွေးပြန်လျက် ရှိနေပါပြီ။ သူ မည်သို့မျှ မျှော်လင့်မထားသော အခက်အခဲ တစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်မို့လည်း ဒေါသထွက်ကာ စိတ်တိုနေမိသည်။ တော်ပါသေးသည်။ သည်ကြားထဲ အိမ်သာ တက်မည့်သူ တစ်ဦးတစ်ယောက်မျှ ရောက်မလာခဲ့ခြင်းကိုပင် ကြုံဖန်၍ ကျေးဇူးတင်ရဦးမည် မဟုတ်ပါလား။





ရထားကြီးကတော့ သူ၏တာဝန် ကျေပွန်စွာနှင့်ပင် လှုပ်ယိမ်းလိုက်၊ ယမ်းခါလိုက်နှင့်ပင် ခရီးဆက်လျက်ရှိနေပါ၏။

နောက်ဆုံး ချွေးဒီးဒီးကျမှ လေယက်ပေါက်ကို ဖျက်ဆီးလိုက၊ မယ်တော်ရုပ်တုကို ဓားမြှောင်နှင့် ထိုးကော်ယူလိုက်နှင့် မကြာမီ မယ်တော်ရုပ်တုလေးကို ကပ္ပတိန်ဝီလ်ဆင် ပြန်လည်၍ ရယူ နိုင်ခဲ့ပါချေပြီတည်း။

“ဘုရား . . ဘုရား . . တော်ပါသေးရဲ့ . . . ဟိုတွဲနံရံတွေကြားထဲအထိ ကျသွားခဲ့ရင် ငါတော့ ရှုံးပြီ . . . ဟူး ခုမှပဲ ရင်အေးရတော့တယ် . . ဟ ဟာ ဘယ် ဘယ်လိုဖြစ်သွားရတာလဲ ဟ . . လုပ် လုပ်ပါဦး”

ကပ္ပတိန်ဝီလ်ဆင် တစ်ယောက် လေယက်ပေါက်အတွင်းမှ မယ်တော်ရုပ်တုလေးကို ခဲရာခဲဆစ် ပြန်လည်ရယူနိုင်ခဲ့ပါ သော်လည်း ဓားမြှောင်နှင့် ခုတ်ထစ်ထိုးကော်ယူခဲ့ရခြင်း၊ လေယက်ပေါက်အတွင်းမှ ကပ်သီးကပ်သပ် ချိုးဖျက်ယူခဲ့ရခြင်း တို့ကြောင့် မယ်တော်ရုပ်တုလေး၏ လက်တစ်ဘက်မှာ တတောင်ဆစ်မှ ကျိုးပြတ်သွားသလို မျက်နှာပြင်မှာလည်း ဓားခြစ်ရာကြီးများဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားခဲ့ရပါချေ ပြီကော။

“ဟာ သွားပါပြီကွာ . . . လေယက်ပေါက်နဲ့ တွဲနံရံကို ကားဦးနဲ့ထိုး ဖျက်ဆီးရင်းကနေ မယ်တော်ရုပ်တုလေးကို ထိသွား



www.burmeseclassic.com

www.burmeseclassic.com



တာပဲ ဖြစ်မယ်"

ဟုတ်သည်။ ဓားမြှောင်ဦးချွန်က မယ်တော်ရုပ် လေး၏ ဝဲဘက်မျက်လုံးကို လုံးဝ ဖျက်ဆီးပစ်လိုက်သလို မျက် ပြင်မှ နားရွက်အထိ ကန့်လန့်ဖြတ် ဓားခြစ်ရာအစင်းကြော ကြီးကလည်း နက်နက်စူးစူး ဖြစ်သွားစေခဲ့သည် မဟုတ်ပါလ

"တောက် ငါကြိုးစားပန်းစားနဲ့ အသက်စွန့်ပြီး ခိုး ခဲ့တဲ့ မယ်တော်ရုပ်တုလေးတော့ ပျက်စီးပါပြီကွာ . . . ရန်ကုန်ရောက်မှပဲ သေသေချာချာ ပြန်ပြီ ပြုပြင်တော့မှပဲ . . . ဒီဂျပန်ကောင်တွေ ဝင်ရှုပ်လိုက်တာနဲ့ ငါ့ရုပ်တုလေး အ ဖြစ်သွားရတာ . . . ပြုပြင်လို့ရရင်တော့ ကံကောင်းမှာပဲ"

ပြတ်သွားသည့် လက်တစ်ဖက်နှင့်အတူ မယ် ရုပ်တုလေးကို ရော၍ အဝတ်ပိုင်းစနှင့် ပြန်၍ ထုပ်ပိုးလိုက် အိတ်ကြီးထဲသို့ ပြန်၍ ထည့်သိမ်းလိုက်ပါလေ၏။ ဤသို့ ကပ္ပတိန်ဝီလ်ဆင် တစ်ယောက် မန္တလေးသို့ ရောက်ရှိလာ မန္တလေးမှ တဆင့် သူ၏သူငယ်ချင်း ဂျူးလူမျိုး နာဂျ နေထိုင်ရာ ရန်ကုန်ရွှေမြို့တော်သို့ ဆက်လက်၍ ထွက် လာခဲ့ပါတော့သည်။

✧ ✧ ✧



## အခန်း(၂၃)
## ပြေးသူတစ်ယောက် လိုက်သူတစ်ယောက်

ကပ္ပတိန်ဝီလ်ဆင် တစ်ယောက် မယ်တော်ရုပ်တုနှင့် အကြီးအကျယ် ဒုက္ခများနေချိန်တွင် ဂျမဒါမင်းဒင်မှာ ယျှဆိုင်းရွာမှ တဆင့် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာခဲ့သည်။ သူရောက်ရှိလာခဲ့ချိန်မှာ ညဥ့်အချိန်ကာလဖြစ်နေသဖြင့် းစပ်ရာ စားသောက် ဆိုင်တစ်ခုတွင် ခေတ္တနားခိုရာ လင်ဘဲ ပြဿနာတစ်ခုနှင့် ရင်ဆိုင်တိုးခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပုံမှာ ဂျမဒါမင်းဒင် မြစ်ကြီးနားသို့ရောက်လာ ေ
မိုးချုပ်စပြုနေပါပြီ။ ကြမ်းတမ်းသော ခရီးရှည်ကြီး
မြင်းတစ်စီးနှင့် မနားတမ်း ဖြတ်ကျော်ခဲ့ရသဖြင့် လူရောမြ
လွန်စွာမှ ခရီးပန်းနေကြပါ၏။

"အင်း ငါရောက်လာတာ နည်းနည်းနောက်
သွားတယ် . . . မြို့ထဲမှာ မီးတွေတောင်လင်းနေကြပြီ . .
ဟောဟိုရှေ့က စားသောက်ဆိုင်မှာဝင်ပြီး နားမှထင်တယ်"

လမ်းထောင့်ချိုးတစ်နေရာမှ စားသောက်ဆိုင်
တစ်ဆိုင်ရှေ့တွင် မြင်းညိုကြီးကို ဇက်သပ်၍ ချပ်လိုက်
မြင်းပေါ်မှဆင်းကာ စားသောက်ဆိုင်တွင်းသို့ ဝင်ရောက်
ခဲ့သည်။ အဆင်ပြေချင်တော့ ဤစားသောက်ဆိုင်တွ
တစ်ညည့်တာ နားခိုအိပ်စက်ခွင့်ပါ ရရှိလိုက်သည်မို့ ဂျ
မင်းဒင် ဝမ်းသာသွားပါ၏။

"ဟား အဆင်ပြေချင်တော့လည်း တစ်ခါတည်း
ရော၊ အိပ်ဖို့ရော နေရာရလိုက်ပြီ . . . အင်း ဒါပေမယ့်
ထိုးတွေရော တခြားသူစိမ်းတွေနဲ့ပါရောပြီး အောက်ထ
အတူတူ အိပ်ရမယ်ထင်တယ် . . . ကိစ္စမရှိပါဘူးလေ . .
တစ်ညတစ်လေပဲဟာ . . . အိပ်ခွင့်ရတာတောင် တော်
သို့သော် တကယ်တန်းအိပ်စက်ချိန်မှာတော့ ဒား
များက အနောက်ဘက်အခန်းထဲသို့ ဝင်ရောက်အိပ်စက်

---

ခု နှစ် စဉ် ကြယ် စာ ပေ



သူ့နံဘေးတွင် အထုပ်တစ်ထုပ်ကို ခေါင်းရင်းတွင်ထားရှိပြီး
တောစီးစွာအိပ်စက်နေသည့် လူတစ်ယောက်ကိုသာ တွေ့လိုက်
ပါ၏။ ထို့ကြောင့် တွေလီကာလီ မစဉ်းစားတော့ဘဲ ခရီးပန်း
လာသည့်ဒဏ်ဖြင့် ထိုသူ၏နံဘေးတွင်သာ လှဲ၍ အိပ်စက်လိုက်
ပါတော့သည်။

မည်မျှကြာကြာ ဂျမဒါမင်းဒင် အိပ်မောကျသွား
ခဲ့သည်မသိ။ တဝုန်းဝုန်းနှင့် ဆူဆူညံညံအသံများကြောင့်
အိပ်စက်နေရာမှ လန့်ဖျန့်ကာ နိုးလာမိသည်။

"ဟေ့ ဟေ့ကောင် ထခမ်း . . . သူခိုး သူခိုး"

"ဟုတ်တယ်ဟေ့ . . သူခိုးကို လက်ပူးလက်ကြပ်
မိသွားပြီဟေ့"

ဂျမဒါမင်းဒင်မှာ ရုတ်တရက်မို့ ဘာကိုမျှ နားမလည်
င်ဘဲ တယောင်ကတမ်းနှင့် ကုန်းထနေစဉ်မှာပင် သူ့အနီးသို့
းပွဲထိုးများပါ ဝိုင်းအုံရောက်ရှိလာကြသည်။

"ဟော ဟောဟိုမှာ သူခိုးယူထားခဲ့တဲ့ အထုပ်တွေ့လား"

"ဟုတ်တယ် . . ဟုတ်တယ် . . အဲ အဲ ဒီအထုပ်ဟာ
ျပ်ရဲ့အထုပ်ပဲ"

ဂျမဒါမင်းဒင် အခြေအနေအရပ်ရပ်ကို နားလည်
သဘောပေါက်လိုက်ချိန်မှာတော့ ဝိုင်းရံထားသည့် လူအုပ်ကြီးကို
င်းပြရန် ကြိုးစားလိုက်ပါ၏။

---

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"မ မဟုတ်ဘူး . . မဟုတ်ဘူး . . ဒါ ဒါ ကျုပ်ခိုး ခဲ့တာ မဟုတ်ဘူး . . . ညဦးပိုင်းလောက်က ကျုပ်ရဲ့နံဘေး လူတစ်ယောက် အိပ်နေတာဗျ . . . အခု အဲ အဲဒီလူ ဘယ် ဘယ်ရောက် ရောက်"

"ဟေ့ကောင် တိတ်စမ်း . . . သူခိုးက ခိုးဘယ် ဘယ်ပြောမှာလဲကွ . . . ယောဒီ ခိုးရာပါအထုပ်ကြီးက ခင်း အနားမှာ တွေ့ရတာ . . . အဲဒါ မင်းမယူရင် ဘယ်သူဖြ မှာလဲကွ . . . ကဲ ကြာပါတယ်ကွာ . . . ရဲစခန်းသာ ပို့လိုက် ကြဟေ့"

အသက်ကြီးကြီး လူကြီးတစ်ယောက်၏ တစ်ဖက်သ ဆုံးဖြတ်ချက်ကြောင့် ဂျမဒါမင်းဒင် အကြီးအကျယ် တုန်လှ ချောက်ချားသွားပါ၏။ သူ၏နံဘေးတွင် တွေ့နေရသည့် အ ထုပ်ကြီးတစ်ထုပ်က သူ့အတွက် မပြေးသော်လည်း ဘန်ရ ဖြစ်နေပြီ မဟုတ်ပါလား။

"ဟာ နေ နေ နေကြပါဦး . . ဒါ ဒါ ကျုပ်ခိုး မဟုတ်ဘူး မဟုတ်ဘူး . . . ကျုပ် သူခိုး မဟုတ်ဘူး"

ဂျမဒါမင်းဒင် အကြောက်အကန် ငြင်းဆန်နေဆဲ မှာ လူတစ်စု၏ ဝိုင်းဝန်းချုပ်နှောင် ဖမ်းဆီးခြင်းကို ခံလို ရပါလေတော့သည်။

နောက်ဆုံး သူ့အနားတွင် တွေ့ရှိရသော အထု





တစ်ထုပ်နှင့်အတူ လက်ပူးလက်ကြပ် မိနေသဖြင့် သူ့အား သူခိုးဟု ဝိုင်းဝန်းစွပ်စွဲကြကာ ရဲစခန်းသို့ ပို့ဆောင်လိုက်ကြပါ၏။ ယ် တော်ရှပ်တုလေး ခိုးယူထွက်ပြေးသွားသည့် ကပ္ပတိန်ဝီလ်ဆင် နောက်သို့ အရေးတကြီး လိုက်နေစဉ်အတွင်း ဘပင် ကံကြမ္မာ မျက်ခါလည်လမ်းမှားကာ ဂျမဒါ င်းဒင်တစ်ယောက် ဘုမသိ ဘမသိဖြင့် အချုပ်ခန်းထဲတွင် မြန်းနေရပါချေပြီကော . .။

အရေးကြီးလျှင် အရေးပေါ်တတ်သည်။ အရင်လို ရနေ့းဖြစ်တတ်သည်။ အရေးထဲက အရာပေါ်ဟူသော ကာပုံတို့သည် ဂျမဒါမင်းဒင်အတွက်များ ရည်ညွှန်း၍ ားရေးခဲ့လေရော့သလားဟုပင် တွေးထင်မှတ်ယူရပါသည်။

ကပ္ပတိန်ဝီလ်ဆင် နောက်သို့ အပူတပြင်း လိုက်နေ သည့်ကြားမှ မည်သို့မျှ ဖြေရှင်းမရနိုင်သော အမှုကိစ္စကြီးတစ်ခု င့် အတူ မြစ်ကြီးနားအချုပ်ခန်းထဲတွင် တစ်လခန့် ာမြင့်ခဲ့ပါသည်။ နောက်မှ အမှန်တကယ်ခိုးယူသွားသည့် ခိုးအစစ်အမှန်အား သက်ဆိုင်ရာမှ ဖမ်းဆီးရမိသဖြင့်သာ မဒါမင်းဒင်မှာ အချုပ်အနှောင်မှ ပြန်လည်၍ တ်မြောက်လာခဲ့ရသည်

သို့သော် အလဟဿ ကုန်ဆုံးသွားခဲ့သော ရက်ပေါင်း ဆယ်နီးပါးခန့်က ပြန်လည်၍ မရနိုင်ပါလေတော့။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ကံကြမ္မာကလည်း ငါ့အပေါ်ကျမှ တမင်တကာများ ညှင်းဆဲရက်သလား အောက်မေ့ရတယ် . . . ကြည့်ပါဦး လွယ်ရှီထန်ကနေ ညတွင်းချင်း မြွေမကြောက် ကင်းမကြောက်နဲ့ တောကြမ်းခရီးကိုဖြတ်ပြီး လာခဲ့ရသမျှ မြစ်ကြီးနားမြို့ပေါ်ရောက်ကာမှပဲ အလဟဿ ရက်ပေါင်း သုံးဆယ်လောက် ဆုံးရှုံးသွားခဲ့ရဘယ် . . . မဖြစ်ဘူး . . မဖြစ်ဘူး . . . ကြံ့ရာမီရာနဲ့ပဲ ရန်ကုန်ကို အမြန်ဆုံး မရောက် ရောက်အောင်သွားမှဖြစ်မယ်"

ဤသို့ဖြင့် အချုပ်မှ လွတ်လွှင်လွတ်ချင်းပင် ရထား တတန်၊ ကားတတန်ဖြင့် ရန်ကုန်မြို့သို့ အမြန်ဆုံးရောက်ရှိစေရန် ဂျမဒါမင်းဒင် ကြိုးစားခဲ့သည်။ သို့သော် စစ်ကာလ မဘာ ငြိမ်သော အခြေအနေအရပ်ရပ်တို့ကြောင့် မန္တလေးတွင် သုံးရက်ခန့် ကြာမြင့်ခဲ့ပြီးမှ နောက်ဆုံး ရန်ကုန်မြေ အောင်မြင်စွာ ခြေချနိုင်ခဲ့သည်။

"ဝူး မလွယ်ပါလား ကပ္ပတိန်ဝီလ်ဆင်ရေ . . မင်းဒုက္ခပေး လိုက်တာနဲ့ ရက်ပေါင်း(၆၀)ခန့်ပွဲကြီး ငါတစ်ယောက်တည်း ဆင်နွှဲနေရပြီဟေ့ . . . ကြာရင်ပေ ငါ ရူးများရူးသွားမလား မသိဘူး . . . တစ်ခုပဲရှိတယ် . . သို့သျှိုင်းအပေါ် ချစ်မိတဲ့ စိတ်ကလေး တွယ်ငြိနေသေးလို နတ်ရုပ်တစ်ထောင်ကျိန်စာ စစ်ပွဲကို ငါယုံကြည်ချက်အပြ





တိုက်ပွဲဝင်နေတာ ကပ္ပတိန်ရေ"

ရန်ကုန်မြို့ရှိ ကပ္ပတိန်ဝီလ်ဆင်၏သူငယ်ချင်း ဂျူးလူမျိုးကြီးနေထိုင်ရာ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်သို့ ဂျမဒါစစ်အောင် ရောက်ရှိလာချိန်မှာတော့ (၃၈)ရက်တင်းတင်း ပြည့်ခဲ့ပါချေပြီ။

ကပ္ပတိန်ဝီလ်ဆင် ရောက်လာခြင်း ရှိမရှိ၊ ရှိခဲ့လျှင် အရေး ကြီးသော ကိစ္စတစ်ခုဖြင့် အမြန်ဆုံးတွေ့လိုကြောင်း ဂျူးလူမျိုးကြီး နာဂုစ်ခန် ကို ဂျမဒါမင်းဒင် ပြောဆိုမေးမြန်း လိုက်ပါ၏။ သို့တိုင်အောင် နာဂျစ်ခန်ထံမှ အဖြေစကားက မရေမရာနှင့် မသေမချာ ရှိလွန်းလှပါသည်ကော။

"အေး မင်းရဲ့ကပ္ပတိန် ပြီးခဲ့တဲ့လထဲက ငါ့ဆီကို ရောက်လာခဲ့တယ် . . . သူနဲ့အတူ ထူးဆန်းတဲ့ အရုပ်လေး တစ်ရုပ်လည်း ပါလာသေးတယ်ကွဲ့ . . . ဒါပေမယ့် အရုပ်ကလေးက လက်တစ်ဖက်တောင် ကျိုးနေလေတော့ ဒီအရုပ်ကို သူကိုယ်တိုင် သေသေချာချာ ပြန်ပြီးပြုပြင်ရဦးမယ်လို့ ပြောတယ်၊ အဲဒါနဲ့ ငါကလည်း သူ့ရဲ့အရုပ်လေးကို ယူပြီးကြည့်လိုက် တော့ ရုပ်တုလေးရဲ့ မျက်နှာတစ်ခြမ်းမှာ ဓားခြစ်ရာ အစင်းကြီးနဲ့ နောက်ပြီး မျက်လုံးတစ်လုံးကလည်း ဘာနဲ့ ထိုးကော်ထားသလဲ မသိဘူး . . . နက်ကွင်းဟောက်ပက်ကြီးဖြစ်နေတယ်လေ"

"ဒီ . . ဒီလိုဆိုရင် အ အခု အခု အဲဒီမယ်တော်ရုပ်



www.burmeseclassic.com

www.burmeseclassic.com



လေးကို ဦးလေးဆီမှာ သူ သူပေးခဲ့သေးလား ဦးလေး ဟင်"

ဂျမဒါမင်းဒင်က နာဂျစ်ခန့် ထံတွင် မယ်တော်ရုပ်တုလေး ရှိမရှိ အမောတကောပင် မေးမြန်းလိုက် ပါ၏။

"ဘယ်ရှိမှာလဲ မောင်ရင်ရယ် . . . ကပ္ပတိန်ဝီလ်ဆင်က အဲဒီ ရုပ်တုလေးကို သူ့လက်ထဲကဘောင် ချတာမဟုတ်ဘူး . . ဒါပေမယ့် သူက တစ်ခုတော့ပြောသွားသေးတယ် . . . ဒီရုပ်တု လေးဟာ သာမည ရှေးဟောင်းရုပ်တုလေး မဟုတ်ဘူးတဲ့ . . . အဲဒါ သူကိုယ်တိုင် အသေစိပ် မြုပြင်ပြီးတာနဲ့ ငါ့ဆီမှာလာပြီး အပ်ထားလှည့်ပါ့မယ် ဆိုပြီး ထွက်သွားလိုက်တာ အခုအချိန်ထိကို ငါ့ဆီ ပြန်ရောက် မလာသေးပါဘူးကွယ်"

သွားပြီ။ မျှော်လင့်ချက် မှုံငါးဝါးလေးတ ယခုမှုပင် လမ်းစပြတ်တောက်သွားခဲ့ပြန်ပါပြီကော။ ကပ္ပတိန်ဝီလ်ဆင် ဘယ်ကို ထွက်သွားသနည်း၊ ဘယ်နေ့ပြန်လာမည်လဲဆိုတာကို နာဂျစ်ခန့်လည်း သေချာတပ်အပ် မပြောပြနိုင်ခဲ့ပါ။

"သူ ဘယ်ကိုသွားနိုင်မလဲ ဦးလေး . . . ကျွန်တော် သိသလောက်တော့ ကပ္ပတိန်မှာ သွားစရာ များများစားစား မရှိသလောက်ပဲ . . . ဒါမှမဟုတ် သူ ဘယ်နေ့လောက် ပြန်ရောက်နိုင်မယ်ဆိုတာကိုရော ဦးလေး သိနိုင်မလားဟင်"

မေးသာမေးလိုက်ရသည်။ ဂျမဒါမင်းဒင်ကိုယ်တိုင်





စိတ်ဓာတ်ကျဆင်းနေပါပြီ၊ သည်တစ်ကြိမ်တော့ နာဂျစ်ခန့်က သူ၏ အကြည့်မျက်မှန်ကိုချွတ်ရင်း လက်ကိုင်ပဝါ တစ်ထည်ဖြင့် မှန်ကို ပွတ်သပ်နေကာ တစ်စုံတစ်ခုကို စဉ်းစား နေဟန်ရှိပါ၏။ အတန်ကြာမှ သူ၏နှုတ်အဖျားမှ စကားလုံးအချို့ ထွက်ကျလာပါလေ၏။

"အင်း. . . ခဏနေဦးကွယ့်. . မောင်ရင်၊ ဦးလေး စဉ်းစားမိပြီ. . ကျုံပျော်ဘက်မှာ. . ဦးလေးရဲ့ ညီတစ်ယောက် ရှိတယ်. . .၊သူ့ဆီမှာ ခဏနီးပြီးနေရင်း ပျက်စီးသွားတဲ့ အရုပ်ကလေးကို ပြန်ပြီး ပြုပြင်ဦးမယ်လို့တော့ ပြောသံကြားတယ်၊ မင်းသိပ်ပြီး အရေးကြီးလို့ တွေ့ချင် တယ်ဆိုရင်တော့ ဦးလေး လိပ်စာပေးလိုက်ပါ့မယ်"

နာဂျစ်ခန့်၏ နောက်ဆုံးစကားက ပြိုကွဲပျက်စီး လုလု မျှော်လင့်ချက်ရောင်ခြည်လေးကို ပြန်လည်၍ ရစ်သန်း လာသဖြင့် ဂျမဒါမင်းဒင် လှိုက်ခနဲ ဝမ်းသာသွားမိပါသည်။ ထို့နောက်မှာတော့ ကျုံပျော်မှ နာဂျစ်ခန့်၏ညီဖြစ်သူ လိပ်စာကို ယူလိုက်ပြီး ရှေးဟောင်းပစ္စည်းအရောင်းဆိုင်မှ ကျောခိုင်း ထွက်ခွာခဲ့ပါတော့သည်။

ဂျမဒါမင်းဒင်၏ သွက်လက်သော ခြေလှမ်းများက တစ်ခုတည်းသော ယုံကြည်ချက်များရှိရာ နယ်မြေသို့ . . .။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

## ကျိန်စာ သင့်သော လူတစ်ယောက် သို့မဟုတ်

မပီပြင်သော ရန်ကုန်ဆောင်းညည့်က မှုံဝါးဝါး လင်း ခါတ်မီးတိုင်လေးများ၏ နီကျင်ကျင်အလင်းရောင်အောက်တွင် အေးခဲပျော်ဝင်လျက်ရှိပါ၏။ သို့သော် ရင်ကွဲနေဟန်ရှိသည့် ရန်ကုန်ဆောင်းသည် နှင်းမြူပွင့်အချို့နှင့် အအေးခါတ်တို့ကို ကြဲစွန့်ဖြန်းပက်ပေးရန် နှမျောတွန့်တိုနေလေသည်ထင့် . . ။

ရန်ကုန်ကမ်းနားလမ်းရှိ တည်းခိုခန်းတစ်ခုတွင် တည်း





ရင်း ကပ္ပတိန်ဝီလ်ဆင်၏ သတင်းအစအနမှန်သမျှကို ကောက်သင်း ကောက် စုဆောင်းနေသည့် ဂျမဒါမင်းဒင်မှာ သူ၏ အခန်း ထဲမှာပင် ရမ်နှင့် ကြက်အူချောင်းတချို့ကို တွဲဖက်စားသောက် ရင်း အနားယူနေပါ၏။

အအေးခါတ်ရစ်ပတ်မှုဒဏ်ကို ခံနိုင်ရည်စွမ်းရှိရန် အလို့ငှာ ရမ်နှစ်ပက်ခန့် သောက်ထားသည့် ဂျမဒါမင်းဒင်မှာ အိုက်စပ်စပ်နှင့် ပူလောင်လာသဖြင့် ကုတ်အင်္ကျီကို ချွတ်လိုက်သည်။

"အားပါး ဘယ်လို ရန်ကုန်ဆောင်းလဲ မသိဘူး၊ အိုက်စပ်စပ်နဲ့ ပူလောင်စပ်လောင်ကြီး ဖြစ်နေပါရော့လားဟေ့ ဝှူး"

လေပူကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း ပြတင်းပေါက် ရှိရာသို့ ဂျမဒါမင်းဒင် လျှောက်သွားမည်အပြုတွင် ခြေသံတချို့နှင့်အတူ ရှည်မျောမျောအရိပ်တစ်ခုက အခန်းတွင်းသို့ ထိုးကျလာသဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"အဟမ်း ဟမ်း ဟင်"

ချောင်းခြောက်သံကြီးနှင့်အတူ ညိုညစ်ညစ်ကုတ်အင်္ကျီတစ်ထည်ဝတ်လျက် ဦးထုပ်အစုတ်ကြီးကို မျက်နှာမပေါ်အောင် ဆောင်းထားသည့် လူတစ်ယောက်က အခန်းတွင်းသို့ ပိုင်စိုးပိုင်နင်း ဝင်လာသည်ကို တွေ့မြင်လိုက်ရပါ၏။

"ဟေ့ ဟေ့ မင်း မင်းဘယ်သူလဲ . . . ဘာကိစ္စရှိလို့



www.burmeseclassic.com

www.burmeseclassic.com



ငါ့အခန်းထဲကို ခွင့်မတောင်းဘဲ ဝင်လာရတာလဲကွ ဟင်"

ဂျမဒါမင်းဒင် ဟစ်အော်မေးမြန်းနေသည့်တိုင် ထိုသူက ချက်ချင်းပြန်မဖြေ၊ ကုတ်အင်္ကျီလက်နှစ်ဖက်စလုံး လက်နှိုက် လျက် ပေ၍ရပ်နေပါ၏။

အတန်ကြာမှ ထိုသူ့ထံမှ အက်ကွဲကွဲရှတတ အသံတစ်ခု ထွက်ကျလာခဲ့သည်။

"ဂျမဒါ မင်းဒင် . . . မင်းကိုင်ါ ဘာ်စားနေတာ ပါကွာ . . . ဟင်း ဟင်း မင်းငါ့ကိုတောင် မမှတ်မိတော့ ပါလား ဟင်း ဟင်း ဟင်း"

သည်တော့မှ ဂျမဒါမင်းဒင် ဝစ်သားပီပီ ကပ္ပတိန် ဝီလ်ဆင်၏ အသံကို ကျက်မိသွားပြီး ဝမ်းသာအားရဖြ နှုတ်ဆက်လိုက် ပါ၏။

"ဟာ က . . ကပ္ပတိန်ဝီလ်ဆင် . . . ဝမ်း . . ဝမ်းသ လိုက်တာကွာ . . . ငါ . . ငါမင်းကို အရေးဘကြီး တွေ့ချင် လိုက်ပြီးရှာနေတာကွ . . ဘုရား . . ဘုရား . . ကံကောင်း မင်းကိုပြန်ပြီး တွေ့ရတာပါလား ကပ္ပတိန်ရယ် "

ဂျမဒါမင်းဒင်တစ်ယောက် သောက်ထားသည့် ရ အရက်ရှိန်တို့ပင် ဘယ်ပျောက်သွားသည်မသိ၊ ကပ္ပတိန်ဝီလ်ဆ ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်မို့ ဝမ်းသာပျော်ရွှင်သွ မိသည်။ သို့တိုင်အောင် ကပ္ပတိန်ဝီလ်ဆင် ကမူ ဟက်ပ





ပက်ပက်မရှိ၊ သူ၏ အမြဲတမ်း တက်ကြွပျော်ရွှင်နေသည့် အမူအကျင့်တို့သည် ဘယ်ဆီ ထွက်ပြေးသွားကြလေပြီမသိ၊ အေးတိအေးစက်နှင့်သာ ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်ချလိုက်သည်။ ပြီးမှ . . .

"ဘာလဲ မင်းငါ့ဆီက မယ်တော်ရုပ်တုကို ပြန်ပြီးယူဖို့ လိုက်ရှာနေတာမဟုတ်လား"

ရုတ်တရက် ပြန်၍မေးလိုက်သည့် ကပ္ပတိန်ဝီလ်ဆင်၏ စကား ကြောင့် ဂျမဒါမင်းဒင် ဘာပြန်၍ဖြေကြားရမည်မသိ ဖြစ်သွား ပါ၏။

"ဟင် ကပ္ပတိန်လည်း. . . ဒါတွေကို ကြိုပြီး သိ သိနေတယ် ဟုတ်လား"

"ဟင်း ဟင်း ဟင်း ဒါတွေက လောကကြီးရဲ့ မထူးဆန်း လှတဲ့ အသေးအဖွဲ့ကိစ္စလေးတွေပါကွာ . . . အချိန်တန်ရင် အရာအားလုံးဟာ သူ့နေရာသူ ပြန်ရောက်သွားရတာချည်းပဲ မဟုတ်လား . . . ဟင်း ဟင်း . . . ငါသာ မိုက်မိုက်မဲမဲနဲ့ လောဘဖက်ပြီး မကြံစည်သင့်တဲ့ အရာတစ်ခုကို ကြံစည် လုပ်ကိုင်ခဲ့မိလို့ အခုလို ဒုက္ခဆိုးကြီးတွေနဲ့ ကြုံတွေ့ခဲ့ရတာ . . ဒီမှာဂျမဒါ . . ဒီမယ်တော်ရုပ်တုဟာ ကျိန်စာတိုက်ထားတဲ့ ရုပ်တုကွ သိရဲ့လား"

ကပ္ပတိန်ဝီလ်ဆင်၏ ကွဲအက်အက် ရှတတ အသံ၏



www.burmeseclassic.com

www.burmeseclassic.com



နောက်ဝယ် နာကျည်းသံ၊ ဒေါသသံများက ရောယှက်၍
ပါနေသယောင်။ ရုတ်တရက် ကပ္ပတိန်ဝီလ်ဆင် ...
ဂျမဒါမင်းဒင်ကို ကျောခိုင်း၍ ရပ်လိုက်သည်။ ပြီးလျှ
ဆောင်းထားသည့်ဦးထုပ်အစုတ်ကြီးကို ချွတ်လိုက်သည်။ နော
နောက် မျက်နှာပေါ်မှ ပတ်တီးစများကို ဖြည်လျှော့လိုက်သည်။

ပြီးမှ မီးအလင်းရောင်အောက်သို့ တစ်လှမ်းချင်း
လျှောက်လာပြီး ဂျမဒါမင်းဒင်ရှိရာဘက်သို့ မျက်နှာကို
လှည့်၍ပြလိုက်ပါ၏။

"ဟာ အား"

မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြော
ဂျမဒါမင်းဒင်၏ နှုတ်ဖျားမှ အာမေဋိတ်သံတချို့ပင် ခုန်ထွ
သွားကြသည်။

"ဘုရား . . ဘုရား . . ဘယ် ဘယ်လိုများဖြစ်ရတာ
ကပ္ပတိန်ရယ်"

ဂျမဒါမင်းဒင် မြင်တွေ့လိုက်ရသည့် ကပ္ပတိန်ဝီလ်ဆ
၏ မျက်နှာကြီးက တကယ့်ကို ကျောချမ်းစရာပါပင်တည်း။
ကပ္ပတိန်ဝီလ်ဆင်၏ ဘယ်ဘက်မျက်လုံးမှာ သုံးဝမရှိတော့
ညို့မှောင် မည်းနေသည့် မျက်ကွင်းချိုင့် ဟောက်ပက်ကြီး
ကျောချမ်း ကြက်သီးထဖွယ် မြင်တွေ့နေရပါ၏။

ထို့အပြင် နားရွက်အထိလည်း ကန့်လန့်ဖြတ် ခုတ်





ကြီးတစ်ခုက မျက်နှာတစ်ခြမ်းနီးပါး နေရာယူထားသဖြင့်
ကပ္ပတိန်ဝီလ်ဆင်၏အသံကိုသာ မမှတ်မိလျှင် မည်သို့မျှ
ကပ္ပတိန်ဝီလ်ဆင်မှန်း မည်သူမှ သိကြမည်မဟုတ်။
ကြောက်ခမန်းလိလိ ရုပ်ပျက် ဆင်းပျက် မျက်နှာကြီးနှင့် ကပ္ပတိန်
ဝီလ်ဆင်ကိုကြည့်ကာ ဂျမဒါမင်းဒင် တုန်လှုပ်သွားမိပါသည်။

"ဟင်း ဟင်း ဟင်း အဲဒီနတ်ဆိုးရုပ်တုလေးကြောင့် ငါ
ဒါတွေ ဖြစ်ခဲ့ရတာကွ သိလား ဂျမဒါ . . . နတ်ရုပ်
တစ်ထောင်မယ်တော်ဟာ ကြောက်စရာ ကျိန်စာဆိုးတွေကို
သယ်ဆောင်ပေးလာတဲ့ နတ်ဆိုးစေတမန်တစ်ပါးပဲကွ . . .
အဲဒီ ကျိန်စာတွေတိုက်တားတဲ့ မယ်တော်ရုပ်တုလေးကို ငါ
အမြန်ဆုံး လွှင့်ပစ်ချင်နေတာ ဟင်း ဟင်း"

ဟုတ်သည်။ ကပ္ပတိန်ဝီလ်ဆင်၏ စကားသံများက
နာကျည်း မှုများနှင့် ရောစွက်နေပါ၏။ မည်သည့်အချိန်ကာလ
ကတည်းက ဤကဲ့သို့သော ကြမ္မာဆိုးကြီးကို ကြုံတွေ့
ခံစားလာခဲ့ရသည်မသိ။ ဖြူလျော်လျော်မျက်နှာ၊ ပိန်လှီ
ချွဲတော့သော ခန္ဓာကိုယ်ကြီးက ယခင်ကထက် ပို၍
ချုံးကျသွားသည်ထင့် . . ။

"ညညဆိုရင်လည်း ကောင်းကောင်းမအိပ်ရဘူးကွာ၊
အိပ်မက်ဆိုးတွေ ခဏခဏမက်၊ အိပ်ယာက လန့်လန့်နိုးနဲ့
ဒါတော့ အိပ်ရမှာတောင် ကြောက်နေပြီ . . . ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒီနတ်ရုပ်တုကို ငါလွှင့်ပစ်ဖို့ ကြိုးစားနေတာ ကြာပြီ . . . ဒါပေမယ့် မင်း မင်းလာအောင် ငါ ငါစောင့်နေတာ ဂျမဒါ"

ကပ္ပတိန်ဝီလ်ဆင်၏စကားများက တစ်ခါတစ် ဂျမဒါမင်းဒင် ပင် နားမလည်နိုင်အောင် ဖြစ်နေပါ ကြည့်ရသည်မှာ အိပ်ပျက်ညနှင့် ချောက်ချားသွေးပျ ဖွယ်ရာများကို ညစဉ် ကြုံတွေ့နေရသဖြင့် စိတ်များ ရူး သွားလေပြီလားဟု ထင်မိသည်။

ဂျမဒါမင်းဒင်မှာ တစ်လကျော်ကျော်အတွင်းမှာ ခန္ဓာကိုယ်ရော၊ စိတ်ပါ ချုံးချုံးကျသွားသည့် ကပ္ပတိန်ဝီလ်ဆ အဖြစ်ဆိုးကြီးကိုကြည့်ကာ လွှယ်ရှိုထန်မှ နတ်ဆရာဂီလီ မီးခိုးလှိုင်းကြိုတင်နိမိတ်များကို ပြန်လည်မြင်ယောင်လာမိပါ

နိမိတ်ဖတ်မီးခိုးလှိုင်းထဲတွင် စစ်ဦးထုပ်ကြီးတစ် မျက်နှာအုပ်လုနီးပါးဆောင်းထားပြီး ကုတ်အကျီအနက်ကြီး လက်နှစ်ဖက်နှိုက်ကာ သူ့နောက်မှ အရိပ်လို တကောက်က လိုက်နေသူမှာ ကပ္ပတိန်ဝီလ်ဆင်ကိုယ်တိုင် ဖြစ်နေ သ ယခုမှပင် ကောင်းစွာ သဘောပေါက်ခဲ့ပါချေပြီတည်း။

တစ်ဆက်တည်းမှာပင် နတ်ဆရာဂီလီယို၏ အ ကွဲ ရှတတအသံကြီးက ဂျမဒါစစ်အောင်၏ နားထဲတွင် ည်းမျှ ကြားယောင်လာမိပါသည်။

"အို လူစိမ်းတို့ . . . သင်ဟာ လွှယ်ရှို





ကံကြမ္မာဆိုးတွေကို သယ်ဆောင်လာတဲ့သူ မှန်ပေမယ့် ကံကြမ္မာ ကောင်းကလည်း သင့်အပေါ်မှာပဲ မူတည်နေတယ် . . . ကံကြမ္မာကြိုးတန်းပေါ်မှာ အသက်စွန့်ပြီး လမ်းလျှောက်နေရတဲ့ သင့်ကို နတ်ရုပ်တစ်ထောင်မယ်တော်ကြီး ကောင်းချီးမင်္ဂလာ တွေ ပေးပါစေ . . . ထို့အတူ လွှယ်ရှိုထန်ပေါ်သို့ ကျရောက် လာမည့် ဘေးအန္တရာယ်ဆိုးကြီးတွေဟာလည်း သင်နဲ့အတူ ကင်းစင်လွင့်ပျောက်ပါစေသတည်း"

နတ်ဆရာဂီလီယို၏ နိမိတ်ဖတ်မီးခိုးငွေ့လှိုင်းမှ ပဲ့တင် သံများက ဂျာမဒါမင်းဒင်အနီးတွင် ဝေ့ဝဲစီးမျောနေကြ သည်သို့။ ထို့အတူ ကြောက်မက်ဖွယ်ရာ နတ်ရုပ်တစ်ထောင် မယ်တော်၏ ကျိန်စာဆိုးများက ကပ္ပတိန်ဝီလ်ဆင်အပေါ် တန်ပြန် သက်ရောက်မှုများကလည်း မယုံနိုင်ဖွယ်ရာပင်တည်း။

ကပ္ပတိန်ဝီလ်ဆင်ကိုယ်တိုင်မှာလည်း နတ်ရုပ် တစ်ထောင် ကျောင်းတော်ကြီးအတွင်းရှိ ကျောက်စာချပ်ကြီး များတွင် ရေးထိုးထားသည့် ပုဂံခေတ် ကျိန်စာဆန်ဆန် ဂာပိုဒ်များကို တရေး ရေးနှင့် ပြန်လည်မြင်ယောင်နေမိပါ၏။

"အမျိုဝ်ခုနစ်ဆက် ညက်ညက်ပြုတ်တီ ပျက်စီးစေသော၊ အဝီစိအထဲ ငရဲကျက်ရုယ် အကမ္ဘာဘာဖုရာတိုင်လာရုယ် ချုတ်လည်၊ မကျွတ်တတ်သည် ငရဲသစ်ငုတ်လျင် ဖြစ် သတည်း"



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ကျောက်ရုပ်ဘစ်ရုပ်နှယ် ဝေးငိုင်က
စိတ်ဓာတ်ကျဆင်းလျက်ရှိသည့် ကပ္ပတိန်ဝီလ်ဆင် ကို
ဂျမဒါမင်းဒင် အားပေးနှစ်သိမ့်ရပေဦးမည် မဟုတ်ပါလား။

"စိတ်ဓာတ်မကျပါနဲ့ ကပ္ပတိန်ရဲ့ . . . ဒါတွေက
တိုက်ဆိုင်မှုသက်သက်တွေ ဖြစ်မှာပါကွာ . . . ဘာမဟုတ်
သက်မဲ့အရုပ်ကလေးတစ်ရုပ်က ဘယ်လိုလုပ်ပြီး အန္တရာယ်
ပေးနိုင်မှာတဲ့လဲ"

"ဟင်း ဟင်း ဟင်း အဲဒါက မင်းရဲ့အထင်ပဲ ဂျမဒါ
ငါတကယ်ကြုံတွေ့ခဲ့ရတာက ဒီထက်မက ဆန်းကြယ်လှဘဲ မယုံ
နိုင်အောင် ကြုံတွေ့ခဲ့ရတဲ့ တိုက်ဆိုင်မှုတွေပဲ ဟောဒီ
ကြည့်စမ်း ဂျမဒါ"

ကပ္ပတိန်ဝီလ်ဆင်က စဘင်တွေ့ရှိချိန်ကတည်းက
ကုတ်အကျီ ညာလက်ကို အိတ်ထဲသို့နှိုက်ထားခဲ့သည်။ ယခု
ထိုညာ လက်မှ အကျီစ တွဲလောင်းကြီးကို ဂျမဒါမင်းဒင်အား
ဆွဲယူ ထုတ်ပြလိုက်သည်။

"ဟင် ဟာ လက် လက် လက်ပြတ်ကြီး"

ရုတ်တရက်မြင်တွေ့လိုက်ရသော မြင်ကွင်းကြော
ဂျမဒါမင်းဒင်ခမျာ မယုံကြည်နိုင်အောင်ပင် ဒုတိယ
မျက်လုံးပြူးကာ အံ့အားသင့်သွားခဲ့ရပြန်ပါပြီ
ကပ္ပတိန်ဝီလ်ဆင်၏ လက်တစ်ဘက်သည် ဘဘောင်း





တိတိရိရိ ပြတ်လျက် ရှိသည်ကို သွေးပျက်ချောက်ချားစွာ
မြင်တွေ့လိုက်ရပါသည်။

"ဟင်း ဟင်း အဲဒါကြောင့် ငါမင်းကို ပြောနေတာပေါ့
ဂျမဒါ . . . အဖြစ်အပျက်တွေက တကယ့်ကို မယုံနိုင်
လောက်အောင် တိုက်ဆိုင်လွန်းလှပါတယ်လို့ . . . ဟောဒီ
မှာလည်း ကြည့်လိုက်ဦး . . . မင်းကို စောင့်မျှော်နေတဲ့
မယ်တော်ရုပ်တုလေး . . . သေသေချာချာစစ်ဆေးကြည့်ဦး၊
အရင်ကလို ဟုတ်သေးရဲ့လားလို့"

ပုဝါပိုင်းတစ်ပိုင်းနှင့် ရစ်ပတ်ထားသည့် မယ်တော်ရုပ်တု
လေးကို ဂျမဒါမင်းဒင်အား ကပ္ပတိန်ဝီလ်ဆင်ကိုယ်တိုင် ကမ်းပေး
လိုက်သည်။ ဂျမဒါမင်းဒင်မှာ သိချင်ဇောဖြင့် ရစ်ပတ်ထား သည့်
ပုဝါစကို ဖြည်ချလိုက်ပါ၏။

"ဟင်. . ဘယ်. . ဘယ်လိုဖြစ် ဖြစ်သွားတာလဲ
ကပ္ပတိန်"

ဂျမဒါမင်းဒင်မှာ သူမြင်တွေ့လိုက်ရသည့် နတ်ရုပ်
တစ်ထောင်မယ်တော်ရုပ်တုလေးကိုကြည့်ကာ ပါးစပ်အဟောင်း
သားနှင့် အံ့အားသင့်သွားပါတော့သည်။ ဟုတ်သည်။
ကပ္ပတိန်ဝီလ်ဆင် ကိုယ်တိုင် ပြန်လည်ပေးအပ်လိုက်သည့်
မယ်တော်ရုပ်တုလေး တွင်လည်း ကပ္ပတိန်ဝီလ်ဆင်ကဲ့သို့ပင်
ရရှိထားသော ဒဏ်ရာဒဏ်ချက် များက ထပ်တူထပ်မျှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်ကို အံ့ဩဖွယ် တွေ့မြင် လိုက်ရပါချေပြီတည်း။

"ဘုရား . . ဘုရား . . ဒီ ဒီတစ်ခါ တိုက်ဆိုင်မှုတွေ ရှိုးမှရှိုးရဲ့လား . . . နတ်ဆရာဂီလီယိုကြီးပြောသလို နတ်ရု တစ်ထောင်မယ်တော်ရဲ့ ကျိန်စာဆိုးကြီးဘာ့ကြောင့်လား . . . ဒီလိုဖြစ်ရပ်မျိုးတွေဟာ တကယ် တကယ်ရောဟုတ်ရဲ့လား"

မယ်တော်ရုပ်တု၏ ဘယ်ဘက်မျက်စိတွင် ဓားဒဏ်ရာ မျက်နှာပေါ်မှ နားရွက်အထိ ကန့်လန့်ဖြတ်ဓားခြစ်ရာကြီးတင် နှင့် ညာလက်တစ်ဖက်က တံတောင်ဆစ်မှ တိုတိုနိုရိ ပြတ် သည့် နတ်ရုပ်တစ်ထောင်မယ်တော်ရုပ်တုလေးသည် သင် ပစ္စည်းတစ်ခုဖြစ်သည့်တိုင် ကပ္ပတိန်ဗီလ်ဆင်အား အ တကယ်ပင် ကျိန်စာသင့်စေခဲ့သည်လေလား။

"ဒီဖြစ်ရပ်တွေဟာ အမှန်တော့ ငါ့ရဲ့မိုက်မဲမှု ကံကြမ္မ လှည့်စားမှုနဲ့ နတ်ရုပ်တစ်ထောင်မယ်တော်ကြီးရဲ့ အလိုအတ ဖြစ်ခဲ့ရတာပါ ဂျမဒါ . . . နတ်ရုပ်တစ်ထောင် ကျိန်း အောက်ဆုံးအပိုဒ်မှာ ပါရှိတဲ့အတိုင်း 'အစီစီအထဲ ငရဲကျက် အကမ္ဘာဘာဖုရာတိုင် လာရှယ်ခွတ်လည် မကျွတ်တတ်သ ငရဲသစ်ငုတ်လျှင် ဖြစ်စေသတည်း' ဆိုသလို ငါကျူး စော်ကားခဲ့တဲ့ ပြစ်မှုတွေဟာ ဘုရားအဆူဆူလာပြီး ချွတ် ရင်တောင်မှ မကျွတ်မလွတ်နိုင်ဘဲ ဟိုအဝီစီငရဲမှာ ကျေ သစ်ငုတ်ရိုက်သလို စွဲစွဲမြဲမြဲ ခံရဦးမှာ အသေအချာပဲ ဂျ





ဒေ ဟင်း ဟင်း"

ကပ္ပတိန်ဗီလ်ဆင်းက သူ၏ လက်ရှိဘဝကို တော်တော် ပင် စိတ်ကုန်နေပုံရသည်။ သူ၏သွင်ပြင်ကို ကြည့်ရသည် မှာလည်း အားမရ။ ဖြူဖတ်ဖြူလျော်မျက်နှာနှင့် ပိန်လှီချုံးကျ နေသည့် ခန္ဓာကိုယ်က စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ လေပြီထင့်။ အရာအားလုံး နတ်ရုပ်တစ်ထောင်မယ်တော် အလိုကျ ဟူ၍ပင် ပုံအပ်ထားလေပြီလား။

နောက်ဆုံးမှာတော့ ကပ္ပတိန်ဗီလ်ဆင်တစ်ယောက် ဝိတ်ဖြန် လည်လာသည်ထင့် . . ။ လွယ်ရှီထန်မှ နတ်ရုပ်တစ်ထောင် မယ်တော်ရုပ်တုလေးကို ခိုးယူထွက်ပြေး ခဲ့ရာမှ အစပြု၍ ကြုံတွေ့ရင်ဆိုင်ခဲ့ရသော အဖြင် အပျက် အားလုံးကို ဂျမဒါမင်းဒင်အား ခရေစေ့တွင်းကျ ပြောပြ လိုက်ပါလေတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

## ဂြိုဟ်ဆိုးမွှေတဲ့ နတ်ရုပ်တစ်ထောင်ကျိန်စာ

နေခြည်နွေးနွေးမျှသာ ဖြာဆင်းကျလျက်ရှိသော နံနက်ခင်းတစ်ခု အလွန်တွင် ကပ္ပတိန်ဝီလ်ဆင်တစ်ယောက် ရန်ကုန်မြေသို့ အောင်မြင်စွာခြေချနိုင်ခဲ့သည်။ ရောက်လျှင် ရောက်ချင်းပင် ဂျူးလူမျိုးကြီး နာဂျစ်ခန်ထံသို့ အရင်ဆုံး ဝင်ရောက်အကြောင်းကြားခဲ့ပါသည်။

"ဒီရုပ်တုဟာ အင်မတန်ရှားပါးတဲ့ သစ်ကနက်





(သက်နုံးနက်)သားနဲ့ထုလုပ်ထားတာဝီလ်ဆင်ရဲ့လက်ရာကလည်း ပုဂံခေတ်ဦးပိုင်းကာလနဲ့မတိမ်းမယိမ်း အချိန်လောက်ကပဲ၊ ဒါလောက် လက်ရာကောင်းလက်ရာသန့်ဖြစ်ရဲ့နဲ့ အခုလို အစင်းရာ၊ အခြစ်ရာတွေ၊ ဓားထစ်ရာတွေနဲ့ နောက်ပြီး လက်တစ်ဖက်က ကျိုးထားသေးတာဆိုတော့ တော်တော် နှမြောစရာ ကောင်းသား"

ဂျူးလူမျိုးကြီး နာဂျစ်ခန်က စားပွဲထက်တွင် တင်ထားသည့် သစ်ကနက်မယ်တော်ရုပ်တုလေးကို သေချာစေ့စေ့စပ်စပ် ကြည့်ရင်း ကျိုးပျက်သွားသော အစိတ်အပိုင်းများကြောင့် နှမြောတသစွာ ပြောဆိုလိုက်ပါ၏။

"ဩော် . . ယူလာတုန်းကအကောင်းပကတိပဲ နာဂျစ်ခန်ရဲ့ ရထားပေါ်မှာ ကိုရွှေဂျပန်တွေက အိတ်တွေဖွင့်ပြီး ဟိုရှာဒီရှာနဲ့ဆိုတော့ လန့်ဖျန့်ပြီးဝှက်မိဝှက်ရာ ဝှက်ထားလိုက်တာ ပြန်ပြီးထုတ်ယူတော့ ဘယ်လိုမှ ပြန်ထုတ်ယူလို့ မရတော့တာနဲ့ ဓားမြှောင်နဲ့ ဖျက်ဆီးပြီး ထုတ်ယူခဲ့ရတာ . . . ဒါကြောင့် အခုလို ရုပ်ပျက်ဆင်းပျက် ဖြစ်သွားရတာလေ"

ကပ္ပတိန်ဝီလ်ဆင်က ဖန်ချိုင့်ထဲမှရေကို ရေခွက်ထဲသို့ လောင်းထည့်လိုက်ပြီး တစ်ကျိုက်တည်း သောက်ချလိုက်ပါ၏။ ပြီးမှ. . . .

"ဒါပေမယ့် ဘာမှမပူနဲ့ နာဂျစ်ခန် . . . နာဂျစ်ဆီ



www.burmeseclassic.com

www.burmeseclassic.com



သွားရင်း ဟိုမှာ ဆယ်ရက်လောက်နေတုန်း ဒီရုပ်တုကို အားလုံး အကောင်းပကတိဖြစ်သွားအောင် ပြုပြင်လိုက်မယ် . . . ပြီးမှ နာဂျစ်ခန်ဆီကို လာပြီး အပ်နှံထားမယ်၊ အင်္ဂလန်ကို ပြန်ခွင့်ရတော့မှပဲ . . ဒီရုပ်တုလေးကို ပြန်ပြီးယူတော့မယ်"

ထိုကဲ့သို့ နာဂျစ်ခန်ကို ကတိပေးကာ နောက်တစ်နေ့တွင် မယ်တော်ရုပ်တုလေးကို အိတ်တွင်ထည့်၍ ကျုံ့ပျော်ရှိ နာဂျစ်ခန်၏ညီငယ် နာဂျီး ထံသို့ ထွက်လာခဲ့သည်။ ကျုံ့ပျော်သို့ သွားရန်အတွက် ကပ္ပတိန်ဝီလ်ဆင်မှာ စီစဉ်စရာရှိသည်များကို စီစဉ်လျက် ရန်ကုန်ဆိပ်ကမ်းမှ ဆင်းလာခဲ့ပါသည်။

အချိန်က ညနေခင်းဖြစ်သဖြင့် ရန်ကုန်မြစ်ရေသည် ကောင်းကင်မှ တိမ်ရောင်စုံဖြင့် ထင်ဟပ်ကာ လှချင်တိုင်း လှနေပါလေ၏။ ဆိပ်ကမ်းမှာတော့ ကုန်တင်ကုန်ချပစ္စည်းများ ခရီးသွားပြည်သူများ၊ ဝန်ချီစက်ကြီးများ၊ သင်္ဘောကြီးငယ်များနှင့် ပြည့်ကျပ်စည်ကားလျက်ရှိသည်၊ သင်္ဘောတစ်စင်းကပ်တိုင်း ကုန်းဘောင်ထိုးလိုက်၊ ခရီးသည်များ ဆင်းလိုက်တက်လိုက်နှင့် စည်ကားရှုပ်ထွေးနေချိန်လည်း ဖြစ်ပါ၏။

ဝန်ချီစက်ကြီးများကလည်း သင်္ဘောကြီးများပေါ်မှ ကုန်ပစ္စည်းများကို တဒီးဒီးနှင့် အော်မြည်ကာ ကူးချည်သန်းချည်နှင့် သယ်ချနေပါ၏။

ပေါ့ပေါ့ပါးပါး အိတ်တစ်လုံးကိုသာ ကျောတွင်





လွယ်လျက် သူငယ်ချင်းနာဂျီး ထံတွင် အနားယူရင်း ပျော်ရွှင်စွာ နေထိုင်ဦးမည် ဟူသော အတွေးစိတ်ကူးဖြင့် ကပ္ပတိန်ဝီလ်ဆင် တစ်ယောက် ကုန်းပတ်ဘောတံတားပေါ်တွင် ရောက်ရှိနေပါပြီ။

မြစ်ပြင်ကိုဖြတ်၍ တိုက်လာသော လေနုကလေးကို ကပ္ပတိန်ဝီလ်ဆင် ဘစ်ဝကြီး ရှူရှိုက်လိုက်ပြီး ပေါ့ပါးစွာ မှုတ်ထုတ်လိုက်သည်။ ထိုစဉ်မှာပင် . . .

"ဟေး . . ဟေး . ."

ထိတ်လန့်တကြား အော်ဟစ်လိုက်သံကြီးတစ်ခုနှင့် အတူ သူရပ်နေရာသို့ ရိပ်ခနဲပြေးဝင်လာသည့် အရိပ်မည်းကြီး တစ်ခု မျက်စိထောင့်စွန်းတွင် ဖျတ်ခနဲ မြင်လိုက်ရသဖြင့် လက်နှင့် ကမန်းကတမ်း ကာထုတ်လိုက်သည်။

"ဟေး . . ဟာ . ."

"ဟာ ကာရိန်းစက်သီးကြီး . . စက်သီးကြီး ပြုတ်ကျလာပြီဟေ့"

ဝိုင်းဝန်းဟစ်အော်လိုက်သည့် အော်ဟစ်သံကြီးများကြောင့် လက်ဖြင့် အချိန်မီတားဆီးလိုက်ပါသော်လည်း ကပ္ပတိန်ဝီလ်ဆင် နောက်ကျသွားခဲ့ပါချေပြီ။

"ဗိုး . . ဗြိုး . . ဒုံး"

"ဟာ . . အ . . အား"

ဒုံးကနဲမြည်ဟီးသံကြီးနှင့်အတူ ကပ္ပတိန်ဝီလ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံမှာ မီးပွင့်ထွက်သွားပြီး လောကကြီးတစ်ခုလုံး မှောင်အတိ ကျသွားပါတော့သည်။

✧ ✧ ✧



ရန်ကုန်ဆောင်းညည့်သည် နီကျင်ကျင်မီးတိုင်များ၏ ရင်ခွင်ထဲဝယ် နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိသည်။ ရံဖန်ရံခါ ဖြတ်သန်းမောင်းနှင်သွားသည့် ကားစက်သံသဲ့သဲ့က ဆာ အိပ်မောကျနေသည့် ညည့်ရင်ခွင်ကို လှုပ်နှိုးနေပါလေ၏။

ကြေကွဲဆို့နစ်စွာ ပြောပြနေသည့် ကပ္ပတိန်ဝီလ်ဆင်၏ ကျိန်စာ သင့်ခဲ့သော ဘဝ၏ အစိတ်အပိုင်းအချို့ကို ဂျမဒါမင်းဒင် ချောက်ချားစွာ နားထောင်နေမိသည်။

"ဒါဟာ တိုက်ဆိုင်မှုတစ်ခုပါလို့ ပြောလို့ မရတော့ဘူး ဂျမဒါ . . . ဝန်ချီစက်က ကြိုးပြတ်ပြီး အရှိန်နဲ့ ပြန်လွှဲပြီး ပြုတ်ကျလာတဲ့ စက်သီးကြီးဟာ ငါ့ရဲ့ မျက်နှာတည့်တည့်ဆီ



www.burmeseclassic.com

www.burmeseclassic.com



ကိုမှ တည့်တည့်ကြီး တိုးဝင်လာခဲ့တာဟာ တိုက်ဆိုင်မှုပါလို့ ဆိုရင် အဲဒီတိုက်ဆိုင်မှုဟာ ဟို နတ်ဆရာဂီလီယို့ရဲ့ နိမိတ်ပတ် မိုးခိုးငွေ့လှိုင်းထဲက ကံကြမ္မာကျိန်စာဆိုးကြီးပဲ ဖြစ်ရမယ် ဂျမဒါ"

နာကျည်းကြေကွဲသံ . . ။ ထိုထက်ပို၍ ဆိုးငါးသော နာကျည်းကြေကွဲသံလှိုင်းတစ်မျိုးက ကပ္ပတိန်ဗီလ်ဆင်၏ ရင်ခေါင်းထဲ ဆီမှ တိုးတိုက်လွင့်စင်ထွက်ကျလာခဲ့သည်သို့ . . ။

ဂျမဒါမင်းဒင်ကမူ ကပ္ပတိန်ဗီလ်ဆင်၏ ကျိန်စာသင့် မျက်နှာကြီးကိုသာ အသိမဲ့စွာကြည့်ရင်း ရင်ကွဲသံကြီးတို့သာ နားထောင်နေမိသည်။

"ဒီမှာ ဂျမဒါ . . . ငါဟာ စစ်သားတစ်ယောက် ပါကွ . . . စစ်သားမှ ဟိုအိန္ဒိယပြည်က ဆင်းမလား စစ်ပညာ သင်ကျောင်းမှာ သင်တန်းတက်လာခဲ့တဲ့ စစ်သားတစ်ယောက် စစ်ပွဲအတွေ့အကြုံတွေနဲ့ လက်တွေ့ အနီးကပ်တိုက်ပွဲတွေပါ ရင်ဆိုင်လာခဲ့တဲ့ သူတစ်ယောက်က လျှင်မြန်ဖျတ်လတ်မှု အပိုင်းနဲ့ ရဲရင့်တက်ကြွတဲ့သွေးတွေက သွေးကြောထဲမှာ အမြဲတမ်း လှည့်ပတ်စီးဆင်းနေတာမဟုတ်လား"

စကားပြောဆိုရင်းမှ အသက်ရှူသံပါ ပြင်းထန်လာပြီး အမောဖောက်သကဲ့သို့ မောဟိုက်သံကြီးပါလာသည်။ ကပ္ပတိန်ဗီလ်ဆင် ခဏမျှ စကားပြောတန့်သွားသည်။ အတန်ကြာမှ . . .





"ဟင်း ဟင်း လှစ်ခနဲဆိုရင် အမြဲတမ်း ဖျတ်ခနဲ လှုပ်ရှား ရှောင်တိမ်းကျင့်ရှိတဲ့ ငါဟာ စက်သီးကြီးပြုတ်ကျလွင့်စင်လာ တာကို သိလိုက်တာနဲ့ ဘယ်ဘက်ခြမ်းကို သတိရှိရှိနဲ့ ခုန်ရှောင် လိုက်နိုင်တယ် . . . ဒါ ဒါပေမယ့် ဂျမဒါရေ ငါ့စိတ်ထဲမှာ တစ်စုံတစ်ယောက်၊ ဒါမှမဟုတ် အင်အားကြီးတဲ့ အရာတစ်ခု ခုက ငါ့ကို စက်သီးကြီးပြုတ်ကျလာတဲ့ ညာဘက်ခြမ်းကို ပြန်ပြီး တွန်းပို့လိုက်သလို ငါ ခံစားလိုက်ရတယ်လေ"

"တစ်ချိန်တည်း အချိန်ကိုက်ပြေးဝင်လာခဲ့တဲ့ စက်သီး ကြီးကို အချိန်မီရုံလေး ငါ့ရဲ့ ညာလက်နဲ့ ကာထားလိုက်နိုင် ပေမယ့် ဟိုးအမြင့်ကနေ ပြုတ်ကျလာတဲ့ အရှိန်ဟာ ပြင်းထန် လွန်းတာကြောင့် ငါ့ရဲ့လက် ကြေမွကျိုးကြေသွားရုံမကဘူး၊ မျက်လုံးပါဖောက်ပြီး ထုတ်ပစ်လိုက်ရတဲ့အထိ အကြီးအကျယ် ဒဏ်ရာရခဲ့တယ် ဂျမဒါ"

ကပ္ပတိန်ဗီလ်ဆင်၏ နာကျည်းပေါက်ကွဲသံကြီးနှင့်အတူ ရှိုက်ငို သံကြီးနှင့် ပြောနေသော စကားလုံးများက ဂျမဒါမင်းဒင် ၏ ရင်ဝကို မီးစကြီးတစ်စနှင့် ဆောင့်ထိုးလိုက်သည့်နှယ် ပါတည်း။

သူ၏ သူငယ်ချင်းလည်းဖြစ်၊ အထက်အရာရှိ လည်းဖြစ်သော ကပ္ပတိန်ဗီလ်ဆင် ၏ ကျိန်စာသင့်အဖြစ်ဆိုးကြီး ကြောင့် သူ၏ ရက်(၆၀)အဆိပ်ကိုပင် ဂျမဒါမင်းဒင်



www.burmeseclassic.com

www.burmeseclassic.com



မေ့လျော့နေမိ ပါသည်။ အမှန်စင်စစ် နတ်ရုပ်တစ်ထောင် မယ်တော်၏ ကျိန်စာနှင့် နတ်ဆရာဂီလီယို၏ နိမိတ်ဖတ် မီးခိုးငွေ့လှိုင်းသည် ကာယကံရှင် ကပ္ပတိန်ဝီလ်ဆင်ကိုသာမက သူ့ကိုပါ အဖျားခတ် ကျိန်စာ သင့်စေတော့မည်လေလားဟု . .

ဂျမဒါမင်းဒင်မှာ သက်ပြင်းမောကြီးတစ်ခုကို မသက် မသာ ချလိုက်ရင်း သူကိုယ်တိုင် ခံစားနေရသည့် လွယ်ရှီထန်မှ ရက်(၆၀)အဆိပ်ဆေးအကြောင်းကို ကပ္ပတိန်ဝီလ်ဆင်အား ဖွင့်ဟ ပြောကြားရန် လှမ်း၍ကြည့်လိုက်သည်၊

သို့သော် ကပ္ပတိန်ဝီလ်ဆင် က စားပွဲပေါ်မှ နတ်ရုပ်တစ်ထောင် မယ်တော်ရုပ်တုလေးအား စူးစူးဝါးဝါး စိုက်ကြည့်နေသည်ကို တွေ့နေရသည်မို့ အလိုက်သိစွာပင် ငြိမ်၍နေလိုက်ပါ၏။

ကပ္ပတိန်ဝီလ်ဆင်မှာ မယ်တော်ရုပ်တုလေးကို စူးစူးရဲရဲ ကြည့်နေ ရင်းမှ သူ၏ တစ်ဘက်တည်းသာရှိသော မျက်လုံး တစ်လုံးသည် မီးဝင်းဝင်း တောက်လာလေသည်လား၊ ထိုစဉ်မှာပင် ရုတ်တရက် ကပ္ပတိန်ဝီလ်ဆင် က မယ်တော်ရုပ်တုလေးကို ဆတ်ခနဲ ကောက်ကိုင်လိုက်ပြီး တုန်တုန်ရင်ရင်အသံကြီးဖြင့် . . .

"ဟီး ဟီး ငါ ငါ အခုလို ဖြစ်ရတာ ဒင်းကြောင့် ဒင်းကြောင့် . . . ဒီ ဒီ မယ်တော်ရုပ် ရုပ်တု ပြိုဟ်မှုလို့ . . .





ကိုင်း ရှုပ်တယ်ကွာ သေစမ်း သေကြစမ်း သေကြစမ်းကွာ"

ကပ္ပတိန်ဝီလ်ဆင်မှာ ရူးသွပ်သွားသူတစ်ယောက်နှယ် မယ်တော် ရုပ်တုလေးကို အုတ်နံရံဆီသို့ ဒေါသတကြီး ပစ်ပေါက် လိုက်သည်။

"ဦး . . . ခွမ်း . . ."

"ဟာ ဟေး မလုပ်နဲ့ မလုပ်နဲ့ ကပ္ပတိန်"

ဂျမဒါမင်းဒင် သတိရ၍ အော်ဟစ်တားမြစ် လိုက်သည့်တိုင် နောက်ကျသွားခဲ့ပါပြီ။ နတ်ရုပ်တစ်ထောင် မေတ္တာရှင် လိုင်နင်မယ်တော်ရုပ်တုလေးက အုတ်နံရံနှင့် ပြင်းထန်စွာ ရိုက်ခတ်မိသဖြင့် ကြမ်းပြင်ထက်တွင် ခေါင်းတခြား၊ ကိုယ်တခြားဖြင့် လုံးဝ ပျက်စီးသွားခဲ့ပါချေပြီကော . .။

ကပ္ပတိန်ဝီလ်ဆင်ကို လှည့်ကြည့်လိုက်တော့ ကုလားထိုင်တစ်လုံး ပေါ်တွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပြီး တဟီးဟီးနှင့် သူရူး တစ်ယောက်နှယ် ရှိုက်ငင်ငိုကြွေး နေသည်ကိုသာ ဂျမဒါ မင်းဒင် တွေ့မြင်လိုက်ရပါတော့သည်။

"ဟင် . . . ဘယ်လိုလုပ်လိုက်တာလဲ ကပ္ပတိန်ရာ၊ ဟိုမှာ ကြည့်စမ်းပါဦး . . . မယ်တော်ရုပ်တုလေးက ခေါင်း တခြား၊ ကိုယ်တခြားဖြစ်သွားပြီလေ . . . ဒုက္ခပါပဲကွာ"

ဂျမဒါမင်းဒင်မှာ တစ်စစီ ကျိုးပဲ့သွားသည့် နတ်ရုပ် တစ်ထောင် မယ်တော်ရုပ်တုလေးကို တစ်ခုချင်း၊ တစ်ပိုင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူကာ စားပွဲပေါ်သို့ တင်ထားလိုက်ပါ၏။ ယခုမှပင် ကပ္ပတိန်ဝီလ်ဆင် ငိုရှိုက်နေရာမှ ထလာပြီး ခေါင်းတခြား ကိုယ်တခြား ဖြစ်နေသည့် နတ်ရုပ်တစ်ထောင် မယ်တော်ရုပ်တုလေးကို ငေးမောကြည့်နေရင်းမှ တုန်ယင် ချောက်ချားလာပါတော့သည်။

“ဟင်း ဟင်း ဟင်း ကောင်းတယ် သိပ်ကောင်းတယ် ဒီတစ်ခါတော့ မယ်တော်ရုပ်တုလေးက ခေါင်းပါပြတ်ထွက်သွား ပြီပေါ့ကွာ . . . ဒီမှာ ဂျမဒါ . . . ဟောဒီ မယ်တော်ရုပ်တု လေးကို ငါလုပ်မိခဲ့သမျှဒဏ်တွေ ငါကိုယ်တိုင်ပဲ ပြန်ပြီး ဒဏ်ခံ ရမှာဆိုတော့ ငါလည်း မကြာခင် ဒီအရုပ်လိုပဲ ခေါင်းပြတ်ပြီး သေရမှာတော့ အသေအချာပဲ ဂျမဒါရေ ဟင်း ဟင်း ဟင်း”

စားပွဲထက်တွင် ခေါင်းတခြား ကိုယ်တခြားနှင့် တစ်စစီ ပြန့်ကြဲနေသော နတ်ရုပ်မယ်တော်ရုပ်တုလေးကို မျက်လုံးကြီး ပြူးလျက် ကြည့်ရင်း ရူးသွပ်နေသူတစ်ယောက်နှယ် တတွတ် တွတ်နှင့် ထင်ရာမြင်ရာများကို ပြောဆိုနေပါတော့သည်။

“စိတ်အေးအေးထားစမ်းပါ ကပ္ပတိန်ရာ . . . မယ်တော်ရုပ်တုလေးကို ငါယူသွားပြီးရင် မင်းဘာမှ ဆက်ပြီး ဒုက္ခဖြစ်စရာ မလိုတော့ပါဘူးကွာ . . . ကံကြမ္မာဆိုးနဲ့ ကျိန်စာ ဆိုးကြီးတွေဟာလည်း မင်းဘဝထဲကနေ ပျောက်ကွယ်သွားပြီ မှာပါ ကပ္ပတိန်ရယ်”





ဂျမဒါမင်းဒင်က စိတ်ပျက်အားလျော့နေသည့် ကပ္ပတိန်ဝီလ်ဆင်ကို အားပေးစကားများ ပြောဆိုရင်း နတ်ရုပ် တစ်ထောင်မယ်တော်နှင့် သူ၏ အပိုင်းအစများကို ပုဝါပိုင်း တစ်ထည်နှင့် သေချာစွာ ထုပ်ပိုးလိုက်ပါ၏။ ပြီးမှ သူ၏ ကျောပိုး အိတ်ကြီးကိုဖွင့်ကာ ကျကျနန ထည့်သွင်းသိမ်းဆည်းလိုက်ပါ တော့သည်။

ထို့နောက် ဖန်ခွက်နှစ်ခွက်ထဲတွင် ရမ်နှစ်ပက်စီခန့် ထည့်လိုက်ပြီး ကပ္ပတိန်ဝီလ်ဆင် တစ်ခွက်၊ သူတစ်ခွက်စီ သောက်ကြရင်း လွှယ်ရှိထန်မှ ရက်(၆၀)အဆိပ်နှင့် သူ၏ ဘဝဖြစ်စဉ်များကို ကပ္ပတိန်ဝီလ်ဆင်အား စီကာပတ်ကုံး ပြောပြလိုက်ပါ၏။

“ဖြစ်မှဖြစ်ရလေ ဂျမဒါရာ . . ဒါတွေအားလုံးဟာ ငါ့ကြောင့်ဖြစ်ခဲ့ရတာ ငါ့ကြောင့် ဖြစ်ခဲ့ရတာပါ ဂျမဒါ . . . ငါသာ မနေနိုင်မထိုင်နိုင် လောဘရမ္မက်တွေတက်ပြီး နတ်ရုပ် တစ်ထောင်ကျောင်းဘောင်ထဲက ဟောဒီ ဂြိုဟ်မွှေတဲ့ မယ်တော် ရုပ်တုလေးကိုသာ ခိုးယူထွက်ပြေးမလာခဲ့ဘူးဆိုရင် မင်းလည်း အခုလို ရက်(၆၀)အဆိပ် သောက်ရမှာ မဟုတ်ဘူး . . . အခု တော့ကွာ ဟင်း”

“အို ဘာတတ်နိုင်မှာလဲ ကပ္ပတိန်ဝီလ်ဆင်ရာ . . . အခုလို အဖြစ်ဆိုးတွေဖြစ်လာမယ်မှန်း မင်းမှမသိတာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုသာ ကျိန်စာဆိုးတွေ၊ ကံကြမ္မာဆိုးတွေ ကျရောက်လာမယ်ဆိုရင် ဒီမယ်တော်ရုပ်တုလေးကို စိတ်နဲ့ဘောင်မင်းပြစ်မှားမိမှာ မဟုတ် ဘူးလေ . . . ကိုင်း ထားလိုက်ပါတော့ ကပ္ပတိန်ရေ . . . ကံကြမ္မာစေရာအတိုင်းပဲလို့ မှတ်ယူထားလိုက်တာ အကောင်း ဆုံးပဲ ကပ္ပတိန်"

ထိုညဉ့်က ကပ္ပတိန်ဝီလ်ဆင်နှင့် ဂျမဒါမင်းဒင်တို့နှစ်ယောက် တည်းခိုခန်းတွင် အတူတကွ အိပ်စက်လိုက်ကြပါတော့သည်။ နောက်တစ်နေ့တွင် ဖြစ်ပေါ်လာမည့် ကံကြမ္မာအဆိုးအကောင်းကိုကား မည်သူမျှ မသိနိုင်ပါချေပြီတည်း။

✧ ✧ ✧

## အခန်း(၂၆)

## ရက်(ပ်စ)အဆိပ်နှင့် ယှဉ်ပြိုင်ခြင်း

နောက်တစ်နေ့နံနက်ခင်းသည် နွေးထွေးသော နေခြည်အလင်းတန်းများနှင့် ဖြန့်ကျက်လျက် လောကအတွင်းသို့ ချဉ်းနင်းဝင်ရောက်လာသည်။ ထိုနေ့သည် မှတ်မှတ်ရရ ဂျမဒါမင်းဒင်အတွက် (၄၂)ရက်တင်တင်းပြည့်သော နံနက်ခင်းတစ်ခုလည်း ဖြစ်ပါ၏။

ဆရာတာပည့်နှစ်ယောက် ညကတည်းက တိုင်ပင်ထား



www.burmeseclassic.com

www.burmeseclassic.com



ကြသဖြင့် ဂျမဒါမင်းဒင်တို့မှာ ရန်ကုန်ဘူတာကြီးသို့ဆင်းရန် ပြင်ဆင်နေကြပါ၏။ ဟုတ်သည်။ ရက်(၆၀)အဆိပ်ဆေး မိထားသည့် ဂျမဒါမင်းဒင်အဖို့ အချိန်တိုင်း အသက်နှင့်အမျှ အရေးကြီးနေသည် မဟုတ်ပါလား. . .။ လွယ်ရှီထန်သို့ မြန်မြန် ပြန်ရောက်နိုင်လေ သူ့အတွက် အသက်ရှင်သန်နိုင်ခွင့်က ပို၍ စိတ်ချရလေလေဖြစ်ပါ၏။

လွယ်ရှီထန်၏ ရက်(၆၀)အဆိပ်ဆေးနှင့် လူ့ဘဝတွင် ရက်ပေါင်း(၆၀)အထိသာ ရှင်သန်နေထိုင်ခွင့်ရှိသည့် ဂျမဒါ မင်းဒင်၏ ဘဝကံကြမ္မာက တစ်မျိုးတစ်ဖုံ ထူးဆန်းနေ သကဲ့သို့ လူ့ဘဝတွင် ရှင်သန်လှုပ်ရှားခွင့် ရရှိခဲ့ပါလျက် ရှင်လျက်နှ သေသူဘဝမျိုးကဲ့သို့ မျှော်လင့်ချက်ပျောက်ဆုံး နေသည့် နတ်ရုပ်တစ်ထောင်မယ်တော်၏ ကျိန်စာသင့်ခံ နေရရှာသည့် ကပ္ပတိန်ဝီလ်ဆင်၏ ဘဝကံကြမ္မာကလည်း တစ်မူခြားနား လျက် ဆန်းပြားနေသည် မဟုတ်ပါလား။

မည်သူ့ကိုမှလည်း သည်လိုဘဝမျိုးကြီးနှင့် အတွေ့မခံ လိုတော့။ လူ့ဘဝ လူ့အသိုင်းအဝိုင်းအလယ်တွင် လူသား တစ်ယောက်အဖြစ် အသက်ရှင်နေထိုင်ခွင့် ရရှိပါလျက် ဘဝ ပျော်ရွှင်ချမ်းမြေ့မှုမှန်သမျှကို လက်လွှတ်ဆုံးရှုံးထားခဲ့ရရှာသူ ကပ္ပတိန်ဝီလ်ဆင်ကိုကြည့်ကာ ဂျမဒါမင်းဒင်တစ်ယောက် ထိ ကြေကွဲနေပါသည်။





ထိုကဲ့သို့ နှစ်ယောက်သား ကိုယ့်အတွေးနှင့်ကိုယ် ထိရှ ကြေကွဲနေကြချိန်တွင် ရုတ်တရက် လေကြောင်းအချက်ပေးသံ ကြီး ထွက်ပေါ်လာပြီး လူအများ ယောက်ယက်ခတ်မျှ ပြေးလွှား ပုန်းခိုရန် ကြိုးစားကြပါလေ၏။

"ဟေး လေကြောင်းအချက်ပေး ဥဩသံ ကြားတယ် ဟေ့ . . ဗုံး ဗုံးခိုကျင်းဆီကို ရောက်အောင်ပြေးခိုင်းကြ"

"ဟေး ကျွဲ ကျွဲညီနောင် လာပြန်ပြီထင်တယ်ဟေ့ . . ပြေး ပြေးကြ"

ဟုတ်ပါသည်။ လေကြောင်းအချက်ပေး ဥဩသံ ဆွဲနေ စဉ်မှာပင် တဝေါဝေါနှင့် ကောင်းကင်တွင် ဆူဆူညံညံ အသံ ကြီးများ အော်မြည်လျက် ကျွဲညီနောင်ခေါ် လေယာဉ်ပျံနှစ်စင်း က ခပ်နိမ့်နိမ့်ကလေး ပျံဝဲလာကြပြီး . . .

"ဝေါ . . ဗြို . . ဝေါ"

"ဒက် ဒက် ဒက် ဒက် ရှီ ဒက် ဒက်"

ဂျပန်စစ်ရုံးများနှင့် ဂျပန်ကင်ပေတိုင်စခန်းများရှိရာ ဘက်သို့ စက်သေနတ်ဖြင့် တရစပ်ပစ်ခတ်တိုက်ခတ်ပါလေ တော့သည်။ ထို့ကြောင့် ပြည်သူများမှာ ကျည်ကွယ်မျက်ကွယ် နေရာများနှင့် ဗုံးခိုကျင်းများရှိရာဘက်သို့ အသက်လု၍ ထွက်ပြေးကြရသည်။

"ဒက် ဒက် ဒက် ဒက် ဒက် ဒက်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိ ဝုန်း အုံး"

မြေပြင်မှ ဂျပန်စစ်သားများကလည်း လေယာဉ်နှစ်စင်းကို အမြောက်ကြီးများဖြင့် တဒိန်းဒိန်း ပစ်ခတ်ကြသည်။

"ဒိန်း ဒိန်း ဒိန်း"

တည်းခိုခန်းအဆင်းတွင် ရောက်ရှိနေကြသည့် ဂျမဒါမင်းဒင်နှင့် ကပ္ပတိန်ဝီလ်ဆင်တို့မှာလည်း ပြေးလွှားနေကြသော လူများနှင့်အတူ ကျည်ကွယ်မျက်ကွယ်နေရာများတွင် ခိုကပ်နေကြရသည်။

"ကပ္ပတိန် ဒီဘက်ကိုလာခဲ့ ဒီဘက်ကိုလာခဲ့"

ပြေးရင်းလွှားရင်း ရှောင်ပုန်းတိမ်းခိုရင်းနှင့် လမ်းတစ်ဖက်တွင် ကျန်ရစ်ခဲ့သော ကပ္ပတိန်ဝီလ်ဆင်ကို ဟစ်အော်ခေါ်ငင်နေစဉ် မှာပင် ရှူးကနဲအော်မြည်သံကြီးကို ကြားလိုက်ရသဖြင့် အနီးရှိ သစ်ပင်ကြီးတစ်ပင် နောက်ကျောသို့ ကဗျာကသီခုန်လွှား ဝင်ရောက်လိုက်သည်။

"ရှိ ဝုန်း ဝုန်း"

"ဒက် ဒက် ဒက် ဒက် ဒက်"

အနီးကပ်ပေါက်ကွဲသွားသည့် ဗုံးပေါက်ကွဲသံကြီးနှင့်အတူ တရစပ်ပစ်ခတ်သွားသော စက်သေနတ်သံ တဒက်ဒက်ကြောင့် သူ့အနီးဝန်းကျင်မှ လူတချို့နှင့် လမ်းတစ်ဖက်မှ ပြေးလွှားနေကြသူများမှာ ချက်ချင်းပင် အလောင်းချင်းထပ်သွားပါချေ





ပြီကော။

ကပ္ပတိန်ဝီလ်ဆင်မှာ လမ်းတစ်ဖက်တွင် ကျန်ရစ်ခဲ့သည်မို့ စိတ်ပူကာ ဂျမဒါမင်းဒင် အပြေးအလွှား သွားရောက်ကြည့် လိုက်သည်။

"ကပ္ပတိန် . . ကပ္ပတိန် . . ဟာ"

သူနောက်ကျသွားခဲ့လေပြီထင့် . . ။ လမ်းတစ်ဖက်တွင် ကျည်ဆံထိမှန်ကာ သေဆုံးနေကြသည့် ယောကျ်ားကြီးနှစ်ယောက် အလောင်းကြားတွင် သွေးများ ရွှဲစိုကာ လဲကျငြိမ်သက်နေသော ကပ္ပတိန်ဝီလ်ဆင်ကို တွေ့မြင်လိုက်ရသည်။

"တောက် ဖြစ်မှဖြစ်ရလေ ကပ္ပတိန်ရယ် . . . ကပ္ပတိန် . . ကပ္ပတိန်"

"ဟား ဘာဖြစ်လို့ နင်းကန် စွတ်အော်နေရတာလဲကွ၊ ငါဘာမှ မဖြစ်ပါဘူးဟ . . . ကျွဲညီနောင်ရဲ့ စက်သေနတ်ကျည်ဆံတွေကိုရှောင်ရင်း ဒီကောင်တွေနှစ်ကောင်ကြားထဲကို ရောက်သွားလို့ ငါ့အင်္ကျီမှာ သွေးတွေစွန်းသွားတာပါကွ"

အလောင်းဟောင်းများကြားမှ ကုန်းရုန်းထနေသည့် ကပ္ပတိန်ဝီလ်ဆင်က ရမ်းသန်းဟစ်အော်နေသည့် ဂျမဒါမင်းဒင်ကို ရှင်းပြရင်း ထနေပါ၏။

"ဟင်း ဟင်း စိတ်ချ ဂျမဒါရေ စိတ်ချ . . မယ်တော်ရဲ့ကျိန်စာသင့်ခံထားရတဲ့ ငါ့လိုလူက ဒီလိုနည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



သေရမှာ မဟုတ်ဘူးဆိုတာ ယုံထားလိုက်စမ်းပါကွာ ဟင်း ဟင်း"

သေရမည့်အရေးကိုပင် စနစ်တကျ သေဆုံးရမည်ကဲ့သို့ ဟာသလုပ်ကာ ရယ်မောပြောဆိုနေသည့် ကပ္ပတိန်ဝီလ်ဆင်ကိုကြည့်ကာ ကျိတ်၍ ချီးကျူးလိုက်မိသည်။ သူ့မှာကတော့ လွှယ်ရှိထန်သို့ အမြန်ဆုံးပြန်နိုင်ရန်အရေး တစ်ရက်ကလေးမျှပင် အပွန်းအပဲ့ မခံနိုင်သည့် ရက်(၆၀)အဆိပ်ကို တွေးမိကာ ရှက်ပင်ရှက်သွား မိပါ၏။

မကြာမီ ကျွဲညီနောင်က ရန်ကုန်မြို့ကို စိတ်ကြိုက် ဗုံးကြဲပစ်ခတ်ပြီးစီးသွားသည်ထင့် . . ။ လေယာဉ်တောင်ပံနှစ်ဘက်ကို လှုပ်ခတ်၍ နှုတ်ဆက်ကာ ပျံသန်းထွက်ခွာသွားပါတော့သည်။ ဗုံးခိုကျင်းများထဲသို့ ဝင်ရောက်ပုန်းခိုနေကြသည့် သူများမှာ လေယာဉ်ပျံသံ၊ စက်သေနတ်ပစ်ခတ်သံ၊ အမြောက်ပစ်ခတ်သံများ စဲသွားကြတော့မှ ဗုံးခိုကျင်းထဲမှ ထွက်လာကြတော့သည်။

ထိုနေ့က မကြာခဏ ဝဲလှည့်၍ ကျော့လာသော စက်သေနတ်သံတဒက်ဒက်နှင့် ပစ်ခတ်သွားသော ကျွဲညီနောင်ကြောင့် ဂျမဒါမင်းဒင်၏ အပြန်ခရီးမှာ နှောင့်နှေးပျက်ပြယ်သွားခဲ့ရပါလေ၏။

"တောက် အရေးကြီးကာမှ ငါ့အတွက်က တစ်ရက်နောက်ကျသွားရပြန်ပါပေါ့ကွာ ဟူး"





သက်ပြင်းမောကြီးချကာ စိတ်ပျက်အားလျော့သွားသည့် ဂျမဒါမင်းဒင်ကိုကြည့်ကာ ကပ္ပတိန်ဝီလ်ဆင် က ရယ်ရယ်မောမော နှင့်ပင် အားပေးနှစ်သိမ့်နေပါသေး၏။

"ဟင်း ဟင်း ဟင်း တစ်ရက်တစ်လေ နောက်ဆုတ်သွားတာနဲ့များ မင်းရဲ့မျက်နှာကြီး ပျက်သွားလိုက်တာကွာ . . ဟင်း မင်းမှာ နောက်ထပ် တစ်ဆယ့်ငါးရက်ကျော်တောင် ကျန်သေးတာပဲ ဂျမဒါရယ် . . . မင်းရဲ့စိတ်စေတနာ စစ်မှန်တဲ့အတွက် နတ်ရုပ်တစ်ထောင်မယ်တော်က မင်းကို စောင့်ရှောက်မှာပါကွာ"

ဤသို့ဖြင့် မဟာမိတ်တို့၏ ကျွဲညီနောင်လေယာဉ်နှစ်စင်းက တစ်ရက်ခြား၊ နှစ်ရက်ခြား ဆိုသလို စက်သေနတ်နှင့် ပတ်ခတ်သွားလိုက်၊ ဗုံးများကြဲချသွားလိုက်နှင့် မကြာခဏ လာရောက်ပစ်ခတ်တိုက်ခိုက်နေခြင်းကြောင့် စစ်ရေးအခြေအနေကိုကြည့်ရင်း ဂျမဒါမင်းဒင်မှာ ရန်ကုန်မှာပင် နောက်ထပ်သုံးရက်ခန့် ကြာမြင့်ခဲ့ရပြန်ပါလေ၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၇)

## ကျိန်စာသင့်သူ၏နောက်ဆုံးနေ့များ

(၄၅)ရက်တင်းတင်းပြည့်သော နံနက်ခင်းတစ်ခု၏ အလွန်မှာတော့ နတ်ရုပ်တစ်ထောင်မယ်တော်ရုပ်တုလေး ထည့်ထားသည့် ကျောပိုးအိတ်ကို ပခုံးထက်တွင် ကျကျနန လွယ်ကာ ဂျမဒါမင်းဒင်တစ်ယောက် ရန်ကုန်ဘူတာကြီးထဲသို့ ရောက်ရှိလာခဲ့ပါပြီ။

ရန်ကုန်ဘူတာကြီးသည် မငြိမ်သက်သော စစ်ကာလ





အခြေအနေတို့ကြောင့် လူသူအသွားအလာ ကင်းရှင်းနေပါ၏။ ဂျပန်တပ်များ စစ်မျက်နှာအနှံ့ အကျအဆုံးများနေကြသဖြင့်လည်း မဟာမိတ်တပ်များကို လန့်နေကြသည်။ မီးရထားကိုပင် မဟာမိတ်တို့၏ ကျွဲညီနောင်လေယာဉ်ကို ကြောက်လန့်နေသဖြင့် ညအခါတွင် အမှောင်ချ၍ သွားနေရချိန်ဖြစ်သည်။

ရထားထွက်ခါနီးမှပင် ခရီးသွားအချို့နှင့် ဂျပန်စစ်သားများ ဘူတာရုံသို့ အလျှိုအလျှိုနှင့် ရောက်ရှိလာကြသည်။ မကြာမီ မန္တလေးရထားကြီးထွက်ရန် အချက်ပေးသံများ ထွက်ပေါ်လာသဖြင့် ဂျမဒါမင်းဒင်နှင့် ကပ္ပတိန်ဝီလ်ဆင်တို့ ထိုင်နေရာမှ ထွက်လာ ခဲ့ကြသည်။

ထိုအခါမှပင် ခရီးသွားအချို့ အထုပ်အပိုးများဖြင့် ဘူတာရုံပလက်ဖောင်းစင်္ကြန်ထက်တွင် ဟိုသည် ပြေးလွှားလျက် ယောက်ယက်ခတ် လှုပ်ရှားနေကြပါ၏။ ဂျမဒါမင်းဒင်က အသားအရည်ဖြူလျော်လျော်နှင့် အတန်ငယ် ပိန်ချုံးနေသည့် ကပ္ပတိန်ဝီလ်ဆင်ကိုကြည့်ကာ အားမလိုအားမရဖြင့် မှာကြားနေသည်။

"ကပ္ပတိန်ကိုကြည့်ရတာ ငါ သိပ်အားမရဘူး၊ ဆရာဝန်တစ်ယောက်ယောက်နဲ့ပြပြီး သေသေချာချာ ကုသပါဦး လားကွ . . . ငါ့ရဲ့အစ်ကိုဆီ ပို့ထားပေးမယ်ဆိုတော့လည်း မင်းက လက်မခံဆိုတော့ ခက်တာပဲ . . . မျက်နှာက ဖြူဖတ် ဖြူလျော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လူမမာရုပ်ကြီး ပေါက်နေပြီ ... ငါ ကိစ္စဝိစ္စတွေ ပြီးတာနဲ့ မင်းဆီကို ချက်ချင်းပြန်လာခဲ့မယ် ကပ္ပတိန်"

"ဟင်း ဟင်း ဟင်း အေးပါကွာ ... ရက်ပေါင်း(၆၀) ကိစ္စကိုသာ အရင်ဆုံး ပြီးပြတ်အောင် ရှင်းခဲ့ပါဦး ... အင်း ပြောသာပြောရတယ် မင်းပြန်ရောက်လာတဲ့အချိန်တောင် ငါ အသက်ရှင်ရက် ရှိနေချင်မှရှိတော့မှာပါကွာ ဟင်း ဟင်း ဟင်း"

ကပ္ပတိန်ဝီလ်ဆင်က သူ့ထုံးစံအတိုင်းပင် သေမင်းကို ပျက်ရယ် ပြုလျက် ပြောဆိုနေပါ၏။ ဂျမဒါမင်းဒင်ကမူ သူ့အတွက် လက်ကျန်(၁၅)ရက်ခရီးရှည်ကြီးကိုလည်း စိတ်ပူ၊ ကျန်ရစ်ခဲ့မည့် ကပ္ပတိန်ဝီလ်ဆင်အတွက်လည်း စိတ်မချ နှင့် ချီတုံချတုံဖြစ်နေပါ၏။

"ကပ္ပတိန်ကလည်း စွတ်ပြီး အားလျော့နေတာချည်းပါလားကွ ... ဒီမှာလေကွာ ငါပြန်ပြီး သယ်ဆောင်သွားမယ့် နတ်ရုပ်တစ်ထောင်မယ်တော်ရဲ့ ကျိန်စာဆိုးကြီးအောက်က မင်း လွတ်မြောက်သွားပြီမဟုတ်လား .. ကျန်းမာရေးကို သာ ဂရုစိုက်ပါ .. ကပ္ပတိန် ဘာမှ မဖြစ်နိုင်တော့ပါဘူး ... ကိုင်း ငါသွားမယ် ကပ္ပတိန် "

စိတ်မချနိုင်သည့် သံယောဇဉ်ကြောင့် ယခုမှပင် ဘီးလိမ့်ထွက် ခွာစပြုနေပြီဖြစ်သော ရထားပေါ်သို့ နောက်ဆံ တငင်ငင်နှင့် ဂျမဒါမင်းဒင် သံကိုင်းကိုတွယ်၍ တက်လိုက်





ပါတော့သည်။

"သွားပြီ ကပ္ပတိန်ရေ ... မကြာခင် ကပ္ပတိန်ဆီကို ဆက်ဆက်ပြန်လာခဲ့ပါ့မယ်"

ကပ္ပတိန်ဝီလ်ဆင် ကတော့ ဘာစကားတစ်ခွန်းမျှ မပြောတော့၊ အင်အားမဲ့အပြုံးတစ်ခုနှင့် ကျန်ရှိသော လက်တစ်ဘက်ကိုသာ ချီနဲ့စွာ လှုပ်ရမ်းနှုတ်ဆက်လျက် သက်မဲ့ကျောက်ရုပ်တစ်ရုပ်နှယ် ကျန်ရစ်ခဲ့ပါတော့သည်။

မီးရထားက အရှိန်ရစပြုနေပါပြီ။ ခရီးသွားများနှင့် လူဆင်းလူတက်များက စည်းကမ်းမဲ့စွာပင် ခုန်ဆင်းခုန်တက် ပြုနေကြဆဲပါ။ ထိုခဏမှာပင် ...

"ဟာ"

"ဝုန်း"

"အင့်"

အဖြစ်အပျက်က မျက်စိတစ်မှိတ် လျှပ်တပြက်မျှပင် မကြာလိုက်။ သို့သော် ဖြစ်ရပ်ကတော့ မကြည့်ရက် မမြင်ဝံ့စရာ ပင်တည်း။

မီးရထားကြီးခေါ်ဆောင်ရာသို့ လိုက်ပါသွားသည့် ဂျမဒါစစ်အောင်အား လက်ပြနှုတ်ဆက်ရင်း ပြန်လှည့်လိုက်သည့် ကပ္ပတိန်ဝီလ်ဆင်မှာ ရထားပေါ်သို့ မဆင်မခြင်ပြေးတက် လိုက်သော လူတစ်ယောက်နှင့် တိုက်မိကာ ပလက်ဖောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြားသို့ လွင့်စင် လဲကျသွားပါတော့သည်။

“ဒုန်း .. အင့် .. အား”

“ဟာ .. ကပ္ပတိန် .. ကပ္ပတိန်”

ထိုအဖြစ်အပျက်ကို မီးရထားပြတင်းဝမှ နောက်ဆံ တငင်ငင်နှင့် ကြည့်နေသည့် ဂျမဒါမင်းဒင်က မြင်တွေ့လိုက်ရ သည်မို့ လန့်ဖျန့်ကာ ဟစ်အော်လိုက်မိသည်။ ခဏအတွင်းမှာပင် ရန်ကုန်ဘူတာကြီးတစ်ခုလုံး ရထားဘရိတ်အုပ်သံ၊ လူအများ အလန့်တကြား ဟစ်အော်သံကြီးများနှင့် ဆူပူပြေးလွှားသံကြီး များဖြင့် ရုတ်ရုတ်သဲသဲဖြစ်သွားကြပါသည်။

“ကျွီ .. ကျွီ .. ကျွီ .. ကျွီ”

ရထားကြီးက တကျွီကျွီနှင့် မြည်သံရှည်ကြီး ပွတ်တိုက် ဆွဲကာ ခဏအတွင်းမှာပင် ရပ်တန့်သွားပါ၏။ ရထားကြီး ရပ်တန့် သွားလျှင်သွားချင်း ဂျမဒါမင်းဒင် လွှားခနဲခုန်ဆင်းကာ ကပ္ပတိန်ဝီလ်ဆင် လဲကျသွားရာနေရာဆီသို့ အပြေးအလွှား ဝင်ရောက် လာခဲ့သည်။

“ဟာ ရထားအောက်ကိုဝင်သွားတာကွ .. ကံဆိုး လိုက်တဲ့သူနှယ်ကွာ”

“လူတစ်ယောက် ရထားပေါ်ကိုပြေးပြီး ခုန်တက်လိုက် တာ .. အဲဒါ သူ့ကိုဝင်ပြီး တိုက်ချသွားလို့ တစ်ခါတည်း ပလက်ဖောင်းကြားထဲကို ထိုးကျသွားတာပဲ ကျွတ် ကျွတ်”





ဘစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာ ပြောဆိုနေကြ သည့် လူအုပ်ကြီးကို တွန်းဖယ်ကာ ဂျပဒါမင်းဒင် သွေးအိုင် ထဲမှ ကပ္ပတိန်ဝီလ်ဆင်ကို ပြေးကြည့်လိုက်သည်။

“ဟာ ဖြစ်မှဖြစ်ရလေ ကပ္ပတိန်ရယ်”

သူနောက်ကျသွားပါပြီ။ ဂျမဒါမင်းဒင် ကပ္ပတိန်ဝီလ်ဆင် အနားသို့ရောက်တော့ မြင်ကွင်းက မကြည့်ရက် မမြင်ဝံ့စရာ ပင်တည်း။ ကပ္ပတိန်ဝီလ်ဆင်၏ ဦးခေါင်းမပါတော့သော သက်မဲ့ခန္ဓာ ကိုယ်ကြီးကသာ သွေးအလူးလူးနှင့် သူ့ကို ဆီးကြိုနေပါ တော့သည်။

“ကျွတ် ကျွတ် သနားစရာဗျာ ... ခေါင်းပိုင်းက ရထားဘီးအောက်ကို ဝင်သွားတာဗျ ... တောက် တော်တော် ကုသိုလ်ဆိုးတဲ့လူပဲဗျာ ... လူတွေကလည်း အရမ်းကို စည်းကမ်းမဲ့ကြတာပဲ”

“ဟုတ်တယ် .. လူတစ်ယောက် ရထားပေါ် ပြေးတက် ရင်း တိုက်ချသွားတာဗျ .. ကျုပ်မြင်လိုက်တယ်”

အဖြစ်အပျက်ကို အနီးအပါးက ခရီးသားတချို့က မြင်တွေ့လိုက်ကြရသော်လည်း ကပ္ပတိန်ဝီလ်ဆင် ကို တိုးဝှေ့ တိုက်ချသွား သူကတော့ ဘယ်ကမ္ဘာသို့ ရောက်သွားလေပြီ မသိတတ်နိုင် တော့ပါ။ မည်သို့ပင်ဖြစ်စေ ကပ္ပတိန် ဝီလ်ဆင်တစ်ယောက်ကတော့ နတ်ရုပ်တစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်ရုပ်တုလေးကဲ့သို့ ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားကာ မရှုမလှ သေဆုံးသွားခဲ့ရပါချေပြီကော။

"အင်း ဒီတစ်ခါတော့ မယ်တော်ရုပ်တုလေးက ခေါင်းပါ ပြုတ်ထွက်သွားပြီးပေါ့ကွာ . . . ဒီမှာ ဂျမဒါ ဟော့ဒီ မယ်တော်ရုပ်တုလေးကို ငါလုပ်ခဲ့မိသမျှဒဏ်တွေ ငါကိုယ်တိုင်ပဲ ပြန်ပြီး ဒဏ်ခံရမှာဆိုတော့ ငါလည်း မကြာခင် ဒီမယ်တော် ရုပ်တုလေးလိုပဲ ခေါင်းပြုတ်ပြီး သေရမှာ အသေအချာပဲ ဂျမဒါရေ"

မနေ့ညဉ့် ညဉ့်ဦးပိုင်းကမှ ကပ္ပတိန်ဒီလ်ဆင်ကိုယ်တိုင် ပြောခဲ့သော စကားသံများကို ဂျမဒါမင်းဒင် ကြေကွဲစွာ ကြားယောင် နေမိပါ၏။ နတ်ရုပ်တစ်ထောင် ကျောင်းတော်မှ နတ်ရုပ် တစ်ထောင်မယ်တော်၏ ကျိန်စာနှင့် နတ်ဆရာ ဂိလိယို၏ နိမိတ်ဖတ်မီးခိုးငွေ့လှိုင်းမှ ကြိုတင်နိမိတ်များက တိုက်ဆိုင်မှုပေါင်း များစွာနှင့် တိကျမှန်ကန်နေခဲ့ပြီလေလား။

မကြာခင် သက်ဆိုင်ရာတာဝန်ရှိသူမှူးနှင့် မီးရထား ရဲတို့ ရောက်ရှိလာကြပြီး ကပ္ပတိန်ဒီလ်ဆင်၏ ရုပ်အလောင်းကို ဆေးရုံကြီးသို့ သယ်ဆောင်သွားကြပါလေ၏၊

ဂျမဒါမင်းဒင်တစ်ယောက် မည်သို့မျှ မတတ်နိုင်ပါ လေတော့။ မန္တလေးခရီးစဉ်ကိုဖျက်၍ ကပ္ပတိန်ဒီလ်ဆင်





ရုပ်အလောင်း ကို ကောင်းမွန်စွာ သဂြိုဟ်ရန်အတွက် ရန်ကုန်မြို့တွင် နောက်ထပ်သုံးရက်တိတိ ဆက်လက်၍ နေခဲ့ရပြန်ပါတော့သည်၊

◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

## နတ်ရုပ်တစ်ထောင်နယ်မြေသို့အပြန် သို့မဟုတ်

ရွက်ခြောက်တို့က ညနေခင်းလေပြည်အနေအထွင် တဖြုတ်ဖြုတ်နှင့် ကြွေသက်နေကြသည်။ သင်္ချိုင်းမြို့ သစ်ပင်ရိပ်ကောင်းကောင်းအောက်တွင် အေးချမ်းစွာ အိပ်စက်အနားယူနိုင်ရန် ကပ္ပတိန်ဗီလ်ဆင်၏ ရုပ်အလောင်းကို ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ် လိုက်ပါ၏။

ဘဝတစ်လျှောက်လုံး နီးပါး ဘေးအတူ၊ သွားအတူ





ဘာဝန်ကျရာတွင်လည်း အတူတူ၊ ပျော်ပျော်ရွှင်ရွှင် ဖြင့် နေထိုင်လာခဲ့ကြရာမှ မမျှော်လင့်ဘဲ နတ်ရုပ်တစ်ထောင် မယ်တော်ရုပ်တုလေးတစ်ရုပ် ကပ္ပတိန်ဗီလ်ဆင်၏ဘဝထဲသို့ တိုးဝင် ရောက်ရှိလာခဲ့ရာမှ ဘဝကံကြမ္မာလမ်းကြောင်းသည် ဆိုးဝါး ရက်စက်မှု ပြောင်းလဲသွားခဲ့ရသည် မဟုတ်ပါလား။

နတ်ရုပ်တစ်ထောင်ကျောင်းတော်မှ ကျိန်စာများနှင့် ပြည့်နက်နေသော နတ်ရုပ်တစ်ထောင်မယ်တော်၊ နိမိတ်ဖတ် မီးခိုးငွေ့လိုင်းနှင့် လူတစ်ယောက်၏ ကံကြမ္မာကို ကြိုတင် နိမိတ်ဖတ်နိုင်သည့် နတ်ဆရာဂီလီယို၊ လွယ်ရှိထန်မှ လုံဘူထန်သျှိုင်း နှင့် နာဂမင်းသမီးလေး သျှီသျှိုင်းတို့က ဂျမဒါပင်းဒင်၏ အတွေးငက်ပါထဲဝယ် တဝဲလယ်လယ်နှင့် စီးမျောလှည့်ပတ်နေ ပါလေ၏။

သည်ကြားထဲ နတ်ရုပ်တစ်ထောင်မယ်တော်ရုပ်တု လေးကို လိုချင်ရမွက်ဇောနှင့် ခိုးယူထွက်ပြေးလာခဲ့သည့် ကပ္ပတိန်ဗီလ်ဆင်မှာလည်း ကြောက်မက်ဖွယ် ကျိန်စာဆိုးကြီး ကြောင့် မျက်စိတစ်ဘက်ကန်း၍ လက်တစ်ဘက် ကျိုးပြတ်ခဲ့ရသည့်အပြင် နောက်ဆုံး မယ်တော်ရုပ်တုလေး ခေါင်းပြတ်သွားသကဲ့သို့ သူ၏ ဦးခေါင်းပါပြတ်၍ သေဆုံး သွားခဲ့ရခြင်းက ကြောက်မက်ဖွယ် နတ်ရုပ်တစ်ထောင် မယ်တော်၏ ကျိန်စာဆိုးကြီးများကြောင့် လေလား။



www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမင်းဒင်မှာ ကပ္ပတိန်ဝီလ်ဆင်၏ မြေပုံနံဘေးတွင် ဒူးထောက်ထိုင်နေရာမှ ဖြေးလေးစွာ ထရပ်လိုက်ပါ၏။ လက်ထဲမှာ မြေမှုန့်တစ်ဆုပ်ကို ကပ္ပတိန့်ဝီလ်ဆင်၏ မြေပုံထက်တွင် ကြဲဖြန့်ပက်လိုက်ရင်း ရင်တွင်းရှိုက်သံတချို့ နှုတ်ခမ်းထက်မှ လွင့်စင်ထွက်ကျလာခဲ့သည်။

"အင်း ကပ္ပတိန်ရဲ့အဖြစ်က မယုံကြည်နိုင်စရာကောင်းအောင် အဖြစ်ဆိုးလှချည်လား ကပ္ပတိန်ရယ် . . . ဘာမှမပြောပလောက်တဲ့ သာမည သစ်ကနက်မယ်တော်ရုပ်တုလေးကို မထင်မှတ်ဘဲ ခိုးယူခဲ့မိရာကစပြီး ကြမ္မာဆိုးတွေချည်းတောက်လျှောက်တိုးခဲ့ရတာ . . . အခုတော့ မယ်တော်ရုပ်တုလေး ခေါင်းပြတ်ကျိုးကြေသွားသလို ကပ္ပတိန်ဝီလ်ဆင်ရဲ့ဘဝလည်း ခေါင်းပြတ်ပြီး သေဆုံးရတဲ့အထိ ဖြစ်ခဲ့ရတာပါလား"

"အင်း နောင်တမလွန် ဖြစ်ရာဘဝတွေမှာ ဟောဒီ နတ်ရုပ်တစ်ထောင်မယ်တော်ရဲ့ ကြောက်မက်ဖွယ် ကျိန်စာဆိုးကြီးအောက်က မင်းလွတ်မြောက်သွားအောင် မယ်တော်ရုပ်တုလေးကို သူစံမြန်းရာ နတ်ရုပ်တစ်ထောင်ကျောင်းတော်အထိ ငါကိုယ်တိုင် ပြန်ပြီး ပို့ဆောင်ပေးပါ့မယ် ကပ္ပတိန်ရယ်၊ ကနေ့ကစပြီး ကပ္ပတိန် ကောင်းရာသုဂတိ ရောက်ပါစေကွယ်"

ထို့နောက်မှာတော့ သချိုင်းမြေကို ကျောခိုင်းကာ ထွက်ခွာလာခဲ့ပါသည်။ ဂျမဒါမင်းဒင်၏ သွက်လက်တက်ကြွ





သော ခြေလှမ်းများက ရက်(၆၀)အဆိပ်ဖြေဆေးသောက်သုံးနိုင်ရန်နှင့် နတ်ရုပ်တစ်ထောင်မယ်တော်ရုပ်တုလေးအား သူစံ မြန်းရာ ကျောင်းတော်တွင် ပြန်လည်ထားရှိနိုင်ရန်အတွက် ရန်ကုန်မြေကို ကျောခိုင်းကာ လွယ်ရှိထန်နာဂရွာကလေးဆီသို့ ထွက်ခွာလာခဲ့ပါတော့သည်။

သို့သော် . . . ထိုအရာအားလုံးထက် အတွေ့ချင်ဆုံး၊ အမြင်ချင်ဆုံး၊ သံယောဇဉ်အရှိဆုံး၊ နွယ်မျှင်တန်းလေးတစ်ခုသည်ကား ဂျမဒါမင်းဒင် အသက်မက ချစ်ရပါသော နာဂမင်းသမီးလေး သျှီသျှိုင်းရှိရာသို့ ဦးတည်လျှောက်လှမ်းနေသည်ဟုဆိုပါလျှင် . . ။

✧ ✧ ✧

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

## နတ်ရုပ်တစ်ထောင်ကျိန်စာ

အမျိုဝ်ခုနစ်ဆက် ညက်ညက်ပြုန်တီ ပျက်စီးစေသော။ အဝီစိအထဲ ငရဲကျက်ရှယ် အကမ္ဘာဘာဖုံရာတိုင် လာရှယ် ချွတ်လည် မကျွတ်တတ်သည် ငရဲသစ်ငုတ်လျှင်ဖြစ်စေသတည်း။

'နတ်ရုပ်တစ်ထောင်မယ်ဒေါ်'

✧ ✧ ✧

ယောနိသောမနသိကာရ

သက်မြင့်ပျူဝိုး

၁၀-၆-၀၇

ခု နစ် စဉ် ကြယ် စာ ပေ

BURMESE CLASSIC .com

မိပြာအဂ္ဂ

စီစဉ်သော

# အဂ္ဂဝဏ္ဏ

၏

လျှို့ဝှက် ဆန်းကြယ် ဂမ္ဘီရဝတ္ထုများကို

ခုနစ်စဉ်ကြယ်စာပေ မှ

လစဉ် ဆက်တိုက် ထွက်ရှိလာပါတော့မည်။

မိပြာအဂ္ဂ ကို ကြိုက်နှစ်သက်လျှင်

အဂ္ဂဝဏ္ဏ ကိုလည်း ကြိုက်နှစ်သက်စေရမည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com